# ဓိဝဏ္ဏဒါနဒီပနီကျမ်း



၁၀၉၄၅

ကျေးဇူးရှင်
ကြောင်ပန်းတောရတိုက်ရင်းနာယက
စတုတ္ထမြောက်
ဦးတိက္ခာ ဆရာတော်ဘုရားကြီး
ရေးသားပြုပြင်စီရင်တော်မူအပ်သော

# ဝိဝဋ္ဋဒါနဒီပနီကျမ်း

ကြည့်ကြပ်ပြင်ဆင်သည်။

ပဌမနှိပ်ခြင်း အုပ်ရေ-၂၀၀၀၊

ကမ္ဘာအောင်လုံစာပုံနှိပ်တိုက်
အမှတ်-၃၇၉၊ စစ်ကဲမောင်ထော်လေးလမ်း၊ ရန်ကုန်မြို့။



ကျေးဇူးရှင် ကြောင်ပန်းတောရ တိုက်ရင်းနာယက
ဦးတိက္ခ ဆရာတော်ဘုရားကြီး၏ ပုံတော်

၁၀၉၄၅

ကျေးဇူးရှင်

ကြောင်ပန်းတောရတိုက်ရင်းနာယက

စတုတ္ထမြောက်

ဦးတိဏ္ဏ ဆရာတော်ဘုရားကြီး

ရေးသားပြုပြင်စီရင်တော်မူအပ်သော

# ဝိဝဋ္ဋဒါနဒီပနီကျမ်း

ကြည့်ကြပ်ပြင်ဆင်သည်။

ပဉ္စမနှိပ်ခြင်း အုပ်ရေ- ၂၀၀၀၊

ကမ္ဘာ့အောင်လံစာပုံနှိပ်တိုက်

အမှတ်- ၃၇၉၊ စစ်ကဲမောင်ထော်လေးလမ်း၊ ရန်ကုန်မြို့။

# မာတိကာ


| ခေါင်းစဉ် | မျက်နှာနံပါတ် |
|---|---|
| ၁။ နိဒါနကထာ | |
| ၂။ ရတနတ္တယပဏာမ | ၁ |
| ၃။ အာမိသဒါန ရှင်းပြခဏ်း | ၂ |
| ၄။ ဓမ္မဒါန ရှင်းပြခဏ်း | ၆၅ |
| ၅။ ဝိပဿနာအလုပ်စဉ် | ၂၁၅ |
| ၆။ ရတနာဂုဏ်ဘုရားရှိခိုး | ၂၃၁ |
| ၇။ ကျမ်းပြီးနိဂုံးလင်္ကာ | ၂၄၅ |


☆ ☆ ☆


အယ်ဒီတာ- ဦးဘတင်၊ ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်၊
အမှတ် (၁၄၃၈) အရ ထုတ်ဝေပါသည်။

ထုတ်ဝေသူမှတ်ပုံတင် ကင်းလွတ်ခွင့်အမှတ်- (၀၃၉၀)

ဦးဘတင် (မြဲ-၀၃၇၉) ကမ္ဘာအောင်လံစာပုံနှိပ်တိုက်၊
အမှတ်- ၃၇၉၊ မောင်ထော်လေးလမ်း ရန်ကုန်မြို့တွင် ရိုက်နှိပ်ပါသည်။

( 30 – 6 – 67 )

# နိဒါန်း

ဤဝိဝဋ္ဋဒါနဒီပနီ ကျမ်းစာကို ရေးသားတော်မူသော ဗုဓလင်မြို့ ကြောင်ပန်းတောရ တိုက်ရင်း နာယက ဦးတိဿ ဆရာတော် ဘုရားကြီးသည် ခန္ဓာကိုယ် ယိုင်လဲလုမတတ် ကျန်းမာရေးချွတ်ယွင်း၍ နေငြားသော်လည်း ဤကျမ်းစာကိုမူကား အားခဲ၍ တကုတ်ကုတ်နှင့် ရေးသားတော်မူသည်ကို အားလုံးတွေ့မြင်ကြရပါသည်။

ဆရာတော်ဘုရားကြီး၏ စေတနာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသောအခါ နောက်ဆုံးမှာကြားမိန့်တော်မူသောတရားတော်ကြီးကို အာရုံပြုပြီး ဆရာတော်၏တပည့်ကြီးငယ် ဒါယကာဒါယိကာမ အပေါင်းတို့အား နောက်ဆုံးရေးသား၍ ပေးသနားတော်မူသော ကျမ်းဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် ၁၃၂၆ ခု၊ တပို့တွဲလ တောင်ကြီးမြို့သို့ ကြွတော်မမူမီ အကျွန်ုပ် (ဦးနန္ဒိယ) အား ဤဝိဝဋ္ဋဒါန ဒီပနီကျမ်းကို ရိုက်နှိပ်ရန်အကြောင်း အစစအရာရာ မှာကြားပြီးဖြစ်ပါသည်။

၁၃၂၆ ခု၊ တပို့တွဲလဆုတ် ၃ ရက်နေ့ တောင်ကြီးမြို့ ဆေးရုံကြီး၌ ဘဝနတ်ရွာစံတော်မူသောအခါ ဆရာတော်ဘုရားကြီး အမြဲသီတင်း သုံးတော်မူရာ တိုက်ကျောင်းပေါ်မှ လက်ရေးစာမူများကို ဆရာတော်ကြီး၏ တပည့်များက ယူဆောင်လာပြီး အကျွန်ုပ် ဦးနန္ဒိယအား လာရောက် ပေးအပ်ကြပါသည်။

အကျွန်ုပ်သည် ဆရာတော် ဘုရားကြီး၏ လက်ရေး မူများကို ဝမ်းနည်းစွာနှင့်ကြည့်ရှု၍ ဝိဝဋ္ဋဒါနဒီပနီကိုရင်း၊ ဝိပဿနာအလုပ်စဉ်ကိုရင်း၊ ရတနာ့ဂုဏ်တော်ဘုရားရှိခိုးကိုရင်း တပေါင်းထည်းပြု၍ဝိဝဋ္ဋဒါန ဒီပနီကျမ်းဟူသောအမည်ဖြင့် အချောကိုင်ရေးကူးပြီးလျှင် ကျေးဇူးရှင် ကြောင်ပန်း တတိယနာယက ဆရာတော်ဘုရားကြီးကို ပြသပါသည်။

(၁) ဝိဝဋ္ဋဒါန ဒီပနီကျမ်းသည် ဆရာတော်ဘုရားကြီး အနယ်နယ် အရပ်ရပ်တို့၌ တရားဟောကြားတော်မူသောအခါ ဆုံးမတော်မူသော ဝိနိစ္ဆယတရားများ ဖြစ်ပါသည်။

နိဒါန်း

(၂) ဝိပဿနာအလုပ်စဉ်သည် ဆရာတော်ဘုရားကြီးက မိမိထံသို့ ချဉ်းကပ်ကြသော ဒါယကာ ဒါယိကာမ တပည့်ကြီးငယ်တို့အား အလုပ်ပေးသော တရားဖြစ်ပါသည်။

(၃) ရတနာဂုဏ်တော် ဘုရားရှိခိုးသည် ၁၃၂၁ ခု၊ အိန္ဒိယပြည် မဟာဗောဓိပင်နှင့်တကွ ဗုဒ္ဓဋ္ဌာနကြီးများမှအပြန် ဗုဒ္ဓရှင်တော်ဘုရားကြီးကို ကိုယ်တွေ့ ကြည်ညိုခဲ့ရပုံကို ရေးသားတော်မူ၍ အမြဲဘုရားရှိခိုးတော်မူသော ဘုရားရှိခိုး ဖြစ်ပါသည်။

ဆရာတော် ဦးနန္ဒိယ
ကြောင်ပန်းတောရ ဗုဓလင်မြို့။

ဝင်းကျမ်းစာများကို နာယက ဆရာတော် ဘုရားကြီးတို့က
ဦးဥာဏအား ရိုက်နှိပ်ရန် တာဝန်ပေးပါသဖြင့်
နာယက ဆရာတော် တို့၏ အမိန့်အတိုင်း
ဦးဥာဏကြောင်ပန်း ကမ္မဋ္ဌာနာစရိယ
နယ်လှည့် ဓမ္မကထိက
ပညာ့ဝတီရိပ်သာ
ကုက္ကိုင်းရွာသစ်

ကြည့်ရှုရိုက်နှိပ်ထုတ်ဝေပါသည်။

**ဦးဥာဏ**
ပညာ့ဝတီရိပ်သာ
ကုက္ကိုင်းရွာသစ်
ရန်ကင်းစာတိုက်
ရန်ကုန်မြို့။

# ဝိဝဋ္ဋဒါနဒီပနီကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

နမော ဗုဒ္ဓဿ ဓမ္မဿ၊ သံဃဿာစရိယဿစ။
နတွာ ဒါတုံ လိခိဿာမိ၊ ဝိဝဋ္ဋဒါန ဒီပနိံ။ ။

အဟံ၊ ဗုဓလင်မြို့ကြောင်ပန်းတောရ နာယကဆရာရဟန်းငါသည်။ ဗုဒ္ဓဿစ၊ သိစရာရှိသမျှတရားတွေကို တပါးမကျန်အကုန်လှန်၍အမှန် ထိုးထွင်းအလင်းထင်ပေါ်သိမြင်တော်မူသောမြတ်စွာဘုရားကြီးအား၎င်း။ ဓမ္မဿစ၊ သဗ္ဗညုတ ရွှေဉာဏ်တော်ဝ ၌ ထင်လာသမျှ အဖုံဖုံ အလုံးစုံသော တရားတော်မြတ်ကြီးအား၎င်း။ သံဃဿစ၊ ကလျာဏ ပုထုဇဉ် သီလဝန်,ပညာဝန်,အရှင်မွန် အရှင်မြတ်များနှင့်တကွ ရှစ်ပါးသောအရိယာသံဃာတော်အား၎င်း။ အာစရိယဿစ၊ ငယ်စဉ်တောင်ကျေး ကလေးဘဝမှ ယနေ့သို့ကျအောင်နည်းပေးလမ်းပြ ဆိုဆုံးမကြသော သင်ဆရာ မြင်ဆရာ ကြားဆရာများနှင့် တကွ အနန္တ သခင်—ကျေးဇူးရှင် ( ပဌမ ကြောင်ပန်း တောရ ဆရာတော် ဘုရားကြီး ) အား၎င်း။ နမော၊ အန္တရာယ်ကင်းပ,ကုမ်းပြီးရ၍ ( ဓမ္မဒါန ပြီးဆုံးကျအောင် ) ကြည်စွာသဒ္ဒါ ရှိခိုးပါ၏။ နတွာ၊ ယခုအနီး ရှိခိုးပြီး၍။ ဒါနံ၊ ဝန်နှင့်အား များနှင့်လေး သေးသေးကြီးကြီး နည်းနည်းများများ အစားစား တူ မတူ မြတ်အလှူကို။ ဝါ။ မပြုဘဲမှာ မနေသာမှု ဒါနစုကို။ ဒါတုံ၊ ပါရမီဗျာန်မြောက်နိဗ္ဗာန်ပေါက်အောင် အရောက်ဆောင်နှင်း ပြုတတ်ကြ စေခြင်း အကျိုးငှါ။ ဝါ။ တဏှာမကူ ဖွေးဖွေးဖြူအောင် ပေးလှူတတ်ကြ စေခြင်းအကျိုးငှါ။ ဝိဝဋ္ဋဒါနဒီပနိံ၊ ဝဋ္ဋကင်းရာမှန် မြတ်နိဗ္ဗာန်သို့ ဧကန်ရောက်ကြောင်း မတိမ်းစောင်းအောင် လမ်းကောင်း လမ်းမြတ် ဖြောင့်မတ်စွာ ဆောင်စွမ်း တတ်သော (ဝိဝဋ္ဋဒါနဒီပနီ) မည်သော ဤကျမ်းမြတ်ကို။ လိခိဿာမိ၊ ဝိဝဋ္ဋဒါန် သဘာဝ ကျအောင် ရေးသားဖေါ်ပြပါအံ့သတည်း။

F - No. 1.

## ဒါန၌ သိသင့် သိထိုက်သော အရာများကို ရှေးဦးစွာ ဖော်ပြပါဦးအံ့

အင်္ဂုတ္တိုရ် ဒုကနိပါတ်ပါဠိတော်မြတ်ကြီး၌—

ဒွေမေ ဘိက္ခဝေ ဒါနာနိ၊ ကတမာနိဒွေ အာမိသဒါနဉ္စ ဓမ္မဒါနဉ္စ ဣမာနိ ခေါ ဘိက္ခဝေ ဒွေဒါနာနိ။

ဧတဒဂ္ဂံ ဘိက္ခဝေ ဣမေသံ ဒွိန္နံ ဒါနာနံ ယဒိဒံ ဓမ္မဒါနံ။

ဟု ဟောတော်မူအပ်၏။

အနက်ကား။ ။ဘိက္ခဝေ၊ငါ၏ချစ်သား၊ချစ်သမီးများတို့။ ဒါနာနိ၊ ဒါနတို့သည်။ ဣမာနိဒွေ၊ ဤနှစ်ပါးတို့တည်း။ ဒွေ၊နှစ်ပါးတို့သည်။ကတမာနိ၊အဘယ်သည်တို့နည်းဟူမူကား။ အာမိသဒါနဉ္စ၊ ပစ္စည်းလေးပါးဟူသောအာမိသကိုလှူခြင်းလည်းကောင်း ဓမ္မဒါနဉ္စ၊ဓမ္မဒါနလည်းကောင်း။ ဝါ၊ မိမိသိသမျှတရားကို သူတပါးအား ဟောကြားခြင်းစသော ဓမ္မဒါနလည်းကောင်း။ ဣမာနိ၊ ဤသည်တို့တည်း။

ဘိက္ခဝေ၊ငါ၏ချစ်သား ချစ်သမီးများတို့။ ဒွေ၊နှစ်ပါးကုန်သော။ ဣမာနိခေါဒါနာနိ၊ဤဒါနတို့သည်။ သန္တိ၊ ရှိကုန်၏။ ဘိက္ခဝေ၊ ငါ၏ ချစ်သား ချစ်သမီးများတို့။ဣမေသံဒွိန္နံဒါနာနံ၊ ဤနှစ်ပါးကုန်သောဒါနတို့တွင်။ ယဒိဒံဓမ္မဒါနံ၊အကြင်ဓမ္မဒါနသည်။အတ္ထိ၊ရှိ၏။ ဧတံ၊ဤဓမ္မဒါနသည်။ အဂ္ဂံ၊မြတ်၏။

ဒါနသည်—အကျဉ်းအားဖြင့် အာမိသဒါန, ဓမ္မဒါနဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အာမိသဒါနဟူသည်—ပစ္စည်းလေးပါးကို ပေးလှူခြင်းတည်း။ ဓမ္မဒါနဟူသည်—မိမိသိသော တရားကို သူတပါးတို့အား ဟောပြောခြင်းတည်း။

## ဤ ဒါနအရာ၌ ပြသင့် ပြထိုက်သော အရာစုကို ရှေးဦးစွာ ထုတ်ဖော်ပြဆိုပေဦးအံ့။

ဒိယတိ ဧတေနာတိ ဒါနံ။

ဧတေန၊ထိုကုသိုလ်စိတ်ဖြင့်။ဒါနံ၊တစုံတခုသောလှူဘွယ်ဝတ္ထုကို။ ဒိယတိ၊စွန့်ကြဲပေးကမ်းလှူဒါန်းအပ်၏။ဣတိတသ္မာထိုပေးလှူကြောင်း

ဖြစ်သောသဘောသတ္တိကြောင့်။ တံ၊ ထိုစေတနာဟရားသည်။ ဒါနံ၊ ဒါနမည်၏။

မဟာကုသိုလ်စိတ္တုပ္ပါဒ်နှင့်ယှဉ်သောစေတနာစေတသိက်ရစေ။

(၁) စေတနာစေတသိက်သည် ပဓာနနည်းအားဖြင့်ဒါနမည်၏၊ ထို့ကြောင့်ကထာဝတ္ထုပါဠိတော်၌-စေတသိကော ဒါနန္တိ အာမန္တာ။ ဟု ဟောတော်မူသည်။

အနက်။ စေတသိကော၊ စေတနာစေတသိက်သည်။ ဒါနံ။ ဒါနမည်သလော။ ဇာတိပုစ္ဆာယံ၊ ဤသို့မေးသည်ရှိသော်။ အာမန္တာ၊ စေတနာစေတသိက်သည်ဒါနမည်ပေ၏။ ဇာတိဝိဿဇ္ဇနေတမ္ဗံ၊ ဤသို့ ဖြေဆိုအပ်၏။

(၂) အလောဘစေတသိက်သည်, အပဓာနနည်းအားဖြင့် ဒါနမည်၏။ ထို့ကြောင့် မူလဋီကာကြီး၌—

စေတနာတိ ပဓာနဝသေန ဝုတ္တံ၊ တံ ဂတိကတ္တာ ပန
တံသမ္ပယုတ္တော အလောဘောပိ ဒါနံနာမ။ ဟုဖွင့်ဆို၏။

အနက်။ စေတနာတိ၊ စေတနာဟူသောစကားကို။ ပဓာနဝသေန၊ ပဓာနနည်း၏အစွမ်းဖြင့်။ ဝုတ္တံ၊ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူအပ်၏။ ပန၊ စင်စစ်သော်ကား။ တံ ဂတိကတ္တာ၊ ထိုစေတနာနှင့် အလားတူသည်၏အဖြစ်ကြောင့်။ တံသမ္ပယုတ္တော၊ ထိုစေတနာနှင့်ယှဉ်သော။ အလောဘောပိ၊ အလောဘစေတသိက်သည်လည်း။ ဒါနံနာမ၊ ဒါနမည်၏။

(၃) သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ—ဟူသော ဝိရတီစေတသိက်သုံးပါးသည်လည်း ဒါနမည်၏။ ထို့ကြောင့် အဋ္ဌကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်မြတ် ဒါနဝဂ်၌—

ပါဏာတိပါတာ ပဋိဝိရမတော ဘိက္ခဝေ အရိယသာဝကော
အပရိမာဏာနံ သတ္တာနံ အဘယံ ဒေတိ၊ အဝေရံ ဒေတိ၊ အဗျာ
ပဇ္ဇံ ဒေတိ၊ အပရိမာဏာနံ သတ္တာနံ အဘယံ ဒတွာ အဝေရံ
ဒတွာ အဗျာပဇ္ဇံ ဒတွာ အပရိမာဏဿ အဘယဿ အဝေ

ရသာ အဗျာပဇ္ဇသာ ဘာဂီ ဟောတိ။ ဣဒံ ဘိက္ခဝေ ပဌမံ ဒါနံ မဟာဒါနံ။ ဟု ဟောတော်မူအပ်၏။

အနက်။ ဘိက္ခဝေ၊ ရဟန်းတို့။ ပါဏာတိပါတာ၊ သူ့၏အသက်ကို သတ်ခြင်းမှ။ ပဋိဝိရမတော၊ ရှောင်ကြဉ်သော။ အရိယသာဝကော၊ ငါဘုရား၏စကားကိုနားထောင်သောသူတော်ကောင်းသည်။ အပရိမာဏာနံ၊ အတိုင်းအရှည် အပိုင်းအခြားမရှိ မရေတွက်နိုင် ကုန်သော သတ္တာနံ၊ သတ္တဝါတို့အား။ အဘယံ။ ဘေးမရှိသည်ကို။ ဒေတိ၊ ပေးလှူသည်မည်၏။ အဝေရံ၊ ရန်မရှိသည်ကို။ ဒေတိ၊ ပေးလှူသည်မည်၏။ အဗျာပဇ္ဇံ၊ ကြောင့်ကြမရှိသည်ကို။ ဒေတိ၊ ပေးလှူသည်မည်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အပရိမာဏာနံ၊ အတိုင်းအရှည်အပိုင်းအခြားမရှိမရေတွက်နိုင်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ အဘယံ၊ ဘေးမရှိသည်ကို။ ဒတွာ၊ ပေးလှူသည်မည်သောကြောင့်။ အဝေရံ၊ ရန်မရှိသည်ကို။ ဒတွာ၊ ပေးလှူသည် မည်သောကြောင့်။ အဗျာပဇ္ဇံ၊ ကြောင့်ကြမရှိသည်ကို။ ဒတွာ၊ ပေးလှူသည်မည်သောကြောင့်။ အပရိမာဏသ၊ အတိုင်းအရှည်အပိုင်းအခြားမရှိမရေတွက်နိုင်သော။ အဘယဿ၊ ဘေးမရှိခြင်း၏ အဝေရဿ၊ ရန်မရှိခြင်း၏။ အဗျာပဇ္ဇဿ၊ ကြောင့်ကြမရှိခြင်း၏။ ဘာဂီ၊ အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ ဒါနံ၊ ဤ သတ္တဝါကိုသတ်ခြင်းမှကြဉ်သဖြင့် ဘေးရန်ကင်းခြင်း ကြောင့်ကြမဲ့ကို ပေးလှူခြင်းဟုဆိုအပ်သောအလှူသည်။ ပဌမံ၊ ရှေးဦးစွာသော။ မဟာဒါနံ၊ မဟာဒါနမည်၏။

(ဘာသာပြန်) ရဟန်းတို့—သူ့၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သော ငါဘုရား၏ စကားကို နားထောင်သောသူတော်ကောင်းသည် အတိုင်းအရှည်အပိုင်းအခြားမရှိ မရေတွက်နိုင်ကုန်သောသတ္တဝါတို့အား ဘေးမရှိသည်ကိုပေးလှူသည်မည်၏၊ ရန်မရှိသည်ကိုပေးလှူသည်မည်၏။ ကြောင့်ကြမရှိသည်ကိုပေးလှူသည်မည်၏။ ရဟန်းတို့ အတိုင်းအရှည်အပိုင်းအခြားမရှိ မရေတွက်နိုင်ကုန်သော သတ္တဝါတို့အား ဘေးမရှိသည်ကို ပေးလှူသည် မည်သောကြောင့် ရန်မရှိ

သည်ကိုပေးလှူသည်မည်သောကြောင့်ကြောင့်ကြမရှိသည်ကိုပေးလှူသည်မည်သောကြောင့် အတိုင်းအရှည် အပိုင်းအခြားမရှိ မရေတွက်နိုင်သော ဘေးမရှိခြင်း၏ ရန်မရှိခြင်း၏ ကြောင့်ကြမရှိခြင်း၏ အဘို့ရှိသည်ဖြစ်၏။ ရဟန်းတို့ ဤသတ္တဝါကိုသတ်ခြင်းမှ ကြဉ်သဖြင့်ဘေးရန်ကင်းခြင်း ကြောင့်ကြမဲ့ကိုပေးလှူခြင်းဟုဆိုအပ်သောအလှူသည် ရှေးဦးစွာသော မဟာဒါနမည်၏၊

ထိုမှတပါး ကထာဝတ္ထုအဋ္ဌကထာ၌လည်း—

အဘယံ ဒေတိတိ အာဂတဋ္ဌာနေ ဝိရတိဒါနံ- ဟု ဖွင့်ဆိုတော်မူ၏။

အနက်။ အဘယံ၊ဘေးမရှိသည်ကို။ဒေတိ၊ပေးလှူ၏။ ဣတိ၊ဤသို့။အာဂတဋ္ဌာနေ၊လာရှိသောအရာ၌။ ဝိရတိ၊ ဝိရတီစေတသိက်သုံးပါးသည်။ဒါနံ၊ဒါနမည်၏။

ဘာသာပြန်။ ။ဘေးမရှိသည်ကို ပေးလှူ၏။ ဤသို့လာရှိသောအရာ၌ ဝိရတီစေတသိက် သုံးပါးသည် ဒါနမည်၏ ။

ဒါတဗ္ဗံတိ ဒါနံ။ အနက်။ ယံ၊အကြင်ပစ္စည်းဝတ္ထုကို။ဒါတဗ္ဗံ၊ပေးလှူအပ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ တံ၊ ထိုပစ္စည်းဝတ္ထုသည်။ဒါနံ၊ဒါနမည်၏။

အကောက်။ ဆွမ်း,သင်္ကန်းစသော လှူဘွယ်ဝတ္ထုပစ္စည်းရစေ။ ဒေယျဓမ္မဟုဆိုအပ်သော ထိုဆွမ်း,သင်္ကန်းစသော လှူဘွယ်ဝတ္ထုပစ္စည်းစုသည်လည်း ဒါနမည်၏။

ထို့ကြောင့် ကထာဝတ္ထုပါဠိတော်၌—

ဒေယျဓမ္မောဒါနန္တိအာမန္တာ။ ဟုဟောတော်မူ၏။

အနက်။ ဒေယျဓမ္မော၊ဆွမ်း,သင်္ကန်းစသော လှူဘွယ်ဝတ္ထု အစုစုသည်။ဒါနံ၊ဒါနမည်သလော။ဣတိပုစ္ဆာယံ၊ဤသို့မေးသည်ရှိသော်။ အာမန္တာ၊ဆွမ်း,သင်္ကန်းစသောလှူဘွယ်ဝတ္ထုအစုစုသည်ဒါနမည်၏။ ဣတိဝိသဇ္ဇေတဗ္ဗံ၊ ဤသို့ဖြေဆိုအပ်၏။

ဘာသာပြန်။ ဆွမ်း,သင်္ကန်းစသောလှူဘွယ်ဝတ္ထုအစုစုသည်-

ဒါန မည်သလော ဤသို့မေးသည်ရှိသော်–ဆွမ်း,သင်္ကန်းစသော လှူ ဘွယ်ဝတ္ထု အစုစုသည် ဒါနမည်၏ ဤသို့ဖြေဆိုအပ်၏။

ထိုဒေယျဓမ္မဒါနသည် (၁) အာမိသဒါန (၂)ဓမ္မဒါနအားဖြင့် နှစ်ပါးအပြားရှိ၏။ (ဓမ္မဒါနကိုနောက်မှပြဆိုအံ့။)

ထိုနှစ်ပါးသော ဒါနတို့တွင် အာမိသဒါနသည်–ဝိနည်းဒေသနာ တော်နည်းအားဖြင့် ဒါန (၄) ပါး။ အဘိဓမ္မာဒေသနာတော်နည်း အားဖြင့်ဒါန (၆) ပါး။သုတ္တန်ဒေသနာတော်နည်းအားဖြင့်ဒါန(၁၀) ပါး ဤသို့ အကျဉ်းအားဖြင့် ၃ မျိုးပြား၍၊ အကျယ်အားဖြင့် အပါး ၂၀ ဖြစ်၏။ထို အကျဉ်းအားဖြင့် ၃ ပါး။အကျယ်အားဖြင့်အပါး ၂၀ တို့တွင် ဝိနည်းဒေသနာတော်နည်းအားဖြင့် (၄) ပါးလာပုံကား–

(၁) အနုဇာနာမိ ဘိက္ခဝေ ဥပသမ္ပာဒေမန္တေန စတ္တာရော နိဿယေ အာစိက္ခိတုံ ပိဏ္ဍိယာလောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ။ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော၊ အတိရေက လာဘော သံဃဘတ္တံ ဥဒ္ဒေသဘတ္တံ နိမန္တနံ သလာကဘတ္တံ ပက္ခိကံ ဥပေါသထိကံ ပါဋိပဒိကံ။

(၂) ပံသုကူလစီဝရံ နိဿာယ ပဗ္ဗဇ္ဇာ။ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော အတိရေကလာဘော ခေါမံ ကပ္ပါသိကံ ကောသေယျံ ကမ္ဗလံ သာဏံ ဘင်္ဂံ။

(၃) ရုက္ခမူလ သေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ။တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော အတိရေကလာဘော ဝိဟာရော အဍ္ဎယောဂေါ ပါသာဒေါ ဟမ္မိယံ ဂုဟာ။

(၄) ပူတိမုတ္တဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော သပ္ပိ နဝနီတံ တေလံ မဓု ဖာဏိတံ။ ။ဝိနည်းမဟာဝါပါဠိတော်။

အနက်ကား။ ဘိက္ခဝေ၊ရဟန်းတို့။ဥပသမ္ပာဒေန္တေန၊ ပဉ္စင်းခံပြီး သဖြင့်။စတ္တာရော၊လေးပါးကုန်သော။နိဿယေ၊မှီရာဖြစ်သောပစ္စည်း

တို့ကို။အာစိက္ခိတုံ၊ကြားစိမ့်သောငှါ။အဟံ၊ ငါဘုရားသည်။ အနုဇာ
နာမိ၊ခွင့်ပြုတော်မူ၏။

ပိဏ္ဍိယာလောပဘောဇနံ၊ သလုံးမြင်းခေါင်း၏အစွမ်းဖြင့်ခံ၍ ရ
အပ်သောဆွမ်းကို။နိဿာယ၊ မှီ၍။ပဗ္ဗဇ္ဇာ၊ရဟန်းအဖြစ်သို့ရောက်အပ်
၏။ တတ္ထ၊ ထိုသလုံးမြင်းခေါင်း၏အစွမ်းဖြင့်ခံ၍ရသော ဆွမ်းကိုမှီ၍-
ပဉ္စင်းဖြစ်ရာ၌။တေ၊သင်ပဉ္စင်းသစ်သည်။ယာဝဇီဝံ၊ သိက္ခာပုဒ်တော်
ကိုယ်၌တည်သမျှကာလပတ်လုံး။ ဥဿာဟော၊အားထုတ်ခြင်းကို။က
ရဏီယော၊ပြုအပ်၏။အတိရေကလာဘော၊အလွန်လာဘ်ရှိပါမူကား။
သံဃဘတ္တံ၊သံဃာအားလှူသောဆွမ်းသည်လည်းကောင်း၊ ဥဒ္ဒေသ
ဘတ္တံ၊ညွှန်း၍ချသောဆွမ်းသည်လည်းကောင်း။နိမန္တနံ၊ပင့်ဘိတ်သော
ဆွမ်းသည်လည်းကောင်း။ သလာကဘတ္တံ၊ စာရေးတံချ၍ လှူသော
ဆွမ်းသည်လည်းကောင်း။ ပက္ခိကံ၊ လဆန်းပက္ခ လဆုတ်ပက္ခ၌ လှူ
အပ်သောဆွမ်းသည်လည်းကောင်း။ဥပေါသထိကံ၊ဥပုသ်နေ့၌လှူအပ်
သောဆွမ်းသည်တည်းကောင်း။ ပါဋိပဒိကံ၊ အထွက်တရက်နေ့၌ လှူ
အပ်သောဆွမ်းသည်လည်းကောင်း။ကပ္ပတိ၊အပ်၏။

(၂) ပံသုကူလစီဝရံ၊ပံ့သုကူသင်္ကန်းကို။နိဿာယ၊မှီ၍။ ပဗ္ဗဇ္ဇာ၊
ရဟန်းအဖြစ်သို့ရောက်အပ်၏။ တတ္ထ၊ထိုပံ့သုကူသင်္ကန်းကိုမှီ၍ရဟန်း
ပြုရာ၌။တေ၊သင်ပဉ္စင်းသစ်သည်။ယာဝဇီဝံ၊ သိက္ခာပုဒ်တော်ကိုယ်၌
တည်သမျှကာလပတ်လုံး။ ဥဿာဟော၊ အားထုတ်ခြင်းကို။ ကရဏီ
ယော၊ပြုအပ်၏။ အတိရေကလာဘော၊ အလွန်လာဘ်ရှိပါမူကား။
ခေါမံ၊ခေါမချည်ဖြင့်ယက်သောသင်္ကန်းသည်လည်းကောင်း။ကပ္ပါသိ
ကံ၊ဝါချည်ဖြင့်ယက်သောသင်္ကန်းသည်လည်းကောင်း။ကောသေယျံ၊
ပိုးချည်ဖြင့် ယက်သောသင်္ကန်းသည်လည်းကောင်း။ ကမ္ဗလံ၊ လူမွေး
သားရဲမွေးကိုထား၍ကြွင်းသောအမွေးတို့ဖြင့်ယက်အပ်သောကမ္ဗလာ
သင်္ကန်းသည်လည်းကောင်း။ ဘင်္ဂံ၊ခေါမစသော ငါးပါးစုံကိုရော၍-
ယက်သောသင်္ကန်းသည်လည်းကောင်း။ဝါ၊ဘင်္ဂမည်သောလျှော်ချည်
သင်္ကန်းသည်လည်းကောင်း။ကပ္ပတိ၊အပ်၏။

(၃) ရုက္ခမူလသေနာသနံ၊သစ်ပင်ရင်းတည်းဟူသောကျောင်းကို။
နိဿာယ၊မှီ၍။ပဗ္ဗဇ္ဇာ၊ရဟန်းအဖြစ်သို့ရောက်အပ်၏။တတ္ထ၊ထိုသစ်ပင်
ရင်းတည်းဟူသောကျောင်းကိုမှီ၍ရဟန်းပြုရာ၌။တေ၊သင် ပဉ္စင်းသစ်
သည်။ယာဝဇီဝံ၊ သိက္ခာပုဒ်တော် ကိုယ်၌တည်သမျှကာလပတ်လုံး။
ဥဿာဟော၊အားထုတ်ခြင်းကို။ ကရဏီယော၊ပြုအပ်၏။ အတိရေက
လာဘော၊အလွန်လာဘ်ရှိပါမူကား။ ဝိဟာရော၊ နှစ်ဘက်စောင်းမိုး
သောကျောင်းသည်လည်းကောင်း။အဍ္ဍယောဂေါ၊တဘက်စောင်းမိုး
သောကျောင်းသည်လည်းကောင်း။ပါသာဒေါ၊လေးထောင့်ပြာသာဒ်
သည်လည်းကောင်း။ဟမ္မိယံ၊ပြာသာဒ်ဦးပြည်းသည်လည်းကောင်း။
ဂုဟာ၊ဥမင်တောင်စောင်းသည်လည်းကောင်း။ကပ္ပတိ၊အပ်၏။

(၄) ပုတိမုတ္တဘေသဇ္ဇံ၊နွားကျင်ငယ်တည်းဟူသော ပုတ်သည်
ဖြစ်၍လွှတ်သော ဆေးကို။ နိဿာယ၊ မှီ၍။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သို့
ရောက်အပ်၏။တတ္ထ၊ထိုပုတ်သည်ဖြစ်၍ လွှတ်သောဆေးကိုမှီ၍ရဟန်း
ပြုရာ၌။တေ၊သင်ပဉ္စင်းသစ်သည်။ယာဝဇီဝံ၊ သိက္ခာပုဒ်တော်ကိုယ်၌
တည်သမျှကာလပတ်လုံး။ ဥဿာဟော၊ အားထုတ်ခြင်းကို။ ကရဏီ
ယော၊ပြုအပ်၏။ အတိရေကလာဘော၊အလွန်လာဘ်ရှိပါမူကား။
သပ္ပိ၊ ထောပတ်သည်လည်းကောင်း။ နဝနီတံ၊ ဆီဦးသည်လည်း
ကောင်း။တေလံ၊ဆီသည်လည်းကောင်း။မဓု၊ပျားသည်လည်းကောင်း။
ဖာဏိတံ၊တင်လဲသည်လည်းကောင်း။ကပ္ပတိ၊အပ်၏။

( ဘာသာပြန် )

ရဟန်းတို့—ပဉ္စင်းခံပြီးသဖြင့်လေးပါးကုန်သောမှီရာဖြစ်သောပစ္စည်း
တို့ကို ကြားစိမ့်သောငှါ ငါဘုရားသည်ခွင့်ပြုတော်မူ၏။

(၁) သလုံးမြင်းခေါင်း၏အစွန်းဖြင့်ခံ၍ရသောဆွမ်းကိုမှီ၍ရဟန်း
အဖြစ်သို့ရောက်အပ်၏။ ထိုသလုံးမြင်းခေါင်း၏အစွန်းဖြင့် ခံ၍ရသော
ဆွမ်းကိုမှီ၍ပဉ္စင်းဖြစ်ရာ၌ သင်ပဉ္စင်းသစ်သည် သိက္ခာပုဒ်တော်ကိုယ်၌
တည်သမျှကာလပတ်လုံး အားထုတ်ခြင်းကိုပြုအပ်၏။

အလွန်လာဘ်ရှိပါမူကား သံဃာအားလှူသော ဆွမ်းသည်၎င်း။

ညွှန်း၍ချသောဆွမ်းသည်၎င်း။ပင့်ဘိတ်သောဆွမ်းသည်၎င်း။ စာရေးတံချ၍လှူသောဆွမ်းသည်၎င်း။ လဆန်းပက္ခ လဆုတ်ပက္ခ၌ လှူအပ်သော ဆွမ်းသည်၎င်း။ ဥပုသ်နေ့၌ လှူအပ်သော ဆွမ်းသည်၎င်း။ အထွက်တရက်နေ့၌ လှူသောဆွမ်းသည်၎င်း အပ်၏။

(၂) ပံသုကူသင်္ကန်းကိုမှီ၍ရဟန်းအဖြစ်သို့ရောက်အပ်၏။ထိုပံသုကူသင်္ကန်းကိုမှီ၍ ရဟန်းပြုရာ၌ သင်ပဉ္စင်းသစ်သည် သိက္ခာပုဒ်တော်ကိုယ်၌တည်သမျှကာလပတ်လုံး အားထုတ်ခြင်းကို ပြုအပ်၏။ အလွန်လာဘ်ရှိပါမူကား ခေါမချည်ဖြင့်ယက်သောသင်္ကန်းသည်၎င်း။ပိုးချည်ဖြင့်ယက်သောသင်္ကန်းသည်၎င်း။လူမွေး သားရဲမွေးကို ထား၍ ကြွင်းသောအမွေးတို့ဖြင့်ယက်အပ်သော ကမ္ဗလာသင်္ကန်းသည်၎င်း။ပိုက်ဆံလျှော်ဖြင့်ယက်အပ်သောသင်္ကန်းသည်၎င်း။ခေါမစသော ငါးပါးစုံကိုရော၍ယက်သောသင်္ကန်းသည်၎င်း။ ဝါ။ ဘင်မည်သော လျှော်ချည်သင်္ကန်းသည်၎င်းအပ်၏။

(၃) သစ်ပင်ရင်းတည်းဟူသောကျောင်းကိုမှီ၍ရဟန်းအဖြစ်သို့ရောက်အပ်၏။ ထိုသစ်ပင်ရင်းတည်းဟူသောကျောင်းကိုမှီ၍ ရဟန်းပြုရာ၌ သင်ပဉ္စင်းသစ်သည်သိက္ခာပုဒ်တော်ကိုယ်၌တည်သမျှကာလပတ်လုံးအားထုတ်ခြင်းကိုပြုအပ်၏။ အလွန်လာဘ်ရှိပါမူကား နှစ်ဘက်စောင်းမိုးသော ကျောင်းသည်၎င်း။ တဘက်မိုးသော ကျောင်းသည်၎င်း။လေးထောင့်ပြာသာဒ်သည်၎င်း။ပြာသာဒ်ဦးပြည်းသည်၎င်း။ ဥမင်တောင်ခေါင်းသည်၎င်းအပ်၏။

(၄) နွားကျင်ငယ် တည်းဟူသော ပုတ်သည်ဖြစ်၍ လွတ်သောဆေးကိုမှီ၍ ရဟန်းအဖြစ်သို့ရောက်အပ်၏။ ထို ပုတ်သည်ဖြစ်၍ လွတ်သောဆေးကိုမှီ၍ ရဟန်းပြုရာ၌ သင်ပဉ္စင်းသစ်သည် သိက္ခာပုဒ်တော်ကိုယ်၌တည်သမျှကာလပတ်လုံး အားထုတ်ခြင်းကိုပြုအပ်၏။ အလွန်လာဘ်ရှိပါမူကား—ထောပတ်သည်၎င်း။ဆီဦးသည်၎င်း။ဆီသည်၎င်းပျားသည်၎င်း။တင်လဲသည်၎င်း အပ်၏။

ဤကား ဝိနည်းဒေသနာတော်နည်းအားဖြင့်ဒါနအပြား(၄)တည်း။

## အဘိဓမ္မာဒေသနာတော်နည်းအားဖြင့် (၉) ပါးလာပုံကား။

ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ။သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏံဝါသဒ္ဒါရမ္မဏံဝါဂန္ဓာရမ္မဏံဝါရသာရမ္မဏံဝါဖောဋ္ဌဗ္ဗာရမ္မဏံဝါဓမ္မာရမ္မဏံဝါ ယံယံဝါပနာရဗ္ဘ။။ဓမ္မသင်္ဂဏီပါဠိတော် အနက်။ ။ကတမေဓမ္မာ၊အဘယ်တရားတို့သည်။ကုသလာ၊ ကုသိုလ်မည်ကုန်သနည်းဟူမူကား။ ယသ္မိံသမယေ၊အကြင်အခါ၌။ကာမာဝစရံ၊ကာမာဝစရအမည်ရှိသော။ကုသလံ၊ကောင်းကျိုးကိုပေးခြင်းလက္ခဏာရှိသော။သောမနဿသဟဂတံ၊ သောမနဿဝေဒနာနှင့်တကွဖြစ်သော။ဉာဏသမ္ပယုတ္တံ၊ဉာဏ်နှင့်ယှဉ်သော။ စိတ္တံ၊စိတ်သည်။ ရူပါရမ္မဏံဝါ၊ အဆင်းဟူသောအာရုံကိုင်း။ သဒ္ဒါရမ္မဏံဝါ၊အသံဟူသောအာရုံကိုင်း။ဂန္ဓာရမ္မဏံဝါ၊ အနံ့ဟူသောအာရုံကိုင်း။ရသာရမ္မဏံဝါ၊အရသာဟူသောအာရုံကိုင်းဖောဋ္ဌဗ္ဗာရမ္မဏံဝါ၊ အတွေ့ဟူသောအာရုံကိုင်း။ဓမ္မာရမ္မဏံဝါ၊တရားဟူသောအာရုံကိုင်း။ယံယံဝါပန၊အကြင်အကြင်အမှတ်မရှိတပါးပါးသောအာရုံကို။အာရဗ္ဘ၊ အာရုံပြု၍။ ဥပ္ပန္နံ၊ဖြစ်သည်။ဟောတိ၊ထင်ရှား၏။

(ဘာသာပြန်) အဘယ်တရားတို့သည်ကုသိုလ်မည်ကုန်သနည်းဟူမူကား....အကြင်အခါ၌ ကာမာဝစရအမည်ရှိသော ကောင်းကျိုးကိုပေးခြင်းလက္ခဏာရှိသော သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့်ယှဉ်သောစိတ်သည်....အဆင်းဟူသောအာရုံကိုင်း။ အသံဟူသောအာရုံကိုင်း။ အနံ့ဟူသောအာရုံကိုင်း။ အရသာဟူသောဟူသောအာရုံကိုင်း။ အတွေ့ဟူသော အာရုံကိုင်း၊ တရားဟူသော အာရုံကိုင်း။အကြင်အကြင် အမှတ်မရှိ တပါးပါးသော အာရုံကို အာရုံပြု၍ဖြစ်သည့်ထင်ရှား၏။

ဤကားအဘိဓမ္မာဒေသနာတော်နည်းအားဖြင့်ဒါနအပြား၆ပါးတည်း

## သုတ္တန်ဒေသနာတော်နည်းအားဖြင့် (၁၀) ပါးလာပုံကား၊

ဇာမ ဘိက္ခဝေ ကေဝဠ ဒါနံ ဒေတိ။ သမဏဿဝါ ဗြာဟ္မဏဿဝါ။

အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာ ဂန္ဓ ဝိလေပနံ သေယျာ ဝသထ ပဒီပေယျံ။ ။အဂ်ုတ္တို႐ုပါဠိတော် အဋ္ဌကနိပါတ်။

အနက်ဘား။ ဘိက္ခဝေ၊ရဟန်းတို့။ဣဓ၊ဤလောက၌။ကေစ္စေ၊ အချို့သောသူသည်။သမဏာဿဝါ၊ကိလေသာကိုငြိမ်းစေတတ်သော ရဟန်းအားရင်း။ ဗြာဟ္မဏာဿဝါ၊ မကောင်းမှုကိုအပပြုတတ်သော— ရဟန္တာအားရင်း။ဒါနံ၊လှူဘွယ်ဝတ္ထုကို။ဒေတိ၊ပေးလှူ၏။ အန္နံ၊ ဆွမ်းကိုရင်း၊ပါနံ၊အဖျော်ကိုရင်း။ဝတ္ထံ၊အဝတ်ကိုရင်း။ယာနံ၊ယာဉ်ကို ရင်း။မာလာ~ဂန္ဓဝိလေပနံ၊ပန်းနံ့သာ နံ့သာပျောင်းကိုရင်း။သေယျာ ဝသထပဒီပေယျံ၊အိပ်ရာ နေရာ ကျောင်းဆီမီးကိုရင်း။ဒေတိ၊ပေးလှူ၏။

ဘာသာပြန်။ ရဟန်းတို့....ဤလောက၌ အချို့သောသူသည် ကိလေသာကိုငြိမ်းစေတတ်သောရဟန်းအားရင်း။ မကောင်းမှုကိုအပ ပြုတတ်သောရဟန္တာအားရင်း လှူဘွယ်ဝတ္ထုကိုပေးလှူ၏။ ဆွမ်း ကိုရင်း အဖျော်ကိုရင်း အဝတ်ကိုရင်း ယာဉ်ကိုရင်း ပန်းနံ့သာနံ့သာ ပျောင်းကိုရင်း အိပ်ရာနေရာ ကျောင်းဆီမီးကိုရင်း ပေးလှူ၏။

**ဤဒေယျဓမ္မဝတ္ထုဆယ်ပါးသရုပ်အကျဉ်းချုပ်ဂါထာပုဒ်ကား**

အန္နံ ပါနံ ဝတ္ထံ ယာနံ၊မာလာ ဂန္ဓ ဝိလေပနံ။
သေယျာဝသထပဒီပေယျံ၊ဒါနဝတ္ထု ဣမေ ဒသ။ ။

**အနက်ကား**။ အန္နံ၊ထမင်းလည်းကောင်း။ပါနံ၊အဖျော်လည်း ကောင်း။ဝတ္ထံ၊အဝတ်လည်းကောင်း ။ယာနံ၊ ယာဉ်လည်းကောင်း။ မာလာဂန္ဓဝိလေပနံ၊ ပန်း နံ့သာနံ့သာပျောင်းလည်းကောင်း။ သေ ယျာဝသထပဒီပေယျံ၊အိပ်ရာ နေရာကျောင်း ဆီမီး လည်းကောင်း။ဣမေဒသ၊ဤဆယ်ပါးတို့သည်။ဒါနဝတ္ထု၊ဒါနဝတ္ထုမည်ကုန်၏။

ဘာသာပြန်။ ၁။ ထမင်း၊ ၂း အဖျော်။ ၃၊ အဝတ်။ ၄။ ယာဉ်။ ၅။ ပန်း။ ၆။ နံ့သာ။ ၇။ နံ့သာပျောင်း။ ၈။ အိပ်ရာ။ ၉။ နေရာကျောင်း ၁၀။ ဆီမီး။ ဤဆယ်ပါးတို့သည်ဒါနဝတ္ထု မည်ကုန်၏။

ဤကားသုတ္တန်ဒေသနာတော်နည်းအားဖြင့်ဒါနအပြား ၁၀ပါးတည်း

## လိုရင်းမှာ

ဝိနည်း ဒေသနာတော်နည်းအရ ဒါန အပြား(၄) ပါး ဟူ
သော်ကား—

(၁) ဆွမ်း။ (၂) သင်္ကန်း။ (၃) ကျောင်း။ (၄) ဆေး။ ဤပစ္စည်း လေးပါးပင်တည်း။

အဘိဓမ္မာဒေသနာတော်နည်းအရ ဒါနအပြား(၆)ပါး ဟူ
သော်ကား—

(၁) ရူပါရုံ။ (၂) သဒ္ဒါရုံ။ (၃) ဂန္ဓာရုံ။ (၄) ရသာရုံ။ (၅) ဖောဋ္ဌဗ္ဗာရုံ။ (၆) ဓမ္မာရုံ။ ဤအာရုံ ခြောက်ပါးပင်တည်း။

သုတ္တန်ဒေသနာတော်နည်းအရ ဒါန အပြား(၁၀)ပါး ဟူ
သော်ကား—

(၁) ထမင်း။ (၂) အဖျော်။ (၃) အဝတ်။ (၄) ယာဉ်။ (၅) ပန်း။ (၆) နံ့သာ။ (၇) နံ့သာပျောင်း။ (၈) အိပ်ရာ။ (၉) နေရာကျောင်း။ (၁၀) ဆီမီး။ ဤဝတ္ထု ဆယ်ပါးပင်တည်း။

အဘိဓမ္မာဒေသနာ ဓမ္မသင်္ဂဏီ ပါဠိတော်လာ ဒါန (၆) ပါး ဖြစ်ပုံ
အစီအစဉ်ကို ၎င်းအဋ္ဌကထာကြီးတွင် အသီးအသီး
ဖွင့်ပြတော်မူသည်ကို သိသာရုံပြဆိုပေဦးအံ့။

(၁) အဆင်းကိုအာရုံပြု၍-ရူပါရုံဒါနဖြစ်ပုံ။

ကထံ ယဒါဟိ နီလ ပီတ လောဟိတော ဒါတေသု ပုပ္ဖါဒီသု အညတရံ လဘိတွာ ဝဏ္ဏဝသေန အာဘုဇိတွာ ဝဏ္ဏဒါနံ မယှန္တိ စုဒ္ဒရတနာဒီနံ ပူဇေတိ တဒါ ဒါနမယံ ဟောတိ။

(အနက်ကား)။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။ ဟိ၊ ထိုစကားကိုချဲ့ဦးအံ့။ ယဒါ၊ အကြင်အခါ၌ နီလ ပီတ လောဟိတော ဒါတေသု၊ အညို, အရွှေ, အနီ, အဖြူ အဆင်းရှိကုန်သော၊ ပုပ္ဖါဒီသု။ ပန်းအစရှိသည်တို့တွင်။အညတရံ၊ တပါးပါးကို။လဘိတွာ၊ ရ၍။ ဝဏ္ဏဝသေန၊ အဆင်း၏ အစွမ်းဖြင့်။ အာဘု

ဇိတွာ။ နှလုံးသွင်း၍။မယှံ၊ ငါ့အား။ ဝဏ္ဏဒါနံ၊ အဆင်းအလှူသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့ကြံ၍။ဗုဒ္ဓရတနာဒီနံ၊ ဘုရားအစရှိသော ရတနာသုံးပါးတို့အား။ ပူဇေတိ၊ ကပ်လှူပူဇော်၏။ တဒါ၊ ထိုသို့ကပ်လှူပူဇော်သောအခါ၌။ဒါနမယံ၊အလှူဖြင့်ပြီးသော။ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ ဖြစ်၏။

(ဘာသာပြန်)။ အဘယ်သို့ ဖြစ်သနည်း ဟူမူကား—ထိုစကားကိုရှေ့ဦးအံ့။ အကြင်အခါ၌ အညို အရွှေ အနီ အဖြူ အဆင်းရှိကုန်သော ပန်းအစရှိသည်တို့တွင် တပါးပါးကိုရ၍ အဆင်း၏အစွမ်းဖြင့် နှလုံးသွင်း၍ ငါ့အား အဆင်းအလှူသည် ဖြစ်စေသတည်း။ ဤသို့ကြံ၍ ဘုရားအစရှိသော ရတနာ သုံးပါးတို့အား ကပ်လှူပူဇော်၏။ ထိုသို့ကပ်လှူပူဇော်သောအခါ၌ အလှူဖြင့်ပြီးသော ကုသိုလ်သည်ဖြစ်၏။

## (၂) အသံကို အာရုံပြု၍ သဒ္ဒါရုံဒါနဖြစ်ပုံ

ယဒါ သဒ္ဒဒါနံ ဒဿာမီတိ ဘေရီမုဒိင်္ဂါဒီသု အညတရတူရိယေန တိဏ္ဏံ ရတနာနံ ဥပဟာရံ ကရောတိ သဒ္ဒဒါနံ ဟောတူတိ ဘေရီအာဒီနိ ဌပေတိ။ ဓမ္မကထိက ဘိက္ခူနံ သရ ဘေသဇ္ဇံ တေလ ဖာဏိတာဒိံ ဒေတိ ဓမ္မသဝနံ ဃောသေတိ သရဘညံ ဘဏတိ ဓမ္မကထံ ကထေတိ ဥပနိသိန္နကထံ အနုမောဒနကထံ ကထေတိ၊ တဒါ ဒါနမယံ ဟောတိ။

(အနက်ကား) ယဒါ၊အကြင်အခါ၌။ သဒ္ဒဒါနံ၊အသံအလှူကို။ ဒဿာမိ၊ ပေးလှူအံ့။ ဣတိ၊ ဤသို့ကြံ၍။ ဘေရီမုဒိင်္ဂါဒီသု၊စည်ကြီးမုရိုးစည်စသည့်တို့တွင်။ အညတရ တူရိယေန၊ တပါးပါးသောစည်မျိုးဖြင့်။ တိဏ္ဏံ ရတနာနံ၊ရတနာမြတ်သုံးပါးတို့အား။ဥပဟာရံ၊ပူဇော်ခြင်းကို။ ကရောတိ၊ ပြု၏။ မေ၊ ငါ့အား။ သဒ္ဒဒါနံ၊ အသံအလှူသည်။ဟောတု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ဘေရီအာဒီနိ၊ စည်ကြီး မုရိုးစည် စသည့်တို့ကို။ ဌပေတိ၊ ရတနာသုံးပါးရှိရာ၌ထား၏။ ဓမ္မကထိက ဘိက္ခူနံ၊ တရားဟောသော ရ

ဟန်းတို့အား။တေလ ဖါဏိတာဒိံ၊ ဆီ တင်လဲ အစရှိသော။ သရ ဘေသဇ္ဇံ၊ အသံထွက်ဆေးကို။ ဒေတိ၊ပေးလှူ၏။ ဓမ္မသဝနံ၊ တရားနာခြင်းကို။ ဃောသေတိ၊ကြွေးကြော်၏။ သရဘညံ၊ အသံ လွှတ်၍ပါဠိရွတ်ခြင်းကို။ ဘဏာတိ၊ ရွတ်၏။ ဓမ္မကထံ၊ တရားစကား ကို။ကထေတိ၊ ပြောဟော၏။ ဥပ နိသိန္နကထံ၊ အနီး၌နေ၍ ပြော ဟောအပ်သော ဇာတ် နိပါတ် ဝတ္ထု သက်သေစကားကိုရင်း။ အ နုမောဒနကထံ၊ နာသူတို့ ဝမ်းမြောက်ကြောင်း ကုသိုလ်ကောင်းမှု အကျိုးအာနိသင်စကားကိုရင်း။ ကထေတိ၊ ပြောဟော၏။

တဒါ၊ ထိုအခါ၌။ ဒါနမယံ၊ အလှူဖြင့်ပြီးသော ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။

(**ဘာသာပြန်**)။ အကြင်အခါ၌ အသံအလှူကို ပေးလှူအံ့ ဟု၍သို့ကြံ၍ စည်ကြီး မုရိုးစည်စသည်တို့တွင် တပါးပါးသော စည် မျိုးဖြင့် ရတနာမြတ်သုံးပါးတို့အား ပူဇော်ခြင်းကိုပြု၏။

ငါ့အား အသံအလှူသည် ဖြစ်စေသတည်း။ ဟု၍သို့နှလုံးသွင်း၍ စည်ကြီး မုရိုးစည် စသည်တို့ကို ရတနာသုံးပါးရှိရာ၌ ထား၏။ တရားဟောသော ရဟန်းတို့အား ဆီ တင်လဲ အစရှိသော အသံ ထွက်ဆေးကို ပေးလှူ၏။ တရားနာခြင်းကို ကြွေးကြော်၏။ အသံ လွှတ်၍ ပါဠိရွတ်ခြင်းကိုရွတ်၏။ တရားစကားကို ပြောဟော၏။ အနီး၌နေ၍ ပြောဟောအပ်သော ဇာတ် နိပါတ် ဝတ္ထု သက် သေ စကားကိုရင်း။ နာသူတို့၏ ဝမ်းမြောက်ကြောင်း ကုသိုလ် ကောင်းမှု အကျိုးအာနိသင် စကား ကိုရင်း ပြောဟော၏။ ထိုအခါ၌ အလှူဖြင့်ပြီးသော ကုသိုလ်သည်ဖြစ်၏။

### (၃) အနံ့ကိုအာရုံပြု၍ ဂန္ဓာရုံဒါနဖြစ်ပုံ

ယဒါ မူလ ဂန္ဓာဒီသု ယံကိဉ္စိ ဂန္ဓံ လဘိတွာ ဂန္ဓဝသေန အာဘုဇိတွာ ဂန္ဓ ဒါနံ မယှန္တိ ဗုဒ္ဓါဒိ ရတနာနံ ပူဇေတိ။ တဒါ ဒါနမယံ ဟောတိ။

(**အနက်ကား**)။ ယဒါ၊၊ အကြင်အခါ၌။ မူလ ဂန္ဓာဒီသု၊ အမြစ်နံ့သာ စသည်တို့တွင်။ ယံကိဉ္စိ၊ အမှတ်မရှိ တခုခုသော။ ဂန္ဓံ၊ နံ့သာမျိုးကို။ လဘိတွာ၊ ရ၍။ ဂန္ဓဝသေန။ အနံ့၏ အစွမ်းဖြင့်။ အာဘုဇိတွာ၊ နှလုံးသွင်း၍။ မယှံ၊ ငါ့အား။ ဂန္ဓဒါနံ၊ အနံ့ အလှူသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့။ နှလုံးသွင်း၍။ ဗုဒ္ဓါဒိရတနံ၊ ဘုရားအစရှိသောရတနာမြတ်သုံးပါးတို့အား။ ပူဇေတိ၊ လှူဒါန်းပူဇော်၏။ တဒါ၊ ထိုအခါ၌။ ဒါနမယံ၊ အလှူဖြင့် ပြီးသော ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။

(**ဘာသာပြန်**)။ အကြင်အခါ၌ အမြစ်နံ့သာ စသည်တို့တွင် အမှတ်မရှိ တခုခုသော နံ့သာမျိုးကို ရ၍ အနံ့ ၏ အစွမ်းဖြင့် နှလုံသွင်း၍ ငါ့အား အနံ့အလှူသည်ဖြစ်စေသတည်း။ ဤသို့ နှလုံးသွင်း၍ ဘုရား အစရှိသော ရတနာမြတ် သုံးပါးတို့အား လှူဒါန်း ပူဇော်၏။ ထိုအခါ၌ အလှူဖြင့်ပြီးသော ကုသိုလ်သည် ဖြစ်၏။

**၄။ အရသာကို အာရုံပြု၍ ရသာရုံဒါနဖြစ်ပုံ**

ယဒါ မူလ ရသာဒီသု ယံကိဉ္စိ ရဇ္ဇနီယံ ရသဝတ္ထုံ လဘိတွာ ရသ ဝသေန အာဘုဇိတွာ ရသဒါနံ မယှန္တိ ဒေတိ၊ ပရိစ္စဇတိ၊ တဒါ ဒါန မယံ ဟောတိ။

(အနက်ကား)။ ယဒါ၊ အကြင်အခါ၌။ မူလ ရသာဒီသု၊ အမြစ်အရသာ အစရှိသည်တို့တွင်။ ယံကိဉ္စိ၊ အမှတ်မရှိ တခုခုသော။ ရဇ္ဇနီယံ၊ မြတ်နိုးစုံမက် နှစ်သက်ဘွယ်ရှိသော။ ရသ ဝတ္ထုံ အရသာ၏ တည်ရာ ဖြစ်သော ဝတ္ထုကို။ လဘိတွာ၊ ရ၍။ ရသဝသေန၊ အရသာ ၏ အစွမ်းဖြင့်။ အာဘုဇိတွာ၊ နှလုံးသွင်း၍။ မယှံ၊ ငါ့အား။ ရသ ဒါနံ၊ ရသာရုံအလှူသည်။ ဟောတု။ ဖြစ်စေသတည်း ဣတိ၊ ဤသို့နှလုံးသွင်း၍။ ဒေတိ၊ ပေးလှူ၏။ ပရိစ္စဇတိ၊ စွန့်၏။ တဒါ၊ ထိုအခါ၌။ ဒါန မယံ၊ အလှူ ဖြင့်ပြီးသော။ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။

(ဘာသာပြန်) အကြင်အခါ၌ အမြစ် အရသာ အစရှိသည် တို့တွင် အမှတ်မရှိ တခုခုသော မြတ်နိုး စုံမက် နှစ်သက်ဘွယ်ရှိသော အရသာ၏ တည်ရာဖြစ်သော ဝတ္ထုကိုရ၍ အရသာ၏ အစွမ်းဖြင့်

နှလုံးသွင်း၍ ငါ့အား ရသာရုံအလှူသည် ဖြစ်စေသတည်း၊ဤသို့နှလုံး သွင်း၍ ပေးလှူ၏ စွန့်၏ ထိုအခါ၌ အလှူဖြင့်ပြီးသော ကုသိုလ်သည် ဖြစ်၏။

## (၅) အတွေ့ အထိဟူသော–ဖောဋ္ဌဗ္ဗာရုံကို အာရုံ ပြု၍ ဖောဋ္ဌဗ္ဗာရုံ ဒါန ဖြစ်ပုံ

ယဒါ ဟိ မဥ္စ ပိဋ္ဌာဒိသု ယံကိဉ္စိ ရဇ္ဇနီယံ ဖောဋ္ဌဗ္ဗ ဝတ္ထုံ လဘိတွာ ဖောဋ္ဌဗ္ဗ ဝသေန အာဘုဇိတွာ ဖောဋ္ဌဗ္ဗ ဒါနံ မယှန္တိ ဒေတိ ပရိစ္စဇတိ၊ တဒါ ဒါနမယံ ဟောတိ။

(အနက်ကား) ဟိ၊ ချဲ့ဦးအံ့။ ယဒါ၊ အကြင်အခါ၌။ မဥ္စ ပိဋ္ဌာဒိသု၊ ညောင်စောင်း အင်းပျဉ် စသည်တို့တွင်။ ယံကိဉ္စိ၊အမှတ် မရှိတခုခုသော။ရဇ္ဇနီယံ၊မြတ်နိုးစုံမက် နှစ်သက်ဘွယ်ရှိသော။ဖောဋ္ဌဗ္ဗ ဝတ္ထုံ၊ အတွေ့နူးညံ့သောဝတ္ထုကို။လဘိတွာ၊ရ၍။ ဖောဋ္ဌဗ္ဗဝသေန၊ အတွေ့၏ အစွမ်းဖြင့်။ အာဘုဇိတွာ၊ နှလုံးသွင်း၍။ မယှံ၊ ငါ့အား။ ဖောဋ္ဌဗ္ဗဒါနံ၊အတွေ့ဟူသော အလှူသည်။ဘဝိဿတိ၊ဖြစ်လတံ့။ဣတိ၊ ဤသို့နှလုံးသွင်း၍။ ဒေတိ၊ပေးလှူ၏။ ပရိစ္စဇတိ၊စွန့်၏။ တဒါ၊ ထိုအ ခါ၌။ ဒါနမယံ၊ အလှူဖြင့်ပြီးသောကုသိုလ်လည်း။ဟောတိ၊ ဖြစ်၏။

(ဘာသာပြန်) ချဲ့ဦးအံ့ အကြင်အခါ၌ ညောင်စောင်း အင်း ပျဉ် စသည်တို့တွင် အတွေ့နူးညံ့သော ဝတ္ထုကိုရ၍အတွေ့၏အစွမ်းဖြင့် နှလုံးသွင်း၍ ငါ့အား–အတွေ့ဟူသောအလှူသည်ဖြစ်လတံ့ ဤသို့နှ လုံးသွင်း၍ ပေးလှူ၏ စွန့်၏။ ထိုအခါ၌ အလှူဖြင့်ပြီးသော ကုသိုလ် သည်ဖြစ်၏။

## (၆) ဓမ္မာရုံကိုအာရုံပြု၍ ဓမ္မာရုံဒါနဖြစ်ပုံ

ယဒါ ဩဇဒါနံ မယှန္တိ သပ္ပိ နဝနီတာဒီနိ ဒေတိ၊ ပါနဒါနန္တိ အဋ္ဌပါနာနိ ဒေတိ၊ ဇီဝိတဒါနန္တိ သလာကဘတ္တ ပက္ခိကဘတ္တ သံ ဃဘတ္တာဒီနိ ဒေတိ၊ အဖာသုက ဘိက္ခူနံ ဘေသဇ္ဇံ ဒေတိ၊ ဝဇ္ဇံ ပဋ္ဌ ပေတိ၊ ဇာလံ ဖာလာပေတိ၊ ကုမိနံ ဝိဒ္ဓံသာပေတိ၊သကုဏပဉ္စရံဝိဒ္ဓံ သာပေတိ၊ ဗန္ဓနမောက္ခံ ကာရေတိ။ မာဃာတ ဘေရိံ စရာပေတိ။

အညာနိပိ ဇီဝိတ ပရိတ္တာနတ္ထံ ဧဝရူပါနိ ကမ္မာနိ ကရောတိ။ တဒါ ဒါနမယံ ဟောတိ။

(အနက်ကား။) ယဒါ၊ အကြင်အခါ၌။ မယှံ၊ ငါ့အား။ ဒြဗ္ဗဒါနံ၊ ဒြဗ္ဗာအလှူသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ သပ္ပိနဝနီတာဒီနိ၊ ထောပတ် ဆီဦးအစရှိသည့်တို့ကို။ ဒေတိ၊ ပေးလှူ၏။ ပါနဒါနံ၊ အဖျော်အလှူသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ အဋ္ဌပါနာဒီနိ၊ ရှစ်ပါးသောအဖျော်တို့ကို။ ဒေတိ၊ ပေးလှူ၏။ ဇီဝိတဒါနံ၊ အသက်အလှူသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ သလာကဘတ္တ ပက္ခိကဘတ္တ သံဃဘတ္တာဒီနိ၊ စာရေးတံဆွမ်း ပက္ခိကဆွမ်း သံဃာ့ဆွမ်း အစရှိသည့်တို့ကို။ ဒေတိ၊ ပေးလှူ၏။ အဖာသုကဘိက္ခူနံ၊ မသက်မသာ ဝေဒနာရောက်သောရဟန်းတို့အား။ ဘေသဇ္ဇံ၊ ဆေးကို။ ဒေတိ၊ ပေးလှူ၏။ ဝေဇ္ဇံ၊ ဆေးသမားကို။ ပဋ္ဌပေတိ၊ အပ်နှင်း ကုမစေ၏။ ဇာလံ၊ ပိုက်ကွန်ကို။ ဖာလာပေတိ၊ ဆုတ်ဖြတ်စေ၏။ ကုမိနံ၊ ငါးထောင်မြှုံးကို။ ဝိဒ္ဓံသာပေတိ၊ ဖျက်ဆီးစေ၏။ သကုဏပဉ္ဇရံ၊ ငှက်ထောင်ချိုင့်ကို။ ဝိဒ္ဓံသာပေတိ၊ ဖျက်ဆီးစေ၏။ ဗန္ဓနမောက္ခံ၊ အနှောင်အဖွဲ့မှ လွှတ်ခြင်းကို။ ကာရေတိ၊ ပြုစေ၏။ မာဃာတဘေရိံ၊ သား,ငါး,တိရစ္ဆာန်တို့ကို မသတ်ကြနှင့် သတ်လျှင် မင်းဒဏ်ပေးမည်ဆို၍ တီးသောစည်မောင်းကို။ စရာပေတိ၊ ပြည်တွင်း ပြည်ပ လှည့်လည်စေ၏။ အညာနိပိ၊ ဆို အပ်ခဲ့ပြီးသည်မှ တပါးလည်းဖြစ်ကုန်သော။ ဇီဝိတပရိတ္တာနတ္ထံ၊ အသက်၏အရံအတား အစောင့်အရှောက်အကျိုးငှါ။ ဧဝရူပါနိ၊ ဤသို့ သဘောရှိကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ ကရောတိ၊ ပြု၏။ တဒါ၊ ထို အခါ၌။ ဒါနမယံ၊ အလှူဖြင့်ပြီးသော ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။

(ဘာသာပြန်)။အကြင်အခါ၌ ငါ့အားဒြဗ္ဗာအလှူသည် ဖြစ်လတံ့။ဤသို့နှလုံးသွင်း၍ ထောပတ်,ဆီဦး, အစရှိသည်တို့ကိုပေးလှူ၏။ ။အဖျော်အလှူသည် ဖြစ်လတံ့ ဤသို့နှလုံးသွင်း၍ရှစ်ပါးသော အဖျော်တို့ကိုပေးလှူ၏။ ။အသက်အလှူသည် ဖြစ်လတံ့ ဤသို့နှလုံး

သွင်း၍ စာရေးတံဆွမ်း ပကွ်ကဆွမ်း သံဃာ့ဆွမ်း အစရှိသည်တို့ကို ပေးလှူ၏။ မသက်မသာ ဝေဒနာရောက်သောရဟန်းတို့အား ဆေးကိုပေးလှူ၏။ ဆေးသမားကိုအပ်နှင်း ကု,မ,စေ၏။ ပိုက်ကွန်ကို ဆုတ်ဖြတ်စေ၏ ငါးထောင်မြှုးကို ဖျက်ဆီးစေ၏။ ငှက်ထောင်ချိုင့်ကို ဖျက်ဆီးစေ၏။ အနှောင်အဖွဲ့မှ လွတ်ခြင်းကို ပြုစေ၏ သား,ငါး တိရစ္ဆာန်တို့ကို မသတ်ကြနှင့် သတ်လျှင် မင်းဒဏ်ပေးမည်ဆို၍ တီးသောစည်မောင်းကို ပြည်တွင်း ပြည်ပ လှည့်လည်စေ၏။ ဆိုအပ်ခဲ့ပြီးသည်မှ တပါးလည်းဖြစ်ကုန်သော အသက်၏အရံအတား အစောင့်အရှောက်အကျိုးငှါ ဤသို့သဘောရှိကုန်သော အမှုတို့ကိုပြု၏ ထိုအခါ၌ အလှူဖြင့်ပြီးသောကုသိုလ်သည်ဖြစ်၏။

## (မှတ်ချက်)

ဤခမ္ဗာရုံ အလှူ၌ ဩဇာအလှူ အဖျော်အလှူ အသက်အလှူ ဟူ၍ သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် ထောပတ်, စသည် သည် ဩဇာဓာတ်လွန်ကဲသောကြောင့် ဩဇာအလှူမည်၏။ အဖျော်စသည်သည် အာပေါဓါတ်လွန်ကဲသောကြောင့် အဖျော်အလှူမည်၏။ ရုပ်ဇီဝိတိန္ဒြေ= နာမ်ဇီဝိတိန္ဒြေ ကို အရှည်တည်အောင် ပြုခြင်းသည် အသက်အလှူမည်၏။ ဤသုံးပါးသည် ခမ္ဗာရုံချည်း ဖြစ်သောကြောင့် ခမ္ဗာရုံဒါနမည်၏။

## (အဓိပ္ပါယ်ကား)

(၁) အညို အရွှေ အနီ အဖြူ အဆင်းရှိသော ပန်းအစရှိသည်တို့တွင် တပါးပါးကိုရ၍ အဆင်း၏အစွမ်းဖြင့် နှလုံးသွင်း၍ ငါ့အား အဆင်းအလှူသည် ဖြစ်စေသတည်းဟုကြံစည်၍ ဘုရားအစရှိသောရတနာသုံးပါးတို့အား ကပ်လှူပူဇော်သောအခါ၌ ရူပါရုံ ဒါနဖြစ်၏။

(၂) အသံ အလှူကိုပေးလှူအံ့ဟု ကြံစည်၍ စည်ကြီး မုရိုးစည် စသည်တို့တွင်တပါးပါးသောစည်မျိုးဖြင့် ရတနာမြတ်သုံးပါးတို့အား ပူဇော်ခြင်းကိုပြု၏။ ငါ့အား အသံ အလှူသည် ဖြစ်စေ

သတည်းဟုနှလုံးသွင်း၍ စည်ကြီး,မုရိုးစည် စသည်တို့ကို ရတနာသုံးပါးရှိရာ၌ထားခြင်း။ တရားဟောသော ဓမ္မကထိက ရဟန်းတော်တို့အား အသံထွက်, ဆေးကိုကပ်လှူခြင်း။ တရားနာခြင်းကို ကြွေးကြော်ခြင်း။ အသံလွှတ်၍ ပါဠိ ရွတ်ခြင်း။ တရားဟောခြင်း။ အနီး၌နေ၍ ဟောပြောအပ်သော ဇာတ်,နိပါတ် ဝတ္ထုသက်သေစကားကိုင်း ကုသိုလ်ကောင်းမှု၏ အကျိုးနှင့်စပ်သော စကားကိုင်း ပြောဟောခြင်း စသည်ပြုသောအခါ၌ သဒ္ဒါရုံဒါနဖြစ်၏။

(၃) အမြစ်နံ့သာ စသည်တို့တွင် တခုခုသော နံ့သာမျိုးကိုရ၍ အနံ့၏အစွမ်းဖြင့် နှလုံးသွင်း၍ ငါ့အား အနံ့အလှူသည် ဖြစ်စေသတည်းဟု နှလုံးသွင်း၍ ဘုရားအစရှိသော ရတနာမြတ်သုံးပါးတို့အား လှူဒါန်းပူဇော်သောအခါ၌ ဂန္ဓာရုံဒါနဖြစ်၏။

(၄) အမြစ်အရသာ အစရှိသည်တို့တွင် တခုခုသောမြတ်နိုးစုံမက်နှစ်သက်ဘွယ်ရှိသော အရသာ၏တည်ရာဖြစ်သော ဝတ္ထုကိုရ၍အရသာ၏ အစွမ်းဖြင့် နှလုံးသွင်း၍ ငါ့အား ရသာရုံအလှူသည် ဖြစ်စေသတည်း ဟုနှလုံးသွင်း၍ ပေးလှူသောအခါ စွန့်ကြဲသောအခါ၌ ရသာရုံဒါနဖြစ်၏။

(၅) ညောင်စောင်း အင်းပျဉ် အစရှိသည် တို့တွင် တခုခုသော မြတ်နိုးစုံမက် နှစ်သက်ဘွယ်ရှိသော အတွေ့နူးညံ့သောဝတ္ထုကိုရ၍ အတွေ့၏အစွမ်းဖြင့် နှလုံးသွင်း၍ ငါ့အားအတွေ့ဟူသောအလှူသည်ဖြစ်လတံ့ဟု နှလုံးသွင်း၍ ပေးလှူသောအခါ စွန့်ကြဲသောအခါများ၌ ဖောဋ္ဌဗ္ဗာရုံဒါနဖြစ်၏။

(၆) ငါ့အားသြဇာ ဟူသော ဓမ္မာရုံအလှူသည် ဖြစ်လတံ့ဟုနှလုံးသွင်း၍ ထောပတ်,ဆီဦး,အစရှိသည်တို့ကို ပေးလှူသောအခါ၌ရင်း ငါ့အား အာပေါ ဟူသော ဓမ္မာရုံအလှူသည်ဖြစ်လတံ့ ဟုနှလုံးသွင်း၍ အဖျော်ရည်ရှစ်ပါးတို့တွင် တပါးပါးကို ပေးလှူသောအခါ၌ရင်း။ ငါ့အား အသက် အလှူသည် ဖြစ်လတံ့ဟု နှလုံးသွင်း၍

စာရေးဟံသွမ်း ပက္ခိုကဆွမ်း သံဃာ့ဆွမ်း အစရှိသည်တို့ကို ပေး လှူသောအခါ၌၎င်း။ နာဖျားသော ဂိလာနရဟန်းတော်တို့အား ဆေးကိုလှူသောအခါ ဆေးသမားကို ခေါ်ဆောင်ပေးသောအခါ စသည်တို့၌၎င်း။ ပိုက်ကွန်ကို ဆုတ်ဖြတ်စေခြင်း။ ငါးထောင်မြှုံး ကို ဖျက်ဆီးစေခြင်း။ ငှက်ထောင်ချောက်ကို ဖျက်ဆီးစေခြင်း။ အနှောင် အဖွဲ့မှ လွှတ်ခြင်း အစရှိသည်ကို ပြုသော အခါများ၌၎င်း ဓမ္မာရုံ ဒါနဖြစ်၏။ ထိုမှတပါးလည်း သား-ငါး-တိရစ္ဆာန်တို့ကို မသတ် ကြကုန်လင့်၊ သတ်လျှင် မင်းပြစ် မင်းဒဏ်ပေးမည်ဆို၍ မြို့တွင်း-မြို့ပ နှစ်ဌာနတို့၌ စည်လှည့်လည်စေသော အခါ၌၎င်း။ အသက်၏ အရံ အတား အစောင့်အရှောက်အကျိုးငှါ တပါးသောအမှုတို့ကိုပြုသော အခါ၌၎င်း ဇီဝိတဒါနခေါ်သော ဓမ္မာရုံဒါနဖြစ်၏။

ဤသည်ကား အာရုံခြောက်ပါးကို တခုတခုသော ဝတ္ထု၌ တ ပါးစီ တပါးစီထား၍ ပြသောနည်းတည်း။ တခုတည်းသောဝတ္ထု၌ ပင်သော်လည်း အာရုံခြောက်ပါးလုံး ရသင့်ရထိုက်ပုံကို ဤအဋ္ဌ ကထာကြီး၌ပင် ဆက်လက်၍ ဖွင့်ဆိုတော်မူပေ၏။

## အဋ္ဌကထာပါဠိ

စတူသု ပစ္စယေသု ဆ အာရမ္မဏာနိ လဗ္ဘန္တိ။ နဝ ရတ္တဿ ဟိ စီဝရဿ ဝဏ္ဏော မနာပေါ ဟောတိ။ ဣဒံ ဝဏ္ဏာ ရမ္မဏံ။ ပရိဘောဂ ကာလေ ပဋ ပဋ သဒ္ဒံ ကရောတိ၊ ဣဒံ သဒ္ဒါရမ္မဏံ။ ယော တတ္ထကာဠကစ္ဆကာဒိ ဂန္ဓော ဣဒံ ဂန္ဓာရမ္မဏံ။ ရသာ ရမ္မဏံ ပန ပရိဘောဂ ရသ ဝသေန ကထိတံ။ ယာ တတ္ထ သုခ သမ္ဖဿတာ ဣဒံ ဖောဋ္ဌဗ္ဗာ ရမ္မဏံ။ စီဝရံ ပဋိစ္စ ဥပ္ပန္နာ သုခဝေဒနာ၊ ဣဒံ ဓမ္မာရမ္မဏံ။

**(အနက်ကား)** စတူသု ပစ္စယေသု၊ ပစ္စည်းလေးပါးတို့တွင်။ စီဝရေ၊ သင်္ကန်းပစ္စည်းတပါး၌။ ဆ အာရမ္မဏာနိ၊ အာရုံခြောက်ပါး တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဟိ၊ ထိုစကားသင့်စွ။ နဝရတ္တဿ၊

ဆိုးသစ်စဖြစ်သော။ စီဝရဿ၊ သက်န်း၏။ ဝဏ္ဏော၊ အဆင်းသည်။ မနာပေါ၊ နှစ်သက်ဘွယ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤနှစ်သက်ဘွယ်ရှိသောအဆင်းသည်။ ဝဏ္ဏာရမ္မဏံ၊ ရူပါရုံမည်၏။ ပရိဘောဂကာလေ၊ ဝတ်ရုံသုံးဆောင်သောကာလ၌။ ပဋ ပဋ သဒ္ဒံ၊ ဖျတ်ဖျတ်ဟူသော အသံကို။ ဝါ။ ချွတ်ချွတ်ဟူသောအသံကို။ ကရောတိ၊ ပြု၏။ ဝါ။ မြည်၏။ ဣဒံ၊ ဤဖျတ်ဖျတ်-ချွတ်ချွတ် ဟူ၍ မြည်သော အသံသည်။ သဒ္ဒါရမ္မဏံ၊ သဒ္ဒါရုံမည်၏။ တတ္ထ၊ ထိုသက်န်း၌။ ယော ကာဠ ကစ္ဆကာဒိ ဂန္ဓော၊ အကြင် ကရမက် အကျော် ပိန္နဲ တောက်ရပ် စသည်တို့၏ မွှေးကြူ သင်းပျံ့သော အနံ့သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤအကျော် ကရမက် ပိန္နဲ တောက်ရပ် စသည်တို့၏ မွှေးကြူ သင်းပျံ့သောအနံ့သည်။ ဂန္ဓာရမ္မဏံ၊ ဂန္ဓာရုံမည်၏။ ရသာ ရမ္မဏံပန၊ ရသာရုံကိုကား။ ပရိဘောဂ ရသ ဝသေန၊ ဝတ်ရုံသုံးဆောင်သည့် ကာလ သာယာအပ်သော အရသာ၏ အစွမ်းအားဖြင့်။ ကထိတံ၊ ဆိုအပ်၏။

တတ္ထ၊ ထိုသက်န်း၌။ ယာ သုခ သမ္ဖဿ တာ၊ အကြင်ကောင်းသော အတွေ့သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤကောင်းသောအတွေ့သည်။ ဖောဋ္ဌဗ္ဗာ ရမ္မဏံ၊ ဖောဋ္ဌဗ္ဗာရုံမည်၏။ စီဝရံ၊ သက်န်းကို။ ပဋိစ္စ၊ စွဲ၍။ သုခဝေဒနာ၊ သုခဝေဒနာသည်။ ဥပ္ပန္နာ၊ ဖြစ်၏။ ဣဒံ၊ ဤသုခဝေဒနာသည်။ ဓမ္မာရမ္မဏံ၊ ဓမ္မာရုံမည်၏။

(ဘာသာပြန်) ပတ္တည်းလေးပါးတို့တွင် သက်န်းပစ္စည်း တပါး၌ အာရုံခြောက်ပါးတို့ကို ရအပ်ကုန်၏။ ထိုစကား သင့်စွ ဆိုးသစ်စဖြစ်သော သက်န်း၏ အဆင်းသည် နှစ်သက်ဘွယ်ရှိသည် ဖြစ်၏။ ဤနှစ်သက်ဘွယ်ရှိသော အဆင်းသည် ရူပါရုံမည်၏။ ဝတ်ရုံသုံးဆောင်သော ကာလ၌၊ ဖျတ်ဖျတ်ဟူသော အသံကို ဝါ။ ချွတ်ချွတ်ဟူသောအသံကိုပြု၏။ ဝါ။ မည်၏။ ဤဖျတ်ဖျတ်-ချွတ်ချွတ် ဟူသောအသံသည် သဒ္ဒါရုံမည်၏။ ထိုသက်န်း၌ အကြင် ကရမက် အကျော်, ပိန္နဲ, တောက်ရပ် စသည့်တို့၏ မွှေးကြူ သင်းပျံ့သော အနံ့

သည်ရှိ၏။ ဤအကျော်, ကရမက်, ပိန္နဲ, တောက်ရပ် စသည်တို့၏ မွှေးကြိုင်သင်းပျံ့သော အနံ့သည် ဂန္ဓာရုံမည်၏။ ရသာရုံကိုကား စတ်ရုံသုံးဆောင်သည့်ကာလ၊ သာယာအပ်သော အရသာ၏ အစွမ်းအားဖြင့် ဆိုအပ်၏။ ထိုသက်နှင်း၌ အကြင်ကောင်းသော အတွေ့သည် ရှိ၏။ ဤကောင်းသောအတွေ့သည် ဖောဋ္ဌဗ္ဗာရုံမည်၏။ သင်္ကန်းကို စွဲ၍ သုခဝေဒနာသည် ဖြစ်၏ဤ သုခ ဝေဒနာသည် ဓမ္မာရုံမည်၏။

## ဆွမ်းပန္စည်းဝတ္ထု တခုတည်း၌ ဒါန (၆) ပါးရပုံမှာ

ဆွမ်း၏အဆင်းကို အာရုံပြု၍ အဆင်းအလှူ ဖြစ်စေသတည်း ဟု လှူခြင်းသည် ရူပါရုံဒါနမည်၏။ ထို့အတူ အသံသည် သဒ္ဒါရုံဒါန မည်၏။ အနံ့သည် ဂန္ဓာရုံဒါနမည်၏။ အရသာသည် ရသာရုံဒါန မည်၏။ အတွေ့သည် ဖောဋ္ဌဗ္ဗာရုံဒါနမည်၏။ ထိုဆွမ်းအလှူဝတ္ထု၏ အဋ္ဌကလာပ်၌ပါသော အာပေါဓာတ်, သြဇာဓာတ်သည် သုခုမ ရုပ်ဖြစ်၍ ထိုနှစ်ပါးကိုအာရုံပြု၍ လှူခြင်းသည် ဓမ္မာရုံဒါနမည်၏။

ကြွင်းသော အလှူဝတ္ထုမှန်သမျှ ဤနည်းအတိုင်းမှတ်။

ဤသို့ အဘိဓမ္မာနည်းအားဖြင့် အာရုံပြု၍လှူအပ်သောဒါနသည် သာလျှင် အမွန်ဆုံး အမြတ်ဆုံး ဖြစ်သည်ဟု ကျမ်းပြုဆရာကြီးတို့ ဆိုကြကုန်၏။ အဘယ့်ကြောင့်မြတ်သနည်း၊ ထမင်း ဟူသော အကပ္ပိယပညတ်။ ဆွမ်းဟူသော ကပ္ပိယပညတ် ဤပညတ်တို့မှ လွတ် မြောက်၍ အဆင်းဟူသော ပရမတ် အသံဟူသော ပရမတ် သဘော တရားစုကို အာရုံပြု၍ ဖြစ်သောကြောင့်တည်း။

## သုတ္တန်နည်းလာ (၁၀) ပါးတို့တွင်

အာဟာရ ကိစ္စကို ပြီးစေ တတ်သော စားဘွယ်, ခဲဘွယ်, ယာဂု ကာလိက ဝတ္ထုဟူသမျှသည် ဆွမ်းအလှူမည်၏။ အဖျော် ရည်မျိုးဟူသမျှသည် အဖျော်အလှူမည်၏။ အဝတ်အထည် ဟူသမျှ သည် အဝတ် အလှူမည်၏။ အယုတ်သဖြင့် ထီး, ဘိနပ်ကို အစပြု၍ သွားခြင်းကိစ္စကိုပြီးစေတတ်သော ဝါ သွားခြင်း၏ အကြောင်းဖြစ် သော အလုံးစုံသောဝတ္ထုသည် ယာဉ်အလှူမည်၏။ ပန်းအမျိုးမျိုး

သည် ပန်းအလှူမည်၏။ နံ့သာအမျိုးမျိုးသည် နံ့သာအလှူမည်၏။ အညက်ကျိတ်ပြီးသော နံ့သာပျောင်းသည် နံ့သာပျောင်းအလှူမည်၏။ ညောင်စောင်း၊ အင်းပျင်၊ ကုတင်၊ သင်ဖြူး၊ ကွပ်ပြစ်၊ ဖျာ၊ယိုင်ဖထိုင်၊ ကော်ဇော၊ အခင်းနှီး အစရှိသော အိပ်ရာခင်း၊ နေရာခင်း၊ ဟူသမျှသည် အိပ်ရာအလှူမည်၏။ ဇရပ်၊ တန်ဆောင်း၊ ကျောင်းဟူသမျှသည် နေရာကျောင်းအလှူမည်၏။ ဆီ၊ ဆီမီးခွက် အစရှိသော အရောင် အလင်း၊ အဆောက်အဦး ဟူသမျှသည်ဆီမီးအလှူမည်၏။

ဤအရာ ဆွမ်းစသော လှူဘွယ်ဝတ္ထုနှင့် စပ်သျှဉ်း၍ ဘောဇဉ်(၅)ပါး။ ခဲဘွယ်(၁၂)ပါး။ အဖျော်(၈)ပါးများကိုလည်း ထုတ်ပြထိုက်ပြန်သည်။ သို့ရာတွင် ပါဠိဘာသာတွေကို မထုတ်ဖေါ်တော့မူ၍ မြန်မာဘာသာ သက်သက်ဖြင့်သာ သိသာရုံမျှ ထုတ်ဖေါ်ပြပေအံ့။

မှတ်ရန်ဆောင်ပုဒ် အတိုချုပ်

ဘောဇဉ် (၅) ပါးနှင့် စပါးမျိုး (၇) ပါး

(၁) ထမင်း၊ မုန့်၊ နှစ်၊ ငါး၊ မဲတစ်၊ ခေါ်လှစ်၊ ဘောဇဉ်ငါး။
(၂) သလေး၊ ကောက်၊ နတ်၊ ဂျုံ၊ ပြောင်း၊ ရပ်၊ လူး၊ ဆပ်၊ ခုနှစ်ပါး။

ငင်းနှစ်ပိုဒ်အရကား။

၁/ ထမင်း။ ၂/ မုယောမုန့်။ ၃/ မုန့်လုံး။ ၄/ ငါး။ ၅/ အမဲတစ်။ ဤငါးပါးသည် ဘောဇဉ်ငါးပါးတည်း။

၁/ သလေးစပါး။ ၂/ ကောက်ယင်၊ ကောက်ကြီးစပါး။ ၃/ နတ်ကောက်စပါး။ ၄/ ဂျုံစပါး။ ၅/ ပြောင်းမျိုး။ ၆/ လူးမျိုး။ ၇/ ဆပ်မျိုး။ ပေါင်းစပါး (၇) မျိုးတည်း။

အဓိပ္ပါယ်ကား

ဤ စပါး (၇) မျိုးတို့၏ ဆန်ကိုချက်အပ်သော ထမင်းသည်၊ ထမင်းဘောဇဉ်မည်၏။ ဂျုံဆန်တို့ကို အမှုံ့ထောင်း၍ ထန်းလျက် စ

သည်တို့နှင့် ရောစပ်နယ်မွှေ၍ ကြော်အပ်သောမုန့်မျိုးသည် မုယော မုန့်မည်၏။

စပါး ၇ မျိုးတို့ကို ကျက်စွာလှော်၍ ညက်စွာထောင်း ကြိတ်၍ ပြုလုပ်ထားအပ်သောမုန့်မျိုးသည်မုန့်လုံးမည်၏။ ရေသတ္တဝါ အသား သည် ငါးမည်၏။ ကုန်းသတ္တဝါအသားသည် အမဲတစ်မည်၏။

ခဲဖွယ်အများအပြားနှင့် အလားတူ ခဲဖွယ် (၁၂) ပါး

## မှတ်ရန်ဆောင်ပုဒ်အတိုချုပ်

(၁) ကျွဲသဲ, ကတွတ်၊ ကောက်ပဲ,မြစ်၊ ခဲဆစ်များအပြား။

(၂) မြစ်, ဖု. စွယ်,ညှောက်၊ ပင်, ရွက်, ခေါက်နှင့်၊ သီး,ပွင့် စေ့တွယ်၊ မှုန့်, စေး, ရယ်၊ ခဲဖွယ်ဆယ့်နှစ်ပါး။

ငင်းနှစ်ပိုဒ်အရကား

ကျွဲသဲမုန့် ကတွတ်မုန့်စသော ခဲဖွယ်သည် အလွန်များပြား၏။ ထိုကျွဲသဲမုန့်၊ ကတွတ်မုန့်စသော ခဲဖွယ်များသည် ကောက်ပဲတို့ ဖြင့်ပြီး၏။

ဆွမ်းစသောအာမိသနှင့် အလားတူသော တောသစ်မြစ်စသော ခဲဖွယ်သည် အမြစ်ခဲဖွယ်၊ အဖုခဲဖွယ်၊ အညခဲဖွယ်၊ အညှောက်ခဲ ဖွယ်၊ အပင်ခဲဖွယ်၊ အရွက်ခဲဖွယ်၊ အခေါက်ခဲဖွယ်၊ အသီးခဲ ဖွယ်၊ အပွင့်ခဲဖွယ်၊ အစေ့ခဲဖွယ်၊ အမှုန့်ခဲဖွယ်၊ အစေးခဲဖွယ် ဤသို့အားဖြင့် (၁၂) ပါးဖြစ်သတည်း။

မူလအဖျော် (၈) ပါးနှင့် အနုလောမ အဖျော်များ

## မှတ်ရန်ဆောင်ပုဒ်အတိုချုပ်

(၁) ရက်, ပြေ, ပျော, နှစ်၊ မု, ကြာ,သစ်၊ ဖက်ရှစ်ဖျော်မူလ။

(၂) ကြို့, ကြိမ်, မကျည်း၊ ခံ, ဒေါက်, ဆီး၊ နတ်, သီး, နုလောမ။

ငင်းနှစ်ပိုဒ်အရကား။

သရက်သီးအဖျော်။သပြေသီးအဖျော်။ တောငှက်ပျောသီးအဖျော်။ အိမ်ငှက်ပျောသီး အဖျော်။ မုဒရက်သီး အဖျော်။ ကြာစွယ် အဖျော်။

သစ်မည်စည်သီးအဖျော်။ ဖက်သက်တရော်သီးအဖျော်။ ဤကား မူလ အဖျော် (၈) ပါးတည်း။

(မုဒရက်သီးကို စပြစ်သီးဟူ၍၎င်း၊ သဘော်သီးဟူ၍၎င်း၊ ရှေး ဆရာကြီးတို့ ဆိုကြကုန်၏ဟု ဂဏ္ဌိတ္ထ၌ဆို၏။)

ကြို့သီးအဖျော်၊ ကြွမ်သီးအဖျော်၊ မန်ကျည်းသီးအဖျော်၊ ခံသီး အဖျော်။ ရှောက်သီး အဖျော်။ ဆီးသီးငယ် အဖျော်။ ဆီးသီးကြီး အဖျော်။ နာနတ်သီးအဖျော်။ သီးသီးအဖျော်။ (သင်္ဘောသီးလည်းရ၏)၊

ဤဆိုအပ်ခဲ့ပြီးသော အသီးတို့ကို ရေအေးဖြင့်နယ်၍ ရေအေး နှင့် အစိမ်းအတိုင်းဖြစ်စေ။ နေလှန်း၍ကျက်သည်ဖြစ်စေ။ နေလွဲသော အခါ အပ်သည်ချည်းသာတည်း။ မီးဖြင့်ချက်သော် မအပ်ဟုမှတ်။

ဤဖျော်ရည်၌ အဖတ်အမှုံမပါရအောင် ပုဝါနှင့် သန့်ရှင်းစွာ စစ် ရမည်။ အဖတ်ပါလျှင် မအပ်။ ဆီးဖြူ, ရှစ်ရှား သဖန်းခါး စသော အသီးများသည် ယာဝဇီဝိကဝတ္ထု အဖျော်ဖြစ်၍၊ အဖတ် အမှုံ့ အနယ်ပါခဲ့သော်လည်း ကိစ္စမရှိ။

သစ်မည်စည်သီး၊ သစ်မည်စည်ပွင့် စသည်သည် အလွန်အရည် ပေါ၏။ သူ၏အရည်နှင့်ပင်၊ သောက်လောက်အောင် ရနိုင်၏။ ၎င်း ဇာတိ အရသာရှိသော ယာဝကာလိက ဝတ္ထုမျိုးမှဖြစ်သော အရည် ဟူသမျှကို သူ့ချည်းသက်သက် မသောက်အပ်။ ရေနှင့် ရောစပ်၍ သောက်အပ်သည်။

ကြံရည် တင်လဲရည် ပျားရည်တို့၌လည်း ရေနှင့်ရောစပ်မှသာ အ ဖျော် ကိစ္စအပ်သည်။ ရေနှင့်မရောစပ်ခဲ့လျှင် ရဟန်းများနှင့် တကွ၊ ဝိကာလ ဘောဇန သိက္ခာပုဒ် ရှိသူတို့မှာ မအပ် သတ္တာဟ ကိစ္စနှင့် သူ၏အကြောင်းရှိမှသာ အပ်သည်ဟုမှတ်။

အသီးကြီး (၉) ပါး

(၁) ပိန်း နှစ် ထန်း အုန်း၊ သခွါးသုံး၊နှစ်လုံးဖူးဖရုံ။
(၂) စပါးခုနစ်မျိုး၊ သီးကြီးကိုး၊ ပဲမျိုးမဖျော်ကုန်။

## ၎င်းနှစ်ပိုဒ်အရကား

အိမ်ဝိုင်းနဲ့သီး။ တောင်ပိုင်းနဲ့သီး။ ထန်းသီး။ အုန်းသီး။ သခွါးငှက်သီး။ သခွါးပြုတ်သီး။ သခွါးကြောင်သီး။ ဗူးသီး။ ဖရုံသီး။ ပေါင်း အသီးကြီး (၉) ပါးတည်း။

စပါးမျိုး (၇) ပါးတို့နှင့်တကွ ဤအသီးကြီး (၉) ပါး။ ပဲမျိုးများကို မပြုမလုပ်ကြကုန်လင့်။ ပြုလုပ်လျှင် မအပ်ဟူလို။

### ကာလိက (၄) ပါး အကျဉ်းမှတ်သားရန်

### ယာဝ ယာမ၊ သတ္တာဟ၊ ယာဝဇီဝိကာ။

၎င်းအရကား ယာဝကာလိက။ ယာမကာလိက။ သတ္တာဟကာလိက။ ယာဝဇီဝိက ပေါင်း ကာလိက (၄) ပါးတည်း။

(၁) အာဟာရ ကိစ္စ၊ ပြီးစေက၊ ယာဝကာလိကာ။

(၂) စပါး ပဲသီး၊ မြစ် စနည်း၊ ငယ်ကြီးများလှစွာ။

၎င်းနှစ်ပိုဒ်အရကား အလုံးစုံသောစပါးမျိုး၊ အလုံးစုံသောပဲမျိုး။ အလုံးစုံသောအသီးကြီး(၉)မျိုး။ အာဟာရကိစ္စကို ပြီးစေတတ်သောအမြစ် အရွက် အပွင့် အသီး ကြီးကြီးငယ်ငယ် ဘောဇဉ်ခဲဘွယ် အသွယ်သွယ်သည် ယာဝကာလိကမျိုးမည်၏။

အကပ်ခံပြီးသည်မှ နောက်ကာလ၌ မွန်းမတည့်မီအတွင်း၊နံနက်ခင်း၌သာ အပ်သောကြောင့် ယာဝကာလိကခေါ်သည်။ မွန်းလွဲလျှင် မအပ်။ နောက်နေ့၌လည်းမအပ်။

(၁) ရှစ်ပါးမူလ၊ နုလောမ၊ များလှအဖျော်မှာ။

(၂) ဖျော်ရည်မှန်က၊ နေ့လုံးရ၊ ယာမကာလိကာ။

### ၎င်းနှစ်ပိုဒ်အရကား

မူလအဖျော် (၈) ပါးနှင့်တကွ လျော်သော အနုလောမ အဖျော်သည်လည်း များစွာရှိ၏။

အကပ်ခံပြီးသည်မှ နောက်ကာလ၌ ထိုနေ့ အရုံမတက်မီအဆုံး တနေ့လုံးအပ်သောကြောင့် ယာမကာလိက ခေါ်သည်။ နောက်နေ့၌ မအပ်။

(၁) ထော, ဥ, ပျား, ဆီ၊ တင်လဲမည်၊ ငါးလီသတ္တာဟ။
(၂) ခံပြီးနောက်တွက်၊ ခုနစ်ရက်၊ မပျက်သုံးဆောင်ရ။

ငင်းနှစ်ပိုဒ်အရကား

ထောပတ်၊ ဆီဥ၊ ပျားရည်၊ ဆီ၊ တင်လဲ၊ ပေါင်း သတ္တာဟ, ကာလိကမျိုး (၅) ပါးတည်း။

အကပ်ခံပြီးသည်မှ နောက်ကာလ၌ (၇) ရက်သာ အပ်သော ကြောင့် သတ္တာဟ ကာလိက ခေါ်သည်။ (၇) ရက်က လွန်လျှင် မအပ်။

(၇) ရက်က လွန်လျှင် ရဟန်းတို့ မှာမအပ် သော ကြောင့် ဤဝတ္ထုကို (၇) ရက် မတိုင်မီ လူသာမဏေတို့ထံ စွန့်ထားရာ၏။ အပ်၏။

ကြံရည်၊ တင်လဲရည်၊ သကြား၊ ထန်း လျက်၊ အခဲ၊ အရည်၊ သကာခဲ၊ ၎ ကာရည်များကို ဂိလာန ပုဂ္ဂိုလ်တို့မှာ ရေနှင့်မရောမစပ် ဘဲ နေလွဲသောအခါအပ်သည်။ ကျန်းမာသော သူတို့မှာ ရေနှင့် ရောစပ်မှ အဖျော်ကိစ္စဖြင့် အပ်သည်။ ထောပတ်, ပျား, ဆီတို့၌ လည်း ဤနည်းအတိုင်းမှတ်လေ။

(၁) အာဟာရကိစ္စ၊ မပြီးက၊ ယာဝဇီဝိကာ။
(၂) ဆီးဖြူ နှစ်ရှား၊ဖန်းခါးဆား၊များပြားလှသည်သာ။
(၃) ငရုပ်ပိတ်ချင်း၊ဂျင်းလေးညှင်း၊ဆေး ကွမ်း ကြက် မုံ ဇာ။

ငင်းသုံးပိုဒ်အရကား

မွတ်သိပ်ခြင်းကိုသာ ဖျောက်သဖြင့် အာဟာရကိစ္စကို မပြီးစေ တတ်သော သစ်မြစ် သစ်ရွက် သစ်ပွင့် သစ်သီးစသော ကြီးကြီး ငယ် ငယ် အသွယ်သွယ်သည် ယာဝဇီဝိကမည်၏။

ဆီးဖြူသီး ရှစ်ရှားသီး ဖန်းခါးသီး ဆား စသောအားဖြင့် အလွန် များပြား၏။

ထိုမှ တပါးလည်း ငရုပ် ပိတ်ချင်း ဂျင်း လေးညှင်း ဆေး

ကွမ်း (ကြိုက်အရ) ကြက်သွန် ကြက်ဆူသီး (ငုံအရ) မုံညင်းသီး စမုံနက် (ဇာ အရ) ဇာတိပ္ဖိုလ်သီး စသည်တို့ကိုယူလေ။
အကပ်ခံပြီးသည်မှ နောက်ကာလ၌ အသက်ထက်ဆုံးအပ်သောကြောင့် ယာဝဇီဝိကခေါ်သည်။

မှတ်ချက်

ရေသိပ်ခြင်း ရေငတ်ခြင်း ရေသောက်လိုခြင်း စသော ဝိပါသအကြောင်းရှိခဲ့သော် အဖျော်ရည်ဟူသော ယာမကာလိကကို နေလွဲသောအခါလည်း သုံးဆောင်အပ်၏ သိက္ခာပုဒ်မပျက်။ လေပူနာသည်းခြေနာ စသော ဂိလာန အကြောင်းရှိလျှင်လည်းအပ်ပါ၏။
သတ္တာဟကာလိကနှင့် ယာဝဇီဝိက နှစ်ပါးကို အကျင်အနာ အကိုက်အခဲ အဖျားအနာစသော ဝေလည အကြောင်း ဂိလာန အကြောင်းရှိခဲ့သော် အချိန်မရွေးသုံးဆောင်အပ်၏။

(သတိပေးချက်)

ဤ ကာလိက (၄) ပါးကို အကျဉ်းအားဖြင့် ရေးသားဖော်ပြလိုက်ရခြင်းသည် အမြဲမပြတ် နိစ္စ ထာဝရ နေ့နေ့ညည ဆိုသလိုမှီဝဲ သုံးဆောင်နေကြရသော ဝတ္ထုပစ္စည်း မျိုးစုဖြစ်သောကြောင့် အထူးသတိပြု၍ ကြည့်ရှုသုံးဆောင်ကြစေခြင်း အကျိုးငှါရင်း၊ ဤသို့သုံးဆောင် စားသောက်သောသူတို့၏လည်း နေရာတကျ အချိန်ကျစွာသုံးဆောင် စားသောက်တတ်ကြပါမှလည်း မိမိလည်းအပြစ်ကင်း လှူဒါန်းသူတို့မှာလည်း သဒ္ဒါတိုးပွါး အကျိုးများကြမည် ဖြစ်သောကြောင့်ရင်း ရေးသားဖော်ပြလိုက်ရပေသည်။
အပိုအကြို စကားတွေဟုမထင်ကြလေကုန်လင့်၊

ပုဂ္ဂလိကဒါန အပြား (၁၄) ပါး

ဥပရိပဏ္ဏာသ ပါဠိတော် မဟာဒက္ခိဏာ ဝိဘင်္ဂသုတ်

စုဒ္ဒသ ခေါ ပနိမာ နန္ဒ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ၊ ကတမာ စုဒ္ဒသ တထာဂတေ အရဟန္တေ သမ္မာသမ္ဗုဒ္ဓေ ဒါနံ ဒေတိ၊ အယံ ပဌမာ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ ပစ္စေက သမ္ဗုဒ္ဓေ ဒါနံ ဒေတိ၊ အယံ

ဒုတိယာ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ တထာဂတေသာဝကေအရဟန္တေ ဒါနံဒေတိ အယံ တတိယာ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ အရဟတ္တဖလ သစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံဒေတိ၊ အယံ စတုတ္ထီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ အနာဂါမိဿ ဒါနံဒေတိ၊ အယံ ပဉ္စမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ အနာဂါမိဖလ သစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒေတိ၊ အယံ ဆဋ္ဌီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ သကဒါဂါမိဿ ဒါနံ ဒေတိ၊ အယံ သတ္တမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။
သကဒါဂါမိဖလ သစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒေတိ၊ အယံ အဋ္ဌမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ သောတာပန္နေ ဒါနံ ဒေတိ၊ အယံ နဝမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒေတိ၊ အယံဒသမီ ပါဋိပုဂ္ဂလိကာ။ ဒက္ခိဏာ။ ဗာဟိရကေ ကာမေသု ဝီတရာဂေ ဒါနံဒေတိ အယံ ဧကာဒသမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ ပုထုဇ္ဇန သီလဝန္တေ ဒါနံ ဒေတိ၊ အယံ ဒွါဒသမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ ပုထုဇ္ဇနဒုဿီလေ ဒါနံ ဒေတိ၊အယံ တေရသမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ တိရစ္ဆာနဂတေ ဒါနံဒေတိ၊ အယံ စုဒ္ဒသမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။

အနက်ကား။ ။အာနန္ဒ၊ချစ်သား အာနန္ဒာ။ ဧဝါပန၊ စင်စစ်အားဖြင့်ကား။ပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ပုဂ္ဂိုလ် အသီးအခြားရည်မှတ်၍ပေးလှူအပ်သောအလှူတို့သည်။ဣမာစုဒ္ဒသ၊ ဤတဆယ့်လေးပါးတို့တည်း။ စုဒ္ဒသ။ တဆယ့်လေးပါးတို့ ဟူကုန်သည်။ ကတမာ၊ အဘယ်သည်တို့နည်း။ တထာဂတေ၊ လာခြင်းကောင်းတော်မူသော။ အရဟန္တေ၊ လူနတ်တို့၏ ပစ္စည်းလေးပါးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေ၊ ခပ်သိမ်းသော တရားတို့ကို မဘောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို အကြွင်းမရှိ သိတော်မူတတ်သော မြတ်စွာဘုရားအား။ ဒါနံ၊ လှူဖွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့မြတ်စွာဘုရားအား ပေးလှူခြင်းသည်။ ပဌမာ၊ ရှေးဦးစွာသော။ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ၊ ပုဂ္ဂိုလ်ကို အသီးအခြား ရည်မှတ်၍ ပေးအပ်သော အလှူမည်၏။

ပစ္စေကသမ္ဗုဒ္ဓေ၊ သတ္တာလေးပါးတို့ကို အသီးအသီး သိမြင်တတ်သော ပစ္စေကဗုဒ္ဓါအား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ပစ္စေကဗုဒ္ဓါအား ပေးလှူခြင်းသည်။ ဒုတိယာ၊ နှစ်ကြိမ်မြောက်သော၊ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ၊ ပုဂ္ဂိုလ်ကို အသီးအခြားရည်မှတ်၍ ပေးအပ်သောအလှူမည်၏။ တထာဂတေ သာဝကေ၊ ဘုရားတပည့်သားတော်ဖြစ်သော။ အရဟန္တေ၊ ရဟန္တာပုဂ္ဂိုလ်အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ရဟန္တာပုဂ္ဂိုလ်အားပေးလှူခြင်းသည်။ တတိယာ၊ သုံးကြိမ်မြောက်သော၊ ပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ ပုဂ္ဂိုလ်ကို အသီးအခြားရည်မှတ်၍ ပေးအပ်သောအလှူမည်၏။ အရဟတ္တ ဖလ သစ္ဆိကိရိယာယ၊ အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါ။ ပဋိပန္နေ၊ ကျင့်သောပုဂ္ဂိုလ်၌။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်အားပေးလှူခြင်းသည်။ စတုတ္ထီ၊ လေးကြိမ်မြောက်သော။ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ၊ ပုဂ္ဂိုလ်ကို အသီးအခြားရည်မှတ်၍ ပေးအပ်သောအလှူမည်၏။ အနာဂါမိဿ၊ အနာဂါမ်ပုဂ္ဂိုလ်အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့အနာဂါမ်ပုဂ္ဂိုလ်အား ပေးလှူခြင်းသည်။ ပဉ္စမီ၊ ငါးကြိမ်မြောက်သော။ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ၊ ပုဂ္ဂိုလ်ကို အသီးအခြားရည်မှတ်၍ ပေးအပ်သော အလှူမည်၏။ အနာဂါမိ ဖလ သစ္ဆိကိရိယာယ၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ။ ပဋိပန္နေ၊ ကျင့်သောပုဂ္ဂိုလ်၌။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါကျင့်သော ပုဂ္ဂိုလ်အားပေးလှူခြင်းသည်။ ဆဋ္ဌီ၊ ခြောက်ကြိမ်မြောက်သော။ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ၊ ပုဂ္ဂိုလ်ကိုအသီးအခြား ရည်မှတ်၍ ပေးအပ်သော အလှူမည်၏။ သကဒါဂါမိဿ၊ သကဒါဂါမ် ပုဂ္ဂိုလ်အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့သကဒါဂါမ်ပုဂ္ဂိုလ်အား ပေးလှူခြင်းသည်။ သတ္တမီ၊ ခုနစ်ကြိမ်မြောက်သော။ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ၊ ပုဂ္ဂိုလ်ကို အသီးအခြားရည်မှတ်၍ပေးအပ်သော အလှူမည်၏။ သကဒါဂါမိဖလသစ္ဆိ

ကြိယာယ၊ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ။ ပဋိပန္နေ၊ ကျင့်သောပုဂ္ဂိုလ်၌။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်အားပေးလှူခြင်းသည်။ အဋ္ဌမီ၊ ရှစ်ကြိမ်မြောက်သော။ ပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ ပုဂ္ဂိုလ်ကိုအသီးအခြားရည်မှတ်၍ ပေးအပ်သောအလှူမည်၏။ သောတာပန္နေ၊ သောတာပန်ပုဂ္ဂိုလ်၌။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့သောတာပန်ပုဂ္ဂိုလ်အားပေးလှူခြင်းသည်။ နဝမီ၊ ကိုးကြိမ်မြောက်သော။ ပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ ပုဂ္ဂိုလ်ကိုအသီးအခြားရည်မှတ်၍ ပေးအပ်သော အလှူမည်၏။ သောတာပတ္တိဖလ သစ္ဆိကြိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ။ ပဋိပန္နေ၊ ကျင့်သော ပုဂ္ဂိုလ်အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်အား ပေးလှူခြင်းသည်။ ဒသမီ၊ ဆယ်ကြိမ်မြောက်သော။ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ၊ ပုဂ္ဂိုလ်ကို အသီးအခြားရည်မှတ်၍ ပေးအပ်သောအလှူမည်၏။

ဗာဟိရကေ၊ သာသနာတော်မှ အပဖြစ်သော။ ကာမေသု၊ ကာမဂုဏ်တို့၌။ ဝီတရာဂေ၊ တပ်ခြင်း ကင်းသော ရှာန်ရ ရသေ့အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ရှာန်ရရသေ့အားပေးလှူခြင်းသည်။ ဧကာဒသမီ၊ တဆယ့်တကြိမ်မြောက်သော။ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ၊ ပုဂ္ဂိုလ်ကို အသီးအခြား ရည်မှတ်၍ ပေးအပ်သောအလှူမည်၏။

ပုထုဇ္ဇန သီလဝန္တေ၊ သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ သီလရှိသော ပုထုဇဉ်အား ပေးလှူခြင်းသည်။ ဒွါဒသမီ၊ တဆယ့်နှစ်ကြိမ်မြောက်သော။ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ၊ ပုဂ္ဂိုလ်ကို အသီးအခြား ရည်မှတ်၍ ပေးအပ်သောအလှူမည်၏။

ပုထုဇ္ဇန ဒုဿီလေ၊ သီလမရှိသော ပုထုဇဉ်အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ သီလမရှိသော ပုထုဇဉ်

အားပေးလှူခြင်းသည်။ တေရသမိ၊ တဆယ့် သုံးကြိမ်မြောက်သော။ ပါဠိပုဂ္ဂလိကာ ဒက္ခိဏာ၊ ပုဂ္ဂိုလ်ကို အသီးအခြား ရည်မှတ်၍ ပေးအပ်သော အလှူမည်၏။ တိရစ္ဆာနဂတေ၊ ခွေး ဝက် ကြက် ငှက်စသော တိရစ္ဆာန်အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ တိရစ္ဆာန်အား ပေးလှူခြင်းသည်။ စုဒ္ဒသမိ၊ တဆယ့်လေးကြိမ်မြောက်သော။ ပါဠိပုဂ္ဂလိကာ ဒက္ခိဏာ၊ ပုဂ္ဂိုလ်ကို အသီးအခြားရည်မှတ်၍ ပေးအပ်သောအလှူမည်၏။

## ဘာသာပြန်သက်သက်ဆိုလျှင်

ချစ်သားအာနန္ဒာ ပုဂ္ဂလိက ဖြစ်သော အလှူတို့သည် ဤ တဆယ့် လေးပါးတို့တည်း။ အဘယ်တဆယ့်လေးပါးတို့နည်းဟူမူ....

(၁) ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရားအား အလှူကို ပေးလှူ၏။ ဤကား–ရှေးဦးစွာသော ပုဂ္ဂလိကအလှူတည်း။

(၂) ပစ္စေကဗုဒ္ဓါအား အလှူကိုပေးလှူ၏။ ဤကား နှစ်ခုမြောက် ပုဂ္ဂလိကအလှူတည်း။

(၃) ဘုရား၏တပည့်သားဖြစ်သော ရဟန္တာအား အလှူကိုပေး၏။ဤကား သုံးခုမြောက် ပုဂ္ဂလိကအလှူတည်း။

(၄) အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်အား အလှူကိုပေးလှူ၏။ ဤကား လေးခုမြောက် ပုဂ္ဂလိကအလှူတည်း။

(၅) အနာဂါမ်ပုဂ္ဂိုလ်အား။ အလှူကိုပေးလှူ၏။ ဤကား ငါးခုမြောက် ပုဂ္ဂလိကအလှူတည်း။

(၆) အနာဂါမိဖိုလ်ကို ကျင့်သောပုဂ္ဂိုလ်အား အလှူကိုပေး၏။ ဤကား ခြောက်ခုမြောက်ပုဂ္ဂလိကအလှူတည်း။

(၇) သကဒါဂါမ် ပုဂ္ဂိုလ်အား အလှူကိုပေးလှူ၏။ဤကား ခုနှစ်ခုမြောက် ပုဂ္ဂလိကအလှူတည်း။

(၈) သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါကျင့်သော ပုဂ္ဂိုလ်အား အလှူကိုပေးလှူ၏။ ဤကား ရှစ်ခုမြောက် ပုဂ္ဂလိက အလှူတည်း။
(၉) သောတာပန်ပုဂ္ဂိုလ်အား အလှူကိုပေးလှူ၏။ ဤကားကိုးခုမြောက်ပုဂ္ဂလိကအလှူတည်း။
(၁၀) သောတာပတ္တိ ဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်အား အလှူကိုပေးလှူ၏။ ဤကားဆယ်ခုမြောက်ပုဂ္ဂလိကအလှူတည်း။
(၁၁) သာသနာပအခါ ဝိကွမ္မနပဟာန်ဖြင့် ရာဂကို ပယ်ခွါပြီးသော ကမ္မဝါဒီ ကိရိယဝါဒီပုဂ္ဂိုလ်အား အလှူကိုပေးလှူ၏ ဤကား တဆယ့်တခုမြောက် ပုဂ္ဂလိကအလှူတည်း။
(၁၂) သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်အား အလှူကိုပေးလှူ၏။ ဤကား တဆယ့်နှစ်ခုမြောက် ပုဂ္ဂလိကအလှူတည်း။
(၁၃) သီလမရှိသောပုထုဇဉ်အား အလှူကိုပေးလှူ၏၊ ဤကား တဆယ့်သုံးခုမြောက် ပုဂ္ဂလိကအလှူတည်း။
(၁၄) တိရစ္ဆာန်အား အလှူကိုပေးလှူ၏။ ဤကား တဆယ့်လေးခုမြောက် ပုဂ္ဂလိက အလှူတည်း။

**ဤစကားကို ပဋိလောမအားဖြင့်**
**အမိပ္ပါယ် ထင်ရှားစေဦးအံ့**

(၁) တိရစ္ဆာန်သတ္တဝါအားပေးလှူသော ပုဂ္ဂလိကဒါန။
(၂) မုဆိုး တံငါ စသော ဒုဿီလတို့အား ပေးလှူသော ပုဂ္ဂလိကဒါန။
(၃) သရဏဂုံမရှိသောသာသနာပလူသီလဝန္တတို့အားပေးလှူသော ပုဂ္ဂလိကဒါန။
(၄) သာသနာပ ဈာန်ရ ရသေ့တို့အား ပေးလှူသော ပုဂ္ဂလိကဒါန။
(၅) သရဏဂုံ သီလရှိသော လူသာမညာဘို့မှစ၍ သောတာပတ္တိမဂ်ပုဂ္ဂိုလ်တို့အား ပေးလှူသော ပုဂ္ဂလိကဒါန။

(၆) သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်အား ပေးလှူသော ပုဂ္ဂလိကဒါန။
(၇) သကဒါဂါမိ မဂ်ပုဂ္ဂိုလ်အားပေးလှူသော ပုဂ္ဂလိကဒါန။
(၈) သကဒါဂါမိဖိုလ်အား ပေးလှူသော ပုဂ္ဂလိကဒါန။
(၉) အနာဂါမိ မဂ်ပုဂ္ဂိုလ်အားပေးလှူသော ပုဂ္ဂလိကဒါန။
(၁၀) အနာဂါမိဖိုလ်ပုဂ္ဂိုလ်အား ပေးလှူသော ပုဂ္ဂလိကဒါန။
(၁၁) အရဟတ္တမဂ် ပုဂ္ဂိုလ်အားပေးလှူသော ပုဂ္ဂလိကဒါန။
(၁၂) အရဟတ္တဖိုလ် ပုဂ္ဂိုလ်အား ပေးလှူသော ပုဂ္ဂလိကဒါန။
(၁၃) ပစ္စေကဗုဒ္ဓါအား ပေးလှူသော ပုဂ္ဂလိကဒါန။
(၁၄) သဗ္ဗညုဘုရားအား ပေးလှူသော ပုဂ္ဂလိကဒါန။

ဤသို့ပုဂ္ဂလိကဒါန အပြား (၁၄) ပါး ဖြစ်သတည်း။

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ် ဆိုသည်ကား—ရှစ်ယောက်တည်း။

## ရှစ်ယောက်ဟူသည်ကား

(၁) သရဏဂုံသုံးပါးကို ကောင်းစွာဆောက်တည်သောသူ။
(၂) သရဏဂုံ သုံးပါးနှင့် တကွ ငါးပါးသီလဝ် ကောင်းစွာ ဆောက်တည်သောသူ။
(၃) သရဏဂုံသုံးပါးနှင့် တကွ ဆယ်ပါးသီလဝ် ကောင်းစွာ ဆောက်တည်သောသူ။
(၄) တိုနေ့ရှင်ပြုသော သာမဏေ။
(၅) ရဟန်းသာမည။
(၆) ဝတ်ကြီး ဝတ်ငယ်နှင့် ပြည့်စုံသောရဟန်း။
(၇) ဝိပဿနာကို အားထုတ်သောရဟန်း။
(၈) သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

ဤရှစ်ယောက်သောသူတို့သည် သောတာပတ္တိဖိုလ်ကိုမျက်မှောက် ပြုခြင်းငှါ ကျင့်သောသူတို့မည်ကုန်၏။

ဤပုဂ္ဂိုလ် ရှစ်ယောက်တို့သည် သောတာပတ္တိဖိုလ်ကိုသာ မဟုတ် သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ ရဟန္တာဖြစ်အောင်ကျင့်သောပုဂ္ဂိုလ်တို့လည်း ဤပုဂ္ဂိုလ်ရှစ်ယောက်တို့သည်သာ—မှတ်အပ်၏။

သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်ဆိုသည်ကား သကဒါဂါမိဖိုလ်ကိုရလို၍ ဝိပဿနာကို အားထုတ်သော သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်သည်၎င်း၊ သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည်၎င်း သကဒါဂါမိ ဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်မည်၏။

အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါကျင့်သော ပုဂ္ဂိုလ်ဆိုသည်ကား အနာဂါမိဖိုလ်ကို ရလို၍ ဝိပဿနာကို အားထုတ်သော သကဒါဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်သည်၎င်း၊ အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည်၎င်း အနာဂါမိ ဖိုလ်ကို မျက်မှောက် ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်မည်၏။

အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်ဆိုသည်ကား အရဟတ္တဖိုလ်ကိုရလို၍ ဝိပဿနာကို အားထုတ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်သည်၎င်း၊ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည်၎င်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါကျင့်သောပုဂ္ဂိုလ်မည်၏။

## မဂ်ပုဂ္ဂိုလ်တို့ကို လှူပုံ

ဤပုဂ္ဂလိကဒါန (၁၄) ပါးတို့တွင် မဂ်စိတ်လေးခုတို့သည်တကြိမ်မျှသာဖြစ်လျက် မဂ္ဂဋ္ဌာန်အရိယာပုဂ္ဂိုလ် လေးပါးတို့ကို အဘယ်သို့ လှူနိုင်ပါအံ့နည်း။

ဤအမေးကို ဖြေဆိုခြင်းငှါ မဟာဒက္ခိဏာ ဝိဘင်္ဂသုတ်အဋ္ဌကထာ၌

ကိံ ပန မဂ္ဂသမင်္ဂိဿ သက္ကာ ဒါနံ ဒါတုန္တိ။ အာမ သက္ကာ။ အာရဒ္ဓ ဝိပဿကဿ ဟိ ပိဏ္ဍာယ ဂေဟဒွါရေ ဌိတဿ အာသနသာလာယ ဝါ ဝိဟာရေ ဝါ နိသိန္နဿ ပတ္တေ မနုဿာ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ပက္ခိပန္တိ။ ပတ္တံ ဝါ အာဒါယ ဃရံ ဂန္တွာ ပက္ခိပန္တိ

တသ္မိံခဏေ မဂ္ဂဝုဋ္ဌာနံ ဟောတိ၊ ဣဒံ ဒါနံ မဂ္ဂသမင်္ဂိနော ဒိန္နံ နာမ။ ဤသို့လာရှိ၏။

**အနက်ကား**။ မဂ္ဂသမင်္ဂိဿ၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒါတုံ၊ ပေးလှူခြင်းငှါ။ သက္ကာ ကိံပန၊ တတ်နိုင်ပါမည်လော။ ဣတိ၊ ဤသို့မေးသည်ရှိသော်။ အာမသက္ကာ၊ တတ်နိုင်ပါ၏။ ဟိ၊ တတ်နိုင်ကြောင်းကို အကျယ်ဆိုလိုက်အံ့။ အာရဒ္ဓ ဝိပဿကဿ၊ အားထုတ်အပ်သော ဝိပဿနာရှိသည်ဖြစ်သော၊ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ဂေဟဒွါရေ၊ အိမ်တံခါး၌။ ဌိတဿ၊ ရပ်သောရဟန်း၏ငှင်း။ အာသန သာလာယဝါ၊ ဆွမ်းစားဇရပ်၌ မူလည်းဖြစ်စေ။ ဝိဟာရေဝါ၊ ကျောင်း၌မူလည်းဖြစ်စေ။နိသိန္နဿ၊နေသောရဟန်း၏ငှင်း။ ပတ္တေ၊ သပိတ်၌။ မနုဿာ၊ လူတို့သည်။ ခါဒနီယံဝါ၊ ခဲဘွယ်ကိုငှင်း။ ဘောဇနီယံဝါ၊ စားဘွယ်ကိုငှင်း။ ပက္ခိပန္တိ၊ ထည့်လောင်းကုန်၏။ ပတ္တံဂါ၊သပိတ်ကိုမူလည်း။အာဒါယ၊ ဆောင်ယူ၍။ ဃရံ၊အိမ်သို့။ ဂန္တွာ၊သွား၍။ ပက္ခိပန္တိ၊ ထည့်လောင်းကုန်၏။ တသ္မိံခဏေ၊ ထိုထည့်လောင်းဆဲ ခဏ၌။ မာဂဝုဋ္ဌာနံ၊ မဂ်သို့ဘက်သည်။ ဝါ။ မဂ်ကိုရသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံဒါနံ၊ ဤအလှူသည်။ မဂ္ဂ သမင်္ဂိနော၊ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်အား။ ဒိန္နံနာမ၊ ပေးအပ်သောအလှူ မည်၏။ ဣတိ၊ဤသို့ဖြေအပ်၏။

**အဓိပ္ပါယ်ကား**။ ။ဝိပဿနာကို အမြဲ အားထုတ် နေသောရဟန်းသည် ဝိပဿနာကို ဆင်ခြင်ပွားများလျက် ဆွမ်းခံကြွသွားရာ၌ အိမ်ပေါက်ဝ ရပ်လျက် မဂ်ကိုရနိုင်၏။ ဆွမ်းစား ဇရပ်၌လည်း မဂ်ကိုရနိုင်၏။ ကျောင်း၌လည်း မဂ်ကိုရနိုင်၏။ အိမ်ပေါက်ဝရပ်လျက်နေသော ထိုရဟန်းကို ဆွမ်းခဲဘွယ်ဘောဇဉ် လှူငြားအံ့ အရိယာမဂ် ပုဂ္ဂိုလ်အား ပေးလှူလျက်ဖြစ်နေ၏။ ထို့အတူ ဆွမ်းစားဇရပ်။ ကျောင်း၌နေသော ထိုရဟန်းကို ပေးလှူငြားအံ့။ အရိယာမဂ်ပုဂ္ဂိုလ်အား ပေးလှူလျက်ဖြစ်နေ၏။ ထို့ကြောင့် မဂ်ခိုက် လေးပါးသည် တကြိမ်စီပင်ဖြစ်သော်လည်း၊ အရိယာမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့ကို လှူနိုင်သည်မှတ်ပါ။

## ပုဂ္ဂလိကဒါနအကျိုးများ

ဤသို့ပြဆိုအပ်ခဲ့ပြီးသော အလှူခံပုဂ္ဂိုလ် (တကိုတ်လေးဦး) တို့အား အသီးသီးပေးလှူရာ၌ ရထိုက်သော အကျိုးအာနိသံသရှိသည်ကို မဟာဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်ကြီး၌....

တတြာနန္ဒ တိရစ္ဆာနဂတေ ဒါနံ ဒတွာ သတဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ပုထုဇ္ဇန ဒုဿီလေ ဒါနံ ဒတွာ သဟဿ ဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ပုထုဇ္ဇန သီလဝန္တေ ဒါနံ ဒတွာ သတ သဟဿ ဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ဗာဟိရကေ ကာမေသု ဝီတရာဂေ ဒါနံ ဒတွာ ကောဋိ သတ သဟဿ ဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ သောတာပတ္တိ ဖလ သစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒတွာ အသင်္ချေယျာ အပ္ပမေယျာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ကောပန ဝါဒေါ သောတာပန္နေ။ ကောပန ဝါဒေါ သကဒါဂါမိ ဖလ သစ္ဆိကိရိယာယ ပဋိပန္နေ။ ကောပန ဝါဒေါ သကဒါဂါမိဿ။ ကောပန ဝါဒေါ အနာဂါမိဖလ သစ္ဆိကိရိယာယ ပဋိပန္နေ။ ကောပန ဝါဒေါ အနာဂါမိဿ။ ကောပန ဝါဒေါ အရဟတ္တဖလ သစ္ဆိကိရိယာယ ပဋိပန္နေ။ ကောပန ဝါဒေါ အရဟန္တေ။ ကောပန ဝါဒေါ ပစ္စေကဗုဒ္ဓေ။ ကောပန ဝါဒေါ တထာဂတေ အရဟန္တေ သမ္မာသမ္ဗုဒ္ဓေ။ ဤသို့ ဟောတော်မူသည်။

အနက်ကား။ ။အာနန္ဒ'ညီတော်အာနန္ဒာ။ တတြ၊ ထိုတဆယ့်လေးပါးသော ပုဂ္ဂလိကဒါနတို့တွင်။ တိရစ္ဆာနဂတေ၊ တိရစ္ဆာန်အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒတွာ၊ ပေးလှူသည်ရှိသော်။ သတဂုဏာ၊ ဘဝတရာ အကျိုးအာနိသင်ရှိသော။ ဝါ။ ဘဝတရာ ကာသပတ်လုံး ကောင်းကျိုး ချမ်းသာကို ပေးတတ်သော။ ဒက္ခိဏာ၊ အလှူကို။ ပါဋိကင်္ခိတဗ္ဗာ၊ အလိုရှိအပ်၏။ ပုထုဇ္ဇန ဒုဿီလေ၊ သီလမရှိသောပုထုဇဉ်အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒတွာ၊ ပေးလှူသည်ရှိသော်။ သဟဿဂုဏာ၊ ဘဝတထောင် အကျိုးအာနိသင်ရှိသော။ ဒက္ခိဏာ၊ အလှူကို။ ပါဋိကင်္ခိတဗ္ဗာ၊ အလိုရှိအပ်၏။ ပုထုဇ္ဇန သီလဝန္တေ၊ သီလရှိသောပုထုဇဉ်အား။ ဒါနံ၊ လှူဘွယ်

ဝတ္ထုကို။ ဒတွာ၊ ပေးလှူသည်ရှိသော်။ သတ သဟဿ ဂုဏာ၊ ဘဝတသိန်း အကျိုးအာနိသင်ရှိသော။ ဒက္ခိဏာ၊ အလှူကို။ ပါဋိကင်္ခ တဗ္ဗာ၊ အလိုရှိအပ်၏။ ဇာပဒိရကော၊ သာသနာတော်မှ အပ ဖြစ်သော။ ကာမေသု၊ ကာမဂုဏ်တို့၌။ ဝီတ ရာဂေ၊ ဝိက္ခမ္ဘနပ ဟာန်ဖြင့်ပယ်သည်ဖြစ်၍ တပ်ခြင်းကင်းသော ဈာနလာဘီ ပုဂ္ဂိုလ် အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒတွာ၊ ပေးလှူသည် ရှိသော်။ ကောဋိ သတ သဟဿ ဂုဏာ၊ ဘဝကုဋေတသိန်း အကျိုးအာနိသင် ရှိသော၊ ဒက္ခိဏာ၊ အလှူကို။ ပါဋိကင်္ခ တဗ္ဗာ၊ အလိုရှိအပ်၏။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုခြင်းငှါ။ ပဋိပန္နေ၊ ကျင့်သောပုဂ္ဂိုလ်အား။ ဒါနံ၊ လှူဘွယ်ဝတ္ထု ကို။ ဒတွာ၊ ပေးလှူသည်ရှိသော်။ အသင်္ချေယျာ၊ မရေမတွက်နိုင် သော ဘဝတို့၌ ကောင်းကျိုးချမ်းသာကိုပေးနိုင်သော။ အပ္ပမေယျာ၊ မချင့်မတွက် မပိုင်းမခြားနိုင်သော ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ပေးနိုင်သော။ ဒက္ခိဏာ၊ အလှူကို။ ပါဋိကင်္ခ တဗ္ဗာ၊ အလိုရှိအပ် ၏။ သောတာပန္နေ၊ သောတာပန်ပုဂ္ဂိုလ်အား။ ဒိန္နေ၊ ပေးလှူရာ၌။ ကောပန ဝါဒေါ၊ ဘယ်ရွေ့ဘယ်မျှဟု အဘယ်ဆိုဘွယ်ရာ ရှိပါအံ့ နည်း။ သကဒါဂါမိဖလ သစ္ဆိကိရိယာယ၊ သကဒါဂါမိ ဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ။ ပဋိပန္နေ၊ ကျင့်သောပုဂ္ဂိုလ်အား။ ဒိန္နေ၊ ပေး လှူရာ၌။ ကောပန ဝါဒေါ၊ ဘယ်ရွေ့ဘယ်မျှဟု အဘယ်ဆိုဘွယ်ရာ ရှိပါအံ့နည်း။ သကဒါဂါမိသ၊ သကဒါဂါမိ ပုဂ္ဂိုလ်အား။ ဒိန္နေ၊ ပေးလှူရာ၌။ ကောပန ဝါဒေါ၊ ဘယ်ရွေ့ဘယ်မျှဟု အဘယ်ဆိုဘွယ် ရာရှိပါအံ့နည်း။ အနာဂါမိဖလ သစ္ဆိကိရိယာယ၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ။ ပဋိပန္နေ၊ ကျင့်သောပုဂ္ဂိုလ်အား။ ကောပန ဝါဒေါ၊ ဘယ်ရွေ့ဘယ်မျှဟု အဘယ်ဆိုဘွယ်ရာရှိပါအံ့နည်း။ အနာ ဂါမိသ၊ အနာဂါမိပုဂ္ဂိုလ်အား။ ဒိန္နေ၊ ပေးလှူရာ၌။ ကောပန ဝါဒေါ၊ ဘယ်ရွေ့ဘယ်မျှဟု အဘယ်ဆိုဘွယ်ရာရှိပါအံ့နည်း။ အရဟတ္တဖလ သစ္ဆိကိရိယာယ၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ။ ပဋိပန္နေ၊ ကျင့်သောပုဂ္ဂိုလ်အား။ ဒိန္နေ၊ ပေးလှူရာ၌။ ကောပန ဝါဒေါ၊ ဘယ်

ရွေ့ တယ်မျှဟုအဘယ်ဆိုဘွယ်ရာရှိပါအံ့နည်း။ အရဟန္တေ၊ ရဟန္တာပုဂ္ဂိုလ်အား၊ ဒိန္နေ၊ ပေးလှူရာ၌။ ကောပန ဝါဒေါ၊ ဘယ်ရွေ့ဘယ်မျှဟု အဘယ်ဆိုဘွယ်ရာရှိပါအံ့နည်း။ ပစ္စေကဗုဒ္ဓေ၊ ပစ္စေကဗုဒ္ဓါအား။ ဒိန္နေ၊ ပေးလှူရာ၌။ ကောပန ဝါဒေါ၊ ဘယ်ရွေ့ဘယ်မျှဟု အဘယ်ဆိုဘွယ်ရာရှိပါအံ့နည်း။ တထာဂတေ၊ လာခြင်း ကောင်းတော်မူသော။ သမ္မာသမ္ဗုဒ္ဓေ၊ သဗ္ဗညုမြတ်စွာဘုရားအား။ ဒိန္နေ၊ ပေးလှူရာ၌။ ကောပန ဝါဒေါ၊ ဘယ်ရွေ့ဘယ်မျှဟု အဘယ်ဆိုဘွယ်ရာရှိပါအံ့နည်း။

**အဓိပ္ပါယ်ကား။** ။တိရစ္ဆာန်အား ကျွေးမွေးလှူပါမူ ထိုဒါနသတ္တိသည် ဘဝ (၁၀၀) ထိအောင်အကျိုးပေး၏။ သီလမရှိသော ဒုဿီလပုထုဇဉ်အား ကျွေးမွေးလှူဒါန်းပါမူ ထိုဒါနသတ္တိသည် ဘဝ (၁၀၀၀) ထိအောင်အကျိုးပေး၏။ သီလရှိသော သီလဝန္တပုထုဇဉ်အား ကျွေးမွေးလှူဒါန်းပါမူ ထိုဒါနသတ္တိသည် ဘဝ (၁၀၀၀၀၀) ထိအောင် အကျိုးပေး၏။ သာသနာပ ရှာန်ရပုဂ္ဂိုလ်အား ကျွေးမွေးလှူဒါန်းပါမူ ထိုဒါနသတ္တိသည် ဘဝ (ကုဋေ တသိန်း) ထိအောင် အကျိုးပေး၏။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်၍နေသော ပုဂ္ဂိုလ်အား ကျွေးမွေးလှူဒါန်းပါမူ ထိုဒါနသတ္တိသည်ဘဝ (အသင်္ချေ) ထိအောင် အကျိုးပေး၏။ သောတာပန် ပုဂ္ဂိုလ်အား ကျွေးမွေးလှူဒါန်းပါမူ ထိုဒါနသတ္တိသည် ဘဝ (ဘယ်ရွေ့ဘယ်မျှ) ဟု မသိနိုင်အောင် အကျိုးပေး၏။ ထို့အတူ သကဒါဂါမိ ဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်အားလည်း။ သကဒါဂါမိပုဂ္ဂိုလ်အားလည်း။ အနာဂါမိဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်အားလည်း။ အနာဂါမိပုဂ္ဂိုလ်အားလည်း။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်အားလည်း။ ရဟန္တာ ပုဂ္ဂိုလ်အားလည်း။ ပစ္စေကဗုဒ္ဓါအားလည်း။ သဗ္ဗညုရှင်တော်ဘုရားကြီးအားလည်း ကျွေးမွေး လှူဒါန်းပါမူ အဆင့်ဆင့် ကြီးကျယ်၍ ထိုဒါနသတ္တိသည် ဘဝ (ဘယ်ရွေ့ဘယ်မျှ) ဟု မသိနိုင်အောင် အကျိုးပေး၏။

## အိုးဆေးရေ ခွက်ဆေးရေကိုပင် ကုသိုလ်ဖြစ်ပုံ

ယေဟိ တေ စန္ဒနိကာယဝါ ဩလိဂ္ဂလ္လေဝါ ပါဏာ တတြပိ ယော ထာလက ဓောဝနံဝါ သရာဝ ဓောဝနံဝါ ဆဍ္ဍေတိ။ ယေ တတ္ထ ပါဏာ တေ တေန ယာပေန္တိ။ တတောနိဒါနံ ပါဟံ ဝစ္ဆ ပုညဿ အာဂမံ ဝဒါမိ။ ကောပနဝါဒေါ မနုဿဘူတေ။

တိကင်္ဂုတ္တရ ပါဠိတော်

**အနက်ကား။** ။ဝစ္ဆ၊ အိုဝစ္ဆ။ အဟံ၊ ငါဘုရားသည်။ ဝံ၊ ဤသို့။ ဝဒါမိ၊ ဟောတော်မူ၏။ စန္ဒနိကာယဝါ၊ တန်းစဉ်းအိုင် ၌ရင်း။ ဩလိဂ္ဂလ္လေဝါ၊ ညွန်အိုင်၌ရင်း။ ယေ တေပါဏာ၊ အကြင် သတ္တဝါတို့သည်။ သန္တိ၊ရှိကုန်၏။ တတြပိ၊ ထိုတန်းစဉ်းအိုင် ညွန် အိုင်တို့၌လည်း။ ယော၊ အကြင်သူသည်။ ထာလက ဓောဝနံဝါ၊ ခွက်ဆေး ရေကိုရင်း။ သရာဝ ဓောဝနံ ဝါ၊ အိုးဆေးရေကိုရင်း။ ဆဍ္ဍေတိ၊စွန့်၏။ တတ္ထ၊ထိုအိုင်၌။ ယေ၊ အကြင် သတ္တဝါ တို့သည်။ တေန၊ထိုအိုးဆေးရေ-ခွက်ဆေးရေဖြင့်။ ယာပေန္တိ၊ မျှတကြကုန်၏။ တတော နိဒါနံပိ၊ ထိုမျှတခြင်းဟူသော အကြောင်းကြောင့်လည်း။ ပုညဿ၊ ကောင်းမှု၏။ အာဂမံ၊ဖြစ်ခြင်းကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ မနုဿ ဘူတေ၊ လူဖြစ်၍ ဖြစ်သောသူ၌။ ဝါ။ လူဖြစ်သောသူအား ပေးလှူရာ၌။ ကောပန ဝါဒေါ၊ အဘယ် ဆိုဘွယ်ရာရှိပါအံ့နည်း။

**အဓိပ္ပါယ်ကား။** ထမင်းစားပြီး-ဆွမ်းစားပြီးသော အခါ ထမင်းလုံး ဆွမ်းလုံး ဟင်းဖတ်ပါသော အိုးဆေးရေ ခွက်ဆေးရေ သပိတ်ဆေးရေ ပုဂံဆေးရေ များကို ပိုးမွှား တိရစ္ဆာန် ရှိသော အိုင်တွင်း၌ ပိုးမွှားတိရစ္ဆာန်များ စားသောက်ကြပါစေဟု စေတနာ ထား၍ စွန့်လိုက်ပါမူ ကုသိုလ်ကောင်းမှုဖြစ်၏၊ ထိုထမင်းလုံး ဆွမ်း လုံး ဟင်းဖတ်များကို ပစ္စက်ဆိတ်များ၊ ကြိုးများ ကြက်များ စာက လေးစသည်များ စားသောက်ကြပါစေဟု စေတနာထား၍ စွန့်လိုက် ပါမူလည်း ကုသိုလ်ကောင်းမှုဖြစ်၏။ လူဖြစ်သောသူတို့အား ကျွေး

မွေးလှူဒါန်းပါမူ အဘယ်ဆိုဘွယ်ရာ ရှိပါအံ့နည်း။ ကြီးကျယ်သော ကုသိုလ်ကောင်းမှုဖြစ်သည်သာတည်း။

## အရိယာ (၄) မျိုး

ဒါနပြုကြသောအခါ အရိယာသံဃာကို အာရုံပြု၍ လှူဒါန်းကြရန် အရိယာလေးမျိုးကို ပြပေအံ့။

သော ပန အရိယော စတုဗ္ဗိဓော ဟောတိ။ အာစာရအရိယော၊ ဒဿနအရိယော၊ လိင်္ဂအရိယော၊ ပဋိဝေဓ အရိယောတိ။ တတ္ထ မနုဿောဝါ ဟောတု တိရစ္ဆာနောဝါ အရိယာစာရေ ဌိတော အာစာရ အရိယောနာမ။ ရူပေန ပန ဣရိယာပထ ပါသာဒိကေန ဒဿနိယေန သမန္နာဂတော ဒဿန အရိယောနာမ။ နိဝါသန ပါရုပန လိင်္ဂဂ္ဂဟဏေန ပန သမဏ သဒိသော ဟုတွာ ဝိစရန္တော ဒုဿီလော ဟုတွာပိ လိင်္ဂအရိယောနာမ။ ဗုဒ္ဓါဒယော ပန ပဋိဝေဓ အရိယောနာမ။

## တိကနိပါတ် တိလမုဋ္ဌိဇာတ်

**အနက်ကား။** သော ပနအရိယော၊ ထိုအရိယာသည်။အာစာရ အရိယော၊အာစာရအရိယာဂုဏ်း။ဒဿနအရိယော၊ ဒဿနအရိယာဂုဏ်း။လိင်္ဂအရိယော၊လိင်္ဂအရိယာဂုဏ်း။ပဋိဝေဓအရိယော၊ပဋိဝေဓအရိယာဂုဏ်း။ဣတိ၊ဤသို့။စတုဗ္ဗိဓော၊လေးပါးအပြားရှိသည်။ဟောတိ၊ ဖြစ်၏။ တတ္ထ၊ထိုအရိယာအပြား လေးပါးလေးမျိုးတို့တွင်။မနုဿော ဝါ၊ လူသည်မူလည်း။ ဟောတု၊ ဖြစ်ပါစေ။ တိရစ္ဆာနောဝါ၊ တိရစ္ဆာန်သည်မူလည်း။ ဟောတု၊ ဖြစ်ပါစေ။ အရိယာစာရေ၊အရိယာတို့၏အမူအရာ အကျင့်၌။ ဌိတော၊ တည်သောသူသည်။ အာစာရအရိယောနာမ၊ အကျင့်အာစာရ အရိယာမည်၏။ ဣရိယာပထ ပါသာဒိကေန၊ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ဣရိယာပုထ်တို့၌ ကြည်လင်ဘွယ် ရှိသော။ ဒဿနိယေန၊ ကြည့်ညိုဘွယ်ရှိသော။ ရူပေန၊ ရုပ်အမူအရာနှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ ဒဿန အရိယောနာမ၊ အမြင်ဒဿနအရိယာ မည်၏။ နိဝါ

သနှ ပါရုပန လိင်္ဂဟာဏာေန၊ ဝတ်ခြင်း ရုံခြင်း အသွင်ကိုယူသဖြင့်။ သမဏ သဒိသော၊ ရဟန်းနှင့်တူသည်။ ဟုတ္တွာ၊ ဖြစ်၍။ ဝိစရန္တော၊ လှည့်လည်သောသူသည်။ဒုဿီလော၊ ဒုဿီလပုဂ္ဂိုလ်သည်။ဟုတ္တွာပိ၊ ဖြစ်၍နေပါ သော်လည်း။ လိင်္ဂအရိယောနာမ၊ အသွင်လိင်္ဂအရိယာ မည်၏။ ဗုဒ္ဓါဒယော၊ ဘုရားအစ ရှိကုန်သော ပရမတ္ထအရိယာ ပုဂ္ဂိုလ်တို့သည်။ပဋိဝေဓ အရိယောနာမ၊ ထိုးထွင်း ပဋိဝေဓအရိယာ တို့ မည်ကုန်၏။

အမိပ္ပါယ်ကား

(၁) **အာစာရအရိယာ** ပဋိဝေဓ ပရမတ္ထ အရိယာပုဂ္ဂိုလ်တို့၏ မြတ်သောအကျင့်သည် လူတို့၌ တစိတ်တဒေသရှိငြားအံ့ ထိုလူသည် လူအာစာရ အရိယာမည်၏။ တိရစ္ဆာန်တို့၌ တစိတ် တဒေသရှိငြားအံ့ ထိုတိရစ္ဆာန်သည် တိရစ္ဆာန် အာစာရ အရိယာမည်၏။ ပဋိဝေဓ အရိယာတို့၏ မြတ် သော အကျင့်သည် ပုထုဇဉ် ရဟန်းတို့၌ ရှိငြားအံ့ ထို ရဟန်းသည်လည်း ရဟန်းအာစာရအရိယာ မည်၏။

(၂) **ဒဿနအရိယာ** ပူတိရစ္ဆာန်တို့သည်ပင်လျှင်မြတ်သော အကျင့်ရှိသည်ဖြစ်စေ-မရှိသည်ဖြစ်စေ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း နေခြင်း ကြည့်ခြင်း စသည်တို့၌၊ ပဋိဝေဓအရိယာ ပုဂ္ဂိုလ်တို့၏ ကြည်ညိုဘွယ်တစိတ်တဒေ သ ရှိငြားအံ့၊ ထိုလူ တိရစ္ဆာန်တို့သည် လူဒဿန အရိ ယာ တိရစ္ဆာန်ဒဿန အရိယာမည်၏။ ပဋိဝေဓအရိယာ ပုဂ္ဂိုလ်တို့၏ကြည်ညိုဘွယ်သည် ပုထုဇဉ်ရဟန်းတို့၌ရှိငြား အံ့ ထိုရဟန်း သည်လည်း ရဟန်း ဒဿန အရိယာ မည်၏။

(၃) **လိင်္ဂအရိယာ** သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း နေခြင်း ကြည့်ခြင်း စသည်တို့၌ ကြည်ညိုဘွယ်ပင် မရှိပါ သော်လည်း ဝတ်ခြင်း ရုံခြင်းတို့၌ပဋိဝေဓအရိယာပုဂ္ဂိုလ်

ကိုး၏ ဝတ်ခြင်း ရုံခြင်း အသွင် အပြင် ရှိသော ဒုဿီလ ရဟန်းသည် ဒုဿီလလိင်္ဂအရိယာမည်၏။ ပဋိဝေဓအရိယာ ပုဂ္ဂိုလ်တို့၏ အသွင်အပြင်ရှိသော သီလဝန္တ ရဟန်းသည် လည်း သီလဝန္တ လိင်္ဂအရိယာ မည်၏။

(၄) **ပဋိဝေဓအရိယာ** ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အနာဂါမ် သကဒါဂါမ် သောတာပန် ပုဂ္ဂိုလ်တို့သည် ပဋိဝေဓအရိ ယာမည်၏။ ဤသို့လျှင် အရိယာတို့၏အပြားသည် လေး မျိုး လေးပါး အပြား ရှိသတည်း။ ထို့ကြောင့် သမုတိ သံဃာသည် အာစာရ အရိယာလည်း မည်၏။ ဒဿန အရိယာလည်းမည်၏။ လိင်္ဂအရိယာလည်းမည်၏။ သမုတိ သံဃာသည် သုံးမည်ရ အရိယာတည်း။ ပရမတ္ထသံဃာ သည် အာစာရအရိယာလည်းမည်၏။ ဒဿန အရိယာ လည်းမည်၏။ လိင်္ဂအရိယာလည်းမည်၏။ ပဋိဝေဓအရိယာ လည်းမည်၏။ ပရမတ္ထသံဃာသည်လေးမည်ရ အရိယာ တည်း။

## ဝေလာမ မဟာဒါန

နဝအင်္ဂုတ္တရပါဠိတော် ဝေလာမသုတ်၌ အလှူခံပုဂ္ဂိုလ်တို့၏အပြား အားဖြင့် (၁၄) ပါးအပြားရှိသော ဒါနကိုဟောတော်မူ၏။

ဝေလာမပုဏ္ဏားကြီးသည် လောကီဖြစ်သော လူများအား (၇)နှစ် (၇)လတိုင်ပတ်လုံး မနှိုင်းယှဉ်အပ်သော ခဲဘွယ်ဘောဇဉ် အစရှိသော အားဖြင့် ပြားသော အာဟာရကို လှူ၍ အဆုံးဖြစ်သော နေ့၌ ရှစ်သောင်းလေးထောင် အရေအတွက်ရှိကုန်သော ငွေဖြင့်ပြည့်သော ရွှေခွက် ရွှေဖြင့်ပြည့်သော ငွေခွက် လုပ်ဆောင်ပြီးသော် ရွှေဖြင့် ဖြင့်ပြည့်သော ကြေးခွက်တို့ကိုလည်းကောင်း။ ခပ်သိမ်းကုန်သော တန်းဆာတို့ဖြင့် တန်းဆာဆင်အပ်ကုန်သော ရှစ်သောင်းလေးထောင် အရေအတွက် ရှိကုန်သော ဆင် ရထား သွီးကညာ ပလ္လင်တို့ကို လည်းကောင်း၊ ရှစ်သောင်းလေးထောင် အရေအတွက်ရှိကုန်သော

နို့ညှစ်နွားမ တို့ကိုလည်းကောင်း၊ အဝတ်ကုဋေတို့ကိုလည်းကောင်း လှူ၏။ ယိုအလှူသည် မဟာဒါနမည်၏။

ထိုမဟာဒါနထက် တပါးသော သောတာပန်အား ဆွမ်းလှူဒါန်း ခြင်းသည် အကျိုးကြီး၏။

တရာသော သောတာပန်တို့အား ဆွမ်းလှူဒါန်းခြင်းထက် တပါး သော သကဒါဂါမ်အား ဆွမ်းလှူဒါန်းခြင်းသည် အကျိုးကြီး၏။

တရာသော သကဒါဂါမ်တို့အား ဆွမ်းလှူဒါန်းခြင်းထက် တပါး သော အနာဂါမ်အား ဆွမ်းလှူဒါန်းခြင်းသည် အကျိုးကြီး၏။

တရာသောအနာဂါမ်တို့အား ဆွမ်းလှူဒါန်းခြင်းထက် တပါးသော ရဟန္တာအား ဆွမ်းလှူဒါန်းခြင်းသည် အကျိုးကြီး၏။

တရာသော ရဟန္တာတို့အား ဆွမ်းလှူဒါန်းခြင်းထက် တဆူသော ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူဒါန်းခြင်းသည် အကျိုးကြီး၏။

တရာသော ပစ္စေကဗုဒ္ဓါတို့အား ဆွမ်းလှူဒါန်းခြင်းထက် သဗ္ဗညု မြတ်စွာဘုရားအား ဆွမ်းလှူဒါန်းခြင်းသည် အကျိုးကြီး၏။

မြတ်စွာဘုရားအား ဆွမ်းလှူဒါန်းခြင်းထက် ဘုရားအမှူးရှိသော သံဃာအား ဆွမ်းလှူဒါန်းခြင်းသည် အကျိုးကြီး၏။

ဘုရားအမှူးရှိသော သံဃာအား ဆွမ်းလှူဒါန်းခြင်းထက် စတု ဒိသာ သံဃာအား ကျောင်းကိုလှူဒါန်းခြင်းသည် အကျိုးကြီး၏။

ဤတွင် အထက်က ပြခဲ့သော ဥပရိပဏ္ဏာသ ပါဠိတော် မဟာ ဒက္ခိဏာ ဝိဘင်္ဂသုတ် ပုဂ္ဂလိကဒါန အပြား(၁၄) ပါးကို ပြဆိုခန်း ပြီးစီးသတည်း။

---

## သံဃိကဒါန (၇) ပါးကိုပြဆိုသောအခန်း

သံဃိကဒါနသည် ဗုဒ္ဓပမုခ အစရှိသောအားဖြင့် ၇-ပါးအပြား ရှိကြောင်းကို မဟာဒက္ခိဏာ ဝိဘင်္ဂသုတ်ပါဠိတော်၌....

သတ္တ ခေါပနာနန္ဒ သံဃဂတာ ဒက္ခိဏာ။ ဗုဒ္ဓပမုခေ ဥဘတော သံဃေ ဒါနံ ဒေတိ၊ အယံ ပဌမာ သံဃဂတာ ဒက္ခိဏာ။ တထာဂတေ ပရိနိဗ္ဗုတေ ဥဘတော သံဃေ ဒါနံ ဒေတိ၊ အယံ ဒုတိယာ သံဃ

ဂတာ ဒက္ခိဏာ။ ဘိက္ခုသံဃေ ဒါနံ။ ဒေတိ၊ အယံ တတိယာ သံဃ ဂတာ ဒက္ခိဏာ။ ဘိက္ခုနီသံဃေ ဒါနံ။ ဒေတိ၊ အယံ စတုတ္ထီ သံဃ ဂတာ ဒက္ခိဏာ။ ဧတ္တကာ မေ ဘိက္ခူ ဘိက္ခုနီယော စ သံဃတော ဥဒ္ဒိသထာတိ ဒါနံ ဒေတိ၊ အယံ ပဉ္စမီ သံဃဂတာ ဒက္ခိဏာ။ ဧတ္တကာ မေ ဘိက္ခူ သံဃတော ဥဒ္ဒိသထာတိ ဒါနံ ဒေတိ။ အယံ ဆဋ္ဌီ သံဃဂတာ ဒက္ခိဏာ။ ဧတ္တကာ မေ ဘိက္ခုနီ ယော သံဃတော ဥဒ္ဒိသထာတိ ဒါနံ ဒေတိ။ အယံ သတ္တမီ သံဃဂတာ ဒက္ခိဏာ။

ဤသို့ဟောတော်မူပါသည်။

**အနက်ကား**။ အာနန္ဒ၊ ညီတော်အာနန္ဒာ။ ခေါ ပန၊ စင်စစ်။ သံဃဂတာ ဒက္ခိဏာ၊ သံဃာတော်ကိုရည်မှတ်၍ ပေးလှူအပ်သော အလှူတို့သည်။ သတ္တ၊ ဤခုနစ်ပါးတို့တည်း။

ဗုဒ္ဓပမုခေ၊ ဘုရားအမှူးရှိသော။ ဥဘတော သံဃေ၊ ရဟန်း ယောကျ်ား ရဟန်းမိန်းမအားဖြင့်နှစ်ပါးသောသံဃာ၌။ ဒါနံ၊ လှူဘွယ် ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ဘုရားအမှူးရှိသောသံဃာ နှစ်ပါးအားပေးလှူခြင်းသည်။ ပဌမာ၊ ရှေးဦးစွာသော။ သံဃဂတာ ဒက္ခိဏာ၊ သံဃာတော်ကိုရည်မှတ်၍ ပေးအပ်သောအလှူမည်၏။

**ဒုတိယ**။ တထာဂတေ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်စံတော်မူပြီးသည်ရှိသော်။ ဥဘတော သံဃေ၊ ရဟန်းယောကျ်ား ရဟန်း မိန်းမအားဖြင့် နှစ်ပါးသောသံဃာအား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့သံဃာနှစ်ပါးအား ပေးလှူခြင်းသည်။ ဒုတိယာ၊ နှစ်ခုမြောက်သော။ သံဃဂတာဒက္ခိဏာ၊ သံဃာတော် ကိုရည်မှတ်၍ ပေးအပ်သောအလှူမည်၏။

ဘိက္ခုသံဃေ၊ ရဟန်းယောကျ်ားသံဃာ၌။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ရဟန်းယောကျ်ားအား ပေးလှူခြင်းသည်။ တတိယာ၊ သုံးခုမြောက်သော။ သံဃဂတာဒက္ခိဏာ၊ သံဃာတော် ကိုရည်မှတ်၍ ပေးအပ်သောအလှူမည်၏။

ဘိက္ခုနီသံဃေ၊ ရဟန်းမိန်းမ သံဃာအား။ ဒါနံ၊ လှူဘွယ်ဝတ္ထု

ကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ရဟန်းမိန်းမ သံဃာအားပေးလှူခြင်းသည်။ စတုတ္ထံ၊ လေးခုမြောက်သော။ သံဃဂတာ ဒက္ခိဏာ၊ သံဃာတော်ကိုရည်မှတ် ပေးအပ်သော အလှူမည်၏။

မေ၊ အကျွန်ုပ်အား။ တွေကာ၊ ဤမှလောက်ကုန်သော။ ဘိက္ခူစ၊ ရဟန်းယောက်ျားတို့ကိုလည်း။ ဘိက္ခုနိယောစ၊ ရဟန်းမိန်းမတို့ကိုလည်း။ သံဃတော၊ သံဃာတော်မှ။ ဥဒ္ဒိသထ၊ ညွှန်ချတော်မူပါကုန်လော့။ ဇာတိ၊ ဤသို့ လျှောက်ထားတောင်းပန်၍။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ညွှန်ချသော သံဃာအား ပေးလှူခြင်းသည်။ ပဉ္စမီ၊ ငါးခုမြောက်သော။ သံဃဂတာဒက္ခိဏာ၊ သံဃာတော်ကိုရည်မှတ်၍ ပေးအပ်သောအလှူမည်၏။

မေ၊ အကျွန်ုပ်အား။ တွေကာ၊ ဤမှလောက်ကုန်သော။ ဘိက္ခူ၊ ရဟန်းယောက်ျားတို့ကို။ သံဃတော၊ သံဃာတော်မှ။ ဥဒ္ဒိသထ၊ ညွှန်ချတော်မူပါကုန်လော့။ ဇာတိ၊ ဤသို့လျှောက်ထားတောင်းပန်၍။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ညွှန်ချသော သံဃာအားပေးလှူခြင်းသည်။ ဆဋ္ဌီ၊ ခြောက်ခုမြောက်သော။ သံဃဂတာ ဒက္ခိဏာ၊ သံဃာတော်ကို ရည်မှတ်၍ ပေးအပ်သောအလှူမည်၏။

မေ၊ အကျွန်ုပ်အား။ တွေကာ၊ ဤမှလောက်ကုန်သော။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့ကို။ သံဃတော၊ သံဃာတော်မှ။ ဥဒ္ဒိသထ၊ ညွှန်ချတော်မူပါကုန်လော့။ ဇာတိ၊ ဤသို့လျှောက်ထားတောင်းပန်၍။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ညွှန်ချသော သံဃာအား ပေးလှူခြင်းသည်။ သတ္တမီ၊ ခုနစ်ခုမြောက်သော။ သံဃဂတာ ဒက္ခိဏာ၊ သံဃာတော်ကိုရည်မှတ်၍ ပေးအပ်သော အလှူမည်၏။

## အဓိပ္ပါယ်ကား

(၁) ဘုရားအမှူးရှိသော ရဟန်းယောက်ျား သံဃာ။ ရဟန်းမိန်းမသံဃာအားလှူသော ဗုဒ္ဓပမုခ ဥဘတော သံဃိက။

(၂) ရဟန်း ယောကျ်ား သံဃာ။ ရဟန်းမိန်းမ သံဃာအား လှူသော ဥဘတော သံဃိက။
(၃) ရဟန်း ယောကျ်ား သံဃာအား လှူသော ဘိက္ခု သံဃိက။
(၄) ရဟန်း မိန်းမ သံဃာအားလှူသော ဘိက္ခုနီသံဃိက။
(၅) သံဃာမှ ညွှန်ကြား၍ လှူအပ်သော ဥဒ္ဒိဿ ဘိက္ခု ဘိက္ခုနီ သံဃိက။
(၆) သံဃာမှညွှန်ကြား၍ လှူအပ်သော ဥဒ္ဒိဿ ဘိက္ခု သံဃိက။
(၇) သံဃာမှ ညွှန်ကြား၍ လှူအပ်သော ဥဒ္ဒိဿ ဘိက္ခုနီ သံဃိက။

ဤသို့သော အပြားအားဖြင့် သံဃိကဒါန(၇)ပါးအပြားရှိ၏။ ဤ ၇ ပါးသော သံဃိက ဒါနတို့တွင်....ကျောင်းအများ ရှိသော ကျောင်းတိုက်၌ တိုက်လုံးရှိ သံဃာတို့ကိုင်၎င်း။ ထိုကျောင်းတိုက် အတွင်း၌ပင် တကျောင်း တကျောင်းတွင် ရှိသော သံဃာတို့ကို၎င်း။ တိုက်မှအပ ဖြစ်သော အရပ်၌ တစုံတခုသော အကြောင်းကြောင့် တပေါင်းတည်း တစည်းတည်း စည်းဝေး၍ တည်သောသံဃာတို့ကို သော်၎င်း တပါးမကျန် သံဃာတော်ကို ကြည်ညို လေးမြတ်သော စိတ်ဖြင့် လှူဒါန်း ပူဇော် ခြင်းသည် တတိယ ဖြစ်သော ရဟန်း ယောကျ်ား သံဃာအား ပေးလှူသည်မည်၏။ ဆိုခဲ့ပြီးသောသံဃာ ၃ ရပ်တို့ကို အကုန်မပင့် မလှူနိုင်၍ သံဃာကြီးကို ဖြစ်စေ။ ဆွမ်းညွှန် သမုတိသံဃာကိုဖြစ်စေ။ သံဃာအားလုံးကိုပင်ဖြစ်စေ။ သံဃာတော်အား လှူဒါန်းပူဇော်လိုပါသည် သံဃာတကိုတ်ကို ညွှန်းချတော်မူပါ။ သံဃာငါးပါးကို ညွှန်းချတော်မူပါ။ သံဃာတပါးကို ညွှန်းချတော်မူပါ စသည်ဖြင့် မိမိတတ်စွမ်းနိုင်သမျှ လျှောက်ထား တောင်းပန်၍ ထိုအရှင်မြတ်တို့က ညွှန်ချသော သံဃာကို ကြည်ညို လေးမြတ်သောစိတ်ဖြင့် လှူဒါန်း ပူဇော်သည်ရှိသော် ဆဋ္ဌမမြောက် ဥဒ္ဒိဿ ဘိက္ခုသံဃိက ရဟန်းယောကျ်ား သံဃာအား ပေးလှူ

သည် မည်၏။ ယင်းသို့ ညွှန်ချရာ၌ သာမဏေငယ် အလဇ္ဇီဒုဿီလ စသည့်တို့ကိုရ၍ နှလုံးမသာမယာရှိသော်ငြား။ သီလဝန် ဂုဏဝန် ရဟန်းသံဃာကိုရ၍ဝမ်းမြောက် နှစ်သက်သော်ငြား။ သံဃာတော်ကို ရည်မှတ်၍ ပေးအပ်သောအလှူမမြောက်ချေ။ သံဃာကို ရည်မှတ်၍ ပေးအပ်သောအလှူမမြောက်ချေ ဟူသောစကား၌....

သံဃိကသည်....

(၁) ဒါနသံဃိက။ (၂) သဒ္ဓါသံဃိက ဟူ၍ နှစ်ပါးတို့တွင် ဒါနသံဃိကမူကား သံဃာမှညွှန်ချ၍ ရအပ်သောပုဂ္ဂိုလ်၌ တည်သောကြောင့် သံဃိကမမြောက်၏။

သဒ္ဓါသံဃိကမူကား သံဃာ၌မတည်ရအပ်သော ပုဂ္ဂိုလ်အထူးကိုအစွဲပြု၍ကွဲပြားသောအားဖြင့်ပုဂ္ဂိုလ်၌တည်သောကြောင့်သံဃိကမမြောက်ချေ။အယုတ်အမြတ်မရွေးမူ၍ဘုရားသားတော်သံဃာတော်ပေတည်းဟု အတူအမျှ ကြည်ညိုလေးမြတ်နိုင်မှသာလျှင် ဒါနနှင့် သဒ္ဓါ နှစ်ပါးစုံ သံဃိကမြောက်ချေသည်၊ ဤသို့သံဃိကမြောက်အောင် လှူနိုင် ကြည်ညိုနိုင်က ညွှန်ချ၍ရအပ်သော ဒုဿီလပုဂ္ဂိုလ်ကိုပင် ပေးလှူရသောအကျိုးသည် ရဟန္တာကို ပုဂ္ဂလိကလှူရသည့်အကျိုးထက်ကဲမိုးလွန်မြောက်နိုင်၏၊ ထိုသို့လွန်မြောက် နိုင်သည်ကို "သံဃိကဒါန" အကျိုးကိုပြသော အခဏ်းသို့ရောက်မှ ပြဆိုပေအံ့။

ဤဒက္ခိဏာ ဝိဘင်္ဂသုတ်၌ ဗုဒ္ဓပမုခ ဘိက္ခုသံဃိကနှင့် ဗုဒ္ဓါမုခ စတုဒိသာ ဘိက္ခုသံဃိကကို ဟောတော် မမူငြားသော်လည်း ကျမ်းတပါးတို့၌ကား အထူးဆိုသေး၏။ ထိုနှစ်ပါးတို့တွင် ဘုရားနှင့် တကွ သော သံဃာအား ပေးလှူခြင်းသည်ငြင်း။ ဘုရားပရိနိဗ္ဗာန် စံပြီးနောက် ဓာတ်တော် ရုပ်ထုတော် စေတီတော်နှင့် တကွသော သံဃာအား ပေးလှူခြင်းသည်ငြင်း ဗုဒ္ဓပမုခ ဘိက္ခုသံဃိကမည်၏။

ဗုဒ္ဓပမုခ–ဟူရာ၌ ဘုရားမရှိ၍ ဓာတ်တော် ရုပ်ပွားတော်နှင့်တကွ ပေးလှူရာ၌ ဓာတ်တော် ရုပ်ပွားတော်၏ အစုဖြစ်သော စားသောက်ဘွယ်ကို ထိုဓာတ်တော်ရုပ်ပွားတော်၌ စောင့်ရှောက်၍ ဝတ်ပြုသော

ရဟာန်းအား ပေးလှူခြင်းသည် (အဘအမွေကို သားက ခံယူဘိ သကဲ့သို့) ပေးလှူရာ၏။ လှူရာ၌ သံဃာအများကိုသော်လည်းဝေ ခြမ်း၍လှူရာ၏။

ဆီ ထောပတ်ကို မီးပူဇော်ခြင်း၊ အဝတ်အထည်ကို တန်ခွန် ပြုခြင်းတို့ဖြင့် ထိုစေတီတော်မှာပင် ပူဇော်ရာ၏။ ရှေးက ဆိုအပ်ခဲ့ပြီး သော နည်းအစဉ်ဖြင့် ရောက်ပြီး ရောက်ဆဲ ရောက်လတံ့သော သံဃာအား လှူခြင်းသည် ဗုဒ္ဓပမုခ သံဃိကမည်၏ဟု ဥပရိပဏ္ဏာသ အဋ္ဌကထာ အင်္ဂုတ္တရအဋ္ဌကထာတို့၌လာရှိ၏။

ထိုမှတပါး ကိုယ်တော်စစ်ဖြစ်သော ဘုရားရုပ်ပွားတော် မြတ်တို့ ကို အကြီးအမှူးမပြုဘဲ အရပ်လေးမျက်နှာရှိ သံဃာအားသာ လှူ ခြင်းသည် စတုဒိသာ သံဃိကမည်၏ဟု နဝနိပါတ် အင်္ဂုတ္တိုရ်ကျမ်း ဝေလာမသုတ်ပါဠိတော်၌လာသည်။ ထို့ကြောင့် မဟာဒက္ခိဏာဝိဘင်္ဂ သုတ်၌ သာဝသေသနည်းဖြင့် ဟောတော်မူအပ်သော သံဃိက ဒါန ၇ ပါး။ ကျမ်းတပါးတို့၌လာသော သံဃိက ၃ ပါးအားဖြင့် သံဃိကဒါနသည် ၁၀ ပါးဖြစ်သတည်း။

ဤသည်လျှင် သံဃိကဒါန အပြားကိုပြသော အခန်းပြီး၏

---

## သံဃိကဒါနအကျိုးကို ပြဆိုသောအခန်း

ဤသို့ ဆိုအပ်ခဲ့ပြီးသော သံဃိကဒါနကို ပေးလှူရာ၌ ရထိုက်သော အကျိုးအာနိသံသ ရှိသည်ကို မဟာဒက္ခိဏာဝိဘင်္ဂသုတ်၌....

ဘဝိဿန္တိ ခေါ ပနာနန္ဒ အနာဂတ မဒ္ဓါနံ ဂေါတြဘုနော ကာသာ ဝ ကဏ္ဌာ ဒုဿီလာ ပါပဓမ္မာ ပါပသမာစာရာ တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ။ တဒါပဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျံ ဝဒါမိ။ န တွေဝါဟံ အာနန္ဒ ကေနစိ ပရိယာယေန သံဃဂတာ ဒက္ခိဏာ ပါဋိပုဂ္ဂလိကဒါနံ မဟပ္ဖလ တရန္တိ ဝဒါမိ။

ဤသို့ ဟောတော်မူသည်။

အာနန္ဒ၊ ညီတော်အာနန္ဒာ။ ခေါပန၊ စင်စစ်အားဖြင့်ကား။ အနာဂတ မဒ္ဓါနံ၊ နောင်လာလတံ့သောအခါ၌။ ဂေါတြဘုနော၊ ရဟန်း၏ အနွယ်မျှသာ ဖြစ်ကုန်သော။ ကာသာဝ ကဏ္ဌာ၊ သင်္ကန်းကို လည်၌ ရစ်ပတ်ကုန်ထသော။ ပါပဓမ္မာ၊ ယုတ်မာသော သဘောရှိကုန်ထသော။ ပါပသမာစာရာ၊ယုတ်မာသော အကျင့်ရှိကုန်ထသော၊ ဒုဿီလာ၊ သီလမရှိသော ပုဂ္ဂိုလ်တို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတံ့။ တေသု ဒုဿီလေသု၊ ထိုသီလမရှိသော ပုဂ္ဂိုလ်တို့အား။ သံဃံ၊ သံဃာတော်ကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒဿန္တိ၊ ပေးလှူကြကုန်လတံ့။ အာနန္ဒ၊ ညီတော်အာနန္ဒာ။ တဒါပိ၊ ထိုသို့ပေးလှူသောအခါ၌လည်း။ သံဃဂတံ၊ သံဃာတော်ကိုရည်မှတ်၍ ပေးလှူအပ်သော။ ဒက္ခိဏံ၊ အလှူကို။ အသင်္ချေယျံ အပ္ပမေယျန္တိ၊ မရေတွက်နိုင် မပိုင်းမခြားနိုင်သော အကျိုးအာနိသင်ရှိ၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ အာနန္ဒ၊ ညီတော်အာနန္ဒာ။ ကေနစိ ပရိယာယေန၊ တစုံတခုသော အကြောင်းကြောင့်။ သံဃဂတာ ဒက္ခိဏာ၊ အပေါင်းဖြစ်သော သံဃာတော်ကိုရည်မှတ်၍ ပေးလှူအပ်သော သံဃိကအလှူထက်။ ပါဋိပုဂ္ဂလိက ဒါနံ၊ အသီးဖြစ်သောပုဂ္ဂိုလ်အား ပေးလှူအပ်သော ပုဂ္ဂလိက အလှူကို။ မဟပ္ဖလတရန္တိ၊ အကျိုး ကြီးမြတ်၏ ဟူ၍။ အဟံ။ ငါဘုရားသည်။ နတွေဝ ဝဒါမိ၊ ဟောတော်မမူသည်သာတည်း။

(အဓိပ္ပါယ်ကား) ညီတော်အာနန္ဒာသာသနာတော်ဆုတ်ယုတ်သည့် အနာဂတ်ကာလ၌ ရဟန်းတို့သည် ရဟန်းအနွယ်မျှသာရှိကြကုန်လိမ့်မည်။ သင်္ကန်းကို လည်ပင်း၌သာ ရစ်ပတ်၍ထားကြကုန်လိမ့်မည်။ ယုတ်မာသော အတွင်းသဘောရှိကြကုန်လိမ့်မည်။ မကောင်းသောအကျင့်ကို ကျင့်ကြကုန်လိမ့်မည်။ သီလမရှိသော ဒုဿီလပုဂ္ဂိုလ်တွေသာ ဖြစ်ကြကုန်လိမ့်မည်။ ထိုဒုဿီလပုဂ္ဂိုလ်တို့အားသံဃာတော်ကို ရည်စူး၍ လှူဘွယ်ဝတ္ထုကို ပေးလှူကြကုန်ငြားအံ့။ မရေတွက် မပိုင်းခြားနိုင်သော အကျိုးအာနိသင်ရှိ၏ ပုဂ္ဂလိကအလှူ

ထက် အကျိုးကြီးမြတ်သော အလှူဟူ၍ ငါဘုရား ဟောတော်မူသည်။

ဤသံဃိကဒါန၌ အယုတ်သဖြင့် သံဃာမှညွှန်ချ၍ ရအပ်သော ဒုဿီလပုဂ္ဂိုလ်အား မဖေါက်မပြန် သံဃာတော်ဟူသော အမှတ်ဖြင့် လေးမြတ်ကြည်ညိုစွာ ပေးလှူရခြင်းသည် ရဟန္တာအား ပုဂ္ဂလိကလှူရခြင်းထက် အကျိုးကြီးမြတ်လှ၏။

ထို့ကြောင့် ၎င်းသုတ်၏ အဖွင့်အဋ္ဌကထာ၌၊

သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿဟိ ခီဏာသဝေ ဒိန္န ဒါနတော ဥဒ္ဒိဿိတွာ ဂဟိတေ ဒုဿီလေ ဒိန္နံ မဟပ္ဖလ တရမေဝ။

ဤသို့ မိန့်တော်မူသည်။

ဟိသစ္စံ၊ ထိုစကားသ[ည်] မှန်လှစွာ၏။ သံဃေ၊ သံဃာတော်၌။ စိတ္တီကာရံ၊ ရိုသေလေးမြ[တ်]သော အခြင်းအရာကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တဿ၊ စွမ်းနိုင်သောသူအား။ ခီဏာသဝေ၊ ရဟန္တာပုဂ္ဂိုလ်အား။ ဒိန္နဒါနတော၊ ပေးလှူအပ်သော ပုဂ္ဂလိကအလှူထက်။ ဥဒ္ဒိဿိတွာ၊ သံဃာမှညွှန်၍။ ဂဟိတေ၊ ယူအပ်သော။ ဒုဿီလေ၊ သီလမရှိသော ဒုဿီလပုဂ္ဂိုလ်အား။ ဒိန္နံ၊ သံဃိကအဖြစ်ဖြင့်ပေးအပ်သောအလှူသည်။ မဟပ္ဖလ တရမေဝ၊ အလွန်ကြီးမြတ်သောအကျိုးရှိသည်သာလျှင်တည်း။

**အဓိပ္ပါယ်ကား။** အရဟတ္တ ဓဇ ဆင်မြန်းထားသော ပုဂ္ဂိုလ်မှန်လျှင် ထေရ်ကြီးဝါကြီးဖြစ်စေ။ ထေရ်ငယ်ဝါငယ် ဖြစ်စေ၊ အာဝါသိက ကျောင်းထိုင်ပုဂ္ဂိုလ်ဖြစ်စေ။ ခမ်းနေပုဂ္ဂိုလ် ဖြစ်စေ။ သာမဏေပင် ဖြစ်စေ။ တောထွက်ပုဂ္ဂိုလ်ပင်ဖြစ်စေ။ (သံဃေ စိတ္တီကာရ) ဟုဆိုအပ်သောသံဃာ၌အရိုအသေ ပြုသောအားဖြင့် ကြည်ညို၍ လှူဒါန်းပါမှ သံဃိက ဒါနမြောက်သည်။ သံဃေ စိတ္တီကာရ မရှိပါမူ သံဃိကဒါန မမြောက်ချေ။ တောထွက်ပုဂ္ဂိုလ် ဒုဿီလပုဂ္ဂိုလ် သာမဏေပင်ဖြစ်စေ သံဃေစိတ္တီကာရ ဖြစ်ပါမူ ရဟန္တာအားလှူရသော ပုဂ္ဂလိကဒါနထက် အကျိုးကြီး၏ဟု မှတ်ပါ။ ထို့ကြောင့်ကောင်းမှု

ကုသိုလ်တရားတို့၏ ကြီးပွား များ၊မြတ်ခြင်းကို အလိုရှိပါမူ သံဃေ စိတ္တဂ္ဂိကာရ ဖြစ်အောင်သာ လှူဒါန်းပူဇော်ကြပါကုန်။

ဤကား သံဃိကဒါနအကျိုးကို ပြဆိုသော အခန်း ပြီးစီးပါ သတည်း။

---

## ပုညကြိယာဒါန ဖြစ်ခြင်းအကြောင်း (၃) ပါး

တိဏ္ဏံ ဘိက္ခဝေ သမ္မုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုပုညံ ပသဝတိ။ ကတမေသံ တိဏ္ဏံ သဒ္ဓါယ ဘိက္ခဝေ သမ္မုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုပုညံ ပသဝတိ။ ဒေယျဓမ္မဿ ဘိက္ခဝေ သမ္မုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုပုညံ ပသဝတိ။ ဒက္ခိဏေယျာနံ ဘိက္ခဝေ သမ္မုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုပုညံ ပသဝတိ။ ဣမေသံ ခေါ ဘိက္ခဝေ သမ္မုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုပုညံ ပသဝတိ။

ဤသို့ တိက အင်္ဂုတ္တရ ပါဠိတော်၌ ဟောတော်မူသည်။

**အနက်ကား။** ဘိက္ခဝေ၊ ရဟန်းတို့။ တိဏ္ဏံ၊ သုံးပါးကုန်သော အကြောင်းတို့၏။ သမ္မုခီဘာဝါ၊ ထင်ရှားရှိခြင်းကြောင့်။ သဒ္ဓေါ၊ ဒါန၏အကျိုးကို ယုံကြည်တတ်သော။ ကုလပုတ္တော၊ အမျိုးကောင်း သားသည် ဗဟုပုညံ၊ များစွာသော ပုညကြိယာ ဒါနကုသိုလ်ကို။ ပသဝတိ၊ ပွားများ၏။ ကတမေသံ၊ အဘယ်သို့သဘောရှိကုန်သော။ တိဏ္ဏံ၊ သုံးပါးသော အကြောင်းတို့၏။ သမ္မုခီဘာဝါ၊ ထင်ရှားရှိခြင်းကြောင့်။ ဗဟုပုညံ၊ များစွာသော ပုညကြိယာ ဒါနကုသိုလ်ကို။ ပသဝတိ၊ ပွားများစေသနည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သဒ္ဓါယ၊ သဒ္ဓါတရား၏။ သမ္မုခီဘာဝါ၊ ထင်ရှားရှိခြင်းကြောင့်။ သဒ္ဓေါ၊ ဒါန၏ အကျိုးကို ယုံကြည်တတ်သော။ ကုလပုတ္တော၊ အမျိုးကောင်းသားသည်။ ဗဟုပုညံ၊ များစွာသော ပုညကြိယာဒါနကုသိုလ်ကို။ ပသဝတိ၊ ပွားများ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒေယျဓမ္မဿ၊ လှူဖွယ်ဝတ္ထု၏။ သမ္မုခီဘာဝါ၊ ထင်ရှား ရှိခြင်းကြောင့်။ သဒ္ဓေါ၊ ဒါန၏အကျိုးကို ယုံကြည်တတ်သော။ ကုလ

ပုဗ္ဗော၊ အမျိုးကောင်းသားသည်။ ဗဟုပုညံ၊ များစွာသော ပုညကြိယာဒါနကုသိုလ်ကို။ ပသဝတိ၊ ပွားများ၏။ ဘိက္ခဒဝ၊ ရဟန်းတို့။ ဒက္ခိဏေယျာနံ၊ အလှူခံပုဂ္ဂိုလ်တို့၏။ သမ္ပုဒါဘာဝါ၊ ထင်ရှားရှိခြင်းကြောင့်။ သဒ္ဓေါ၊ ဒါန၏အကျိုးကို ယုံကြည်တတ်သော။ ကုလပုတ္တော၊ အမျိုးကောင်းသားသည်။ ဗဟုပုညံ၊ များစွာသော ပုညကြိယာကုသိုလ်ကို။ ပသဝတိ၊ ပွားများ၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ ခေါ၊ စင်စစ်။ ဣမေသံ တိဏ္ဏံ၊ ဤသုံးပါးသော အကြောင်းတို့၏။ သမ္ပုဒါဘာဝါ၊ ထင်ရှားရှိခြင်းကြောင့်။ သဒ္ဓေါ၊ ဒါန၏အကျိုးကို ယုံကြည်တတ်သော။ ကုလပုတ္တော၊ အမျိုးကောင်း သားသည်။ ဗဟုပုညံ။ များစွာသော ပုညကြိယာ ဒါနကုသိုလ်ကို။ ပသဝတိ၊ ပွားများ၏။

**အဓိပ္ပါယ်ကား။** ချစ်သား ရဟန်းတို့၊ အကြောင်းသုံးပါးထင်ရှားပြည့်စုံသည်ရှိသော် ဒါန၏အကျိုးကို ယုံကြည်သော သူတော်ကောင်းသည် အလှူပေးခြင်း တည်းဟူသော ကောင်းမှု ကုသိုလ်တရားကို ပွားများစေနိုင်၏။ သုံးပါးဟူသည်ကား....

(၁) သဒ္ဓါတရားသည်လည်းအကြောင်းတပါး။
(၂) လှူဘွယ်ဝတ္ထုသည်လည်း အကြောင်းတပါး။
(၃) အလှူခံပုဂ္ဂိုလ်သည်လည်း အကြောင်းတပါး။

ဤအကြောင်း (၃) ပါး ထင်ရှား စုံညီသည် ရှိသော် ဒါနပုညကြိယာကုသိုလ် ထမြောက်အောင်မြင်၏။

ထိုအကြောင်း ၃ ပါးတို့တွင် ၂ လှူဘွယ်ဝတ္ထု။ ၃ အလှူခံပုဂ္ဂိုလ်၊ ဤနှစ်ပါးကား ရလွယ်သော အကြောင်းဖြစ်၏။ ၁ သဒ္ဓါတရားတည်းဟူသော အကြောင်းသည်သာ ရခဲ၊ ရှိခဲ၊ ဖြစ်ခဲသည်။ အဘယ့်ကြောင့်နည်းဟူမူ လှူဘွယ်ဝတ္ထုမှာ အမွန်အမြတ်မရသာလျှင် အနည်းဆုံး စားဦးထမင်း တယောင်းချို တယောက်မ သစ်သီးတလုံး ပန်းတပွင့်မျှပင် ဖြစ်သော်လည်း လှူဘွယ်ဝတ္ထုဖြစ်တော့သည်။ အလှူခံ ပုဂ္ဂိုလ်မှာလည်း ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်မရှိခဲ့လျှင် အယုတ်သမြင့် ခွေး, ဝက်, ကြက်, ငှက်, တိရစ္ဆာန်ပင် ဖြစ်သော်လည်း

အလှူခံပုဂ္ဂိုလ် မည်တော့သည်။ သဒ္ဓါတရားမှာမူကား— ခပ်သိမ်းသောသတ္တဝါတို့သည် အစမထင် သံသရာတခွင်၌ ကျင်လည်ရသော အခါ တရားစကားကြားနာရခြင်းသည် အလွန်တရာ နည်းပါးသည်။ ဘဝအသင်္ချေတွင် တဘဝခန့်မျှ မကြားနာရချေ။ ယင်းသို့မကြားမနာရသောသောကြောင့် ဒါန၏အကျိုးအာနိသင်ကိုလည်းမသိ။ လောဘ ဒေါသ, မောဟ စသော ကိလေသာ တရားဖုံးလွှမ်း မြွေးယှက်ခြင်း အားကြီးသည်ဖြစ်၍ မိမိဥစ္စာကို အနည်းငယ်ပင် ဖြစ်သော်လည်း မပေးရက် မစွန့်ရက် အလွန်ပင် နှမြောစုံမက်တတ်သည်။ ထို့ကြောင့် သဒ္ဓါတရား တည်းဟူသော အကြောင်းသည်သာ ရခဲ, ရှိခဲ, ဖြစ်ခဲသည်။

ထိုသို့ဖြစ်ခဲလှစွာသော သဒ္ဓါတရားကို အဘယ်သို့သော အကြောင်းဖြင့် ဖြစ်စေရာသနည်းဟူမူ အထူးသဖြင့် ကြည်ညိုနှစ်သက်ဘွယ်သော သုတ္တန်တရားတော်မြတ်ကို နာခံမှတ်သားရသဖြင့်လည်း သဒ္ဓါတရားကိုဖြစ်စေရာသည်။ ခပ်သိမ်းသောသတ္တဝါအပေါင်းတို့သည် မသေဘဲအမြဲနေရသည်မဟုတ် သေမျိုးချည်းဖြစ်ကြချေသည်။ မင်မျိုး,ပုဏ္ဏားမျိုး,သူကြွယ်မျိုး သူဆင်းရဲမျိုးတည်းဟူသော အမျိုးလေးပါးတို့သည်၎င်း၊ လူငယ်လူလတ် လူအို အရွယ်သုံးပါတို့သည်၎င်း၊ ယုတ်သောသူ အလယ်အလတ်စားရှိသောသူ အမြတ်စားရှိသောသူ သုံးပါးတို့သည်၎င်း၊ ပညာရှိသူ ပညာမရှိသူတို့သည်၎င်း၊ ယောကျ်ားမိန်းမတို့သည်၎င်း၊ တစုံတခုသော အမျိုး၊ တစုံတယောက်သောသူကိုမျှ သေမင်းမညှာတာချေ။ တရာ့တစင်း ထီးဆောင်းမင်းတို့ကို နှိမ်နင်းစိုးအုပ်လျက် လက်နက်ကြီးယာ ဗိုလ်ပါဆင်မြင်း မရေမတွက်နိုင် များစွာရှိသော မင်းပင်ဖြစ်ငြားသော်လည်း သေမင်းကိုစစ်မဖက်နိုင်ချေ။ ဘုံသုံးပါးတွင် ကျင်လည်သမျှ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် သေမင်း၏အလိုသို့သာ လိုက်ရသဖြင့် အမြဲသေကြရမည် အမှန်ဖြစ်ချေသည်။ ငါသည်လည်း ကေန်မချွတ် သေရလိမ့်မည်ဟူ၍ ခန္ဓာကိုယ်၏အမြဲမနေ သေရဦးမည်ကို ဆင်ခြင်အောက်မေ့သဖြင့်လည်း သဒ္ဓါတရားကိုဖြစ်စေရာသည်။ ဤသို့သေခြင်းမှ မလွတ်

မကင်းနိုင်သည့်ကို ဆင်ခြင်အောက်မေ့၍ သဒ္ဓါတရားကိုဖြစ်စေရာသည်ဟု ကျမ်းဂန်တို့၌လာသည်ကို ထုတ်နှုတ်၍ ဘုံခန်းပျို့တွင်....

တရားတစင်း၊ လက်နက်သွင်းသား၊ မင်းလျှင်လည်းဖြစ်၊
သေမင်းစစ်ကို၊ မလှစ်နိုင်ချေ၊ ကိုယ်သက်သေက၊ လေပွေခတ်
သွင်၊ အင်ကြွင်းပင်သို့....

ဤသို့ အရှင်အဂ္ဂသမာဓိ စပ်ဆိုတော်မူသည်။

အိမ်ရာမီးလောင်သောအခါ အဆွေခင်ပွန်းကောင်းတို့လာ၍ ဥစ္စာပစ္စည်းကို ထုတ်ဆောင်သယ်ပိုးလျက် မပျောက်မပျက်ရအောင် စောင့်ရှောက်သိမ်းဆည်း၍ မီးငြိမ်းသည့်နောက်မှ ပို့အပ် လာသည်ရှိသော် ထိုဥစ္စာပစ္စည်းကို အလိုရှိတိုင်း သုံးဆောင် ရသကဲ့သို့ ဤငါ၏ခန္ဓာကိုယ်သည်ကား အိမ်နှင့်တူ၏။ သေမင်း နှိပ်စက်သော အခါကား မီးလောင်သောအခါနှင့်တူသည်။ အလှူခံပုဂ္ဂိုလ်တို့သည်ကား ဥစ္စာပစ္စည်းကို အိမ်ကထုတ်ဆောင်သယ်ပိုးလျက် မပျောက်မပျက်ရအောင် သိမ်းဆည်းစောင့်ရှောက်၍ နောက်မှပို့အပ်လာသော အဆွေခင်ပွန်းကောင်းနှင့် တူပေသည်။ မပေးမလှူ ထားချေမူကား အဆွေခင်ပွန်းကောင်းလာ၍ သယ်ပိုး ထုတ်ဆောင် လိုသည်ကို ခွင့်မပေးသောကြောင့် မီးလောင်သဖြင့် အကျိုးမဲ့ပျက်စီး၍ မသုံးဆောင်ရသကဲ့သို့ ဤခန္ဓာကိုယ်ပျက်စီးသဖြင့် ဥစ္စာရှင်များ ဥစ္စာကိုစွန့်၍ သွားရသည်ရှိသော် မှူး ပဲ ချင်ရွေးခန့်မျှ ဥစ္စာရှင်၏ နောက်သို့မလိုက်ပါဘဲ စုပုံ၍သာ ရှိရစ်လေသဖြင့် အနည်းငယ်မျှအကျိုးမရှိရာ။ ဤခန္ဓာကိုယ်မပျက်မစီးမီ ဒါနတည်းဟူသော ဥစ္စာကို အလှူခံ ပုဂ္ဂိုလ်တို့အား စွန့်ထားရမည်ဟု သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်ကြီးနှင့် ဒေဝတာသံယုတ်ပါဠိတော်ကြီးတို့၌ ပါရှိသော တရားဒေသနာကို ထုတ်နှုတ်၍ ပါရမီခန်း ကဗျာတွင်....

ဟူးဟူးထိန်ပြောင်၊ အိမ်မီးလောင်ဝယ်၊ ဥစ္စာဆယ်သို့၊
သွယ်လှယ်စင်းလျင်း၊ သေမင်းသူညစ်၊ မီးတုတ်ပြစ်က၊
ဆုတ်နစ်ခန္ဓာ၊ လောင်သောခါ၌၊ ဥစ္စာဆယ်ဘော်၊ ရပါ

တော်၍၊ လိုက်လျှော်ငါတွင်၊ ကျေးဇူးတင်ဘု၊ သိမြင်သော
လျောက်၊ ကြံအောက်မေ့ထွေ၊ မြှော်နိုးစေလော။

ဤသို့ အရှင်မဟာသီလဝံသ စပ်ဆိုတော်မူသည်။

ဇရာ မီးကြီးသည် ဟူးဟူး ယိန်ပြောင် ဤခန္ဓာအိမ်ကို လောင်နေသည်။

မရဏာ မီးကြီးသည် ဟူးဟူးထိန်ပြောင် ဤခန္ဓာအိမ်ကို လောင်လိမ့်မည်။

ဒါနတည်းဟူသော ဥစ္စာထုပ်ကို မီးမှ ကယ်ဆယ်လာကြသူ အလှူခံ ပုဂ္ဂိုလ်တို့အားပေးလှူ၍ထားကြပါလော-အပ်နှံ၍ထားကြပါလော။

ရွှေငွေစသော လောကီဥစ္စာရတနာသည်ကား ရေ မီး မင်း ခိုးသူ မချစ်မနှစ်သက်လိုသော သူတည်းဟူသော ရန်သူမျိုး ငါးပါးတို့တွင် တပါးပါးနှောက်ယှက်၍ ပျက်စီး ကုန်ပျောက်တတ်သောကြောင့် အတည် အမြဲမရှိချေ။ တခဏမျှတည်းခိုသော ဧည့်သည်နှင့်သာတူသည်။ ဥစ္စာကိုအမှီပြု၍ မျက်မှောက်ဘဝ၌ပင် ဘေးဥပါဒ် အန္တရာယ်တို့သည် ရောက်တတ်သောကြောင့် အနှစ်သာရမရှိ အကာအတိသာ ဖြစ်ချေသည်။ တမလွန်ဘဝ၌လည်း ဥစ္စာကိုတပ်မက်မော၍ သေလွန်သည် ရှိသော် သုဂတိဘဝကိုမရ အပါယ်လေးပါးသို့ လားရ တတ်သည်။ များသောအားဖြင့်ကား အစာအာဟာရကို မစားရသဖြင့် အလွှန်တရာ မွတ်သိပ် ဆာလောင်ခြင်း ဆင်းရဲကို ခံရသော ပြိတ္တာဘုံသို့ ရောက်တတ်သည်။ မျက်မှောက် တမလွန်နှစ်ပါးလုံး၌ ဆုံးပါး ပျက်စီးရခြင်းသည်ကား ဥစ္စာကြောင့်သာ ဖြစ်ချေသည်။ သဒ္ဓါစေတနာနှင့်တကွ တကြိမ်ပေးလှူသော ဒါနသည်ပင် အသချေ်ယျ အပ္ပမေယျ မရေမတွက်နိုင်သော ကောင်းကျိုးချမ်းသာကို ပေးတတ်၏ဟု ကျမ်းဂန်တို့၌ လာရှိသည်။

အလှူပေးခြင်းတည်းဟူသော ဝိဝဋ္ဋနိဿိတ ပုညကြိယာ ပါရမီ ကုသိုလ်တရား ပွားများပြည့်စုံအောင် ကျိုးစားအားထုတ် ကြစေလိုကြောင်း နှိုးဆော်လိုက်သည်။

## ရဟန်းဒုဿီလ လှူရသောအကျိုး

ယခင်ကပြခဲ့သော အလှူခံအပြား (၁၄)ပါးတွင်ရဟန်းဒုဿီလ ပုဂ္ဂိုလ်မပါသောကြောင့် ရဟန်းဒုဿီလသည် အလှူခံပုဂ္ဂိုလ်မထိုက် လှူသူမှာ ကုသိုလ်မဖြစ်ဟု ဆိုကြကုန်၏။ ရဟန်း ဒုဿီလသည် လူ ဒုဿီလထက် ဆယ်ပါးသောအကြောင်းတို့ဖြင့် ဆယ်ဆ သာသော အကြောင်းကို မိလိန္ဒပဉှာတွင် လာရှိသည်။

မိလိန္ဒပဉှာဝတ္ထု စာမျက်နှာ (၄၆၄) ၌
(၉) သမဏ ဒုဿီလ ဂိဟိဒုဿီလ ပဉှာ

### ရဟန်းနှင့်လူ သီလမဲ့ခြင်းတူသော်လည်း ခြားနားချက်

မိလိန္ဒမင်းသည် အရှင်ဘုရား လူဒုဿီလအားငှင်း ရဟန်းဒုဿီ သအားငှင်း အထူးအဘယ်သို့ရှိအံ့နည်း။ အကြောင်း အဘယ်သို့ နည်း။ ထိုနှစ်ယောက်သောသူတို့သည် တူမျှသော အလားရှိကြကုန် သလော နှစ်ယောက်သောသူတို့အား မျှသော အကျိုးရှိသလော ထိုသို့မဟုတ်မူကား စိုးစဉ်းအကြောင်းထူးသည် ရှိသလောဟုဆို၏။

**ပါဠိကား။** ဘန္တေနာဂသေန ဂိဟိဒုဿီလဿစ သမဏ ဒုဿီ လဿစ ကောဝိသေသော ကိံနာနာကရဏံ ဥဘောပေတေ သမ သမ ဂတိကာ ဥဘိန္နမ္ပိ သမသမော ဝိပါကော ဟောတိ ဥဒါဟု ကိဉ္စိ နာနာကရဏံ အတ္ထီတိ။

**အနက်ကား။** ဘန္တေ နာဂသေန၊ အရှင်ဘုရား နာဂသေန မထေရ်။ ဂိဟိဒုဿီလဿစ၊ လူဖြစ်သော ဒုဿီလပုဂ္ဂိုလ်အားလည်း ကောင်း။ သမဏဒုဿီလဿစ၊ ရဟန်းဖြစ်သော ဒုဿီလပုဂ္ဂိုလ်အား လည်းကောင်း၊ ဝိသေသော၊ အထူးသည်။ ကော၊အဘယ်သို့နည်း။ နာနာကရဏံ၊ အထူးထူးသောအကြောင်းကား။ ကိံ၊ အသို့နည်း။ ဥဘောပိ၊ နှစ်ယောက်လည်းဖြစ်ကုန်သော။ ဧတေ၊ ဤသူတို့သည်၊ သမ သမ ဂတိကာ၊ အညီအမျှသော အလား ရှိကုန်သလော။ ဥဘိန္နမ္ပိ၊ နှစ်ယောက်သောသူတို့အားလည်း။ သမသမော၊ အညီ

အမျှသော၊ ဝိပါကော၊ အကျိုးသည်။ ဟောတိ၊ ဖြစ်ရာသလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ကိဉ္စိ၊ စိုးစဉ်းမျှသော။ နာနာကရဏံ၊ ထူးသော အကြောင်းသည်။ အတ္ထိ၊ ရှိလေသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

သီလမဲ့ရဟန်း၏ဂုဏ် (၁၀) ပါး အဖြေကား

မင်းကြီး ရဟန်း ဒုသီလအား ဆယ်ပါးသော ဂုဏ်ကျေးဇူးတို့သည် လူဒုသီလထက် အထူးသဖြင့်လွန်ကုန်၏။ ဆယ်ပါးသော အကြောင်းတို့ဖြင့်လည်း လွန်မြတ်သည်ဖြစ်၍ အလှူရေစက်ကို သုတ်သင်နိုင်၏။ လူဒုသီလထက် ရဟန်းဒုသီလအား ဆယ်ပါးသော ဂုဏ်ကျေးဇူးတို့သည် အထူးသဖြင့် အဘယ်သို့လွန်သနည်း ဟူမူကား....

မင်းကြီး ဤသာသနာတော်၌ ရဟန်းဒုသီလ ပုဂ္ဂိုလ်သည်....

(၁) ဘုရားရှင်၌ ရိုသေခြင်းရှိသည်။
(၂) တရားတော်၌ ရိုသေခြင်းရှိသည်။
(၃) သံဃာတော်၌ ရိုသေခြင်းရှိသည်။
(၄) သီတင်းသုံးဘော်တို့၌ ရိုသေခြင်းရှိသည်။ ပါဠိသင်ခြင်း အဋ္ဌကထာသင်ခြင်း၌ လုံ့လရှိသည်။
(၅) များသော နာခြင်း ကြားခြင်းရှိသည်။
(၆) မင်းကြီး သီလပျက်စီးသော်လည်း ရဟန်းဒုသီလသည် ပရိသတ်သို့ရောက်သော် ရဟန်း၏အသွင်အပြင်ကို ဖြစ်စေသည်။
(၇) ကဲ့ရဲ့အံ့သော ဘေးကို ကြောက်သဖြင့် ကိုယ်နှုတ်ကို စောင့်ရှောက်သည်။
(၈) ကမ္မဋ္ဌာန်းကိုရှေးရှုသောစိတ်ရှိသည်။
(၉) ရဟန်း၏အဖြစ်သို့ကပ်သည်။
(၁၀) ဒုသီလပုဂ္ဂိုလ်သည် မကောင်းမှုကို ပြုသော်လည်း ဖုံးလွှမ်း၍ကျင့်၏။

မင်းကြီး ဥပမာသော်ကား လင်ရှိသော မိန်းမသည် ဆိတ်ကွယ်ရာအရပ်၌သာလျှင် ဖုံးလွှမ်းလျှို့ဝှက်၍ မကောင်းမှုကို ကျင့်သကဲ့သို့

ထို့အတူ မင်းကြီး ရဟန်းဒုဿီလပုဂ္ဂိုလ်သည် မကောင်းမှုကို ကျင့်သော်လည်း ဖုံးလွှမ်း၍လျှို့ဝှက်၍ကျင့်၏။

မင်းကြီး ဤဆယ်ပါးသော ဂုဏ်ကျေးဇူးတို့သည် ရဟန်းဒုဿီလအား လူဒုဿီလထက် အထူးအားဖြင့်လွန်၏။

**အလှူခံမြောက်သော ကျေးဇူး (၁၀) ပါး**

ဆယ်ပါးသော အကြောင်းတို့ဖြင့် လွန်စွာအလှူရေစက်ကိုအဘယ်သို့ သုတ်သင်သနည်းဟူမူကား....

(၁) အပြစ်မရှိသော ပရိက္ခရာတို့ကို ဆောင်တတ် သောကြောင့်လည်း အလှူရေစက်ကိုသုတ်သင်၏။

(၂) ဦးပြည်းသော ရသေ့ရဟန်း၏ အသွင်အပြင်ကို ဆောင်သောကြောင့်လည်း အလှူရေစက်ကိုသုတ်သင်၏။

(၃) သံဃာတော်ဟု မှတ်အပ်သော အယူသို့ ဝင်သည်၏အဖြစ်ကြောင့်လည်း အလှူရေစက်ကိုသုတ်သင်၏။

(၄) ဘုရား တရား သံဃာ ရတနာကို ကိုးကွယ် ဆောက်တည်ခြင်းသို့ ရောက်သည်၏ အဖြစ်ကြောင့်လည်း အလှူရေစက်ကိုသုတ်သင်၏။

(၅) ကမ္မဋ္ဌာန်းအိမ်၌ နေလေ့ ရှိသောကြောင့်လည်း အလှူရေစက်ကိုသုတ်သင်၏။

(၆) ဘုရားရှင် သာသနာတော်မြတ်ကို ဆောင်သော သူကို ရှာလေ့ ရှိသောကြောင့်လည်း အလှူရေစက်ကို သုတ်သင်၏။

(၇) မြတ်သော တရားဒေသနာကို ဟောတတ်သောကြောင့်လည်း အလှူရေစက်ကိုသုတ်သင်၏။

(၈) တရားတည်းဟူသော ဆီမီး၏တည်ရာ လားရာရှိသောကြောင့်လည်း အလှူရေစက်ကိုသုတ်သင်၏။

(၉) ဘုရားရှင်သည် လောကသုံးပါးထက်မြတ်၏ဟု ကောင်းဖြောင့်မတ်သော အယူရှိသည်၏ အဖြစ်ကြောင့်လည်း အလှူရေစက်ကို သုတ်သင်၏။

(၁၀) ဥပုသ်ဆောက်တည်သောအားဖြင့်လည်း အလှူရေစက်ကို သုတ်သင်၏။

မင်းကြီး ဤဆယ်ပါးသော အကြောင်းတို့ဖြင့် ဒါယကာတို့၏ အလှူရေစက်ကို လွန်စွာသုတ်သင်နိုင်၏။

မင်းကြီး ဖောက်ပြန်သော အကျင့်ရှိသောရဟန်းဒုဿီလ ပုဂ္ဂိုလ်သည် ဒါယကာတို့၏ အလှူရေစက်ကို သုတ်သင်နိုင်၏။

မင်းကြီး ဥပမာ သော်ကား.... နောက်သော ရေသည် ညွန်ပျောင်းရွှံ့ကို ပယ်နိုင်သကဲ့သို့ ထို့အတူ မင်းကြီး ဖောက်ပြန်သော အကျင့်ရှိသော ရဟန်း ဒုဿီလ ပုဂ္ဂိုလ်သည် ဒါယကာတို့၏ အလှူရေစက်ကို သုတ်သင်နိုင်၏။

မင်းကြီး ဥပမာ တနည်းသော်ကား....ကျိုက်ကျိုက် ဆူသော ရေပူသည် မီးပုံကြီးကို ငြိမ်းစေနိုင်သကဲ့သို့ ထို့အတူ မင်းကြီး ရဟန်း ဒုဿီလ ပုဂ္ဂိုလ်သည် ဒါယကာတို့၏ အလှူရေစက်ကို သုတ်သင်နိုင်၏။

မင်းကြီး ဥပမာတနည်းသော်ကား....ဘောဇဉ်သည် အရသာမရှိသော်လည်း ဝတ်မွတ်ခြင်း, အားနည်းခြင်းကို ပယ်တတ်သကဲ့သို့ ထို့အတူ မင်းကြီး ဖောက်ပြန်သော အကျင့်ရှိသော ရဟန်း ဒုဿီလ ပုဂ္ဂိုလ်သည် ဒါယကာတို့၏ အလှူရေစက်ကို သုတ်သင်တတ်၏။

မင်းကြီး ထိုအကြောင်းကိုလည်း နတ်ဘကာတို့ထက် နတ်မြတ်ဖြစ်တော်မူသော ဘုရားရှင်သည် မဇ္ဈိမနိကာယ် ဒက္ခိဏာဝိဘင်္ဂသုတ္တန်၌ ဟောတော်မူအပ်၏။

ပါဠိကား....ယော သီလဝါ ဒုဿီလေသု ဒဒါတိ ဒါနံ ဓမ္မေန လဒ္ဓံ သုပ္ပသန္နစိတ္တော။

အဘိ သဒ္ဒဟံ ကမ္မဖလံ ဥဠာရံ သာ ဒက္ခိဏာ ဒါယကတော ဝိသုဇ္ဈတီတိ။

**အနက်ကား**။ ယော၊ အကြင်ဒါယကာသည်။ သီလဝါ၊ သီလနှင့်ပြည့်စုံ၏။ သော သီလဝါ၊ ထိုသီလနှင့်ပြည့်စုံသော ဒါယကာ

သည်။ ဒုဿီလေသု၊ သီလမရှိသော ပုဂ္ဂိုလ်တို့အား။ ဓမ္မေန၊တရား နှင့်လျော်သဖြင့်။ လဒ္ဓံ၊ ရအပ်သော။ ဒါနံ၊ အလှူဝတ္ထုကို။ ဒဒါတိ၊ လှူ၏။ သုပ္ပသန္နစိတ္တော၊ ကြည်လင်သောစိတ်ရှိ၏။ ဥဠာရံ၊ မွန်မြတ် သော။ ကမ္မဖလံ၊ ကံ၏အကျိုးကို။ အဘိသဒ္ဒဟံ၊ ယုံကြည်၏။ သာ ဒက္ခိဏာ၊ ထိုအလှူဝတ္ထုသည်။ ဒါယကတော၊ အလှူဒါယကာ ကြောင့်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။

(အရှင်ဘုရား အံ့ဘွယ်ရှိပေစွတကား။ အရှင်ဘုရား မဖြစ်ဘူး လေစွတကား)

## ဤသို့ မိလိန္ဒပဉှာ၌ ပါရှိသော ဒုဿီလ အလှူခံပုဂ္ဂိုလ်၏ ဂုဏ် (၁၀) ပါး

ဒုဿီလ အလှူခံ ပုဂ္ဂိုလ်၏ အလှူခံမြောက်သော ကျေးဇူး ၁၀ ပါးတို့ကို ထောက်၍ အလှူခံပုဂ္ဂိုလ်တို့အား ဝမ်းမြောက်ကြည် လင်စွာဒါနပြုကြရာသည်။ထိုမှတပါး သူတော်ကောင်းအလှူခံပုဂ္ဂိုလ် အရိယာအလှူခံပုဂ္ဂိုလ်တို့သည်လည်း သူတော်ကောင်း ဖြစ်ပါသည် အရိယာ ဖြစ်ပါသည်ဟု ပြောဆို၍ အလှူခံကြလိမ့်မည် မဟုတ်။ သူတော်ကောင်း ဟူသောအမှတ်။ အရိယာဟူသော အမှတ်ဖြင့် သာ လှူဒါန်းတတ်ကြရာသည်။ ထိုမှတပါး အမြဲပြုသော ကုသိုလ် ကောင်းမှုရှိသော သူတို့သည်သောတာပန်နှင့် တူ၍ သုဂတိ ဘဝ ကိုသာ အမြဲလားရကုန်၏။ ထို့ကြောင့် ဒသနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌ ကထာ၌....

ယေသံပန ကုလာနံ တီဏိ သရဏာနိ။ ပဉ္စသီလာနိ
ဝါ သလာက ဘတ္တံ ဝါ ပက္ခိက ဘတ္တံ ဝါ
ဝဿဝါသိကံ ဝါ ပေါက္ခရဏီ ဝါ အာဝါ
သောတိ၊ ဧဝရူပါနိ နိဗ္ဗုပုညာနိ အတ္ထိ၊ တေသံ ဂတိ
နိဗ္ဗဒ္ဓါနိ သောတာပန္န သဒိသာနေဝ တာနိ။

ဤသို့မိန့်တော်မူသည်။

အနက်ကား ပန်၊ အဟူးကိုဆိုအံ့။ ယေသ ကုလာနံ၊ အကြင် အမျိုးသား အမျိုးသမီးတို့အား။ တိဏ္ဏံ သရဏာနံ၊ သရဏဂုံသုံးပါး ဆောက်တည်ခြင်းတို့သည်ရှင်း၊ ပဉ္စသီလာနံ၊ ငါးပါးသီလဆောက် တည်ခြင်းတို့သည်ရှင်း။ ကေသလာက ဘတ္တံ၊ စာရေးတံ ဆွမ်းတဝတ် လှူခြင်းသည်ရှင်း။ ကေ ပက္ခိက ဘတ္တံ၊ လဆန်းပက္ခ လဆုတ်ပက္ခ၌ လှူသော ဆွမ်းတဝတ်သည်ရှင်း။ ကော ဝဿာဝါသိကံ၊ ဝါဆို သင်္ကန်း တထည်ရှင်း။ ကော ပေါက္ခရဏီ၊ ရေကန်တခုသည်ရှင်း။ ကော အာဝါသော၊ တဆောင်သောကျောင်းသည်ရှင်း။ ဇွတိ ဝေ ရူပါနိ၊ ဤသို့ သဘောရှိကုန်သော။ နိဗဒ္ဓ ပုညာနိ၊ အမြဲပြုသော ကုသိုလ်ကောင်းမှုတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တေသံ ကုလာ နံ၊ ထိုအမျိုးသား အမျိုးသမီးတို့အား။ ဂတိနိဗဒ္ဓါနိ၊ မြဲသောသုဂတိ ဘဝရှိကုန်၏။ ဝါ၊အမြဲပင်သုဂတိဘဝသို့လားရကုန်၏။ တာနိကုလာ နိ၊ ထိုအမျိုးသား အမျိုးသမီးတို့သည်။ သောတာ ပန္န သဒိသာနေဝ၊ သောတာပန်နှင့်အလားတူသည်သာ ဖြစ်ကုန်၏။

## အဓိပ္ပါယ်အကျဉ်း လိုရင်းကား

(၁) သရဏဂုံ သုံးပါးအမြဲဘည်သောသူသည် သောတာပန် နှင့်တူ၏။

(၂) ငါးပါးသီလ အမြဲတည်သောသူသည် သောတာပန်နှင့် တူ၏။

(၃) စာရေးတံ ဆွမ်းတဝတ် လှူသောသူသည် သောတာပန် နှင့်တူ၏။

(၄) လဆန်းပက္ခ လဆုတ်ပက္ခ၌ ဆွမ်းလှူသောသူသည် သော တာပန်နှင့်တူ၏။

(၅) ဝါဆိုသင်္ကန်းလှူသောသူသည် သောတာပန်နှင့်တူ၏။

(၆) ရေကန်လှူသောသူသည် သောတာပန်နှင့်တူ၏။

(၇) ကျောင်း တဆောင် လှူသောသူသည် သောတာပန်နှင့် တူ၏။

ထိုသူတို့သည် အမြဲကုသိုလ်ကောင်းမှုဖြစ်၍ နေကြကုန်၏။
ထိုသူတို့သည် အမြဲသုဂတိဘဝသို့ လားကြရကုန်၏။
ထိုသူတို့သည် သောတာပန်နှင့် အလားတူ၍ နေကြကုန်၏။
သဂါထာဝဂ္ဂ သံယုတ် ပါဠိတော် ဒေဝတာသံယုတ် အာဒိတ္တ ဝဂ်၌လည်း....

အန္နဒေါ ဗလဒေါ ဟောတိ၊ ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ။
ယာနဒေါ သုခဒေါ ဟောတိ၊ ဒီပဒေါ ဟောတိ စက္ခုဒေါ။
သောစ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ။
အမတံ ဒဒေါစ သော ဟောတိ၊ ယော ဓမ္မ မနုသာ သတိတိ။ ။

ဤသို့ဟောတော်မူသည်။

**အနက်ကား** အန္နဒေါ၊ ဆွမ်းဟူသော အလှူကို လှူသောသူ သည်။ ဗလဒေါ၊ ခွန်အားကိုလှူသည်။ ဟောတိ၊ ဖြစ်၏။ ဝတ္ထဒေါ၊ အဝတ်သင်္ကန်းကိုလှူသောသူသည်။ ဝဏ္ဏဒေါ၊ အဆင်းကိုလှူသည်။ ဟောတိ၊ ဖြစ်၏။ ယာနဒေါ၊ ယာဉ်ဟူသော အလှူကို လှူသောသူ သည်။ သုခဒေါ၊ ချမ်းသာကိုလှူသည်။ ဟောတိ၊ ဖြစ်၏။ ဒီပဒေါ၊ ဆီမီးဟူသော အလှူကို လှူသောသူသည်။ စက္ခုဒေါ၊ ဒိဗ္ဗစက္ခုကိုလှူ သည်။ ဟောတိ၊ ဖြစ်၏။ ယော၊ အကြင်သူသည်။ ဥပဿယံ၊ ကျောင်းဟူသော အလှူကို။ ဒဒါတိ၊ ပေးလှူ၏။ သောစ၊ ထိုသူ သည်လည်း။ သဗ္ဗဒဒေါ၊ အလုံးစုံကို ပေးလှူသောသူ မည်သည်။ ဟောတိ၊ ဖြစ်၏။ ယော၊ အကြင် သူသည်။ ဓမ္မံ၊ ပါဠိတော်ကို သင်စေခြင်း အဋ္ဌကထာကိုဆိုခြင်း ပြဿနာကိုဖြေခြင်း ကမ္မဋ္ဌာန်း ကိုကြားခြင်း တရားနာခြင်းဟု ဆိုအပ်သော ဓမ္မ အနုသာသနကို။ အနုသာသတိ၊ ဆုံးမ၏။ သော၊ ထိုသူသည်။ အမတံ ဒဒေါ၊ အမြိုက် နိဗ္ဗာန်ကို ပေးလှူသောသူမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။

## အဓိပ္ပါယ်အကျဉ်း လိုရင်းကား

(၁) ဆွမ်းကိုလှူသောသူသည် ခွန်အားကိုလှူသောသူဖြစ်၏။
(၂) အဝတ်သက်န်းကို လှူသောသူသည် အဆင်းကို လှူသော-သူ ဖြစ်၏။
(၃) ယာဉ်ကိုလှူသောသူသည် ချမ်းသာကိုလှူသောသူ ဖြစ်၏။
(၄) ဆီမီးကိုလှူသောသူသည် နတ်မျက်စိကိုလှူသောသူဖြစ်၏။
(၅) ကျောင်းကို လှူသော သူသည် အလုံးစုံကို လှူသောသူ ဖြစ်၏။
(၆) ပါဠိအဋ္ဌကထာကိုပို့ချခြင်း၊ ကမ္မဋ္ဌာန်းပြခြင်း၊ ပြဿနာ ဖြေခြင်း၊ ပွော်နသာသနကို ဆုံးမခြင်းသည် နိဗ္ဗာန်ကို လှူသောသူဖြစ်၏။

---

## ဒါနပြုရာ၌ အကျိုးသုံးပါး ပြည့်စုံပုံ

ခုဒ္ဒက ပါဠ ပါဠိတော် နိဓိကဏ္ဍသုတ်

မာနုဿိကာစ သမ္ပတ္တိ၊ ဒေဝလောကာစ ယာရတိ။
ယာစ နိဗ္ဗာန သမ္ပတ္တိ၊ သဗ္ဗ မေတေန လဗ္ဘတိ။
ဤသို့မိန့်တော်မူ၏။

**အနက်ကား**။ မာနုဿိကာ၊ လူ၌ဖြစ်သော။ ယာစ သမ္ပတ္တိ၊ အကြင်စည်းစိမ်သည်ရှင်း။ ဒေဝ လောကေ၊ နတ်ပြည်၌။ ယာစ ရတိ၊ အကြင်မွေ့လျော် ခံစားရခြင်းသည်ရှင်း။ ယာ နိဗ္ဗာန သမ္ပတ္တိစ၊ အကြင် နိဗ္ဗာန်ချမ်းသာသည်ရှင်း။ အတ္တိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော-လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို။ ဧတေန၊ ထိုဒါန ဟူသော အကြောင်းကြောင့်။ လဗ္ဘတိ၊ ရအပ်၏။

## အဓိပ္ပါယ်အကျဉ်း လိုရင်းကား

(၁) ဒါနသည် လူ၌ဖြစ်သော စည်းစိမ်ချမ်းသာကို ပေးသည်။
(၂) ဒါနသည် နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာကိုပေးသည်။
(၃) ဒါနသည် နိဗ္ဗာန်ချမ်းသာကိုပေးသည်။

## ဝိဇ္ဇာလင်္ကာရ ဒါန အမြတ်ဆုံး

သုတ်ပါထေယျ အဋ္ဌကထာ၌....

ဒါနေသု ဝိဇ္ဇာလင်္ကာရ ဒါနမေဝ ဥတ္တမံ-ဟုဖွင့်၏။

**အနက်ကား**။ ဒါနေသု၊ ဒါနတို့တွင်။ ဝိဇ္ဇာလင်္ကာရ ဒါနမေဝ၊ သမထ ဝိပဿနာစိတ်တို့ဖြင့် တန်ဆာဆင်သော ဒါနသည်သာလျှင်။ ဥတ္တမံ၊ မြတ်၏။

**အဓိပ္ပါယ်ကား**။ ဒါနပြုသောအခါ ဗုဒ္ဓါနုဿတိဂုဏ်တော် ဓမ္မာနုဿတိဂုဏ်တော် သံဃာနုဿတိဂုဏ်တော် စသောအားဖြင့် ဆင်ခြင်ပွားများသော သမထ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာဟု ဆင်ခြင်ပွားများသော ဝိပဿနာ ဤသမထ ဝိပဿနာ စိတ်တို့ဖြင့် တန်ဆာဆင်ယင်၍ ပေးလှူသော ဒါနသည် သာလျှင် အမြတ်ဆုံးသော ဒါနဖြစ်ချေသည်။

ဤတွင် ကျမ်းဦးအစ၌ပြဆိုခဲ့သော
အာမိသဒါန၌ ပါဝင်သော ပုဂ္ဂလိကဒါန (၁၄)ပါး
သံဃိကဒါန (၇)ပါးတို့ကို ပြဆိုရာဖြစ်သော
**(၁) အာမိသဒါန အခန်း ပြီးစီးမါပြီ။**

---

## ဓမ္မဒါနအခန်း။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ ။

ဓမ္မပဒ ပါဠိတော်ကြီး၌ ဤသို့ဟောတော်မူသည်။

## အနက်ကား

(၁) မဟာရာဇ၊ သိကြားမင်း။ သဗ္ဗဒါနံ၊ အလုံးစုံသော အာမိသဒါနကို။ ဓမ္မဒါနံ၊ တရားတည်းဟူသော ဓမ္မဒါနသည်။ ဇိနာတိ၊ အောင်၏။

(၂) သဗ္ဗရသံ၊ အလုံးစုံသော အရသာကို။ ဓမ္မရသော၊ တရားတည်းဟူသော ဓမ္မအရသာသည်။ ဇိနာတိ၊ အောင်၏။

(၃) သဗ္ဗရတိံ၊ အလုံးစုံသော မွေ့လျော်ခြင်းကို။ ဓမ္မရတိ၊ တရားတည်းဟူသော ဓမ္မရတိသည်။ ဇိနာတိ၊ အောင်၏။

(၄) တဏှာက္ခယော၊ တဏှာ၏ကုန်ရာ အရဟတ္တဖိုလ်သည်။ သဗ္ဗဒုက္ခံ၊ အလုံးစုံသောဆင်းရဲကို။ ဇိနာတိ၊ အောင်၏။

**အဓိပ္ပါယ်ကား**။ ထိုလေးပါးသောအောင်ခြင်းတို့တွင် ဓမ္မဒါနကို ရှေးဦးစွာပြပေအံ့။

အာမိသဒါနနှင့် ဓမ္မဒါန နှစ်ပါး ပြိုင်ကြလျှင် ဓမ္မဒါနက သာနိုင်သည်။

အာမိသဒါနကား....ဥစ္စာစည်းစိမ်ကို ပေးတတ်သည်။

ဓမ္မဒါနကား....အသိအလိမ္မာ ဉာဏ်ပညာကို ပေးတတ်သည်။

အာမိသဒါန ဓမ္မဒါနနှစ်ပါးပြည့်စုံမှုကားဥစ္စာစည်းစိမ်နှင့်တကွအသိ အလိမ္မာ ဉာဏ်ပညာကိုလည်းပေးတတ်သည်။

ဓမ္မဒါနသည်....ဓမ္မရသကိုလည်း ဖြစ်စေတတ်သည်။

ဓမ္မဒါနသည်....ဓမ္မရတိကိုလည်း ဖြစ်စေတတ်သည်။

ဓမ္မဒါနသည်....တဏှာက္ခယကိုလည်း ဖြစ်စေတတ်သည်။

---

## ဓမ္မဒါန ဟူသည် အဘယ်နည်း

တတ္ထ သဗ္ဗဒါနံ ဓမ္မဒါနန္တိ သစေပိ စက္ကဝါဠေ ဂဗ္ဘေ ယာဝ ဗြဟ္မလောကာ နိရန္တရံ ကတွာ သန္နိပတိတာနံ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ခီဏာသဝါနံ ကဒလိ ဂဗ္ဘ သဒိသာနိ စီဝရာနိ ဒဒေယျ။ တသ္မိံ သမာဂမေ စတုပ္ပဒိကာယ ဂါထာယ သေဌသ်ကလံ နအဂ္ဃတိ။ ဧဝံ

ဓမ္မဿ ဒေသနံပိ ဝါစနံပိ သဝနံပိ မဟန္တံ။ ယေန စ ပုဂ္ဂလေန တံဓမ္မ သဝနံ ကာရိတံ တဿေဝ အာနိသံသော မဟန္တော။ တထာ ရူပါယ ဧဝ ပရိသာယ ပဏီတ ပိဏ္ဍပါတဿ ဟတ္ထေ ပူရေတွာ ဒိန္န ဒါန တောပိ သပ္ပိတေလာဒီနိ ပတ္တေ ပူရေတွာ ဒိန္နဘေသဇ္ဇ ဒါနတောပိ ဟောဝိဟာရ သဒိသာနံ ဝိဟာရာနံ လောဟ ပါသာဒ သဒိသာနဉ္စ ပါသာဒါနံ အနေကာနိ ကောဋိ သတသဟဿာနိ ကာရေတွာ ဒိန္န သေနာသနတော အနာထ ပိဏ္ဍိကာဒီဟိ ဝိဟာရံ အာရဗ္ဘ ကတ ပရိစ္စာဂတောပိ အန္တမသော စတုပ္ပဒိကာယ ဂါထာယ အနုမော ဒနာ ဝသေနပိ ဓမ္မဒါနမေဝ ဝရံ သေဋ္ဌံ။

ဤသို့ ဓမ္မပဒအဋ္ဌကထာကြီး၌ ဖွင့်တော်မူသည်။

**အနက်ကား။** တတ္ထတိဿံ ဂါထာယံ၊ ထိုဂါထာ၌။ သဗ္ဗဒါနံ ဓမ္မဒါနန္တိ၊ သဗ္ဗဒါနံ ဓမ္မဒါနံ ဟူသည်ကား။ စက္က ဝါဠ ဂဗ္ဘေ၊ စကြဝဠာတိုက်၌။ ယာဝ ဗြဟ္မလောကာ၊ ဗြဟ္မာ့ဘုံတိုင်အောင်။ နိရန္တရံ၊ အစဉ်မပြတ်။ ကတွာ၊ ပြု၍။ သန္နိ ပတိတာနံ၊ အညီအညွတ်စည်းဝေး ကုန်သော။ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ခီဏာသဝါနံ၊ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့အား။ ကဒလိ ဂဗ္ဘ သဒိသာနိ၊ ငှက်ပျောညွန့်အဆင်း နှင့်တူကုန်သော။ စီဝရာနိ၊ သင်္ကန်းတို့ကို။ သစေပိ ဒဒေယျ၊ အကယ်၍ မူလည်း ပေးလှူငြားအံ့။ တသ္မိံ သမာဂမေ၊ ထိုအစည်းဝေး၌။ စတုပ္ပဒိကာယ ဂါထာယ၊ စတုပ္ပဒိက ဂါထာဖြင့်။ ဝါ၊ လေးပုဒ်ရှိ သော ဂါထာဖြင့်။ ကတာ၊ ပြုအပ်သော။ အနုမောဒနာ၊ အနု မောဒနာသည်။ သေဋ္ဌာ၊ မြတ်၏။ ဟိယသ္မာ၊ အကြင်ကြောင့်။ တံဒါနံ၊ ထိုအလှူသည်။ တဿာ ဂါထာယ၊ ထိုဂါထာ၏။ သောဠသိံ၊ နှစ်ရာ့ငါးဆယ့် ခြောက်စိတ်စိတ်၍၊ ကလံ၊ တစိတ် ကိုမျှ။ နအဂ္ဃတိ၊ မမှီနိုင်။ တသ္မာ၊ ထို့ကြောင့်။ သေဋ္ဌာ၊ မြတ်၏။ ဧဝံ၊ ဤသို့။ ဓမ္မဿ၊ တရား တော်ကို။ ဒေသနံပိ၊ ဟောခြင်း သည်ရင်း။ ဝါစနံပိ၊ သင်ခြင်းသည်ရင်း။ သဝနံပိ၊ နာခြင်းသည် ရင်း။ မဟန္တံ၊ မြတ်၏၊ ယေနစပုဂ္ဂလေန၊ အကြင်ပုဂ္ဂိုလ်သည်လည်း။

တံမြွှသဝန်၊ ထိုတရားနာခြင်းကို။ ကာရိတံ၊ ပြုအပ်၏။ တသောဝ၊ ထိုတရားနာခြင်း၏သာလျှင်။ အာနိသံသော။ အကျိုးသည်။ မဟန္တော၊ ကြီးမြတ်၏၊ တထာရူပ'ယေဝ၊ ထိုသို့ သဘောရှိသည်သာလျှင်ဖြစ်သော။ ဝါ။ ထိုသို့ ဆိုအပ်ခဲ့ပြီးသော စကြာဝဠာတိုက် ပြည့်သည်မှ ဗြဟ္မာ့ပြည် တိုင်အောင် အစဉ်မပြတ် စည်းဝေး သည်သာလျှင်ဖြစ်သော။ ပရိသာယ၊ ပရိသတ်အား။ ဝါ၊ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့အား။ ပဏီတ ပိဏ္ဍပါတဿ၊ မွန်မြတ်သော ဆွမ်းကို။ ပဒ္ဒေ၊ သပိတ်၌။ ပူရေတွာ၊ ပြည့်စေ၍။ ဒိန္နဒါနတောပိ၊ လှူအပ်သော ဆွမ်းအလှူထက်ငှင်း။ သပ္ပိ တေလာဒီနိ၊ ထောပတ် ဆီ စသည်တို့ကို။ ပဏ္ဍေ၊ သပိတ်၌။ ပူရေတွာ၊ ပြည့်စေ၍။ ဒိန္န ဘေသဇ္ဇတောပိ၊ လှူအပ်သော ဆေးထက်ငှင်း။ မဟာဝိဟာရ သဒိသာနံ၊ မဟာဝိဟာရကျောင်းတိုက်ကြီးနှင့်တူကုန်သော။ ဝိဟာရာနဉ္စ၊ ကျောင်းတို့ကိုငှင်း။ လောဟ ပါသာဒ သဒိသာနံ၊ ကြေးပြာသာဒ်နှင့်တူကုန်သော။ ပါသာဒါနဉ္စ၊ ပြာသာဒ်တို့ကိုငှင်း။ အနေကာနိ၊ များစွာကုန်သော။ ကောဋိသတ သဟဿာနိစ၊ ကုဋေတသိန်း ကုန်သော ကျောင်း ပြာသာဒ်တို့ကိုငှင်း။ ကာရေတွာ၊ ပြုစေ၍။ ဒိန္န သေနာသန တောပိ၊ လှူအပ်သောကျောင်း အိပ်ရာ နေရာတို့ထက်ငှင်း။ အနာထ ပိဏ္ဍိကာ ဒီဟိ၊ အနာထပိဏ်သူဌေးကြီးအစရှိကုန်သော သူတို့သည်။ ဝိဟာရံ၊ ကျောင်းကို။ အာရဗ္ဘ၊ အားထုတ်၍။ ကတ ပရိစ္စာဂတောပိ၊ ပြုအပ်သောစွန့်ကြဲခြင်းတို့ထက်ငှင်း။ အန္တမသော၊ အောက်ထစ်ပိုင်းခြား အဘို့အားဖြင့်။ စတုပ္ပဒိကာယ၊ လေးပုဒ်ရှိသော ဂါထာဖြင့်။ အနုမောဒနာ ဝသေနပိ၊ အနုမောဒနာ ပြုသည်၏ အစွမ်းဖြင့်လည်း။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ ဓမ္မဒါနံမေဝ၊ တရားတည်းဟူသောအလှူသည်သာလျှင်။ ဝရံ သေဋ္ဌံ၊ မြတ်၏။

**အဓိပ္ပါယ်ကား။** ဤစကြာဝဠာ အပြည့်မျှ ဤလူ့ပြည်မှ ဗြဟ္မာ့ပြည်တိုင်အောင် ဘုရားအဆူဆူ ပစ္စေကဗုဒ္ဓါ အဆူဆူ ရဟန္တာအဆူဆူတို့အား အကုန်ပင့်၍ ၄က်ပျော့ညွှန့်အဆင်းနှင့်တူကုန်သော တိစီဝရိက် သင်္ကန်းတို့ကို ပေးလှူငြားအံ့။ ထိုပစ္စယ အာမိသ ဒါနထက်

လေးပုဒ်ရှိသော အနုမောဒနာ တရားသည်သာလျှင် ဓမ္မဒါနဖြစ်၍ မြတ်၏။

ထိုအနုမောဒနာ ဓမ္မဒါနကို (၂၅၆) စိတ် စိတ်၍ တစိတ်စာမျှ ပစ္စယအာမိသဒါနက မမှီနိုင်။ ထိုကြောင့် ပစ္စယအာမိသ ဒါနထက် ဓမ္မဒါနက မြတ်သည်။

မြတ်စွာဘုရား၏ တရားတော်ကို ဟောခြင်းသည် ဓမ္မဒါနဖြစ်၍ မြတ်၏။

မြတ်စွာဘုရား၏ တရားတော်ကို ပို့ချခြင်း သင်ယူခြင်းသည်။ ဓမ္မဒါနဖြစ်၍ မြတ်၏။

မြတ်စွာဘုရား၏ တရားတော်ကို ကြားနာခြင်းသည် ဓမ္မဒါန ဖြစ်၍ မြတ်၏။

ဤစကြဝဠာ အပြည့်မျှ ဤလူ့ပြည်မှ ဗြဟ္မာ့ပြည် တိုင်အောင် ဘုရားအဆူဆူ ပစ္စေကဗုဒ္ဓါအဆူဆူ ရဟန္တာအဆူဆူတို့အား အကုန် ပင့်၍ မွန်မြတ်သော ဆွမ်း ထောပတ် ဆီ ဆေး စသည်တို့ကို သပိတ်အပြည့်မျှ ပေးလှူငြားအံ့။ ထိုပစ္စယ အာမိသဒါနထက် လေးပုဒ် ရှိသော အနုမောဒနာတရားသည်သာလျှင် ဓမ္မဒါနဖြစ်၍ မြတ်၏။

ထိုဘုရား အဆူဆူ ပစ္စေကဗုဒ္ဓါအဆူဆူ ရဟန္တာအဆူဆူတို့အား မဟာဝိဟာရ ကျောင်းကြီးနှင့်တူသော ကျောင်းကြီး အဆောင် ဆောင် လောဟ ပါသာဒ ပြာသာဒ်ကြီးနှင့်တူသော ပြာသာဒ်ကြီး အဆောင်ဆောင်။ ကုဋေတသိန်းလောက်ရှိသော ကျောင်းအဆောင် ဆောင်၊ ပြာသာဒ်အဆောင်ဆောင်တို့ကို ပေးလှူငြားအံ့။ ထိုပစ္စယ အာမိသဒါနထက် လေးပုဒ်ရှိသောအနုမောဒနာ တရားသည်သာလျှင် ဓမ္မဒါနဖြစ်၍ မြတ်၏။

ထို့အတူ အနာထပိဏ်သူဌေးကြီး ဝိသာခါ သူဌေးကတော်ကြီး အစရှိကုန်သော ကျောင်းဒါယကာ ကျောင်းဒါယိကာမ တို့သည်

စွန့်ကြဲ ပေးလှူအပ်သော ပစ္စယ အာမိသဒါနထက် လေးပုံရှိသော အနုမောဒနာတရားသည်သာလျှင် ဓမ္မဒါနဖြစ်၍မြတ်၏။

ဤသို့ အဓိပ္ပါယ်လာရှိသည်၊

---

ထို ပစ္စယအာမိသဒါနထက် လေးပုံရှိသော နိယျာနိကဓမ္မဖြစ်သော တဂါထာ အနုမောဒနာ တရားက အဘယ်ကြောင့်မြတ်သနည်း ဟူမူ....

ကိံ ကာရဏာ ဝေရူပါနိ ပုညာနိ ကရောန္တာ ဓမ္မံ သုတွာဝ ကရောန္တိ။ နော အသုတွာ သစေပိဟိ ဣမေသတ္တာ ဓမ္မံ အသုဏေယျုံ ဥလုက်မတ္တံပိ ယာဂုံ ကဋစ္ဆုမတ္တံပိ ဘတ္တံ နဒဒေယျုံ ဣမိနာ ကာရဏေန သဗ္ဗဒါနေဟိ ဓမ္မဒါနမေဝ သေဋ္ဌံ။ အပိစ ဌပေတွာ ဗုဒ္ဓ ပစ္စေကဗုဒ္ဓေ သကလကပ္ပံ ဒေဝေ ဝဿန္တေ ဥဒက ဗိန္ဒူနိ ဂဏေတုံ သမတ္ထာယ ပညာယ သမန္နာဂတာ သာရိပုတ္တာဒယောပိ အတ္တနော ဓမ္မတာယ သောတာပတ္တိ ဖလာဒီနိ အဓိဂန္တုံ နာသက္ခိံသု။ အဿဇိထေရာဒီနံ ကထိတံ ဓမ္မံ သုတွာဝ သောတာပတ္တိဖလာဒီနိ သစ္ဆိကရိံသု ဣမိနာပိစ ကာရဏေန မဟာရာဇ ဓမ္မဒါနံ သေဋ္ဌံ။ တေနဝုတ္တံ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ တိ။

ဤသို့ ဓမ္မပဒအဋ္ဌကထာကြီး၌ ဖွင့်တော်မူသည်။

**အနက်ကား။** ကိံကာရဏာ၊ အဘယ်ကြောင့် ဓမ္မဒါနက မြတ်သနည်း ဟူမူကား။ ဟိယသ္မာ၊ အကြင်ကြောင့်။ ဝေရူပါနိ၊ ဤသို့ သဘော ရှိကုန်သော။ ပုညာနိ၊ ကုသိုလ် ကောင်းမှုတို့ကို။ ကရောန္တာ၊ ပြုကုန်သောသူတို့သည်။ ဓမ္မံ၊ ဓမ္မဒါန ဖြစ်သောတရားကို။ သုတွာဝ၊ ကြားနာရမှသာလျှင်။ ကရောန္တိ၊ ပြုနိုင်ကုန်၏။ အသုတွာ၊ ဓမ္မဒါနမကြားနာရသည်ရှိသော်။ နောကရောန္တိ၊ မပြုနိုင်လေကုန်။ တသ္မာ၊ ထို့ကြောင့်။ ဓမ္မဒါနမေဝ၊ တရားတည်းဟူသော အလှူသည်သာလျှင်။ ဝရံ သေဋ္ဌံ၊ မြတ်၏။ ဟိသစ္စံ၊ မှန်၏။ ဣမေသတ္တာ၊ ဤသတ္တဝါတို့သည်။ ဓမ္မံ၊ ဓမ္မဒါနတည်းဟူသော တရားကို။ သစေပိ အသုဏေယျုံ၊ အကယ်၍မူလည်း မကြားနာရ ကုန်ငြားအံ့။

ဥလုက်မတ္တံ၊ တဟင်းချိုမျှသော။ ယာဂုံပိ၊ ယာဂုကိုငှင်း။ ကဋစ္ဆုမတ္တံ၊ တယောက်မ မျှသော။ ဘတ္တံပိ၊ ဆွမ်းကိုငှင်း။ နဒဒေယျံ၊ မပေးလှူနိုင်ရာ။ ဣမိနာ ကာရဏေန! ဤသို့သော အကြောင်းကြောင့်။ သဗ္ဗဒါနေဟိ၊ အလုံးစုံသော ပစ္စယဒါန အာမိသဒါန တို့ထက်။ ဓမ္မဒါနမေဝ၊ တရားတည်းဟူသော အလှူသည်သာလျှင်။ သေဋ္ဌံ၊ မြတ်၏။ အပိစ အပရော နယော! တပါးသောနည်းကို။ မယာ၊ ငါအရှင်ကထာဆရာသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ ဗုဒ္ဓ ပစ္စေကဗုဒ္ဓေစ၊ ဘုရား ပစ္စေက ဗုဒ္ဓါတို့ကိုလည်း။ ဌပေတွာ၊ ထား၍။ သကလ ကပ္ပံ၊ အလုံးစုံသော စကြဝဠာ တိုက်အတွင်းကို။ ဒေဝေ၊ မိုဃ်းသည်။ ဝဿန္တေ၊ ရွာသည်ရှိသော်။ ဥဒကဗိန္ဒူနိ၊ မိုဃ်းရေပေါက်တို့ကို။ ဂဏေတုံ၊ ရေတွက်ခြင်းငှါ။ သမတ္ထာယ၊ စွမ်းနိုင်သော။ ပညာယ၊ ဉာဏ်ပညာတော်နှင့်။ သမန္နာဂတာ၊ ပြည့်စုံတော် မူကြကုန်သော။ သာရိပုတ္တာဒယောပိ။ အရှင်သာရိပုတြာ အစရှိကုန်သော ပုဂ္ဂိုလ်တို့သည်လည်း။ အတ္တနော၊ မိမိ၏။ ဓမ္မတာယ၊ သဘောအားဖြင့်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် အစရှိသည်တို့ကို။ အဓိဂန္တုံ၊ ရခြင်းငှါ။ နာသက္ခိံသု၊ မတတ်နိုင်လေကုန်။ အဿဇိထေရာဒီနံ၊ မြတ်စွာဘုရားအထံတော်မှ ကြားနာအပ် ရအပ်ပြီးသော နည်းရှိသော အရှင်အဿဇိမထေရ် အစရှိသည်တို့သည်။ ကထိတံ၊ ဟောကြားအပ်သော။ ဓမ္မံ၊ သစ္စာလေးပါး တရားတော်ကြီးကို။ သုတွာဝ၊ ကြားနာရမှသာလျှင်။ သောတာပတ္တိ ဖလာဒီနိ၊ သောတာပတ္တိဖိုလ် အစရှိသည်တို့ကို။ သစ္ဆိကရိံသု၊ မျက်မှောက် ပြုကြရကုန်၏။ သတ္ထု၊ ဓမ္မဒေသနာယ၊ မြတ်စွာဘုရား၏တရားတော်ဖြင့်။ သာဝကပါရမိဉာဏံ၊ သာဝကပါရမီဉာဏ်ကို။ သစ္ဆိကရိံသု၊ မျက်မှောက် ပြုကြရကုန်၏။ မဟာရာဇ၊ သိကြားမင်း။ ဣမိနာပိစ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်လည်း။ ဓမ္မဒါနံ၊ တရားတည်းဟူသော အလှူသည်။ သေဋ္ဌံ၊ မြတ်၏။ တေန၊ ထို့ကြောင့်။ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိတိ၊ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

## အဓိပ္ပါယ်ကား

အလုံးစုံဖြစ်သော ပစ္စယဒါန အာမိသဒါနထက် ဓမ္မဒါနကမြတ်ခြင်းသည် ဓမ္မဒါနတည်းဟူသော တရားတော် မြတ်ကြီးကို ကြားနာရမှသာလျှင် သက်နိုးအလှူဒါနကြီးများကို ပေးလှူ နိုင်ကြကုန်၏။ မွန်မြတ်သော ဆွမ်းဒါနကြီး ဆေးဒါနကြီးတို့ကို ပေးလှူနိုင်ကြကုန်၏။ အဆောင်ဆောင်သော ကျောင်းဒါနကြီး။ အဆောင်ဆောင်သော ပြာသာဒ်ကျောင်းဒါနကြီးတို့ကို ပေးလှူနိုင်ကြကုန်၏။ ဓမ္မဒါနတည်းဟူသော တရားတော်မြတ်ကြီးတို့ကို မကြားမနာရသည်ရှိသော်။ ထိုပစ္စယဒါန အာမိသဒါန သဗ္ဗဒါနကြီးတို့ကို မပေးမလှူနိုင်ကြကုန်။ ထို့ကြောင့် ထိုပစ္စယဒါန အာမိသဒါန သဗ္ဗဒါနတို့ထက် ဓမ္မဒါနက မြတ်သတည်း။

ဓမ္မဒါနတည်းဟူသော တရားတော် မြတ်ကြီးကို ကြားရ နာရမှသာလျှင် အနာထပိဏ် သူဌေးကြီး ပိမ္ဗိသာရမင်းကြီး ဝိသာခါ သူဌေးကတော်ကြီးတို့သည် ဇေတဝန်ကျောင်းတော်ကြီး။ ဝေဠုဝန်ကျောင်းတော်ကြီး။ ပုဗ္ဗါရုံ ကျောင်းတော်ကြီးတို့နှင့် တကွ များစွာသောပစ္စည်းတို့ကို စွန့်လှူနိုင်ကြကုန်၏။ ဓမ္မဒါန တည်းဟူသော တရားတော်မြတ်ကြီးတို့ကို မကြားမနာရသည် ရှိသော် ထိုပစ္စယဒါန အာမိသဒါန သဗ္ဗဒါနတို့ကို မစွန့်မလှူနိုင်ကြကုန်။ ထို့ကြောင့် ထိုပစ္စယဒါန အာမိသဒါန သဗ္ဗဒါနတို့ထက် ဓမ္မဒါနက မြတ်သတည်း။

ဓမ္မဒါနတည်းဟူသော တရားတော် မြတ်ကြီးကို မကြားမနာရပါမူကား တဇွန်း တမှုတ်မျှသော ယာဂုကိုလည်း။ တယောက်မ မျှသော ဆွမ်းကိုလည်း ပေးလှူနိုင်ကြလိမ့်မည် မဟုတ်။ ဓမ္မဒါန တည်းဟူသော တရားတော်မြတ်ကြီးကို ကြားနာရမှသာလျှင် ယာဂုဆွမ်းတို့ကို ပေးလှူနိုင်ကြကုန်၏။ ထို့ကြောင့် ထိုပစ္စယဒါန အာမိသဒါန သဗ္ဗဒါနတို့ထက် ဓမ္မဒါနက မြတ်သတည်း။

ဓမ္မဒါနတည်းဟူသော တရားတော်မြတ်ကြီးကို မကြားမနာရပါမူကား အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် အစရှိကုန်သော သာဝက အပေါင်းတို့သည် မိမိတို့၏ အစွမ်းသတ္တိဖြင့် သောတာပတ္တိ

ဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တ ဖိုလ်တို့ကို မျက်မှောက်မပြုနိုင်ကြကုန်။ ဓမ္မဒါနတည်းဟူသော တရားတော်မြတ်ကြီးကို ကြားရနာရမှသာလျှင် ဖိုလ်လေးပါးတို့ကို မျက်မှောက်ပြုနိုင်ကြကုန်၏။ ထို့ကြောင့် ဓမ္မဒါနကမြတ်သတည်း။

## ဆိုလိုရင်းမှာ

ဓမ္မဒါနကြောင့် ကျောင်းဒါနဖြစ်သည်။ ဓမ္မဒါနမဖြစ်လျှင်ကျောင်းဒါန မဖြစ်နိုင်။

ဓမ္မဒါနကြောင့် ဆွမ်းဒါနဖြစ်သည်။ ဓမ္မဒါနမဖြစ်လျှင် ဆွမ်းဒါန မဖြစ်နိုင်။

ဓမ္မဒါနကြောင့် သင်္ကန်းဒါနဖြစ်သည်။ ဓမ္မဒါနမဖြစ်လျှင်သင်္ကန်းဒါနမဖြစ်။

ဓမ္မဒါနကြောင့် ဆေးဒါနဖြစ်သည်။ ဓမ္မဒါနမဖြစ်လျှင် ဆေးဒါန မဖြစ်။

ဓမ္မဒါနကြောင့် ပုဂ္ဂလိကဒါန သံဃိကဒါနဖြစ်သည်။ ဓမ္မဒါနမဖြစ်လျှင် ပုဂ္ဂလိကဒါန သံဃိကဒါနမဖြစ်။

ဓမ္မဒါနကြောင့် ပစ္စယဒါန အာမိသဒါန သဗ္ဗဒါနဖြစ်သည်။ ဓမ္မဒါနမဖြစ်လျှင် ပစ္စယဒါန အာမိသဒါန သဗ္ဗဒါနမဖြစ်။

ဓမ္မဒါနကြောင့် သောတာပန် သကဒါဂါမိ အနာဂါမိ ရဟန္တာဖြစ်သည်။ ဓမ္မဒါနမဖြစ်လျှင် သောတာပန်မဖြစ် သကဒါဂါမိ မဖြစ် အနာဂါမိမဖြစ် ရဟန္တာမဖြစ်။

ဤသို့လျှင် ဓမ္မဒါနသည် အကျိုးအာနိသင် များလှသောကြောင့် သူတော်ကောင်းတရားတို့ကို အစွမ်းအားလျော်စွာ ကျက်မှတ် သင်ကြား ရွတ်အံ ပြန်ဆိုခြင်း ဆွေးနွေးမေးမြန်းခြင်း နာခံမှတ်သားခြင်း ဟောပြောခြင်း ဆုံးမခြင်းတို့ကို ပြုကြကုန်ရာ၏။

ဤကား ပစ္စယဒါန အမိသဒါန သဗ္ဗဒါနထက် ဓမ္မဒါနကမြတ်ပုံ ဓမ္မပဒ အဋ္ဌကထာကြီးအဖွင့် အဓိပ္ပါယ်တည်း။

ပိဋကသုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာစသော ကျမ်းဂန်တို့

သည်ပင် ဓမ္မမည်၏။ ထိုဓမ္မကို နာခံမှတ်သား အားထုတ် ကျင့်ကြံလိုသူ သူတပါးတို့အား ဟောကြားညွှန်ပြ ဆုံးမခြင်းသည့် ဒေသနာမည်၏။ တရားအလျှုကိုရည်၍ နာခံမှတ်သား သူတို့၏ အထံသို့ သူတော်ကောင်း တရားကို ရောက်စေ ရစေအံ့ဟု ပေးလှူ အပ်သောကြောင့်ဒါနလည်းမည်၏။ထိုဓမ္မဒေသနာ ဓမ္မဒါနနှစ်ပါးတို့သည် ဝတ္တုသဘော အကြောင်းအကျိုးအားဖြင့် မထူးခြားကြကုန်။ ထိုဓမ္မဒေသနာ ဓမ္မဒါန ကုသိုလ်ဖြစ်အောင်ပြုခြင်း။ အကျိုးအာနိသင် ကြီးမြတ်ခြင်းကို....

သဂါထာ ဝဂ္ဂ သံယုတ်အဋ္ဌကထာကြီး၌....

ယောဓမ္မံ အနုသာသတိ အဋ္ဌကထံ ကထေတိ ပါဠိံ ဝါစေတိ ပုစ္ဆိတပဉှံ ဝိဿဇ္ဇေတိ ကမ္မဋ္ဌာနံ အာစိက္ခတိ ဓမ္မသဝနံ ကရောတိ သဗ္ဗောပေသော ဓမ္မံ အနုသာသတိနာမ သဗ္ဗဒါနာနဉ္စ ဣဒံ ဓမ္မဒါနမေဝ အဂ္ဂန္တိ ဝေဒိတဗ္ဗံ။

ဤသို့မိန့်တော်မူသည်။

**အနက်ကား**။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ ဟုတ်မှန်သော အကျိုး အကြောင်းကို။ အနုသာသတိ၊ အဖန်တလဲလဲ ဆုံးမ၏။ အဋ္ဌကထံ၊ ပိဋကတ်သုံးပုံ ပါဠိတော်၏ အဋ္ဌကထာကို။ ကထေတိ၊ ပြသပြောဟော၏။ ပါဠိံ၊ ပိဋကတ်သုံးပုံ ပါဠိတော်ကို။ ဝါစေတိ၊ ပြသပို့ချ၏။ ပုစ္ဆိတပဉှံ၊ မေးမြန်းသော ပြဿနာကို။ဝိဿဇ္ဇေတိ၊ ဖြေဆို၏။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ အာစိက္ခတိ၊ ညွှန်ကြား ပြသပြောဆို၏။ ဓမ္မသဝနံ၊ သူတပါး တို့အား တရား နာစေခြင်းကို၊ ကရောတိ၊ ပြု၏။ သော သဗ္ဗောပိ၊ ဤအလုံးစုံ သည်လည်း။ ဓမ္မံ၊ တရားကို။ အနုသာသတိ နာမ၊ အဖန်တလဲလဲ ဆုံးမသည်မည်၏။ စ၊ ဂုဏ်ထူးကို ဆိုလိုက်ဦးအံ့။ သဗ္ဗဒါနာနံ၊ အလုံး စုံသော အလှူတို့ထက်။ ဣဒံ ဓမ္မဒါနမေဝ၊ ဤဆိုအပ်ခဲ့ပြီးသော တရားအလှူသည် သာလျှင်။ အဂ္ဂံ၊ မြတ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**အဓိပ္ပါယ်ကား**။ ပါဏာတိပါတ အစရှိသော တရားသည် မကောင်းမှု အကုသိုလ်ဒုစရိုက် တရားတည်း။ ထိုဒုစရိုက် တရားသည်

ကျူးလွန်ပြုကျင့်သောသူကို အပါယ်လေးပါး၌ ကြီးစွာသော ဆင်းရဲခံရခြင်းဟူသော မကောင်းကျိုးကို ပေးတတ်၏။ ဒါန သီလ စသော တရားသည် ကောင်းမှုကုသိုလ်တရားတည်း။ ထိုကုသိုလ် တရားသည် ပြုလုပ်အားထုတ်သော သူတို့အား လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာတည်းဟူသော ကောင်းကျိုးကို ပေးတတ်၏ဟု အကြောင်းအကျိုးကို အစဉ်အားဖြင့် ဆုံးမခြင်း။ ပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းဂန်ကြီးတို့ကိုပို့ချခြင်း။ သူတပါးတို့ မေးမြန်း လာသော ပြဿနာတို့ကို ဖြေကြားခြင်း။ သံသရာဝဋ်မှ လွတ်ရာလွတ်ကြောင်း ဖြစ်သော သမထ ကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ပေးခြင်း။ သူတပါးတို့အား တရားနာချင်၍လာအောင် သွေးဆောင် တိုက်တွန်းခြင်း။ ဤအလုံးစုံသည် ဓမ္မဒေသနာ ဓမ္မဒါနမည်၏။ ထိုဓမ္မဒေသနာဟု ဆိုအပ်သော ဓမ္မဒါနသည် အလုံးစုံသော ပစ္စယဒါန အာမိသဒါန သဗ္ဗဒါနတို့ထက် ကဲလွန်းထူးမြတ်၏ဟု အဋ္ဌကထာကြီးဝယ် အမိန့်ရှိလာသည်။

## အကျဉ်းမှတ်ရန်ကား

ဟုတ်မှန်သောအကြောင်းနှင့် ဟုတ်မှန်သောအကျိုးကို အဖန်ဖန် အထပ်ထပ် ဆုံးမခြင်း အနုသာသနီသည် ဓမ္မဒါနမည်၏။

ပိဋကတ်သုံးပုံ ပါဠိတော်ကို ပို့ချခြင်းသည် ဓမ္မဒါန မည်၏။

ပိဋကတ်သုံးပုံ အဋ္ဌကထာကို ပို့ချခြင်းသည် ဓမ္မဒါနမည်၏။

မေးမြန်းသော ပြဿနာကို ဖြေကြားခြင်းသည် ဓမ္မဒါနမည်၏။

သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့ကို နည်းပြခြင်းသည် ဓမ္မဒါနမည်၏။

သူတပါးတို့အား တရားနာချင်အောင် သွေးဆောင် တိုက်တွန်းခြင်းသည် ဓမ္မဒါနမည်၏။

ဤအလုံးစုံသော အနုသာသနီသည် ဓမ္မဒါနမည်၏။

ဤအလုံးစုံသော ဓမ္မဒါနသည် ပစ္စယဒါန အာမိသဒါန သဗ္ဗဒါန တို့ထက်မြတ်၏။

ဤကား (သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ) ဟူသော ပါဠိတော်၌ ဓမ္မဒါန အဓိပ္ပါယ်တည်း။

---

## ဓမ္မဒါနကြောင့် ဓမ္မသဝနဖြစ်ပုံ

ဓမ္မဒေသနာတည်းဟူသော ဓမ္မဒါနကြောင့်သာလျှင် ဓမ္မသဝန ကုသိုလ်ထူး ကုသိုလ်မြတ်ကြီးဖြစ်ကြရ၏။ဓမ္မသဝနကုသိုလ် ဆိုရာဝယ် ဓမ္မဆိုသည်ကား....

(၁) သာသနာတော်တွင်း၌သာ တည်သော နိယျာနိကဓမ္မ။

(၂) သာသနာတော်အပ၌တည်သော လောကီယဓမ္မ။

ဤသို့အားဖြင့် ဓမ္မအပြား နှစ်ပါး ရှိသတည်း။

### ထိုနှစ်ပါးတို့တွင် နိယျာနိကဓမ္မ ဟူသည်ကား

(၁) နိယျာနိကဓမ္မ၌ ကျွတ်ထိုက်သောသူ နတ်လူမြဟ္မာ ဝေနေယျတို့ကို ယခုဘဝပင် သစ္စာအမြိုက် တိုက်ကျွေး ထုတ်ဆောင် တော်မူခြင်း။ မကျွတ်ထိုက်သေးသူ နတ်လူမြဟ္မာ သတ္တဝါဝေနေယျ တို့ကို သရဏဂုံသီလစသည်တို့၌ တည်စေ၍ ပါရမီအဆင့်ဆင့်ကိုရင့် စေခြင်းအကျိုးငှါ ဟောကြားတော်မူအပ်သော ဒေသနာတော်မြတ် သည် အမြိုက်နိဗ္ဗာန်ဟူသော ဝိမုတ္တိရသအားဖြင့်တပါး။ ဝဋ္ဋဒုက္ခမှ ထုတ်ဆောင် တတ်သောကြောင့် ဓမ္မမည်၏။ ပါတိမောက် ပြခြင်း အာပတ်နှစ်ပုံအစ ဒုစ္စရိတ စသော များသောအပြားရှိသော နည်းတို့ ကြောင့် ဝိနယမည်၏။ ဤသို့ ဓမ္မ ဝိနယအားဖြင့် နှစ်ပါး။ သုတ္တန် ဝိနည်း အဘိဓမ္မာ ဟုဆိုအပ်သော ပိဋကတ်အားဖြင့်သုံးပုံ။ ဒီဃ နိကာယ် မဇ္ဈိမနိကာယ် အင်္ဂုတ္တရနိကာယ် သံယုတ္တနိကာယ် ခုဒ္ဒက နိကာယ်ဟူ၍ နိကာယ်အားဖြင့် ငါးဖြာ။သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန ဣတိဝုတ္တက ဇာတက အဗ္ဘုတဓမ္မ ဝေဒလ္လဟူ၍ အင်္ဂါ အားဖြင့် ကိုးတန်။ တခုဘခုသော အပိုင်းအခြားအားဖြင့် ထား၍ ဟောကြားတော်မူအပ်သော ဒေသနာတော်၏ အပေါင်းဟူသော

ဓမ္မကၡန္ဓာ အားဖြင့် ရှစ်သောင်း လေးထောင်။ ဤဆိုအပ်ခဲ့ပြီးသော ပါဠိတော်ဟူသမျှသည် သုတ္တမည်၏။ ထိုသုတ္တဟုဆိုအပ်သော ပါဠိတော်အားလျော်သော မဟာပဒေသလေးပါးသည် သုတ္တာနုလောမ မည်၏။ အဋ္ဌကထာသည် အာစရိယဝါဒမည်၏။ ဋီကာ စသည်တို့သည် အတ္တနောမတိ မည်၏။ ဤသို့ ပြဆိုအပ်ခဲ့ပြီးသော သုတ္တ သုတ္တာနုလောမ အာစရိယဝါဒ အတ္တနောမတိ ဟုဆိုအပ်သော လေးပါးအပြားရှိသော ပါဠိ အဋ္ဌကထာ ဋီကာ စသောကျမ်းဂန်တို့သည် သာသနာတော်အတွင်း၌သာ တည်သောကြောင့် နိယျာနိက ဓမ္မမည်၏။

(၂) လောကိယဓမ္မ၌ သာသနာတော်မှ အပအခါ ဘုရားအလောင်းတော် သရဘင်ရသေ့ စကြာဝတေးမင်း စသော သူတော်ကောင်းတို့ ဟောကြားပြသဆုံးမအပ်သောလောကီ အကျိုးစီးပွားကိုသာ ရွက်ဆောင်နိုင်သောဓမ္မသည် လောကိယဓမ္မမည်၏။

## ထိုနှစ်ပါးတို့တွင်

ဓမ္မဒါနတည်းဟူသောနိယျာနိကဓမ္မကိုကြားရခြင်း နာရခြင်းသည် ဓမ္မသဝနမည်၏။ ထိုနိယျာနိက ဓမ္မသဝန ကုသိုလ်ကြောင့် ပဌမ သောတာပတ္တိမဂ်သို့ သက်ဝင်သောပုဂ္ဂိုလ်သည် အနမတဂ္ဂ သံသရာမှစ၍ မိမိသန္တာန်၌ အမြဲကိန်းလျက် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့၏ အကြောင်းဖြစ်၍ ခန္ဓာငါးပါးကို ငါ့ကိုယ်ဟူ၍၎င်း၊ ခန္ဓာငါးပါး၌ ငါ့ကိုယ်ရှိ၏ဟူ၍၎င်း ဤသို့စသည်ဖြင့် အတ္တဟုယူအပ်သော သက္ကာယဒိဋ္ဌိနှစ်ဆယ်တည်းဟူသော ဒိဋ္ဌုပါဒါန် ဖောက်ပြန်သောအယူကို လက္ခဏာရေးသုံးပါးတို့ဖြင့် မဖောက်မပြန် အမှန်ကို ကောင်းစွာ သိမြင်နိုင်၍ ပဌမ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌုပါဒါန်ကို အကြွင်းမဲ့ ပယ်သတ်ပြီးမှ အရဟတ္တဖိုလ် တိုင်အောင် သွားနိုင် ရောက်နိုင် လမ်းပေါက်နိုင်ကြကုန်၏။

ထို့ကြောင့် လောကုတ္တရာ ဝိမုတ္တိခရီးကို တားဆီး ပိတ်ဆို့တတ်သော သက္ကာယဒိဋ္ဌိတည်းဟူသော တံခါးရွက်ကို အကြွင်းမဲ့ချိုးဖျက်သည်ကား၊ (ပဌမသောတာပတ္တိမဂ်) ပင်တည်း။ ထိုပဌမသောတာ

ပတ္တိမဂ်ဖြင့် ချိုးဖျက်အပ်သော အတ္တဟူသော မဟုတ်မမှန် ဖောက်ပြန်သဖြင့် မြင်သောဒိဋ္ဌိကို အဟုတ်အမှန် မဖောက်မပြန် သိမြင်နိုင်သည်ကား ....(အနတ္တ လက္ခဏာ ဝိပဿနာဉာဏ်) ပင်တည်း။
ထို့ကြောင့်....

သမ္မောဟ ဝိနောဒနီ အဋ္ဌကထာကြီး၌

အနတ္တလက္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါ နပညာယတိ။ ဗုဒ္ဓုပ္ပါဒေယေဝ ပညာယတိ။

ဤသို့ မိန့်တော်မူသည်။

**အနက်ကား**။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ ဗုဒ္ဓုပ္ပါဒါ၊ ဘုရားပွင့်ရာ သာသနာတွင်းကို။ ဝိနာ၊ ကင်း၍။ နပညာယတိ၊ မထင်ရှား။ ဗုဒ္ဓုပ္ပါဒေယေဝ၊ ဘုရားပွင့်ရာ သာသနာတွင်း၌သာလျှင်။ ပညာယတိ၊ ထင်ရှား၏။

**အဓိပ္ပါယ်ကား**။ မြတ်စွာ ဘုရားသည်ရင်း၊ မြတ်စွာဘုရားအထံတော်မှ ကြားနာသိမှတ် ကျင့်အပ်ပြီးသော အရိယာ သာဝကအရှင်မြတ်တို့သည်ရင်း၊ မိမိတို့သည်လည်း ရုပ်နာမ် အနိစ္စ ဒုက္ခတည်းဟူသော (အနတ္တလက္ခဏာ) ကို ဝိပဿနာဉာဏ်ဖြင့် သိမြင်ကြကုန်၍ ဝိမုတ္တိချမ်းသာကို ခံစားတော်မူရကုန်၏။ သူတပါးတို့ကိုလည်း ဝိမုတ္တိချမ်းသာကို ခံစားရစေခြင်းငှါ အနတ္တလက္ခဏာကို ကောင်းစွာ ပိုင်းခြား၍ ဟောကြားတော်မူ ကြကုန်၏။ ထိုသို့ ဓမ္မဒေသက ဖြစ်တော်မူသော ရှင်တော် ဘုရားကြီးတို့သည် ကိုယ်တော်လည်း ဝိမုတ္တိချမ်းသာကို ခံစားတော်မူရ၍ သူတပါးတို့အားလည်း ဝိမုတ္တိချမ်းသာကို ခံစားရလေအောင် အနတ္တလက္ခဏာကို ကောင်းစွာ ဟောကြားတော်မူပါသော်လည်း တရားတော်ကို နာခံကျင့်ဆောင်ကုန်သော ဓမ္မပဋိဂ္ဂါဟက ဝေနေယျပုဂ္ဂိုလ်တို့သည် အနတ္တလက္ခဏာကို မသိနိုင်က ဝိမုတ္တိချမ်းသာကို မခံစားရလေကုန်။

ထို့ကြောင့် ခပ်သိမ်းသော ဘုရားရှင်တို့သည်ပင် ဖြည့်အပ်ပြီးသော ပါရမီတော်၏ ပြည့်စုံခြင်းသို့ ရောက်တော် မူသော်လည်း ဝေနေယျဖြစ်လက်ံ့သော သတ္တဝါတို့သည် ဟောတော်မူအပ်သော

လက္ခဏာရေးသုံးပါးကို သိစွမ်းနိုင်လောက်သော ကာလကိုကြည့် တော်မူ၍သာ ပွင့်တော်မူကြမြဲဖြစ်ကုန်၏။ သတ္တဝါတို့သည် လက္ခဏာရေးသုံးပါးကို မသိနိုင်လောက်သောအခါ၌ကား ပွင့်တော်မူကြ မြဲမဟုတ်ကုန်။

ထိုကြောင့် သုတ်မဟာဝါ အဋ္ဌကထာကြီး၌....

တတ္ထ ကာလောန္နခေါ နကာလောတိ၊ ပဉ္စမံကာလံ ဝိလောကေ သိ။ တတ္တ ဝဿ သတ သဟဿတော ဥဒ္ဓံ ဝဍ္ဎိတ အာယု ကာလော ကာလောနာမ နဟောတိ။ ကသ္မာ တဒါဟိ သတ္တာနံ ဇာတိ ဇရာ မရဏာနိ နပညာယန္တိ။

ဗုဒ္ဓါနဉ္စ ဓမ္မဒေသနာ နာမ တိလက္ခဏမုတ္တာ နတ္ထိ။ တေ တေသံ ဒုက္ခ မနိစ္စမ နတ္တာတိ ကထေန္တာနံ ကိံနာမေတံ ကထေန္တိတိ နေဝ သောတုံ နသဒ္ဒဟိတုံ မညန္တိ။ တတော အဘိသမယော နဟောတိ။ တသ္မိံ အသတိ အနိယျာနိကံ သာသနံ ဟောတိ။ တသ္မာသော အကာလော။

ဝဿ သတတော ပဉ္စာယ ဦန အာယုကာလောပိ ကာလော နဟောတိ။ ကသ္မာ တဒါပိ သတ္တာ ဥဿန္န ကိလေသာ ဟောန္တိ။ ဥဿန္န ကိလေသာနဉ္စ ဒိန္နော ဩဝါဒေါ ဩဝါဒ ဌာနေ နတိဋ္ဌတိ။ ဥဒကေ ဒဏ္ဍရာဇိဝိယ ခိပ္ပံ ဝိဂစ္ဆတိ။ တသ္မာ သောပိ အကာလော ဝဿ သတ သဟဿတော ပဉ္စာယ ဟေဋ္ဌာ ဝဿ သတတော ပဉ္စာယ ဥဒ္ဓံ အာယု ကာလောနာမ။

ဤသို့မိန့်တော်မူသည်။

**အနက်ကား**။ တတ္တ၊ ထိုကြည့်ခြင်း ငါးပါးတို့တွင်။ ကာလောန္န ခေါ၊ ဘုရားပွင့်ရာ ကာလလေလော။ နကာလောန္နခေါ၊ ဘုရား ပွင့်ရာ ကာလမဟုတ်လေလော။ ဣတိ၊ ဤသို့။ ပဉ္စမံ၊ ရှေးဦးစွာ။ ကာလံ၊ ကာလကို။ ဝိလောကေသိ၊ ကြည့်တော်မူ၏။ တတ္တ၊ ထို နှစ်ပါးသောကာလတို့တွင်။ ဝဿ သတ သဟဿတော၊ အနှစ် တသိန်းမှ။ ဥဒ္ဓံ၊ အထက်၌။ ဝဍ္ဎိတ အာယု ကာလော၊ ပွား သောအသက်၏ ဖြစ်ရာအခါသည်။ ကာလောနာမ၊ ဘုရားပွင့်ရာ

အခါမည်သည်။ နဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ်ကြောင့် နည်း ဟူမူကား။ဟိယသ္မာ၊အကြင်ကြောင့်။တဒါ၊ ထိုအခါ၌။သတ္တာနံ၊သတ္တ ဝါတို့အား။ ဇာတိ ဇရာ မရဏာနိ၊ ဖြစ်ခြင်း အိုခြင်းသေခြင်းတို့သည်။ နပညာယန္တိ၊မထင်နိုင်ကုန်။ဗုဒ္ဓါနံ၊မြတ်စွာဘုရားတို့၏။ ဓမ္မဒေသနာဝစ နာမ၊တရားဒေသနာတော်မည်သည်လည်း။တိလက္ခဏမုတ္တာ၊ လက္ခ ဏာရေး သုံးပါးမှ လွတ်သော ဒေသနာမည်သည်။ နတ္ထိ၊ မရှိ။ တော၊ထိုဇာတိ ဇရာ မရဏတရားတို့ကို မထင်သောသူတို့သည်။ဒုက္ခံ၊ ခန္ဓာငါးပါးသည် ဒုက္ခမည်၏။ အနိစ္စံ၊ ခန္ဓာငါးပါးသည် အနိစ္စ မည်၏။ အနတ္တာ၊ ခန္ဓာငါးပါးသည် အနတ္တမည်၏။ ဣတိ၊ ဤသို့။ ကထေန္တာနံ၊ ဟောတော်မူကုန်သော။ တေသံ၊ ထိုရှင်တော်ဘုရား ကြီးတို့၏။ ဓမ္မံ၊ ခန္ဓာငါးပါး အနိစ္စ ဒုက္ခ အနတ္တ တရားတော်ကို။ ကိံနာမေတံ၊ အဘယ်မည်သော တရားတော်ကို။ ကထေန္တိ၊ဟော တော်မူကုန်သနည်း။ ဣတိ၊ ဤသို့၊ သောတုံ၊ နာခြင်းငှါ။ နေဝ မညန္တိ၊ အမှတ်မထင် နိုင်ကြကုန်။ သဒ္ဒဟိတုံ၊ ယုံကြည်ခြင်းငှါ။ န မညန္တိ၊ အမှတ်မထင်နိုင်ကြကုန်။ တတော၊ ထို့ကြောင့်၊ အဘိသမ ယော၊ သစ္စာလေးပါးကိုသိခြင်းသည်။ နဟောတိ၊ မဖြစ်။ တသ္မိံ၊ ထိုသစ္စာလေးပါးကိုသိခြင်းသည်။ အသတိ၊ မရှိခဲ့သော်။ သာသနံ၊ အဆုံးအမတော် သာသနာသည်။ အနိယျာနိကံ၊ ဝဋ်ဆင်းရဲမှ မ ထုတ် ဆောင်တတ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုအခါသည်။ အကာလော၊ ဘုရားပွင့်ရာ အခါမဟုတ်။

ဝဿ သတတော၊ အနှစ်တရာမှ။ ပဋ္ဌာယ၊ အစပြု၍။ ဦန အာယု ကာလောပိ။ ယုတ်သော အသက်ရှိသော ဆုတ်ကပ် အခါသည် လည်း။ ကာလော၊ ဘုရားပွင့်ရာ အခါသည်။ နဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား။ တဒါပိ၊ ထိုအနှစ်တရာ အောက် ဆုတ်ကပ်အခါ၌လည်း။ သတ္တာ၊ သတ္တဝါတို့သည်။ဥဿန္န ကိလေသာ၊ ပြန့်ပြောသော ကိလေသာ ရှိကုန်သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ ဥဿန္န ကိလေသာနံ၊ ပြန့်ပြောသော ကိလေသာရှိကုန် သော သူတို့အား။ ဒိန္နော၊ ပေးအပ်သော။ ဩဝါဒေါစ၊ အဆုံး

အမ တရားတော် သည်လည်း။ ဩဝါဒ ဌာနေ၊ ပေးအပ်တော်မူ တိုင်းသော အဆုံးအမအရာ၌။ နတိဋ္ဌတိ၊ မတည်။ ဥဒကေ၊ ရေ၌။ ဒဏ္ဍ ရာဇိဝိယ၊ ဒုတ်တံဖြင့် ရေးချစ်အပ်သော အရေးကဲ့သို့။ ခိပ္ပံ၊ လျင်မြန်စွာ။ ဝိဂစ္ဆတိ၊ ကင်း၏။ ဝါ။ ပျောက်ပျက်၏။ တသ္မာ၊ ထို့ကြောင့်။ သောပိ၊ ထိုအနှစ်တရာအောက် ဆုတ်ကပ်အခါသည် လည်း။ အကာလော၊ ဘုရားပွင့်ရာ အခါမဟုတ်။ ဝဿ သတ သဟဿတော၊ အနှစ် တသိန်းမှ။ ပဋ္ဌာယ၊ အစပြု၍။ ဟေဋ္ဌာ၊ အောက်၌။ ဝဿ သတတော၊ အနှစ်တရာမှ။ ပဋ္ဌာယ၊ အစပြု၍။ ဥဒ္ဓံ၊ အထက်၌။ အာယု၊ အသက်အတိုင်းအရှည်သည်။ ကာလော နာမ။ ဘုရားပွင့်ရာကာလမည်၏။

**အဓိပ္ပါယ်ကား။** ကာသိတာ နတ်ပြည်၌ စံနေတော် မူသော အလောင်းတော် နတ်သ⋯သည် ကာလ ဒီပ ဒေသ ကုလ မာတု အာယုပရိစ္ဆေဒ ဟုဆိုအပ်သော ကြည့်ခြင်းကြီး ငါးပါးတို့တွင်..... ကာလဟုဆိုအပ်သော ကြည့်ခြင်းကြီးကို ကြည့်တော်မူရာ၌....ဘုရား ပွင့်ရာ ကာလလော။ ဘုရားမပွင့်ရာ အကာလလောဟု နှစ်ပါး သောကာလ အကာလကို ရှေးဦးစွာကြည့်တော်မူ၏။

လူတို့၏အသက် အနှစ် တသိန်းထက် လွန်သော ကာလသည် ဇာတိ ဇရာ မရဏစသော ဖြစ်တတ် ရင့်ရော်တတ် ပျက်စီးတတ် သော ဒုက္ခသစ္စာ တရားတို့သည် ဤလူ့ပြည်၌ မထင်ရှားနိုင်လေ ကုန်။ ထိုသို့မထင်ရှားနိုင်ကုန်သောသူတို့အား၊(အနိစ္စ ဒုက္ခ အနတ္တ) လက္ခဏာရေးသုံးပါးကို ဘုရားရှင်တို့သည် သိမြင်တော်မူတိုင်း ပိုင်း ခြားမြွက်ဘော် ဟောတော်မူသော်လည်း ယုံကြည်မှတ်သား ပိုင်း ခြားသိထင်ခြင်းငှါ မစွမ်းနိုင်လေကုန်။

ထို အနိစ္စ ဒုက္ခ အနတ္တ တရားတို့ကို မသိမထင် မမြင်နိုင် ကလည်း ၁ စွာလေးချက် မဂ်ဖိုလ် နိဗ္ဗာန်ဟူသော ဝိမုတ္တိရသ အကျိုး မဖြစ်နိုင်လေကုန်။ ရှင်တော်ဘုရားကြီးတို့၏ တရား တော်မည်သည်ကား အနိစ္စ ဒုက္ခ အနတ္တ တရား သာစွာ

လေးပါး နိဗ္ဗာန်ဟူသော ကျေးဇူးတရားနှင့် ကင်းသော တရားဒေသနာတော် မည်သည်မရှိ။

ထို့ကြောင့် လူတို့၏အသက် အနှစ် တသိန်းထက် လွန်သော ကာလသည် ဘုရားပွင့်ရာကာလမဟုတ်ချေ။

လူတို့၏အသက် အနှစ်တရာအောက် ယုတ်သော ကာလသည် သတ္တဝါတို့ သန္တာန်၌ ရာဂ ဒေါသ မောဟ စသော ကိလေသာ တို့သည် လွန်စွာပွားကြီး ဖိစီးဖုံးလွှမ်း အပ်သည်ဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တ တရားတို့နှင့်တကွ ဝိမုတ္တိရသ အကျိုးစီးပွားတို့သည် မဖြစ် နိုင်ကြလေကုန်။ အဆုံးအမ တရားတော် မြတ်တို့သည် (ရေ၌ရေး အပ်သော အရေးအကြောင်းကဲ့သို့) တခဏခြင်း ကင်းကုန်ပျောက် ကုန်၏။ ထို့ကြောင့် လူတို့၏အသက်တသိန်းတမ်းထက် လွန်သော ကာလသည်၎င်း။ တရာတမ်းအောက် ယုတ်သော ကာလသည်၎င်း။ ဘုရားပွင့်တော်မူရာ ကာလမဟုတ်ကုန်။ လူတို့၏ အသက် အသင်္ချေ ယျမှဆုတ်၍ တသိန်းတမ်းမှသည် တရာတမ်း တိုင်ရုံသော ကာလ အတွင်း၌သာ ဘုရားပွင့်တော်မူရာ ကာလဖြစ်၏။

### အကျဉ်းချုပ်မှတ်ရန်မှာ

အသက်အသင်္ချေယျတမ်းမှ ဆုတ်၍ အသက်တသိန်းတမ်းမှ အ သက် တရာ တမ်းသည် ဇာတိ တရား ဇရာ တရား မရဏ တရား။ အနိစ္စတရား ဒုက္ခတရား အနတ္တ တရားတို့ကို ကြားနိုင် နာနိုင် ပွား များနိုင်သောကြောင့်သာ ဘုရားပွင့်တော်မူသည်။

ဘုရားပွင့်တော်မူခြင်းသည် ဇာတိ ဇရာ မရဏ အနိစ္စ ဒုက္ခ အ နတ္တ တရားတို့ကို ဟောကြားတော် မူလိုသောကြောင့် ပွင့်တော် မူသည်။

မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော် မှန်သမျှ သည်.... ခန္ဓာငါးပါး အနိစ္စ ခန္ဓာငါးပါး ဒုက္ခ ခန္ဓာငါးပါးအနတ္တ တရားတို့မှလွတ်၍ ဟောသော ဒေသနာတော်မည်သည်မရှိ။

ဇာတိ ဇရာ မရဏ တရားတို့မထင်မြင်လျှင် မယုံကြည်လျှင် အနိစ္စ ဒုက္ခ အနတ္တ တရားတို့ကိုလည်း မထင်မြင် မယုံကြည်။

အနိစ္စ ဒုက္ခ အနတ္တ တရားတို့ကို မထင်မြင်လျှင် မယုံကြည်လျှင် သစ္စာလေးပါးတို့ကိုလည်း မထင်မြင် မယုံကြည်။

သစ္စာလေးပါးတို့ကို မသိမမြင်လျှင် နိယျာနိကမဂ္ဂဖြစ်သော မြတ်စွာဘုရားသာသနာတော် ထိုသူတို့မှာ မတည်တော့ပြီ။

ထို့ကြောင့် ဘုရားပွင့်ရာ သာသနာတော်သမယမှာ ဇာတိတရား ဇရာတရား မရဏတရား အနိစ္စတရား ဒုက္ခတရား အနတ္တတရားတို့ကို များများကြီး ပွားများအားထုတ်ကြပါကုန်။

---

## တရားနာရခြင်းအကျိုးငါးပါး အင်္ဂုတ္တိုရ်ပါဠိတော်ကြီး၌

ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ သဒ္ဓမ္မသဝနေ ကတမေပဉ္စ။ အသုတံ သုဏာတိ။ သုတံ ပရိယောဒပေတိ။ ကင်္ခံ ဝိဟနတိ။ ဒိဋ္ဌိံ ဥဇုံ ကရောတိ။ စိတ္တမဿ ပသီဒတိ။ ဣမေခေါ ဘိက္ခဝေ ပဉ္စ အာနိသံသာ သဒ္ဓမ္မသဝနေ။

ဤသို့ဟောတော်မူသည်။

**အနက်ကား။** ဘိက္ခဝေ၊ ရဟန်းတို့။ သဒ္ဓမ္မသဝနေ၊ ပိဋကတ်သုံးပုံဖြစ်သော သူတော်ကောင်းတရားကို ကြားနာရခြင်း၌။ အာနိသံသာ၊ အကျိုးအာနိသင် တို့သည်။ ဣမေပဉ္စ၊ ဤငါးပါးတို့တည်း။ ကတမေပဉ္စ၊ အဘယ်ငါးပါးတို့ နည်းဟူမူကား။ အသုတံ၊ မကြားဘူးသေးသော တရားအထူးကို။ သုဏာတိ၊ ကြားနာရ၏။ သုတံ၊ ကြားဘူးပြီးသောတရားအထူးကို။ ပရိယောဒပေတိ၊ နှလုံး၌စင်ကြယ်စေ၏။ ကင်္ခံ၊ ယုံမှားခြင်းကို။ ဝိဟနတိ၊ ဖြတ်နိုင်၏။ ဒိဋ္ဌိံ၊ အယူကို။ ဥဇုံ၊ ဖြောင့်စွာ။ ကရောတိ၊ ပြုနိုင်၏။ အဿ၊ ထိုသူ၏။ စိတ္တံ၊ စိတ်သည်။ ပသီဒတိ၊ ကြည်လင်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သဒ္ဓမ္မသဝနေ၊ သူတော်ကောင်း တရားတို့ ကြားနာရခြင်း၌။ အာနိသံသာ၊ အကျိုးအာနိသင်တို့သည်။ ဣမေပဉ္စ၊ ဤငါးပါးတို့တည်း။

## အမိပ္ပါယ် အကျဉ်းကား

(၁) တရားနာသော သူသည် မကြားဘူး သေးသော ၊ ထုံးနည်းနာ ဝတ္ထုသက်သေ ဒေသနာအထူး အနက်အထူး အဓိပ္ပါယ်အထူးကို ကြားရနာရ၏။

(၂) တရားနာသောသူသည် ကြားဘူးပြီးသော ဒေသနာ အထူး အနက်အထူး အဓိပ္ပါယ် အထူးကို စိတ်နှလုံး၌ စင်ကြယ်စေ၏။

(၃) တရားနာသောသူသည် ယုံမှားခြင်း ရှစ်ပါး ယုံမှားခြင်း တဆယ့်ခြောက်ပါးတို့ကို ပယ်ဖြတ်နိုင်၏။

(၄) တရားနာသောသူသည် ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ ဈာန သမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလ သမ္မာဒိဋ္ဌိဟု ဆိုအပ်သော ငါးပါးသော သမ္မာဒိဋ္ဌိကို ဖြောင့်မတ်စွာယူနိုင်၏။

(၅) တရားနာသောသူ၏ စိတ်သည် အမြဲကြည်လင်၍နေ၏။

ဤသို့အကျိုးငါးပါးရှိချေသည်။

### ဓမ္မဒါနတည်းဟူသော တရားတော်မြတ်ကြီးကို ကြားနာသော ပုဂ္ဂိုလ် (၃) မျိုး

(၁) အကြင်တရားနာ ပုဂ္ဂိုလ်သည် တရားနာစဉ်အခါ သဒ္ဒါ အနက် အဓိပ္ပါယ်တို့ကို အစ အလယ် အဆုံး သုံးပါးတို့၌ ၎င်း၊ ထ၍သွားစဉ်အခါ၌၎င်း၊ နှလုံးမသွင်း သတိမရှိ၊ မမှတ်သားမိ၊ စိတ်သွားရာ ကာမဝိတက် စသည်ဖြင့်သာ တရားနာခြင်းကိုစွကိုပြီးစေ၏၊ ထိုတရားနာ ပုဂ္ဂိုလ်သည် မိုးရွာစဉ်အခါ မှောက်၍ရေခံသောအိုးသည် မိုးရေ မဝင်ဘိသကဲ့သို့....ထို့အတူ အကျိုးမပြီး အချည်းနှီးသာ ဖြစ်သောကြောင့် (အဝကုဇ္ဇ ပညာ) တရားနာ ပုဂ္ဂိုလ် မည်၏။

(၂) အကြင်တရားနာပုဂ္ဂိုလ်သည် တရားတော်ကို နာကြားစဉ် ခဏ အကျိုးရ၍ နေရာမှ ထသွားသောအခါ မေ့လျော့

ပျောက်ကွယ်သွား၏။ ထိုတရားနာ ပုဂ္ဂိုလ်သည် ထိုင်၍ နေစဉ် ရင်ခွင်ထက်၌ တင်ထားအပ်သော ရွှေဇမ္ဗူရာဇ် မဏိစစ်ရတနာကို ထ၍သွားသောအခါ ကျပျောက် ဆုံး ပါးဘိသကဲ့သို့ ထို့အတူ နာပြီးသောတရား ဆုံးပါးသွား သောကြောင့် (ဥဋ္ဌဂ်ပညာ) တရားနာပုဂ္ဂိုလ် မည်၏။

(၃) အကြင်တရားနာ ပုဂ္ဂိုလ်သည် တရားတော်ကို ကြားနာ စဉ်အခါ အစ အလယ် အဆုံး သုံးပါးလုံး၌ မြဲစွာမှတ် သား နှလုံးထားလျက် မပျောက်မပျက်စေရ။ ထိုနာပြီး သား တရားကိုပင် အမှီပြုသဖြင့် သဒ္ဓါ သီလ သုတ စာဂ ပညာ စသော တရားတို့ကို တိုးပွား ပြန့်ပြောစေလျက် အသက်ထက်ဆုံး သုံးဆောင် ခံစားနိုင်၏။ ထိုတရားနာ ပုဂ္ဂိုလ်သည် မဟာပထဝီမြေကြီးပမာ ထုထဲစွာလျှင် ပညာ ပြန့်ပြောသောကြောင့် ( ပုထုပညာ ) တရားနာ ပုဂ္ဂိုလ် မည်၏။

ဤသို့လျှင်တရားနာပုဂ္ဂိုလ်သည် (၁) တံစက်မြိတ်အောက် အိုး မှောက်တရားနာပုဂ္ဂိုလ်။ (၂) ရွှေငွေ စိန်ကျောက် ဥစ္စာပျောက် ဘရားနာပုဂ္ဂိုလ်။ (၃) ဒုဒယ်တည်ဆောက် မြေကြီးလောက် တ ရားနာပုဂ္ဂိုလ် ဟူ၍ သုံးမျိုးသုံးစား သုံးပါးရှိသည့် အနက်က ဒုဒယ် တည်ဆောက် မြေကြီးလောက် (ပုထုပညာ) တရားနာ ပုဂ္ဂိုလ်များ သည်သာလျှင် တရားနာရခြင်း အကျိုးငါးပါးကို ရရှိခံစား နိုင်ကြ ပေသည်။

---

ခမ္ဗဒါနတည်းဟူသော တရားတော်မြတ်ကြီးကို
ကြားနာသော ပုဂ္ဂိုလ် (၄) မျိုး

(၁) အကျဉ်းအပြွက်မျှ ဟောပြတော်မူလျှင် ဒေသနာတော် ၏အဆုံး၌ သစ္စာလေးချက် မဂ်ဖိုလ်သို့ရောက်လတံ့သည် ဖြစ်၍ ယခုနေ့ပွင့်လတံ့သောပဒုမ္မာကြာနှင့်တူသော(ဥဃဋိ တညူ) ပုဂ္ဂိုလ်။

(၂) အကျဉ်းဟောရာ ဒေသနာကို ကျယ်ပြန့်စွာဝေဘန်မှ မဂ်ဉာဏ်သို့ရောက်လတံ့သည်ဖြစ်၍ ရေနှင့်အညီအမျှ တည်လျက် နောက်တရက်မှ ပွင့်လတံ့သော ပဒုမ္မာကြာနှင့်တူသော (ဝိပဉ္စိ တည္ဆု) ပုဂ္ဂိုလ်။

(၃) အကျဉ်း အကျယ် နှစ်သွယ်နှစ်ဖြာ ဒေသနာကို ကြားနာဆောင်ယူ၍ ကလျာဏမိတ္တ အမှီရသဖြင့် နေ့ညမနားအားထုတ်နိုင်မှ မဂ်ဖိုလ် ရလတံ့သည်ဖြစ်၍ သေးနုငယ်ဆုံး ရေဖြင့်ဖုံးလျက် နောက် နှစ်ရက်မှ ပွင့်လတံ့သော ပဒုမ္မာကြာနှင့်တူသော (နေယျ) ပုဂ္ဂိုလ်။

(၄) ဆိုခဲ့ပြီးသော နည်းအစဉ်ဖြင့်ပင် ကြားနာမှတ်သားနှလုံးထား၍ အားထုတ် ပါလျက် မဂ်ဖိုလ်မရ ဤဘဝတွင်မောဃဘက်ပါ သံသရာဝဲဝဋ္ဋ မကင်းလွတ်သေးဘဲ ပါရမီအဆောက်အဦမျှသာဖြစ်၍ ငါးလိပ်အစာ ပွင့်ရာကာလယခုဘဝ ခွင့်မရသေးဘဲ ရေထဲ၌ တည်နေသော ပဒုမ္မာကြာနှင့်တူသော (ပဒပရမ) ပုဂ္ဂိုလ်။

ဤသို့လျှင် တရားနာပုဂ္ဂိုလ်တို့သည် (၁) ယနေ့ပွင့်သော ကြာနှင့်တူသော ဥဂ္ဃဋိတညူ တရားနာ ပုဂ္ဂိုလ်။ (၂) နောက်တရက်ပွင့်လတံ့သော ကြာနှင့်တူသော ဝိပဉ္စိတညူတရားနာပုဂ္ဂိုလ်။ (၃) နောက်နှစ်ရက် ပွင့်လတံ့သော ကြာနှင့် တူသော နေယျတရားနာပုဂ္ဂိုလ်။ (၄) ယခုကာလ ပွင့်ခွင့်မရသေးသော ရေမြုတ် ကြာနှင့်တူသော ပဒပရမ တရားနာပုဂ္ဂိုလ်ဟူ၍ လေးမျိုးလေးစား လေးပါးအပြားရှိသတည်း။

## ဓမ္မဒါနတည်းဟူသောတရားတော်မြတ်ကြီးကို ကြားနာရသော ပဒပရမ ပုဂ္ဂိုလ် ၏အကျိုး (၄) ပါး

ဓမ္မဒါန တည်းဟူသော တရားတော်မြတ်ကြီးကို ကြားရ နာရခြင်းဟူ သော သောတသဝန ကြောင့်ရင်း။ နှုတ်ဖြင့် ရွတ်ဘတ်သရဇ္ဈာယ်ရခြင်း တည်းဟူသော ပရိစိတကြောင့်ရင်း။ နှလုံးဖြင့် အဖန်ဖန် ကြံစည်ရခြင်းဟူသော မနသာ အနုပေက္ခိတကြောင့်ရင်း။

ပညာဖြင့် ကောင်းစွာထိုးထွင်း၍ သိရခြင်းဟူသော ဒိဋ္ဌိယာ သုပဋိဝိဒ္ဓါကြောင့်ရင်း ပဒပရမပုဂ္ဂိုလ်သည် ဤလေးပါးသော ကိစ္စတို့ဖြင့် ကောင်းစွာအားထုတ်အပ်သည်ရှိသော် လေးပါးသော အကျိုးတရားကို တမလွန်လောက၌ ရရှိနိုင်ကြကုန်၏။

**လေးပါးဟူသည်ကား**

(၁) အကယ်၍များ မေ့လျော့ြငြားသည်ဖြစ်၍ လူ့ခန္ဓာကိုယ်ကို စွန့်ရသည်ရှိသော် အထက် နတ်ပြည်၌ ဖြစ်ရသဖြင့် ရှေးလူ့ဘဝက ကြားနာအပ်အားထုတ်အပ်သောတရားရှိသော ပုဂ္ဂိုလ်သည်....ကြည်လင်သော မှန်ပြင်၌ မျက်နှာ ရိပ်ထင်သကဲ့သို့ တရားအစဉ်တို့သည် အလိုလိုပင် ထင်ခြင်းသို့ ရောက်သဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းတပါး။

(၂) မိမိစိတ်၌ အလိုလိုပင် မထင် ငြားသော်လည်း တန်ခိုးကြီးသော ရဟန်းတို့ ကြွရောက်ကြ၍ ဟောပြော သဖြင့် လိမ္မာသော ယောက်ျားသည် အရပ် တပါး၌ စည်ကြီးသံကို ကြားသည်ရှိသော် ကြားသောခဏ၌ပင်လျှင် စည်ကြီးသံကို မတွေမဝေ သိသကဲ့သို့ တရားဓမ္မကို ကြားရသောခဏ မတွေမဝေသိရသဖြင့် လောကုတ္တရာ တရားထူးကို မျက်မှောက်ပြုရခြင်းတပါး။

(၃) တန်ခိုးကြီးသော ရဟန်းတို့ ကြွလာ၍ မဟောငြားသော်လည်းသုဓမ္မာသဘင်၌သနင်္ကုမာရဗြဟ္မာမင်း သိကြားမင်းတို့ တရားဟောပြ၍ ကြားနာရသောခဏ၌ လောကုတ္တရာတရားထူးကို မျက်မှောက်ပြုရခြင်းတပါး။

(၄) ထိုသို့ပင်မဟုတ်သော်လည်း အပေါင်းအသင်း နတ်တို့က သတိပေး၍ လောကုတ္တရာတရားထူးကို ရခြင်းတပါး။

ပေါင်း ဤလေးပါးတည်း။

ဤကား....ဓမ္မဒါန တည်းဟူသော တရားတော် မြတ်ကြီးကို ကြားနာရ၍ အပြစ်ဖြစ်သော တရားနာပုဂ္ဂိုလ်၊ အကျိုးမရှိသော တ

ရားနာပုဂ္ဂိုလ်၊ နည်းသော အကျိုးသာရှိသော ပုဂ္ဂိုလ်၊ များသော အကျိုးရှိသော ပုဂ္ဂိုလ်တို့ကို ပြဆိုသောစကားတည်း။

---

ဓမ္မဒါနတည်းဟူသော
တရားတော်မြတ်ကြီးကို ကြားနာရသောကြောင့်

**ဓမ္မရသဖြစ်ပုံ**

ဤသို့ အလွန်ချီးမြှင့် ကောင်းမြတ်၍ အရဟတ္တဖိုလ် နိဗ္ဗာန်တိုင်အောင် ပို့ဆောင်ပေတတ်သော တရားတော်မြတ်ကို (ပုထုပညာ) တရားနာပုဂ္ဂိုလ်အဖြစ်၌ ကောင်းစွာတည်၍ ကြည်ညိုရိုသေစွာ နာခံမှတ်သားပွားများ အားထုတ်ရသော ပုဂ္ဂိုလ်၏ သန္တာန်၌ ခံစားသုံးဆောင်ရသော မဟာကုသိုလ် စေတနာ သဒ္ဓါဗလဝ ပါမောဇ္ဇဟုဆိုအပ်သော (ဓမ္မသြဇာ ဓမ္မအရသာ) သည် အလုံးစုံသော အရသာအပေါင်းတို့ထက် ထွဋ်မြတ်ကဲလွန်သည်ကို ဓမ္မပဒ ပါဠိတော်ကြီး၌ သိကြားမင်းအား ဤသို့ဟောတော်မူ၏။

သဗ္ဗရသံ ဓမ္မရသော ဇိနာတိ

ထိုပါဠိတော်မြတ်ကြီး၏အဖွင့် ဓမ္မပဒ အဋ္ဌကထာကြီး၌ ဖွင့်ပုံမှာ

သဗ္ဗေပိ ခန္ဓရသာဒယော ရသာ။ ဥက္ကဋ္ဌတော ဒေဝါနံ သုဓာဘောဇနရသောပိ သံသာရဝဋ္ဋေ ပါတေတွာ ဒုက္ခာနုဘဝနဿ ပစ္စယော။ ယောပနေသ သတ္တတိံသ ဗောဓိပက္ခိယ ဓမ္မ သင်္ခါတော စ ဓမ္မရသော။ အယမေဝ သဗ္ဗရသာနံ သေဋ္ဌော။ တေနဝုတ္တံ သဗ္ဗရသံ ဓမ္မရသော ဇိနာတီတိ။

ဤသို့ဖွင့်တော်မူ၏။

**အနက်ကား**။ သဗ္ဗေ၊ အလုံးစုံသော။ ခန္ဓရသာဒယော။ ခန္ဓရသအစရှိကုန်သော။ ရသာ၊ အရသာတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ တေသု၊ ထိုအလုံးစုံကုန်သော အရသာတို့တွင်။ ဥက္ကဋ္ဌတောပန၊ လွန်သော အားဖြင့်ကား။ ဒေဝါနံ၊ နတ်တို့၏။ သုဓာဘောဇနရသောပိ၊ သုဓာဘုတ်အရသာပင် ဖြစ်ငြားသော်လည်း။ သံသာရ

ဝဇ္ဇေ၊ သံသရာဝဋ်ဆင်းရဲ၌။ ပါတေတွာ၊ ကျစေ၍။ ဒုက္ခာနုဘဝသော ဝ၊ ဒုက္ခကို ခံစားခြင်း၏သာလျှင်။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ သတ္တ တိံသ ဗောဓိပက္ခိယ ဓမ္မသင်္ခါတော၊ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ တရားဟုဆိုအပ်သော။ ယော ပနေသ ယောပန ဧသော ဓမ္မရသော၊ အကြင် တရား တည်းဟူသော အရသာသည်။အတ္ထိ၊ ရှိ၏။ အယမေဝ ဓမ္မရသော၊ ဤဗောဓိပက္ခိယ တရားတည်းဟူသော ဓမ္မအရသာသည်သာလျှင်။သဗ္ဗရသာနံ၊ အလုံးစုံသောအရသာတို့ထက်။ သေဋ္ဌော၊မြတ်၏။ မဟာရာဇ၊သိကြားမင်း။ တေန၊ထို့ကြောင့်။ သဗ္ဗရသံ ဓမ္မရသော ဇိနာတိတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**အဓိပ္ပါယ်ကား။** လူတို့ သုံးဆောင် စားသောက် အပ်သော အသီးအရသာ အပွင့်အရသာ အရွက်အရသာ အမြစ်အရသာ အခွံ အရသာ အဖုအရသာ အခေါက်အရသာ အရည်အရသာ အဖတ် အရသာ အစရှိကုန်သော ပင်စည်ကိုစွဲ၍ဖြစ်သော အရသာတို့သည် ခန္ဓရသာမည်ကုန်၏။ အာဒိသဒ္ဒါ၏အရ ဝက်သား ကြက်သား ငါး အမဲ နွားနို့ ထောပတ် စသည်တို့သည်လည်း အရသာမည်၏။ ထို လူတို့သုံးဆောင်သော အရသာတို့ထက် နတ်တို့သုံးဆောင်အပ်သော သုဓာဘုတ် နတ်ဘောဇဉ်သည် ကဲလွန်ထွဋ်မြတ်၏။ ဝေမာနိက နတ်တယောက်သည် လူမိန်းမကို မယားပြုလျက် နတ်ဘောဇဉ်ကို ကျွေး၍ထားခြင်းကြောင့် ထိုလူမိန်းမသည် နတ်ဗိမာန် နတ်ဝတ် နတ် စားနှင့်ပင်လျှင် အနှစ်ခုနစ်ရာ (၇၀၀) တိုင်တိုင် မအိုမနာ မသေ နေရကြောင်း။ နောက်လူ့ပြည်သို့ ပြန်ရောက်၍ လူတို့နေရာ အဝတ် အစားကို သုံးဆောင်ရလျှင် သွားကျိုးခြင်း ဆံဖြူခြင်းဖြင့် (၇) ရက် အတွင်း၌ သေရကြောင်း (ပေတဝတ္ထုပါဠိတော် အဋ္ဌကထာ) တို့၌ လာရှိ ချေသည်။ ထို့ကြောင့် လူတို့ပြည်၌ လူတို့ သုံးဆောင် စားသောက် အပ်သမျှ အရသာ တို့ထက် နတ်တို့ သုံးဆောင် စားသောက်အပ်သော သုဓာဘုတ် နတ်ဘောဇဉ် အရသာသည်

ကဲလွန်ထွင်မြတ်၏။ ထိုလူတို့သုံးဆောင် စားသောအပ်သောအရသာ ဟူသမျှသည်ရင်း နတ်တို့သုံးဆောင် စားသောက်အပ်သော အရသာ ဟူသမျှသည်ရင်း ရာဂအစရှိသော ကိလေသာတို့ကို တိုးပွားပြန့်ပြော စေခြင်း သံသရာဝဋ်ဆင်းရဲကို ရှည်စေခြင်းတို့သာ အကျိုးရှိကုန်၏။ ရာဂအစရှိသော ကိဒလေသာကုန်၍ သံသရာဝဋ်ဆင်းရဲမှ မလွတ် မြောက်ကုန်။

ဓမ္မဒါနတည်းဟူသော တရားတော်မြတ်ကြီးကို ရိုသေစွာ နာခံ မှတ်သား၍ ခံစား သုံးဆောင် အပ်သော သတိပဋ္ဌာန် သမ္မပဓာန် စသော ဗောဓိပက္ခိယ ဓမ္မအရသာသည်သာလျှင် ရာဂအစရှိသော ကိလေသာမီးငြိမ်း၍ သံသရာဝဋ်ဆင်းရဲ ဇာတ်သိမ်းနိုင်၏။ ထို့ကြောင့် လူနတ်တို့ သုံးဆောင် စားသောက် အပ်သော အရသာတကာတို့ ထက် ဗောဓိပက္ခိယ တရားတည်းဟူသော ဓမ္မရသာ သည်သာလျှင် သာလွန် ထွင်မြတ်၏ဟု (သဗ္ဗရသံ ဓမ္မရသော ဇိနာတိ) ဟူ၍ သိကြားမင်းအား ရှင်တော်ဘုရားကြီး ဟောတော်မူချေသည်။ ဤသို့ ဓမ္မရသကို သုံးဆောင်ခံစားနေသော သူတော်ကောင်းတို့၏ အတွင်း သန္တာန်၌ ရှေးရှေးကာလက မရမဖြစ်စဘူးသော အထူးအဆန်း ဆိ စိမ်စွမ်းကဲ့သို့ ဝမ်းမြောက်ခြင်း ပီတိပါမောဇ္ဇဖြင့် နှစ်သည့်စံပျော် မွေ့လျော်၍ နေရခြင်းအကျိုးရှိ၏။

အကျဉ်းချုပ်မှတ်ရန်အား

ဓမ္မဒါန တည်းဟူသော တရားတော်မြတ်ကြီးကို ကြားနာအား ထုတ်ရသောကြောင့် ဓမ္မရသကို ခံစားသုံးဆောင်ရသည်။
ဓမ္မဒါန တည်းဟူသော တရားတော်မြတ်ကြီးကို မကြားမနာ အား မထုတ်ရသည်ရှိသော် ဓမ္မရသကို မခံစား မသုံးဆောင်ရ။

လူနတ်တို့ သုံးဆောင် စားသောက်နေသော ရသာသည် ရာဂ မီးတောက်၍သာနေ၏။ ဆင်းရဲ၍သာ နေ၏။

အရိယာ လူနတ်ဗြဟ္မာတို့ သုံးဆောင် စားသောက်နေသော ဓမ္မ အရသာသည် ရာဂမီးငြိမ်း၍ ဒုက္ခဇာတ်သိမ်းသည်။

သဗ္ဗရသသည် အတွင်းသန္တာန်၌ ရာဂမီးသာမက ဒေါသမီး မောဟမီး မာနမီး အစရှိသော (၁၁) ပါးသော မီးတောက်ကြီး လောင်၍နေ၏။

ဓမ္မရသသည် အတွင်းသန္တာန် ဆိစိမ့်ငြိမ်းကဲ့သို့ စိတ်ရွှင်လန်း ကိုယ်ရွှင်လန်း၍နေ၏။ မီးငြိမ်း၍နေ၏။

ထို့ကြောင့် အရိယာအဖြစ် သူတော်ကောင်းအဖြစ်ကို အလိုရှိ ကြကုန်သောသူတို့သည် သဗ္ဗရသာတည်းဟူသော (မီးစာ) ကိုအရေး တခု အလေးမပြုဘဲ ဓမ္မရသာတည်းဟူသော (အအေးစာ) တခုကို သာလျှင် အရေးတစိုက် အလေးဂရု ပြုလိုက်ကြပါကုန်။

ဤကား....ဓမ္မဒါနကြောင့် ဓမ္မရသာဖြစ်၍ ထိုဓမ္မရသာက သဗ္ဗ ရသာကို အောင်ခြင်းအဓိပ္ပါယ် စကားစုတည်း။

ဓမ္မဒါနတည်းဟူသော
တရားတော်မြတ်ကြီးကို ကြားနာရသောကြောင့်
ဓမ္မရတိ ဖြစ်ပုံ

သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ ဟူ၍ သိကြားမင်းအား ရှင်တော် ဘုရားကြီး ဟောကြားတော်မူအပ်သော ဓမ္မပဒပါဠိတော်ကြီး၌ ပါရှိ လေသည်။

ထိုပါဠိတော်ကြီး၏ အဖွင့် ဓမ္မပဒ အဋ္ဌကထာကြီး၌....

ယာပနေသာ ပုတ္တ ဓိတု ရတိ ဉာတ္တိရတိ ဓနရတိ နစ္စ ဂီတ ဝါဒိတ ရတိပ္ပဘေဒါ သာပိ ဝဋ္ဋေ ပါတေတွာ ဒုက္ခာနုဘဝဃေဝ ပစ္စယော။ ယာပနေသာ ဓမ္မံ ကထေန္တဿဝါ သုဏန္တဿဝါ ဝါစေန္တဿဝါ အန္တော ဥပ္ပဇ္ဇမာနာ ပီတိ ဥဒဂ္ဂဘာဝံ ဇနေတိ။အဿူနိ ပဝတ္တေတိ၊ လောမ ဟံသနံ ဇနေတိ။ သံသာရ ဝဋ္ဋဿ အန္တံ ကတွာ အရ ဟတ္တ ပရိယောသာနံ ဟောတိ။ သဗ္ဗရတီနံ ဝေရူပါ ရတိသေဋ္ဌာ ယေဝ။ တေန ဝုတ္တံ သဗ္ဗရတိံ ဓမ္မရတိ ဇိနာတီတိ။

ဤသို့မိန့်တော်မူသည်။

**အနက်ကား**။ ပုတ္တဓိတုရတိ၊ သားသမီးတို့နှင့်မွေ့လျော်ခြင်းဇင်း။ ဉာတ္တိရတိ၊ မိန်းမတို့နှင့် မွေ့လျော်ခြင်းဇင်း။ ဓနရတိ၊ ပစ္စည်း ရွှေ ငွေ

ဆန်ရေ စပါး ကျွဲနွား ဆင်မြင်း လှည်းလှေ မိုးယံမြေ လယ်ယာ စသောဥစ္စာတို့နှင့် မွေ့လျော်ခြင်းငှာ။ နစ္စ ဂီတ ဝါဒိတ ရတိပ္ပဘေဒါ၊ ကခြင်း သီခြင်း တီးမှုတ်ခြင်း တို့နှင့် မွေ့လျော်ခြင်း အပြားရှိသော။ ယာပနေသာ ယာပနသော ရတိ၊ အကြင် မွေ့လျော်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သာပိ၊ ထိုကာမရတိတို့ဖြင့် မွေ့လျော်ခြင်းသည် လည်း။ ငေ့၊ ဝဋ်ဆင်းရဲ၌။ ပါတေဘ္ဗာ၊ ကျစေ၍။ ဒုက္ခာနုဘဝသေ ဝ၊ ဒုက္ခကို ခံစားခြင်း၏ သာလျှင်။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်။ ဓမ္မံ၊ ဓမ္မဒါနတည်းဟူသော တရားတော်မြတ်ကြီးကို။ ကထေန္တဿဝါ၊ ဟောသော ပုဂ္ဂိုလ်၏ငှာ။ သုဏန္တဿဝါ၊ နာ သော ပုဂ္ဂိုလ်၏ငှာ။ ဝါစေန္တဿဝါ၊ ပို့ချသော ပုဂ္ဂိုလ်၏ငှာ။ အန္တော၊ အတွင်း၌။ ဥပဇ္ဇမာနာ၊ ဖြစ်သော။ ယာပနေသာ ယာပန သောပီတိ၊ အကြင်ပီတိသည်။ ဥဒဂ္ဂ ဘာဝံ၊ တက်ကြွသည်၏အဖြစ် ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ အဿုနိ၊ မျက်ရည်တို့ကို။ ပဝတ္တေန္တိ၊ ဖြစ်စေ ယိုစီးစေတတ်၏။ လောမ ဟံသနံ၊ ကြက်သီးမွေးညှင်းထခြင်း ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ သံသာရဝဋ္ဋဿ၊ သံသရာဝဋ်ဆင်းရဲ ၏။ အန္တံ၊ အဆုံးကို ကတွာ၊ ပြု၍၊ အရဟတ္တ ပရိယောသာနံ၊ အရဟတ္တဖိုလ် အဆုံးရှိသည်။ ဟောတိ၊ ဖြစ်၏။ ဧဝရူပါ၊ ဤသို့ သဘောရှိသော။ ရတိ၊ ဓမ္မရတ်ဖြင့် မွေ့လျော်ခြင်းသည်။ သဗ္ဗရတီနံ၊ အလုံးစုံသော ကာမရတိ သဗ္ဗရတိတို့ဖြင့် မွေ့လျော်ခြင်းတို့ထက်။ သေဋ္ဌာဝယေဝ၊ မြတ်သည်သာလျှင်တည်း။ တေန၊ ထို့ကြောင့်။ သဗ္ဗ ရတိံ ဓမ္မရတိ ဇိနာတီတိ၊ သဗ္ဗရတိံ ဓမ္မရတိဇိနာတိဟူ၍။ ဘဂဝ တော၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**အဓိပ္ပါယ်ကား** လူ့ဘုံ၌ လူတို့၏ ကာမဂုဏ်ဖြင့် မွေ့လျော် ပျော်ရွှင်ခြင်း နတ်ဘုံ၌ နတ်တို့၏ကာမဂုဏ်ဖြင့် မွေ့လျော် ပျော်ရွှင် ခြင်းများသည် ကောန်စင်စစ် ချမ်းသာစစ်ချမ်းသာမှန်မဟုတ်။ ဒုက္ခအစု ဆင်းရဲမှု၌ ကြုံကြိုက် ကျရောက်ရာ တဏှာ သမုဒယ မူလအမြစ် အကြောင်းဖြစ်၍ မနှစ်သက်အပ် မမွေ့လျော် အပ်သည်သာဖြစ်၏။ ကာမရတိသည်ရာဂအစရှိသောကိလေသာမီး တောက်ဘို့သာဖြစ်၏။

ဓမ္မဒါနတည်းဟူသော တရားထူး တရားမြတ်ကြီးကို ဟောဖော် ညွှန်ကြား မှတ်သားနာခံ သင်အံပို့ချသောသူ၏ အတွင်းသန္တာန် ၌ နှစ်သက်ခြင်း ပီတိ ပါမောဇ္ဇ တက်ကြွသောကိုယ်စိတ် ယှိုဖိတ်သော မျက်ရည် ဤဆိုအပ်ခဲ့သမျှ မဟာကုသိုလ်စိတ်နှင့်တကွ နာမကာယ၏ သုခချမ်းသာကို ကောင်းစွာစံပျော် မွေ့လျော်ရခြင်းသည်၊ ဝဋ်ဆင်း ရဲနှင့် မတွဲမစပ် အရဟတ္တဖိုလ် အဆုံးရှိသော ပဋိပတ်သုခ ဓမ္မရတိဖြစ်၍ ကာမရတိတို့ဖြင့် မွေ့လျော်ခြင်းတကာ မနိုင်းရာအောင် သာလွန် မွေ့လျော်ခြင်းဟူ၍ ဘုရား၏အလိုတော်ကို ဖွင့်ဆိုတော်မူရာ အဓိပ္ပါယ် လာချေသည်။

အကျဉ်းချုပ် မှတ်ရန်ကား

ဓမ္မဒါနတည်းဟူသော တရားတော်မြတ်ကြီးကို ကြားနာအားထုတ် ရသောကြောင့် ဓမ္မရတိ တရားဖြင့်မွေ့လျော်နိုင်ရသည်။

ဓမ္မဒါန တည်းဟူသော တရားတော်မြတ်ကြီးကို မကြားမနာ အားမထုတ်ရပါမူကား ဓမ္မရတိ တရားဖြင့် မမွေ့မလျော် မပျော်နိုင်။

ဓမ္မဒါနကြောင့် ဓမ္မရတိမရှိသောသူသည် သားသမီးတို့နှင့်မွေ့လျော် ခြင်း ယောကျ်ား မိန်းမတို့နှင့် မွေ့လျော်ခြင်း ဥစ္စာပစ္စည်းတို့နှင့် မွေ့လျော်ခြင်း ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့နှင့် မွေ့လျော်ခြင်း များသောကြောင့် ကာမရတိ ပုဂ္ဂိုလ်မည်၏။ သဗ္ဗရတိ ပုဂ္ဂိုလ်လည်း မည်၏။

ထိုကာမရတိ သဗ္ဗရတိ၌ ရာဂမီး ဒေါသမီး မောဟမီး မာနမီး အစရှိသော ကိလေသာမီးတို့သည် ကာမရတိပုဂ္ဂိုလ် သဗ္ဗရတိပုဂ္ဂိုလ် ၏ အတွင်းသန္တာန်၌ လောင်မြိုက်၍နေ၏။ ဝဋ်ဆင်းရဲ မီးတို့သည် လည်း လောင်မြိုက်၍နေ၏။

ဓမ္မဒါနတည်းဟူသော တရားတော်မြတ်ကြီးကိုဟောပြောသောသူ နာခံမှတ်သားသူ ပို့ချသောသူ ဆင်ခြင်ပွားများသောသူသည် ဓမ္မ ရတိ ပုဂ္ဂိုလ်မည်၏။

ထိုဓမ္မရတိ ပုဂ္ဂိုလ်၏အတွင်းသန္တာန်၌ ဆီစိမ်ငွမ်းကဲ့သို့ စိတ်ရွှင်

လန်း ကိုယ်ရှင်လန်း၍ ပီတိတဖျန်းဖျန်းထ၍နေသည် ကိလေသာဓိ ဒုက္ခမီးငြိမ်း၍နေသည်၊

ထို့ကြောင့် အရိယာ သူတော်ကောင်းအဖြစ်ကို လိုလားကြကုန်သော သူတို့သည် ကာမရတိ (မီးစာ) ဖြင့် မမွေ့မလျော်ဘဲ ဓမ္မရတိ (အအေးစာ) ဖြင့်သာ မွေ့လျော်ကြရာသည်။

ဤကား....ဓမ္မဒါနကြောင့် ဓမ္မရတိဖြစ်၍ ထိုဓမ္မရတိက ကာမရတိ သဗ္ဗရတိကို အောင်ခြင်း အဓိပ္ပါယ်စကားစုတည်း။

ဓမ္မဒါနတည်းဟူသော
တရားတော်မြတ်ကြီးကို ကြားနာရသောကြောင့်
**တဏှာက္ခယဖြစ်ပုံ**

**တဏှာက္ခယော** သဗ္ဗဒုက္ခံ ဇိနာတိ ဟူ၍ သိကြားမင်းအား ရှင်တော်ဘုရားကြီး ဟောကြားတော်မူအပ်သော ဓမ္မပဒ ပါဠိတော်ကြီး၌ ပါရှိလေသည်။

ရင်းအဖွင့် ဓမ္မပဒအဋ္ဌကထာကြီး၌....

တဏှာက္ခယောပန တဏှာယ ခယန္တေ ဥပ္ပန္နံ အရဟတ္တံ။ တံ သကလသာပိ ဝဋ္ဋဒုက္ခဿ အဘိ ဘဝနတောသဗ္ဗဿံ သေဋ္ဌမေဝ။ တေနဝုတ္တံ တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတီတိ။

ဤသို့မိန့်တော်မူသည်။

**အနက်ကား**။ တဏှာယ၊ တဏှာ၏။ ခယန္တေ၊ ကုန်ခြင်း၏ အဆုံး၌။ ဥပ္ပန္နံ၊ ဖြစ်သော။ အရဟတ္တံ၊ အရဟတ္တဖိုလ်သည်။ တဏှာက္ခယော၊ တဏှာက္ခယမည်၏။ တံ၊ ထိုတဏှာက္ခယမည်သော အရဟတ္တဖိုလ်သည်။ သကလဿာပိ၊ အလုံးစုံလည်းဖြစ်သော။ ဝဋ္ဋဒုက္ခဿ၊ ဝဋ္ဋဆင်းရဲကို။ အဘိဘဝနတော၊ အထူးသဖြင့် နှိပ်စက်တတ်သောကြောင့်။ သဗ္ဗဿံ၊ အလုံးစုံသော ဝဋ္ဋဆင်းရဲအပေါင်းမှ ထွက်မြောက်စေတတ်သော တရားတို့ထက်။ သေဋ္ဌမေဝ၊ မြတ်သည် သာလျှင်တည်း။ တေန၊ ထို့ကြောင့်။ တဏှာက္ခယော သဗ္ဗဒုက္ခံဇိနာတီတိ၊ တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**အမိပ္ပါယ်ကား။** ထို အင္ဂုကထာမြတ်၌ အကျဉ်း မှတ်ဘွယ် အမိပ္ပါယ်မှာ တဏှာကို အကြွင်းမရှိ ပယ်သတ်တတ်သော အရဟတ္တမဂ်၏အကျိုးဖြစ်သောအရဟတ္တဖိုလ်တရားကြီးသည် တဏှာက္ခယမည်၏။ ထိုတဏှာက္ခယမည်သော အရဟတ္တဖိုလ်သည် အလုံးစုံသော ဝဋ်ဆင်းရဲအပေါင်းကို အထူးသဖြင့် နှိပ်စက် ဖျက်ဆီး တတ်သောကြောင့် ဝဋ်ဆင်းရဲ၏ ကုန်ကြောင်းဖြစ်သော တရားတို့ထက် မြတ်သောတရားကြီးဖြစ်၏။ ဓမ္မဒါနတည်းဟူသော တရားတော်မြတ်ကြီးကို မကြားမနာရပါမူကား။ ဘဝဆုံးရောက် မကျူးမြောက်သေးသော ပဒပရမ ပုဂ္ဂိုလ်တို့သည် ချမ်းသာသုံးပါးကို ခံစားရမည်ကို မဆိုထားဘိ ဥဃ္ဃဋိတညူ ပုဂ္ဂိုလ် ဝိပဉ္စိတညူ ပုဂ္ဂိုလ် နေယျ ပုဂ္ဂိုလ်တို့ပင် ဖြစ်ငြားသော်လည်း ဓမ္မဒါနကုသိုလ်ထူး ကုသိုလ်မြတ် ကြီးနှင့်ကင်း၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ထုတ်ချောက် အမြန်ရောက်စွမ်းခြင်းငှါ မတတ်နိုင်ကြလေကုန်။ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူသမျှသောဘုရားရှင်တို့တွင် တဆူတဆူသော ဘုရားရှင်၏ ခြေတော်ရင်း၌ နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေခြောက်ဆယ် မိုလ်ခြေတသိန်းနွဲ့တွက်ကိန်းသင်္ချာ လိုက်ပါထွက်မြောက် မဂ်ပေါက် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်ကြကုန်သော သာဝက အပေါင်းတို့သည်ရင်း။ နောင်သောအခါ သင်္ချာမဆန့် ပွင့်လတံ့သော ဘုရားရှင်တို့၏ နောက်တော်သို့ လိုက်ပါ၍ မဂ်ပေါက် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်မည့် သာဝက အပေါင်းတို့သည်ရင်း။ ထိုဓမ္မဒါနတည်းဟူသော တရားတော်မြတ်ကြီးကို ကြားရ နာရမှသာလျှင် တဏှာက္ခယမည်သော အရဟတ္တဖိုလ် ချမ်းသာမြတ်ကြီးကို ခံစားနိုင်ကြကုန်၏။

## အကျဉ်းချုပ်မှတ်ရန်ကား

ဓမ္မဒါနတည်းဟူသော တရားတော် မြတ်ကြီးကို ကြားနာအားထုတ် ရသောကြောင့် တဏှာက္ခယချမ်းသာမြတ်ကြီးကိုခံစားရသည်။

ဓမ္မဒါန တည်းဟူသော တရားတော်မြတ်ကြီးကို မကြား မနာအားမထုတ်ရပါမူကားထိုတဏှာက္ခယ ချမ်းသာမြတ်ကြီးကိုမခံစားရ။

ဓမ္မဒါနကြောင် တဏှာက္ခယ ချမ်းသာမြတ်ကြီးသည် အလုံးစုံသော ဆင်းရဲဟူသမျှကို အောင်ရသည်။

ဓမ္မဒါန တဏှာက္ခယနှစ်ပါး မဖြစ်ပါမူကား....ဥဃ္ဃဋိတညူ ဝိပဉ္စိတညူ နေယျပုဂ္ဂိုလ်တို့သည် ကျွတ်တန်း မဝင်နိုင်ကြကုန်။ ပဒပရမပုဂ္ဂိုလ်တို့သည်လည်း ဒုတိယဘဝ စသည်တို့၌ ကျွတ်တန်း မဝင်နိုင်ကြကုန်။

ဓမ္မဒါန တဏှာက္ခယ နှစ်ပါးရှိသောကြောင့်သာလျှင် ထိုပုဂ္ဂိုလ်လေးမျိုး သာဝကအမျိုးမျိုးတို့သည် ကျွတ်တန်း ဝင်နိုင်ကြကုန်၏။

ထို့ကြောင့် အရိယာအဖြစ် သူတော်ကောင်း အဖြစ်ကို အလိုရှိကြကုန်သော သူတို့သည် (သဗ္ဗဒုက္ခ) တည်းဟူသော (မီးစာ)ကို အရေးတခု အလေးမပြုဘဲ။ ဓမ္မဒါန တဏှာက္ခယ တည်းဟူသော (အအေးစာ) ကိုသာလျှင် အရေးတခု အလေးပြု ကြကုန်ရာသည်။

ဤကား....ဓမ္မဒါနကြောင့် တဏှာက္ခယဖြစ်၍ ထိုတဏှာက္ခယက သဗ္ဗဒုက္ခကို အောင်ခြင်း အဓိပ္ပါယ်စကားစုတည်း။

## ဓမ္မဒါနကိုသာလျှင် အလေးပြုသင့်ပုံ

ဤသို့ ချမ်းသာသုံးပါးကို လိုလားမြော်မြင်ကုန်သော ရှေးပညာရှိ အပေါင်း သူတော်ကောင်းတို့သည် အကျိုးစီးပွားနှင့် စပ်သော ဓမ္မဒါန တရားစကားကို ဟောကြား ညွှန်ပြ ဆုံးမနိုင်သူဖြစ်က အယုတ်အလပ် အမြတ်မဆို တိရစ္ဆာန်ကိုပင် သော်လည်း အရှိအသေ အလေးအမြတ် တုပ်ဝပ်ခစား၍ မိမိတို့ အကျိုးစီးပွား ဖြစ်သော ဓမ္မအရသာ ဓမ္မရတိ တဏှာက္ခယ ချမ်းသာများကို ခံယူ သုံးဆောင်ကြကုန်ရာ၏။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိအပေါင်း သူတော်ကောင်းတို့သည် ပြည်တန် နဝရတ် မဏိမြတ်ပတ္တမြား ရတနာကို ရွှေသေတ္တာ ရတနာ ရွှေကြုတ်၌ ထည့်ထားသည့်ပင်ဖြစ်စေ ထန်းရွက်ဖါ အိုးခွက် ညွန်ပွက်ရွှံ့အိုင်၌ ထည့်ထားသည်ပင်ဖြစ်စေ ပြည်တန်အနဃ္ဃ သဘာဝကြောင့် တည်ရာဌာနကို မရွေးမစစ်မူ၍ ထုတ်ယူသုံးဆောင်အပ်ဘိသကဲ့သို့ရင်း။ ပျားရှာသော ယောက်ျားသည် ရသာချိုမြတ်

သရက် ပိန္နဲ နံ့ဂွဲသောက်ရှာ မာလကာသစ်ပင် မင်းဥယျာဉ်၌ ခိုဝင်စွဲ ရောက်သော ပျားပင်ဖြစ်စေ ချဉ်ခါးစပ်နံ့ပျို့အံ တောက်မှုး ယစ် ရူး စေတတ်သော ရှောက် သမ္ဘုရာ တမာ ငရုပ် ကျုပ်ပုတ် ပဒိုင်းပင် တို့၌ ခိုဝင် စွဲရောက်သော ပျားပင် ဖြစ်စေ စွဲရောက်ရာ သစ်ပင် ဒေသကို ပမာဏမပြုဘဲ ချိုမြိန်လှစွာ ရသာ အရသာကိုသာ သုံး ဆောင်ဘိသကဲ့သို့ရင်း။ ထို့အတူ ဥစ္စာမျိုးနွယ် စင်ကြယ်သီလ ပြည့် ဝစုံညီသော မင်းပုဏ္ဏားရသေ့ရဟန်းစသော သူမြတ်တို့ အထံမှာပင် ဖြစ်စေ အထီးကျန် သူတောင်းစား ဒွန်းစဏ္ဍား ပန်းမိုက်သွန် စ သော သူယုတ်တို့အထံမှာပင်ဖြစ်စေ ကမ္ဘာသချေ် ပျက်ကျေကုန်ဆုံး သော်လည်း တကြိမ်တဖန် တရံတဆစ်မျှ ကြားရနာရခဲလှစွာသော ဓမ္မဒါန နိယျာနိကအစစ် ကေန်ဖြစ်က မာန်မာန မထောင်လွှားဘဲ ချထားနှိမ့်ချ ဂါရဝ မဂ်လာဖြင့်သာ ရိုသေစွာတုပ်ဝပ်၍ တရား တော်မြတ်ကို နာယူအပ်လှတော့သည်သာလျှင်တည်း။

---

## ဓမ္မဒါနကသာလျှင် အလုံးစုံဦးစီးပုံ

ဓမ္မဒါနတည်းဟူသော တရားတော်မြတ်ကြီးကို ကြားရနာရမှသာ လျှင် အာမိသဒါန ပစ္စယဒါန သဗ္ဗဒါနဖြစ်သည်။

ဓမ္မဒါနကြားနာရမှသာလျှင် စေတနာဒါနဖြစ်သည်။

ဓမ္မဒါနကြားနာရမှသာလျှင် အလောဘဒါနဖြစ်သည်။

ဓမ္မဒါနကြားနာရမှသာလျှင် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာ အာဇီဝ တည်းဟူသော ဝိရတီဒါနဖြစ်သည်။

ဓမ္မဒါနကြားနာရမှသာလျှင် အဘယဒါနဖြစ်သည်။

ဓမ္မဒါနကြားနာရမှသာလျှင် ဝဏ္ဏဒါနဖြစ်သည်။

ဓမ္မဒါနကြားနာရမှသာလျှင် ကျောင်းဒါန သင်္ကန်းဒါန ဆွမ်းဒါန ဆေးဒါနဟု ဆိုအပ်သော ဝိနယဒါန လေးပါးဖြစ်သည်။

ဓမ္မဒါန ကြားနာရမှသာလျှင် ရူပဒါန၊ သဒ္ဒဒါန၊ ဂန္ဓဒါန၊ ရသ ဒါန၊ ဖောဋ္ဌဗ္ဗဒါန၊ ဓမ္မဒါနတည်းဟူသော အဘိဓမ္မာဒါန ခြောက် ပါးဖြစ်သည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် ဆွမ်းဒါန၊ အဖျော်ဒါန၊ အဝတ်ဒါန၊ ယာဉ်ဒါန၊ ပန်းဒါန၊ နံ့သာဒါန၊ နံ့သာပျောင်းဒါန၊ အိပ်ရာဒါန၊ ကျောင်းဒါန၊ ဆီမီးဒါန ဟည်းဟူသော သုတ္တန္တဒါန ဆယ်ပါးဖြစ်သည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် ပုဂ္ဂလိကဒါန တဆယ့်လေးပါးဖြစ်သည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် အရိယာ လေးမျိုးကို ပေးလှူနိုင်သော အရိယာဒါနဖြစ်သည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် သံဃိကဒါန (၇) ပါးဖြစ်သည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် ပုညကြိယာဒါနဖြစ်သည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် ဒုဿီလ ရဟန်းတို့အား ပေးလှူတတ်သည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် ဝိဝဋ္ဋနိဿိတ ဒါနဖြစ်သည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် ပါရမီဒါနဖြစ်သည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် ပါရမီဆယ်ပါးဖြစ်သည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် ပုညကြိယာဆယ်ပါးဖြစ်သည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် သုစရိုက်ဆယ်ပါးဖြစ်သည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် ဗောဓိပက္ခိယတရား (၃၇) ပါးဖြစ်သည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် လူ့ဘုံဖြစ်သော စည်းစိမ် ချမ်းသာကို ခံစားရသည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် နတ်ဘုံဖြစ်သော စည်းစိမ်ချမ်းသာကို ခံစားရသည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် ဗြဟ္မာ့ဘုံဖြစ်သော စည်းစိမ် ချမ်းသာကို ခံစားရသည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန် ချမ်းသာတို့ကို ခံစားရသည်။

ဓမ္မဒါန ကြားနာရမှုသာလျှင် ဓမ္မအရသာကိုခံစားနိုင်သည်။

ဓမ္မဒါန ကြားနာရမှသာလျှင် ဓမ္မရတိဖြင့် မွေ့လျော် နိုင်သည်။
ဓမ္မဒါန ကြားနာရမှသာလျှင် တဏှာက္ခယဖြစ်နိုင်သည်။
ဓမ္မဒါနကို ကြားနာလိုပါမူ အောက်တန်း ပုဂ္ဂိုလ် အလယ်တန်း ပုဂ္ဂိုလ် အထက်တန်းပုဂ္ဂိုလ်ဟူ၍ မရွေးချယ်ရ ရှိသေစွာနာရသည်။
ဓမ္မဒါနကို ကြားနာလိုပါမူ ပြည်တန် ပတ္တမြားကို ရွှေကြုတ်၌ ထည့်ထားသလို ပြည်တန် ပတ္တမြားကို အိုးခွက်၌ ထည့်ထားသလို အလေးအမြတ်ပြု၍ နာရသည်။

ဓမ္မဒါနကို ကြားနာလိုပါမူ သရက်ပင် ပိန္နဲပင် စွဲသောပျားလို တမာပင် စွဲသောပျားလို အချိုသာပဓာန ဂါရဝဖြင့် နာရသည်။

## ထိုဓမ္မဒါနကြီးကို မကြားနာရမါမူကား

အာမိသဒါန ပစ္စယ ... သဗ္ဗဒါနများလည်း မဖြစ်နိုင်။
စေတနာဒါန အဘယဒါန ဝိရတိဒါနများလည်း မဖြစ်နိုင်။
အဘယဒါန ဝတ္ထုဒါနများလည်းမဖြစ်နိုင်။
ကျောင်းဒါန သင်္ကန်းဒါန ဆွမ်းဒါန ဆေးဒါန တည်းဟူသော ဝိနယဒါန လေးပါးလည်းမဖြစ်နိုင်။
အဘိဓမ္မာဒါန (၆) ပါး။ သုတ္တန္တဒါန (၁၀) ပါးလည်း မဖြစ်နိုင်၊
ပုဂ္ဂလိကဒါန (၁၄) ပါး။ အရိယာဒါန။ သံဃိကဒါန (၇) ပါးလည်းမဖြစ်နိုင်။
ပုညကြိယာဒါန။ သမဏဒုဿီလဒါန။ ဝိဝဋ္ဋနိဿိတဒါန။ ပါရမီဒါနလည်း မဖြစ်နိုင်။
ပါရမီ (၁၀) ပါး။ ပုညကြိယာ (၁၀) ပါး။ သုစရိုက် (၁၀) ပါး။ ဗောဓိပက္ခိယတရား (၃၇) ပါးလည်း မဖြစ်နိုင်။
လူ့ချမ်းသာ။ နတ်ချမ်းသာ။ ဗြဟ္မာ့ချမ်းသာတို့ကိုလည်း မရနိုင်။
မဂ်ချမ်းသာ။ ဖိုလ်ချမ်းသာ။ နိဗ္ဗာန်ချမ်းသာတို့ကိုလည်းမရနိုင်။
ဓမ္မအရသာကိုလည်း မခံစားနိုင်။ ဓမ္မရတိဖြင့်လည်း မမွေ့လျော် နိုင်။ တဏှာက္ခယ ချမ်းသာကိုလည်း မခံစားနိုင်။

ထို့ကြောင့် ပညာရှိသူတော်ကောင်းတို့သည် ဓမ္မဒါနအလှူပွဲကြီးကို များများကြီး ပြုလုပ်ကြ၍ ပညာရှိ သူတော်ကောင်း တို့သည် များများကြီး ကြွားနာနိုင်ကြပါစေကုန်သတည်း။

ဓမ္မဒါနအခန်း ပြီးစီးပါသတည်း။

---

## ဝဋ္ဋနိဿိတကုသိုလ် ဝိဝဋ္ဋနိဿိတကုသိုလ် ခွဲခန်း

ထိုဒါန သီလ ဘာဝနာစသော ပုညကြိယာ ဝတ္ထု ဆယ်ပါးတို့သည်....

(၁) ဝဋ္ဋနိဿိတ ပုညကြိယာကုသိုလ်။

(၂) ဝိဝဋ္ဋနိဿိတ ပုညကြိယာကုသိုလ် ဤသို့မိမိတို့ညွတ်ကိုင်းသော စေတနာ၏အစွမ်းအားဖြင့် နှစ်ပါးအပြားရှိကုန်၏၊

### ထိုနှစ်ပါးတို့တွင်

(၁) ဘုံသုံးပါး၌ဖြစ်သော လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ စည်းစိမ်ချမ်းသာကိုသာ ညွတ်ကိုင်း၍ တောင့်တလိုချင်ခင်မင်သောစိတ်ဖြင့် ပြုအပ်သော ဒါန သီလ ဘာဝနာစသော ပုညကြိယာဝတ္ထုဆယ်ပါးသည် ဝဋ်ဆင်းရဲကိုသာ မှီ၍ဖြစ်သောကြောင့် ဝဋ္ဋနိဿိတ ပုညကြိယာ ကုသိုလ်မည်၏။ မိမိသန္တာန်၌ အလွန့် ကြောက်လန့် အပ်သော ဇာတိဘေးကြီး။ ဇရာဘေးကြီး။ ဗျာဓိဘေးကြီး။ မရဏဘေးကြီး ဤဘေးကြီးလေးပါး ထင်ရှား ရှိနေပါလျက် မတောင့်တအပ်သော ထိုဘေးကြီးလေးပါးကိုပင် တောင့်တလိုချင် ရှာမှီးပြန်သည် မည်သောကြောင့် အနရိယ ပရိယေသနလည်းမည်၏။

(၂) ထိုဇာတိဘေးကြီး ဇရာဘေးကြီး ဗျာဓိဘေးကြီး မရဏဘေးကြီးတို့၏ ဖိစီးနှိပ်စက်ခံရာ ခန္ဓာ အာယတန ဓါတ်

တို့၏ ချုပ်ငြိမ်းရာ မဟာအသင်္ခတ အမည်တော်ရှိသော နိဗ္ဗာန် ချမ်းသာမြတ်ကြီးကိုသာ တောင့်တ လိုချင်သော စိတ်ဆန္ဒဖြင့် ပြုအပ်သော ဒါန သီလ ဘာဝနာ စသော ပုညကြိယာဝတ္ထု ဆယ်ပါးသည် ဝဋ်ဆင်းရဲကိုမမှီမူ၍ ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်း ဖြစ်သောကြောင့်....ဝိဝဋ္ဋနိဿိတ ပုညကြိယာ ကုသိုလ်မည်၏။ ပါရမီ ကုသိုလ်လည်းမည်၏။ ဝိဝဋ္ဋဥပနိဿယ သမ္ဘာယုတ် ကုသိုလ်လည်းမည်၏။ မဂ်ရောက်ကြောင်း ကုသိုလ်လည်း မည်၏။ ဖိုလ်ရောက်ကြောင်းကုသိုလ်လည်းမည်၏။ သမ္ဘာပဋိပဒါ ကုသိုလ်လည်းမည်၏။ မိမိသန္တာန်၌ ကြောက်လန့်အပ်သော ဇာတိဘေးကြီး ဇရာ ဘေးကြီး ဗျာဓိဘေးကြီး မရဏ ဘေးကြီး ဤဘေးကြီးလေးပါး ထင်ရှားရှိနေသည်ကို အလွန် ကြောက်လန့်လှ၍ ထိုဘေးကြီးလေးပါးတို့မှ လွတ်မြောက်ရာကို ရှာမှီး တောင့်တသည် မည်သောကြောင့် အရိယ ပရိယေသနလည်းမည်၏။

ထိုနှစ်ပါးတို့တွင် ဝဋ္ဋနိဿိတ ပုညကြိယာကုသိုလ် အနရိယ ပရိယေသနကို တရံတဆစ်မျှ မဖြစ်စေရာ။ ရှေးရှေးသောဘုရား ပစ္စေကဗုဒ္ဓါ သာဝက အပေါင်း သူတော်ကောင်းတို့ နိဗ္ဗာန်သို့ သွားရာ ပါရမီအစစ် ကေန်ဖြစ်သော ဝိဝဋ္ဋနိဿိတ ပုညကြိယာကုသိုလ် ပါရမီကုသိုလ် ဝိဝဋ္ဋဥပနိဿယ သမ္ဘာယုတ်ကုသိုလ် မဂ်ရောက်ကြောင်း ကုသိုလ် ဖိုလ်ရောက်ကြောင်း ကုသိုလ် အရိယ ပရိယေသန ကိုသာ နေ့ညဥ့်မစဲ အမြဲရှာမှီး ဆည်းပူး အားထုတ် သင့်သည်ကို တိုက်တွန်းတော်မူလိုသော ရှင်တော်ဘုရားကြီးသည်....

သီဝံ ပဗ္ဗေထ ဘိက္ခဝေ သီဝံ ပဗ္ဗေတွာန ဒါနာနိ ပုညာနိ ကရောထ။

ဟူ၍ ဟောတော်မူသည်။

**အနက်ကား။** ဘိက္ခဝေ၊ သံသရာကို ဘေးဟု ရှုလေ့ ရှိကုန်သော သူတော်ကောင်းအပေါင်းတို့။ သီဝံ၊ မြေရာအမှန် မြတ်နိဗ္ဗာန်

ကို။ ပဋ္ဌဝထ၊ တောင့်တကြကုန်လော။သီဝံ၊မြတ်နိဗ္ဗာန်ကို။ပဋ္ဌေတွာ နှ၊ တောင့်တ၍။ ဒါနာဒိ ပုညာနိ၊ ဒါန အစရှိသော ကောင်းမှု တို့ကို။ ကရောထ၊ ပြုကြကုန်လော။

ထို့ကြောင့် ပုညကြိယာ (၁၀) ပါးကို ဝဋ္ဋနိဿိတ ဝိဝဋ္ဋနိဿိ တ အပြားအားဖြင့် ခွဲခြားဝေဘန်သည်ရှိသော်....

(၁) ဝဋ္ဋနိဿိတဒါန။ ဝဋ္ဋနိဿိတ သီလ။ ဝဋ္ဋနိဿိတ သမ ထ ဘာဝနာ။ ဝဋ္ဋနိဿိတ အပစာယန။ ဝဋ္ဋနိဿိတ ဝေယျာဝစ္စ။ ဝဋ္ဋနိဿိတ ပတ္တိဒါန။ ဝဋ္ဋနိဿိတ ပတ္တာ နုမောဒန၊ ဝဋ္ဋနိဿိတ ဓမ္မသဝန။ ဝဋ္ဋနိဿိတ ဓမ္မ ဒေ သနာ။ ဝဋ္ဋနိဿိတ ဒိဋ္ဌိဇုကမ္မဿကတာ သမ္မာဒိဋ္ဌိ ဤဆယ်ပါးတို့သည် နိဗ္ဗာန် ရောက်ကြောင်း မဟုတ်ကုန်။

ဝိဝဋ္ဋနိဿိတဒါန။ ဝိဝဋ္ဋနိဿိတသီလ။ ဝိဝဋ္ဋနိဿိတ သမထ ဘာဝနာ ဝိပဿနာဘာဝနာ။ ဝိဝဋ္ဋနိဿိတ အပစာယန။ ဝိဝဋ္ဋ နိဿိတ ဝေယျာဝစ္စ။ ဝိဝဋ္ဋနိဿိတ ပတ္တိဒါန။ ဝိဝဋ္ဋနိဿိတ ပတ္တာနုမောဒန။ ဝိဝဋ္ဋနိဿိတ ဓမ္မသဝန။ ဝိဝဋ္ဋနိဿိတ ဓမ္မဒေသ နာ။ ဝိဝဋ္ဋနိဿိတ ဒိဋ္ဌိဇု ကမ္မဿကတာ သမ္မာဒိဋ္ဌိ။ ဤဆယ်ပါး တို့သည်သာ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်ကုန်၏။ ဤဆယ်ပါးကို သာလျှင် (သီဝံပဋ္ဌေထ) စသည်ဖြင့် ရှင်တော်ဘုရားကြီး တိုက်တွန်း တော်မူ၏။

## ဓမ္မဒါန၌ ဝဋ္ဋနိဿိတ ဝိဝဋ္ဋနိဿိတ ခွဲခက်း

ပုညကြိယာဝတ္ထု (၁၀) ပါး၌ပါဝင်သော ဓမ္မဒေသနာသည် ပင်လျှင် (ဓမ္မဒါန) မည်၏။ ထိုဓမ္မဒါနသည် ဝဋ္ဋနိဿိတ ဓမ္မဒါန။ ဝိဝဋ္ဋနိဿိတ ဓမ္မဒါနအားဖြင့်နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်....

(၁) လောကီ ချမ်းသာ လောကီ စည်းစိမ်ကိုသာ လိုလား တောင့်တ၍ တရားဟောပြောခြင်း တရားဆုံးမခြင်း စာ ပေ ပို့ချခြင်း ကျမ်းဂန် ရေးသားခြင်းသည် ဝဋ္ဋနိဿိတ ဓမ္မဒါနမည်၏။

ယခုဘဝ ပစ္စက္ခ၌ ပစ္စည်းအာမိသ လာဘ် လာဘတို့ကို အလိုရှိခြင်း။ ကျော်စော ထင်ရှား စေလိုခြင်း။ ချီးမွမ်းမြှောက်စား မြတ်နိုးစုံမက် နှစ်သက်စေလိုခြင်း။ မိမိဂုဏ်ကို ချီးမွမ်းမြှောက်စား၍ သူတပါး ဂုဏ်ကို နှိမ်နင်းဖျက်ဆီးလိုခြင်း၊ စသော အကြောင်းတို့ကြောင့် တရားဟောခြင်း။ စာပေပို့ချခြင်း။ ကျမ်းဂန်ရေးသားခြင်းတို့သည် မကောင်းသောအလိုဆန္ဒ မသင့်သောနှလုံးသွင်း၊ ယုတ်မာသော အကုသိုလ်စိတ်ဖြင့် ပြုအပ်သောကြောင့် ဓမ္မဒါနမမည်ဟုမှတ်။ အကျိုးလည်းမရှိ အပြစ်သာငြိသည်ဟုမှတ်အပ်၏။

(၂) လောကီချမ်းသာ လောကီစည်းစိမ်ကို မလိုလား မတောင့်တမူ၍ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန် ချမ်းသာတို့ကို လိုလားတောင့်တ၍ တရား ဟောပြောခြင်း တရားဆုံးမခြင်း စာပေပို့ချခြင်း ကျမ်းဂန်ရေးသားခြင်းသည် ဝိဝဋ္ဋနိဿိတ ဓမ္မဒါနမည်၏။

ဝဋ္ဋနိဿိတဒါန ဝိဝဋ္ဋနိဿိတဒါန နှစ်ပါးကို နိဒါနဝဂ္ဂ သံယုတ် အဋ္ဌကထာကြီး ဗုဒ္ဓဝဂ် တတိယသုတ်၌ ဖွင့်ပုံ....

(၁) ယံဟိကိဉ္စိ ဘဝဝုဋ္ဌိယ သမ္ပတ္တိံ ဝဋ္ဋံ ပတ္ထေတွာ ပဝတ္တိတံ အန္နမသော ပဉ္စာဘိညာ အဋ္ဌဝါပန သမာပတ္တိယော သဗ္ဗံ တံ ဝဋ္ဋပက္ခိယံ ဝဋ္ဋသိသန္တိ ဝဋ္ဋသိသတ္တာ မိစ္ဆာပဋိပဒါ ဟောတိ။

(၂) ယံပနကိဉ္စိ ဝိဝဋ္ဋံ နိဗ္ဗာနံ ပတ္ထေတွာ ပဝတ္တိတံ အန္နမသော ဥဠုင်္ကာ ယာဂု မတ္တ ဒါနမ္ပိ ပဏ္ဏ မုဋ္ဌိ ဒါန မတ္တမ္ပိ သဗ္ဗံ တံ ဝိဝဋ္ဋပက္ခိယံ ဝိဝဋ္ဋနိဿိတန္တိ ဝိဝဋ္ဋပက္ခိကတ္တာ သမ္မာပဋိပဒါ ဟောတိ။

(ကြောင်ပန်းဝိဝဋ္ဋဒီပနီ၌လည်း ပါရှိပြီးဖြစ်၏)

**ဘာသာပြန်ကား**

(၁) ထိုစကားမှန်၏ ဘဝသုံးပါးဟုဆိုအပ်သော တေဘူမကဝဋ်ဒုက္ခကို သာယာခင်မင် တောင့်တ၍ ဖြစ်စေအပ်သော မြတ်ထွင်ရ

ဂိုင်းခြား အဘို့အားဖြင့် ကုသိုလ်အဘိညာ ငါးပါးတို့သော်လည်း ဖြစ်သော သမာပတ် ရှစ်ပါးတို့သည် မူလည်း ဖြစ်သော အကြင် အမှတ်မရှိ တစုံတခုသောကံသည်ရှိ၏။ ထိုအလုံးစုံသော ကံသည် ဝဋ်၏ အပင်း အသင်း ဝဋ်ဆင်းရဲ ဘက်သာတည်း။ ဝဋ်ဆင်းရဲ အကြောင်း ဝဋ်ဦးခေါင်းနှင့် အလားတူ၏။ ထိုဝဋ်၏ အကြောင်း ဝဋ်ဦးခေါင်း ဖြစ်သောကြောင့် လမ်းမှား သမ်းလွဲသော ပြောခြင်း ဟောခြင်းပြုကျင့်ခြင်းသည်သာလျှင် ဖြစ်၏။

(၂) ဝဋ်ကင်းရာဖြစ်သော နိဗ္ဗာန်ကို တောင့်တ၍ ဖြစ်စေအပ်သော အောက်ထစ်ပိုင်းခြား အဘို့အားဖြင့် တမှတ်မပို တဟင်းချိုမျှသော ယာဂု အလှူသည် မူလည်း ဖြစ်သော ဟင်းရွက်တဆုတ် အလှူမျှသည်မူလည်း ဖြစ်သော အကြင်အမှတ်မရှိ တစုံတခုသော ကံသည်ကားရှိ၏။ ထိုအလုံးစုံသော ကံသည် ဝဋ်ကင်းရာမှန် နိဗ္ဗာန်ကိုမှီ၏။ နိဗ္ဗာန် အဘို့၌ ဖြစ်၏။ ထိုနိဗ္ဗာန်အဘို့၌ ဖြစ်သောကြောင့် လမ်းမှန်လမ်းကောင်း နိဗ္ဗာန်ရောက်ကြောင်း မတိမ်းမစောင်းသော ပြောဟောပြုကျင့်ကောင်းချည်းသည်သာလျှင်ဖြစ်၏။

အဓိပ္ပါယ်ကား

(၁) ဝဋ္ဋနိဿိတ ကုသိုလ်သည် မိစ္ဆာ ပဋိပဒါဖြစ်၏။ ဖြစ်ပုံကား....ထိုကုသိုလ်သည် (အဝိဇ္ဇာပစ္စယာသင်္ခါရာ) ဟုဟောတော်မူသည်နှင့်အညီ ဝဋ်ဆင်းရဲအပေါင်းတို့၏ဦးခေါင်းဖြစ်သော အဝိဇ္ဇာ တရားကြီး ဦးစီး၍ နေသောကြောင့်တည်း။ ထိုအဝိဇ္ဇာ တရားကြီးသည် ကာမသုဂတိဘုံ ရူပဘုံ အရူပဘုံတို့၌ ဇာတိ ဒုက္ခသစ္စာ ဇရာဒုက္ခသစ္စာ ဗျာဓိဒုက္ခသစ္စာ မရဏ ဒုက္ခသစ္စာဟု ဆိုအပ်သော ဆင်းရဲအမှန် တရားကြီးကို ဖုံးလွှမ်းကာကွယ်၍ ထားသောကြောင့်သာလျှင် သမုဒယသစ္စာ တရားကြီးကကာမချမ်းသာ ရူပချမ်းသာ အရူပချမ်းသာဟု သာယာခင်မင်တွယ်တာသည်။ဤသို့လျှင် အဝိဇ္ဇာက အမှားပြ တဏှာက အလွဲသာယာပြီးလျှင် ဘဝသုံးပါး တောဘုမ္မိကဝဋ်ဆင်းရဲကို သာယာခင်မင် နှစ်သက် တောင့်တ၍ပြုသော ထိုဂဋ္ဋနိဿိတဒါနအစရှိသော ကုသိုလ်ဟူသမျှသည် ဘဝသုံးပါး တည်းဟူ

သော အမှားလမ်းသို့ သွားရာဖြစ်သောကြောင့် မိစ္ဆာပဋိပဒါမည်သတည်း။

(၂) ဝိဝဋ္ဋနိဿိတ ကုသိုလ်သည် သမ္မာ ပဋိပဒါဖြစ်၏။ ဖြစ်ပုံကား.... ထိုကုသိုလ်သည် (အဝိဇ္ဇာယတွေဝ အသေသဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော)ဟု ဟောတော်မူသည်နှင့် အညီ ဝဋ်ဆင်းရဲ အပေါင်းတို့၏ ဦးခေါင်းဖြစ်သော အဝိဇ္ဇာ တရားကြီးကို တိုက်ဖျက် နိုင်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် တရားတော်မြတ်ကြီးတို့ကိုတောင့်တ၍ ပြုသောကြောင့် ထိုဝိဝဋ္ဋနိဿိတ အစရှိသော ကုသိုလ် ဟူသမျှသည် မဂ်ဉာဏ်သွား ဖိုလ်ဉာဏ်သွား နိဗ္ဗာန်သွား ဖြစ်၍ သမ္မာပဋိပဒါမည်သတည်း။

ထို့ကြောင့်

ဝဋ္ဋနိဿိတကုသိုလ်သည် မိစ္ဆာပဋိပဒါလည်းမည်၏။ ဝဋ္ဋသိတကုသိုလ်လည်းမည်၏။ ဝဋ္ဋပက္ခိယကုသိုလ်လည်းမည်၏၊

ဝိဝဋ္ဋနိဿိတကုသိုလ်သည် သမ္မာပဋိပဒါလည်းမည်၏။ ဝိဝဋ္ဋသိတကုသိုလ်လည်းမည်၏။ ဝိဝဋ္ဋပက္ခိယ ကုသိုလ်လည်းမည်၏။

---

### တဏှာပဏိဓာန ဆန္ဒပဏိဓာန (၂) ပါး

ထိုဝဋ္ဋနိဿိတ ဝိဝဋ္ဋနိဿိတ၌ တောင့်တခြင်း ပဏိဓာနတို့သည် (၁) တဏှာပဏိဓာန။ (၂) ဆန္ဒပဏိဓာန ဟူ၍ နှစ်ပါး အပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် မူလပဏ္ဏာသ ပါဠိတော် မူလပရိယာယသုတ် သေက္ခပုဂ္ဂလဝါရ၌....

အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ။

ဤသို့ဟောတော်မူအပ်သော ထိုပါဠိတော်၏အဖွင့် မူလပဏ္ဏာသ အဋ္ဌကထာ၌

ပတ္ထယမာနောတိ ဒွေပတ္ထနာ တဏှာ ပတ္ထနာစ ဆန္ဒ ပတ္ထနာစ။ ပတ္ထယ မာနဿာတိ ပဇ္ဇပ္ပိတာနိ ပဝေဓိတာနိပိ ပကပ္ပိတေသုပိတိ ဧတ္ထ တဏှာ ပတ္ထနာ။ ဆိန္ဒံ ပါဠိမတော သောတံ ဝိဒ္ဓသ္တံ ဝိန

ဌ္ဌိ ကတံ ပါမောဇ္ဇ ဗဟုလာ ဟောသ။ ခေမံ ပတ္တေထ ဘိက္ခ ဝေါတိ၊ ကတ္တု ကမျတာ ကုသလစ္ဆန္ဒ ပတ္တနာ အယမေဝ ဇုဓာ ဓိပ္ပေတာ။

ဤသို့ ဖွင့်ပြတော်မူ၏။

အနက်ကား။ ပတ္တယ မာနေသတိ ဌ္ဌေ၊ ပတ္တယ မာနေ ဟူသော ဤပါဠိတော်ကြီး၌။ ပတ္တနာ၊ တောင့်တခြင်း ပတ္တနာသည်။ တဏှာပတ္တနာစ၊ တဏှာဟူသော တောင့်တခြင်း ပတ္တနာလည်း။ ဆန္ဒ ပတ္တနာစ၊ ကုသိုလ်ဆန္ဒဟူသော တောင့်တခြင်းပတ္တနာလည်း။ ဇုတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးတို့တည်း။ ပတ္တယ မာနဿ၊ တဏှာဖြင့်အာရုံ၌ တောင့်တသော ပုဂ္ဂိုလ်အား။ ပဇပ္ပိတာနိ၊ မာနဖြင့် ထောင်လွှား ပကြွားခြင်းတို့သည်။ ဟောန္တိ၊ ဖြစ်တတ်ကုန်၏။ ပကပ္ပိတေသုပိ၊ တဏှာဖြင့် အထူးထူးအပြားပြား ကြံအပ်ကုန်သော အာရုံတို့၌လည်း။ ပဝေဓိတံဝါပိ၊ စိတ်၏ရာဂ ဒေါသတို့ဖြင့် တုံလှုပ်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်တတ်၏။ ဇုတိ ဌ္ဌေ၊ ဤပါဠိတော်ကြီး၌။ တဏှာပတ္တနာ၊ တဏှာဟူသောတောင့်တခြင်းသည်။ အာဂတာ၊ လာ၏။

ပါမိုဇ္ဇဗဟုလော၊ ယုတ်သော သဘောရှိသော မာန်နတ်၏။ သောတံ၊ တဏှာ ဒိဋ္ဌိ တည်းဟူသော ကိလေသာအယဉ်ကို။ ဆိန္ဒေ၊ ဝိပဿ နာ ဈေ့သွား ရှိသော အရိယမဂ်ဖြင့် ဖြတ်အပ်၏။ ဝိဒ္ဓံသကံ၊ ဝိပဿနာဈေ့သွားရှိသော အရိယမဂ်ဖြင့် ဖျက်ဆီးအပ်၏။ ဝိနဠ္ဌိက တံ၊ဝိပဿနာရှေ့သွားရှိသောအရိယမဂ်ဖြင့် အဝိဇ္ဇာ တဏှာ ဟူသော အမြစ်အရင်းကင်းသည်ကို ပြုအပ်၏။ ဘိက္ခဝေါ၊ ချစ်သားရဟန်းတို့။ ပါမောဇ္ဇ ဗဟုလာ၊ ဥဒယဗ္ဗယဉာဏ် တည်းဟူသော တရုဏဝိပဿ နာသို့ ရောက်ကုန်သည်ဖြစ်၍ များသော ဝမ်းမြောက်ခြင်းရှိကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော။ ခေမံ ယောဂက္ခေမံ၊ ယောဂလေးပါးတို့ ၏ကုန်ရာ နိဗ္ဗာန်ကို။ ပတ္တေထ၊ နိဗ္ဗိဒါဉာဏ် မုစ္စိတု ကမျတာဉာဏ် စသော ဗလဝ ဝိပဿနာဉာဏ်သို့ ရောက်ကုန်သည်ဖြစ်၍ သမ္မာဆန္ဒ ဖြင့် တောင့်တကြကုန်လော။ ဇုတိ ဌ္ဌေ၊ ဤပါဠိတော်ကြီး၌။ ကတ္တု ကမျတာ ကုသလစ္ဆန္ဒ ပတ္တနာ၊ ပြုခြင်းငှါ အလိုရှိသည်၏ အဖြစ်

ကည်းဟူသော ကုသိုလ်ဆန္ဒဖြင့် တောင့်တခြင်းသည်။ အာဂတာ၊ သာ၏။ အယမေဝ၊ ဤကုသိုလ်ဆန္ဒဖြင့် တောင့်တခြင်းကိုသာလျှင်။ ဣဓ၊ ဤပဏ္ဏာယမာနေ ဟူသော ပါဠိတော်ကြီး၌။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။

**အဓိပ္ပါယ်ကား။** တဏှာပဏ္ဏနာ ဆန္ဒပဏ္ဏနာနှစ်ပါးတို့တွင်တဏှာပဏ္ဏနာဖြင့်တောင့်တသောပုဂ္ဂိုလ်အား တဏှာနှင့်သမ္ပယုတ်ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော မာနတရားသည်ဖြစ်၏။ တဏှာဖြင့်ကြံစည်သာယာအပ်သော အာရုံတို့၌လည်း သမ္ပတ္တိ ဝိပ္ပတ္တိတို့ကို အစွဲပြု၍ရာဂ ဒေါသ သောမနဿ ဒေါမနဿတို့ဖြင့်စိတ်၏တုန်လှုပ်ခြင်းသည်ဖြစ်တတ်၏။ ထိုစကားကို ထင်ရှားစေဦးအံ့.... အရဟတ္တဖိုလ်သို့မရောက်သေးသည်၌ ရောက်ပြီဟု အမှတ်ရှိသော အရှင်ဆန္နမထေရ်အထံသို့ အရှင်မဟာ သာရိပုတ္တရာ အရှင်မဟာစုန္ဒတို့ မကျန်းမာရှိသည်ကို အမေး အမြန်းကြွကြရာ အရှင်သာရိပုတ္တရာ၏ မေးခြင်းကိုအကြောင်းပြု၍ အရှင်ဆန္န မထေရ်သည် မိမိ၏ အရဟတ္တဖိုလ်သို့ရောက်ခြင်းကို ဝန်ခံပြီးလျှင် ဝေဒနာပြင်းထန်စွာ နှိပ်စက်ခြင်းကြောင့်ဇီဝိတိန္ဒြေကိုချ၍ စုတေမည့် အကြံရှိကြောင်းကို လျှောက်ထား၏။

ထိုအခါ ညီတော်စုန္ဒမထေရ်က ထိုဆန္နမထေရ်၏ အရဟတ္တဖိုလ်သို့မရောက်သေးသောအဖြစ်ကို သတိရစိမ့်သောငှါ....

နိဿိတော စလတိ။ အနိဿိတော န စလတိ။

ဟု အကျဉ်း ဆုံးမ၏။

**အနက်ကား။** အာဝုသောဆန္န၊ ငါ့ရှင်ဆန္န။ နိဿိတော၊ တဏှာ နိဿိတ၊ ဒိဋ္ဌိ နိဿိတတို့ဖြင့် မှီ၍နေသော ပုဂ္ဂိုလ်သည်။ စလတိ၊ သမ္ပတ္တိ ဝိပ္ပတ္တိတို့၌ တုန်လှုပ်၏။ အနိဿိတော၊ တဏှာ အနိဿိတ ဒိဋ္ဌိအနိဿိတတို့ဖြင့် မမှီသော ပုဂ္ဂိုလ်သည်။ န စလတိ၊ မတုန်မလှုပ်။

မူလပဏ္ဏာသ အဋ္ဌကထာကြီး အဓိပ္ပါယ်အကျဉ်းကား

(၁) တဏှာပဏ္ဏနာသည်....လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်တို့ကို သာယာခင်မင်လိုချင် တောင့်တသည်။

တဏှာပစ္စနာသည်....မာနနှင့် ယှဉ်တွဲ၍ လူနတ်ပြဟ္မာ စည်းစိမ်ချမ်းသာတို့၌ ထောင်လွှားပကြွားသည်၊
တဏှာပစ္စနာသည်....တဏှာနိဿိတ ဒိဋ္ဌိနိဿိတဖြစ်၍ တုန်လှုပ်သည်။
တဏှာပစ္စနာသည်....အထူးထူး အပြားပြား ကြံသည်၊ ရာဂ ဒေါသတို့ဖြင့် တုန်လှုပ်သည်။

(၂) ဆန္ဒပစ္စနာသည်....တဏှာ သောတ ဒိဋ္ဌိ သောတကို ဝိပဿနာ ရှေ့သွားရှိသော အရိယမဂ်ဖြင့် ဖျက်ဆီးလိုသော ဆန္ဒရှိ၏။
ဆန္ဒပစ္စနာသည်....ဝိပဿနာ ရှေ့သွားရှိသော အရိယမဂ်ဖြင့် အဝိဇ္ဇာမူလ တဏှာမူလနှစ်ပါးကို ဂင်းပြတ်လိုသော ဆန္ဒရှိ၏။
ဆန္ဒပစ္စနာသည်....ဥဒယဗ္ဗယဉာဏ် တည်းဟူသောတရားဏာ ဝိပဿနာဖြင့် ပဋိပတ္တိ ပါမောက္ခ ဖြစ်လိုသော ဆန္ဒရှိသည်။
ဆန္ဒပစ္စနာသည်....ယောဂက္ခေယနိဗ္ဗာန်ကို နိဗ္ဗိဒါဉာဏ် မုဉ္စိတုကမျတာဉာဏ် စသော ဗလဝ ဝိပဿနာဖြင့် ရောက်လိုသော ဆန္ဒရှိသည်။

ဆန္ဒပစ္စနာသည် ပြုခြင်းငှါအလိုရှိသည်၏ အဖြစ်တည်းဟူသော ကုသိုလ်ဆန္ဒဖြင့် တောင့်တခြင်းသည်ကတ္တု ကမျတာ ကုသလစ္ဆန္ဒ ပစ္စနာမည်သတည်း။
ဆန္ဒပစ္စနာသည် တဏှာ အနိဿိတ ဒိဋ္ဌိအနိဿိတဟ ဖြစ်၍ တုန်လှုပ်ခြင်းမရှိ။
ထို့ကြောင့် တဏှာပစ္စနာသည် မာနအားရင်း ရာဂ ဒေါသတို့ဖြင့် တုန်လှုပ်ခြင်းအားရင်း။ ကျေးဇူးပြုတတ်သည်ဖြစ်၍ ဤ(ပစ္စာယ မာနဿ ဟိ ပဇပ္ပိတာနိ ပဝေဓိတံ ဝါပိ) စသော ပါဠိတော်ကြီး၌ ပစ္စယမာန၏ အရကို တဏှာပစ္စနာဟု အဋ္ဌကထာ ဆရာမြတ် ဖွင့်ပြတော်မူအပ်သတည်း။ ဤတဏှာပစ္စနာသည် ရုန်းရင်းသော ကာ

ဝတ္ထုတို့၌ တောင့်တသည်ရှိသော် ရုန့်ရင်းသော တုန်လှုပ် ခြင်းကို ဖြစ်စေတတ်၏။ ထို့ကြောင့် သုတ္တနိပါတ် ကာမသုတ်၌....

ကာမံ ကာမယ မာနဿ၊ တဿစေတံ သမိဇ္ဈတိ။
အဒ္ဓါပီတိ မနော ဟောတိ၊ လဒ္ဓါမစ္စော ယဒိစ္ဆတိ။ ။
တဿစေ ကာမယ မာနဿ၊ ဆန္ဒဇာတဿ ဇန္တုနော။
တေ ကာမာ ပရိဟာယန္တိ၊ သလ္လ ဝိဒ္ဓေါဝ ရုပ္ပတိ။ ။

ဤသို့ဟောတော်မူ၏။

**အနက်ကား**။ ကာမံ၊ လူ့ဘုံ နတ်ဘုံ စသည်၌ဖြစ်သော ဝတ္ထုကာမကို။ ကာမယ မာနဿ၊ ကိလေသာကာမဖြင့် တောင်တသော။ တဿ၊ ထိုပုဂ္ဂိုလ်အား။ တံ၊ ဤတောင့်တအပ်သော ဝတ္ထုကာမသည်။ စေ သမိဇ္ဈတိ၊ အကယ်၍ တောင့်တတိုင်း ပြည့်စုံ ငြားအံ့။ မစ္စော၊ နတ်လူစသော သတ္တဝါသည်။ ယံ၊ အကြင် နတ်ချမ်းသာ လူ့ချမ်းသာ တည်းဟူသော ဝတ္ထုကာမကို။ ဣစ္ဆတိ၊ ကိလေသာကာမဖြင့် အလိုရှိ၏။ တံ၊ ထိုဝတ္ထုကာမကို။ လဒ္ဓါ၊ အလိုရှိတိုင်းရ၍။ အဒ္ဓါ၊ မချွတ်စင်စစ်။ ပီတိမနော၊ ဝမ်းမြောက်သော စိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤဂါထာဖြင့် သမ္ပတ္တိရာဂဖြင့် တုန်လှုပ်သည်ကိုပြ၏

ကာမယ မာနဿ၊ ဝတ္ထုကာမ၌ ကိလေသာကာမဖြင့် တောင့်တခြင်းရှိသော။ ဆန္ဒဇာတဿ၊ တရားဖြင့်ခွါသော်လည်း မကွာနိုင်အောင် ပြင်းစွာချစ်ခြင်း ဆန္ဒရှိသော။ တဿ၊ ထိုနတ်လူ စသော သတ္တဝါအား။ တေ ကာမာ၊ ထိုဝတ္ထု ကာမတို့သည်။ စေပရိဟာယန္တိ၊ အကယ်၍ ထက်ဝန်းကျင်မှ ဆုတ်ယုတ်ကုန်သည်ဖြစ်အံ့။ သလ္လဝိဒ္ဓေါ၊ဆိပ်လူးမြှားဖြင့် စူးဝင်အပ်သော ကိုယ်ရှိသော သူသည်။ ရုပ္ပတိဣဝ၊ ကိုယ်လုံး ဘောက်ပြန်ဘိသကဲ့သို့။ သလ္လ ဝိဒ္ဓေါ၊ သောက တည်းဟူသော ဆိပ်လူးမြှားဖြင့် စူးဝင်ခြင်းရှိသည်ဖြစ်၍။ ရုပ္ပတိ၊စိတ်အလုံး၌ဘောက်ပြန်ရ၏။

ဤဂါထာဖြင့် ဝိပ္ပတ္တိဒေါသ ဒေါမနဿတို့ဖြင့် တုန်လှုပ်ခြင်းပြ၏။

ဤသို့လျှင် ရှန့်ရှင်းသော ဝတ္ထုကာမ၌ တောင့်တသော ဘဏ္ဍာ ပတ္တနာ၏ ရှန့်ရှင်းတုန်လှုပ်ခြင်း၏ အကြောင်း၏အဖြစ်ကိုသိအပ်၏။ သိမ်မွေ့ လှစွာသော မဂ် ဖိုလ် နိဗ္ဗာန် တရားတို့၌ တောင့်တသော တဏှာပတ္တနာသည် သိမ်မွေ့သော တုန်လှုပ်ခြင်းကိုဖြစ်စေတတ်၏။

**သာဓကမှာ**

အရှင်အနုရုဒ္ဓါသည် အရှင်သာရိပုတ္တရာအား ဤသို့ လျှောက်၏။

(၁) တပည့်တော်သည် တရား အားထုတ်ပါ၏။ မပျင်းရိပါ။ ထင်သော သတိရှိပါ၏။ မမေ့မလျော့ပါ။ ငြိမ်းသော ကိုယ်စိတ်ရှိပါ၏။ မပူပန်ပါ။

(၂) တပည့်တော်သည် တသောင်းသော စကြဝဠာ တိုက် တို့၌ သေသောသူ ပဋိသန္ဓေနေမသာသူ စသည် တို့ကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်နိုင်ပါ၏။

(၃) တပည့်တော်သည် ဤသို့ဖြစ်ပါလျက် အရဟတ္တဖိုလ်တရား သည် မဖြစ်ပါလေ။

**အကြောင်းအသို့နည်းဟု မေးလျှောက်၏**

ထိုအခါ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဤသို့ပြန်၍ မိန့်၏။ ငါ့ရှင် အနုရုဒ္ဓါ ယခု အသင်ပြောသော စကား၌ အပြစ် (၃)ပါး ပါရှိနေ၏

(၁) တရားကိုအားထုတ်ပါ၏။မပျင်းရိပါ။ ထင်သောသတိရှိပါ ၏။ မမေ့မလျော့ပါ။ ငြိမ်းသောကိုယ်စိတ်ရှိပါ၏။ မပူပန် ပါ ဟူသောစကားတို့သည် (ဥဒ္ဓစ္စ) အဘို့၌ ကျကုန်၏။ ဤကား ပဌမအပြစ်တည်း။

(၂) တသောင်းသော စကြာဝဠာတိုက်တို့၌ သေသောသူ ပဋိ သန္ဓေနေသောသူ စသည်တို့ကို ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် မြင်နိုင်ပါ၏ ဟူသောစကားသည် (မာန) အဘို့၌ကျ၏။ ဤကား ဒုတိယအပြစ်တည်း။

(၃) ဤသို့ဖြစ်ပါလျက် အရဟတ္တဖိုလ် တရားသည် မဖြစ်ပါ မလ ဟူသော စကားသည် (ကုက္ကုစ္စ) အတို့၌ ကျ၏။ ဤကား တတိယ အပြစ်တည်း။

ထို့ကြောင့် ထိုဉဒ္ဓစ္စ မာန ကုက္ကုစ္စ တို့ကို တားမြစ်၍ တရားကို အားထုတ်သည်ရှိသော် အရဟတ္တဖိုလ်သို့ ရောက်လတံ့ဟု မိန့်တော်မူကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော်ကြီး၌ လာရှိချေသည်။

ဤအရာ၌ အရှင်အနုရုဒ္ဓါ မထေရ်သည် အရဟတ္တဖိုလ်၌ လိုချင်တောင့်တသော နေက္ခမသိတ လောဘကြောင့် အရဟတ္တဖိုလ်ကို မရသောအခါ အရဟတ္တဖိုလ်၌မှီသော နေက္ခမသိတ ဒေါမနဿ ကုက္ကုစ္စ တို့၏ဖြစ်ခြင်းကို သိမ်မွေ့သော (တဏှာ ပတ္ထနာ) လျှင် အကြောင်းရင်းရှိသော သိမ်မွေ့သော တုန်လှုပ်ခြင်းဖြစ်၍ မိမိပင် မသိနိုင်အောင် ဖြစ်လေသတည်း။

အရဟတ္တဖိုလ်ကို တောင့်တရာ၌ တဏှာပတ္ထနာဖြစ်၍ တောင့်တ မရရာ၌ ဒေါမနဿ ဖြစ်ကြောင်းကိုကား ဤသို့ ဆိုလတံ့သော.... နေတ္တိပါဠိတော်ကြီးဖြင့် သိမှတ်အပ်၏။

ကုဒါဿုနာမ တံတံ အာယတနံ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟ ရိဿံ။ ယံ အရိယာ သန္တံ အာယတနံ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟ ရန္တိ။ တဿ ဥပ္ပဇ္ဇတိ ပိဟာ ပိဟ ပစ္စယာ ဒေါမနဿံ။

**အနက်ကား**။ အရိယာ၊ အရိယာပုဂ္ဂိုလ် တို့သည်။ သန္တံ၊ ငြိမ် သက်စွာသော။ ယံ အာယတနံ၊ အကြင် အရဟတ္တ ဖိုလ်ဟူသော တည်ရာကို။ သစ္ဆိကတွာ၊ မျက်မှောက်ပြုကုန်၍။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံ စေကုန်၍။ ဝိဟရန္တိ၊ နေကုန်၏။ အဟံ၊ ငါသည်။ တံ အာယတနံ၊ ထိုအရဟတ္တဖိုလ် တည်းဟူသော တည်ရာကို။ ကုဒါဿုနာမ၊ အ ဘယ်မည်သော အခါ၌လျှင်။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပ သမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရိဿံ၊ နေရပါအံ့နည်း။ ဣတိ၊ ဤသို့။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ပိဟာ၊ အရဟတ္တဖိုလ်၌ ချစ်ခြင်းတဏှာ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပိဟ ပစ္စယာ၊ အရဟတ္တဖိုလ်၌ ချစ်ခြင်း

တဏှာဟူသော အကြောင်းကြောင့်။ ဒေါမနဿ၊ ဒေါမဿဝေဒနာသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

**အဓိပ္ပါယ်ကား။** အရိယာ အရှင်မြတ်တို့ မျက်မှောက်ပြုအပ်သော အရဟတ္တဖိုလ်ကို ငါသည် အဘယ်မည်သောအခါရပါအံ့နည်းဟု အရဟတ္တဖိုလ်၌ ချစ်ခြင်း တဏှာသည်ဖြစ်၏။ ထိုတဏှာအတိုင်း မပြည့်စုံသော ပုဂ္ဂိုလ်အား ဒေါမနဿဖြစ်၏ ဟူသတည်း။ သုတ်မဟာဝါ သက္ကပဉှသုတ်ပါဠိတော် အဋ္ဌကထာတို့၌လည်း ထို့အတူပင်လာရှိ၏။ ထိုစကားသည်မှန်၏။ ပိဋကတ်သုံးပုံကို အဋ္ဌကထာနှင့် တကွဆောင်သောအရှင်မဟာသိဝမထေရ်သည် ငါကဲ့သို့သောပုဂ္ဂိုလ်အား (၂ ရက်၊ ၃ ရက်)ဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်လတံ့ ဟု နှလုံးသွင်း၍ တပည့်တို့အား မပန်ကြားဘဲ ကမ္မဋ္ဌာန်းကျောင်းသို့သွား၍ တရားကိုအားထုတ်သည်ရှိသော် အရဟတ္တဖိုလ်သို့ မရောက်နိုင် သဖြင့် ထို အရပ်၌ ဝါကပ်၍ ဝါ တွင်းပင် အရဟတ္တ ဖိုလ်ကို ဖြစ်စေအံ့ဟု အားထုတ်ပါ သော်လည်း အရဟတ္တဖိုလ်ကိုမရသဖြင့် မဟာပဝါရဏာဖြစ်သော သီတင်းကျွတ်လပြည့်နေ့၌ မျက်ရည်ကျ၏။ ဤသို့သောနည်းဖြင့် (၂၉) နှစ်တိုင်အောင် မဟာပဝါရဏာနေ့တိုင်း မျက်ရည်ကျ၏။ နောက်ဆုံး (၂၉) နှစ်မြောက်သော မဟာ ပဝါရဏာနေ့၌ မျက်ရည် ကျသောအခါ အနီး၌ တည်သော နတ်သမီးသည် မဟာ သိဝမထေရ် ကြားအောင် အသံထုတ်၍ငိုလေ၏။ မဟာသိဝ မထေရ်လည်း ယခုငိုသော သူသည် အဘယ်သူနည်းဟု မေးလတ်သော် တပည့်တော်မ နတ်သမီးပါဟု လျှောက်ထား၏။ အသင်နတ်သမီးသည် အဘယ်ကြောင့် ငိုသနည်းဟု မေးပြန်လတ်သော် အရှင်ဘုရားလည်း မဂ်ဖိုလ်ကို လိုချင်၍ ငိုသောကြောင့် တပည့်တော်မသည်လည်း တပါး နှစ်ပါးသော မဂ်ဖိုလ်ကို ရလို၍ငိုပါသည်ဟု လျှောက်လျှင် နတ်များ ကပင် ငါ့ကို ပြက်ရယ်ပြုကုန်ပြီဟု သံဝေဂရ၍ ဝိပဿနာတရားကို အားထုတ်သဖြင့် ထိုနေ့၌ပင် အရဟတ္တဖိုလ်သို့ရောက်ကြောင်းကို သက္ကပဉှသုတ် အဋ္ဌကထာကြီး၌လာရှိ၏။

ဤ၁ဩ၊ အစဉ်၌။ အဒ္ဒေါ်မဟာသိဝမထေရ်၏အရဟတ္တဖိုလ်၌ ဖြစ်သော ချစ်ခြင်း တဏှာသည် မပြည့်စုံသော အခါ ဒေါမနဿဖြင့် တုန့်လှုပ်ခြင်းကို ဖြစ်စေသတည်း။ ထို့ကြောင့် ရုန့်ရင်းသော ဂေဟဿိတဖြင့် တောင့်တသော ပဏ္ဏနာသည် ရုန့်ရင်းသော တုန်လှုပ်ခြင်း ပဝေဓိတကို ဖြစ်စေ သတည်း။ သိမ်မွေ့သော နေက္ခမဿိတ တဏှာဖြင့် တောင့်တသော ပဏ္ဏနာသည် သိမ်မွေ့သော တုန်လှုပ်ခြင်း ပဝေဓိတကို ဖြစ်စေသတည်း။ ထိုနှစ်ပါးတို့တွင် ရုန့်ရင်းသော ဂေဟဿိတ တဏှာလျှင် အကြောင်းရင်း ရှိသော ဂေဟဿိတ ဒေါမနဿသည် အကုသိုလ် တရားတို့ကို ပွားစေတတ်သောကြောင့် မမှီဝဲအပ်သော အသေဝိတဗ္ဗ ဒေါမနဿမည်၏။ မဂ်ဖိုလ် နိဗ္ဗာန်ဟူသော နေက္ခမဿိတ တဏှာလျှင် အကြောင်းရင်းရှိသော နေက္ခမဿိတဒေါမနဿသည် အကုသိုလ်ပင်ဖြစ်သော်လည်း ကုသိုလ်တရား မဂ်ဖိုလ် တရားအား ကျေးဇူး ပြုတတ်သောကြောင့် မှီဝဲအပ်သော သေဝိတဗ္ဗ ဒေါမနဿ မည်၏။ ထို့ကြောင့်....

ဒေါမနဿံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ၊ သေဝိတဗ္ဗမ္ပိ အသေဝိတဗ္ဗမ္ပိ။

ဟု သိကြားမင်းအား မြတ်စွာဘုရား ဟောကြားတော်မူပေသတည်း။

**အနက်ကား။** ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရသော သိကြားမင်း။ ဒေါမနဿံ၊ ဒေါမနဿဝေဒနာကို။ သေဝိတဗ္ဗမ္ပိ၊ မဂ်ဖိုလ်၌ မှီသော မှီဝဲအပ်သော ဒေါမနဿဝေဒနာရင်း။ အသေဝိတဗ္ဗံ၊ ဝတ္ထုကာမ၌မှီသော မမှီဝဲအပ်သော ဒေါမနဿဝေဒနာရင်း။ ဣတိ၊ ဤသို့။ ဒုဝိဓေန၊ နှစ်ပါးအပြားအားဖြင့်။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

လောကုတ္တရာတရားကို အာရုံပြု၍ တဏှာဖြစ်သင့် မဖြစ်သင့်ကို သုတ်မဟာဝါ ဋီကာကြီး၌ စောဒနာ သောဓနာနှင့်တကွ ဤသို့ လာရှိ၏။

အနုတ္တရေသု ဝိမောက္ခေသုတိ သုညတ ဖလာဒိ အရိယဖလ ဝိမောက္ခေသု။ ပိဟန္တိ အပေက္ခံ အာသန္တိ အတ္ထော။ ကထံပန

လောကုတ္တရဓမ္မေ အာရဗ္ဘ အာသာ ဥပ္ပဇ္ဇတိတိ။နခေါ ပနေတံ ဧဝံ ဒဋ္ဌဗ္ဗံ ယံ အာရမ္မဏကရဏ ဝသေန တဏှာ ပိဟာ ပဝတ္တတိတိ အဝိသယတ္တာ ပုဂ္ဂလဿစ အနဓိဂတ ဘာဝခဘာ။ အနုဿဝုပ လဒ္ဓေ ပန အနုတ္တရဝိမောက္ခေ ဥဒ္ဒိဿ ပိဟံ ဥပ္ပါဒေန္တော တဏှာ ပိဟံ ဥပဋ္ဌပေ တိတိ ဝုတ္တော။

**အနက်ကား**။ အနုတ္တရေသု ဝိမောက္ခေသုတိ၊ ဟူသည့်ကား။ သုညတ ဇလာဒိ အရိယ ဖလ ဝိမောက္ခေသု၊ သုညာဘဖိုလ်စသော အရိယဖလ ဝိမောက္ခတရားတို့၌။ပိဟန္တိ၊ပိဟံ ဟူသည်ကား။အပေက္ခံ၊ ငံ့ခြင်းတဏှာကို။ အာသံ၊ တောင့်တခြင်းတဏှာကို။ ဣတိ၊ ဤသည့် ကား။ အတ္တော၊ အနက်တည်း။ ပန၊ စောဒနာ သောဓနာပုဒ်ကို ထုတ်၍ဆိုဦးအံ့။ ကထံ၊ အဘယ်သို့သျှင်။ လောကုတ္တရ ဓမ္မေ၊ လော ကုတ္တရာတရားတို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ အာသာ၊ တောင့်တခြင်း တဏှာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်သနည်း။ ဣတိအယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။ ပန၊ စောဒနာမှတပါး သောဓနာ ကိုဆိုဦးအံ့။ အာရမ္မဏ ကရဏ ဝသေန၊ အာရုံပြုသည်၏ အစွမ်း အားဖြင့်။ တဏှာ၊ ထိုလောကုတ္တရာတရား၌။ ပိဟာ၊ ချစ်ခြင်းတဏှာ သည်။ ယံပဝတ္တတိ၊ အကြင် အခြင်းအရာဖြင့်ဖြစ်၏။ ဧတံဣတိ၊ ဤ လောကုတ္တရာတရားကို အာရုံပြု၍ တဏှာဖြစ်ခြင်းကို။ ဧဝံ၊ ဤသို့။ ခေါ၊ စင်စစ်၊ နဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူ မူကား။ အဝိသယတ္တာစ၊ လောကုတ္တရာတရား၏ တဏှာ၏ အာရုံ မဟုတ်သည်၏ အဖြစ်ကြောင့်ရင်း။ ပုဂ္ဂလဿ၊ ပုထုဇဉ်ပုဂ္ဂိုလ်၏။ အန ဓိဂတ ဘာဝတောစ၊ လောကုတ္တရာတရားကို မရအပ်သေးသည်၏ အဖြစ်ကြောင့်ရင်း။ ဧဝံ၊ ဤသို့။ နဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ ပန၊ စင်စစ် သော်ကား။ အနုဿဝုပ လဒ္ဓေ၊ အရိယာပုဂ္ဂိုလ်တို့ထံမှ အဆင့်ကြား နာရခြင်းဖြင့် ရအပ် သိအပ်ကုန်သော။ အနုတ္တရ ဝိမောက္ခေ၊ အတု မရှိသော ဖိုလ်တရားတို့ကို။ ဥဒ္ဒိဿ၊ ရည်ရွယ်၍။ ပိဟံ၊ ချစ်ခြင်း တဏှာကို။ ဥပ္ပါဒေန္တော၊ ဖြစ်စေသော ပုထုဇဉ်ပုဂ္ဂိုလ်ကို။ တဏှာ၊

ထိုလောကုတ္တရာတရား၌။ ပိဟံ၊ ချစ်ခြင်းတဏှာကို။ ဥပဌပေတိတိ၊ ဖြစ်စေ၏ဟူ၍။ ဝုတ္တော၊ အဋ္ဌကထာ၌ မိန့်ဆိုအပ်၏။

**အဓိပ္ပါယ်ကား**

**အမေး။** ပုထုဇဉ်ပုဂ္ဂိုလ်တို့၏တဏှာပဏ္ဏနာသည်လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာတို့ကို အကြိမ်ကြိမ်အဖန်ဖန် လိုလား တောင့်တသည်ဖြစ်ပါလျက် အဘယ့်ကြောင့် လောကုတ္တရာတရားတို့ ကို တဏှာပဏ္ဏနာသည် လိုလားတောင့်တပါသနည်း။ လောကုတ္တရာ တရားတို့ကို တဏှာပဏ္ဏနာက အာရုံမပြုပါဘဲလျက် အဘယ့်ကြောင့် လိုလားတောင့်တပါသနည်း။

**အဖြေ။** ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ တဏှာပဏ္ဏနာသည် လူနတ်ဗြဟ္မာ ချမ်းသာတို့ကိုသာလိုလားတောင့်တခြင်းသည်မှန်၏။ လောကုတ္တရာ တရားတို့ကို အာရုံပြု၍ လိုလားတောင့်တခြင်းသည်ကား....အရိယာ ပုဂ္ဂိုလ်တို့ထံမှ တဆင့်ကြားသိရသော မဂ်စကား ဖိုလ်စကား နိဗ္ဗာန် စကားတို့ကို သာယာငြိတွယ် လိုချင်ဘွယ်ထင်မှတ်၍ လိုလားတောင့် တခြင်းသည် တဏှာပဏ္ဏနာမည်၏။

ထိုမှတပါးဥပရိပဏ္ဏာသဋီကာ စသည်တို့၌ ထို့အတူပင်လာရှိချေ ၏။ ဤသို့လျှင် တဏှာပဏ္ဏနာသည် မာနဟူသော ပဇ္ဇပ္ပ တရား ရာဂ ဒေါသ စသော ပဝေဓိတ တရားတို့အား ထိုက်သည် အားလျော်စွာ ကျေးဇူးပြုတတ် ဖြစ်စေတတ်သောကြောင့် (ပဏ္ဏယ မာနသဟိ ပဇ္ဇပ္ပိ တာနိ ပဝေဓိတာဝါပိ ပကပ္ပိတေသု) ဟူသောပါဠိတော်၌ (ပဏ္ဏနာ) အရကို တဏှာပဏ္ဏနာ ဟု အဋ္ဌကထာ အရှင်မြတ် ဖွင့်ပြတော်မူအပ် သတည်း။

---

ကျေးဇူးရှင် ပဌမကြောင်ပန်းတောရ ဆရာတော်ဘုရားကြီး၏

**မိန့်ခွန်းတော်ကြီး**

နိဗ္ဗာနံ ပတ္ထေတဗ္ဗ ဟူသော အဋ္ဌကထာ၏ သဘောကား....

နိဗ္ဗာန်ကို ရပါလို၏ဘုရား ဟု ပါးစပ်စကားဖြင့် ဆိုသည်မဟုတ် ပရမတ်နှစ် ဓါတ်စစ်ကိုသိမှ ရှိသမျှ ရုပ်နာမ်စုကိုတခုစီခွဲခြမ်း၍ စွဲလမ်း

သော ဒိဋ္ဌိဓါတ်ကို ပရမတ်ဉာဏ်ဖြင့်ရှုသော် မြဟ္မဒနတ်လူ မပိုင် မဆိုင် အလေ့ပေါက် သူ့အလျောက် ဖြစ်မစဲ မြေသည့်ဓါတ်အစုကို အတတ်ရှုမြင်လာသော် ငါ၏ကိုယ်မဆိုထားဘိ ငါတကား စွဲဘို့ရန်မျှ ရှာကြံ၍ဘယ်မတွေ့ သိမ်မွေ့သော ဝိပဿနာတရား သစ္စာလေးပါးကို ပိုင်းခြား၍ သိမြင်မှသာ နိဗ္ဗာန်ကို တောင်းရာကျသည်။

ဤကဲ့သို့ ဝိဝဋ္ဋ ဒီပနီကျမ်း၌ မိန့်ဆိုတော်မူခြင်းသည်လည်း နိဗ္ဗာန်နှင့်တကွ လောကုတ္တရာတရားတို့ကို လိုလားတောင့်တရာ၌ (တဏှာပတ္တနာ (တဏှာပိဟ) ဖြစ်မည်စိုး၍ ရေးသားတော်မူသည်။

ရှေးအခါက ကြိုတင်၍ ခန္ဓာငါးပါး ရုပ်တရား နာမ်တရား ဒုက္ခသစ္စာတရား သမုဒယသစ္စာတရား နိရောဓသစ္စာတရား မဂ္ဂသစ္စာတရားတို့ကို သုတမယဉာဏ် စိန္တာမယဉာဏ်ဖြင့် ဝေဘန်ဆင်ခြင်၍ထားမှသာလျှင် နိဗ္ဗာန်နှင့်တကွ လောကုတ္တရာ တရားတို့ကို လိုလားတောင့်တရာ၌ တဏှာပိဟ တဏှာပတ္တနာတို့မှ လွတ်ကင်း၍ နိဗ္ဗာန်ကိုတောင်းရာကျမည်။ မဂ်ဖိုလ်ကို တောင်းရာကျမည်။ အထူးသတိပြုပါလေ။

ဤကား လောကီတရား လောကုတ္တရာ တရားတို့၌
တဏှာ ပတ္တနာ အဆုံးအဖြတ် စကားတို့တည်း။

---

### ဆန္ဒ ပတ္တနာ

ဆန္ဒပတ္တနာကို ပြသော (ဆိန္ဒ ပါဠိမတော သောတံ) ဟူသော ပါဠိတော်မြတ်၌ ပါဠိမ ဟူသည်ကား ယုတ်မာသော သဘောရှိသော မာရ်နတ်ကိုဆို၏။ သောတံ ဟူသည်ကား ဒိဋ္ဌိသောတ တဏှာသောတ နှစ်ပါးတည်း။

ထိုဒိဋ္ဌိသောတ တဏှာသောတ နှစ်ပါးကို ဝိပဿနာ ရှေ့သွားရှိသော အရိယမဂ်ဖြင့် ဖြတ်အပ် ဖျက်ဆီးအပ်၏။ ဒိဋ္ဌိသောတ၏ အမြစ်အရင်းကား....အဝိဇ္ဇာ တဏှာတည်း။ တဏှာ သောတ၏ အမြစ်အရင်းကား အဝိဇ္ဇာတည်း။ ထိုအမြစ်အရင်းနှစ်ပါးကို ဖြတ်တတ်သော အရိယမဂ်သို့ ရောက်စေတတ်သော(တရုဏ ဝိပဿနာ)

ဟူသော ဥဒယဗ္ဗယ ဉာဏ်ခဏ၌ အရောင်းအလင်း ဟူသော ဩဘာသ ပီတိ ငါးပါးဖြင့် ဝမ်းမြောက် နှစ်သက်ခြင်း ဟူသော ပီတိ။ ကာယ စိတ္တနှစ်ပါး၏ ငြိမ်းခြင်းဟူသော ပဿဒ္ဓိ စသော ကျေးဇူးတရားတို့သည် ဖြစ်ကုန်၏။ ထို့ကြောင့်....

သုညာ ဂါရံ ပဝိဋ္ဌဿ၊ သန္တ စိတ္တဿ ဘိက္ခုနော။
အမနုဿီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။ ။
ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတေ ပီတိ ပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ။ ။
ဤသို့ဟောတော်မူသည်။

**အနက်ကား**။ သုညာဂါရံ၊ ဆိတ်ငြိမ်ရာဖြစ်သော ကမ္မဋ္ဌာန်းအိမ်သို့။ ပဝိဋ္ဌဿ၊ ခိုဝင်ကိန်းအောင်းလျက်။ သန္တစိတ္တဿ၊ တည်ကြည်ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍။ ဓမ္မံ၊ ဥဒယဗ္ဗယ ကမ္မဋ္ဌာန်းတရားကို။ သမ္မာ၊ ကောင်းစွာ။ ဝိပဿတော၊ ရှု၍နေသော။ ဘိက္ခုနော။ ရဟန်းအား။ အမနုဿီ၊ လူတို့နှင့်မဆက်ဆံသော။ ရတိ၊ မွေ့လျော်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ယတော ယတော၊ အကြင် အကြင်အခါ၌။ ခန္ဓာနံ၊ ခန္ဓာငါးပါး တို့၏။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ သမ္မသတိ၊ သုံးသပ်ဆင်ခြင်၏။ တတော တတော၊ ထိုထိုခန္ဓာငါးတန် ဖြစ်ပျက်ဟန်ကို။ အဘန်ဘန်အထပ်ထပ် သုံးသပ်ဆင်ခြင်သောအခါ၌။ ဘိက္ခု၊ ရဟန်းသည်။ ပီတိပါမောဇ္ဇံ၊နှစ်သက်ခြင်းပီတိပါမောဇ္ဇကို။ လဘတေ၊ရ၏။ တံပီတိပါမောဇ္ဇံ၊ ထိုပီတိပါမောဇ္ဇသည်။ ဝိဇာနတံ၊ ဝိပဿနာရှုသောရဟန်းတို့အား။ အမတံ၊ မသေရာ မသေကြောင်း ဖြစ်သော ပဋိပတ်စစ် တရားအနှစ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ တရုဏ ဝိပဿနာ၌ရအပ်သော ပီတိပါမောဇ္ဇကိုရည်တော်မူ၍ (ပါမောဇ္ဇ ဗဟုလာ ဟောထ) ဟု တိုက်တွန်းတော်မူသတည်း။ နိဗ္ဗိဒါဉာဏ် မုစ္စိတုကမျတာ ဉာဏ်စသော ဗလဝဝိပဿနာ ခဏ၌ နိဗ္ဗာန်သို့ညွတ်ကိုင်းရှိုင်းဝှမ်းသောအားဖြင့် ဖြစ်သော သမ္မာဆန္ဒ

ဖြင့် နိဗ္ဗာန်ကို တောင့်တခြင်းကိုရည်၍ (သီဝံ ပဏ္ဍိတ ဘိက္ခဝေါ) ဟု တိုက်တွန်းတော်မူသတည်း၊ ဝိပဿနာခဏာ၌ဖြစ်သော သမ္မာဆန္ဒ အဇ္ဈာသယအားဖြင့် နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းရှမ်း တောင့်တခြင်း ကို ဤဆိုလတံ့သော မူလ ပဏ္ဏာသ အဋ္ဌကထာ သဗ္ဗာသဝသုတ် အဖွင့်၌....

တထာဟိ အယံ ဗောဇ္ဈင်္ဂ ဘာဝနာ နုယုတ္တော ယောဂီ ဝိပဿ နာက္ခဏေ ကိစ္စတော တဒင် ဝိဝေက နိဿိတံ။ အဇ္ဈာသယ တော နိဿရဏ ဝိဝေက နိဿိတံ။ မဂ္ဂက္ခဏေပန ကိစ္စတော သမုစ္ဆေဒ ဝိဝေက နိဿိတံ။ အာရမ္မဏတော နိဿရဏ ဝိဝေက နိဿိတံ သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ။ ဟူ၍ရှင်း။

ပဏ္ဍိန္ဓန ဝေါဿဂ္ဂေါတိ ဝိပဿနာက္ခဏေ တန္နိန္န ဘာဝေန။ မဂ္ဂက္ခဏေ ပန အာရမ္မဏ ကရဏေန နိဗ္ဗာန ပဏ္ဍန္ဒနံ။ ဟူ၍ရှင်း ဤသို့မိန့်တော်မူ၏။

**အနက်ကား။** တထာ တံဝစနံ၊ ထိုစကားသည်။ ဟိ သစ္စံ၊ မှန် ၏။ ဗောဇ္ဈင်္ဂဘာဝနာ နုယုတ္တော၊ ဗောဇ္ဈင်္ဂဘာဝနာကို အားထုတ် သော။ အယံ ယောဂီ၊ ဤယောဂီသူမြတ်သည်။ ဝိပဿနာက္ခဏေ၊ ဝိပဿနာခဏာ၌။ ကိစ္စတော၊ ကိစ္စအားဖြင့်။ တဒင် ဝိဝေက နိဿိ တံ၊ တဒင်ဝိဝေက၌မှီသော။ အဇ္ဈာသယတော၊ အလိုဆန္ဒအားဖြင့်။ နိဿရဏ ဝိဝေက နိဿိတံ၊ နိဗ္ဗာနဟူသော နိဿရဏ ဝိဝေက ၌မှီသော။ သတိသမ္ဗောဇ္ဈင်္ဂံ၊ သတိသမ္ဗောဇ္ဈင်ကို။ ဘာဝေတိ၊ ပွား စေ၏။ မဂ္ဂက္ခဏေပန၊ မဂ်ခဏာ၌ကား။ ကိစ္စတော၊ ကိစ္စအားဖြင့်။ သမုစ္ဆေဒ ဝိဝေက နိဿိတံ၊ သမုစ္ဆေဒ ဝိဝေက၌မှီသော။ အာရမ္မ ဏတော၊ အာရုံအားဖြင့်။ နိဿရဏ ဝိဝေက နိဿိတံ၊ နိဗ္ဗာန်ဟူ သော နိဿရဏဝိဝေက၌ မှီသော။ သတိ သမ္ဗောဇ္ဈင်္ဂံ၊ သတိသ သမ္ဗောဇ္ဈင်ကို။ ဘာဝေတိပွားစေ၏။ပဏ္ဍိန္ဓန ဝေါဿဂ္ဂေါတိ၊ပဏ္ဍိန္ဓန ဝေါဿဂ္ဂေါဟူသည်ကား။ဝိပဿနာက္ခဏေ၊ဝိပဿနာခဏာ၌၊တန္နိန္န ဘာဝေန၊ ထိုနိဗ္ဗာန်သို့ သမ္မာဆန္ဒ အဇ္ဈာသယဖြင့် ညွတ်သည်၏ အ စွမ်း အားဖြင့်။ နိဗ္ဗာန ပဏ္ဍန္ဒနံ၊ နိဗ္ဗာန်သို့ ပြေးဝင် ခြင်းတည်း။

မဂ္ဂက္ခဏေပန၊ မဂ်ခဏ၌ကား။ အာရမ္မဏ ကရဏေန၊ အာရုံပြုသော အားဖြင့်။ နိဗ္ဗာနပက္ခန္ဒနံ၊ နိဗ္ဗာန်သို့ပြေးဝင်ခြင်းတည်း။

**အဓိပ္ပါယ်ကား။** ဤသို့လျှင် ဗလဝ ဝိပဿနာခဏ၌ ရအပ်သော မြတ်သော သမ္မာဆန္ဒဖြင့် နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းဝှမ်းသော အားဖြင့် တောင့်တခြင်းကို ရည်တော်မူ၍ (သီဝံ ပစ္စတ္တထ ဘိက္ခဝေါ) ဟုဟောတော်မူအပ်သတည်း။ ဤ(ပဋ္ဌယမာနော ဝိဟရတိ) ဟူသော ပါဠိတော်၏ အဖွင့် အဋ္ဌကထာကြီး၌လည်း (ပဋ္ဌနာ) အရကို ဝိပဿနာနှင့် သမ္ပယုတ်ဖြစ်သော သမ္မာဆန္ဒကိုယူ၍။ (ဝိဟရတိ) အရကို သဗ္ဗေသင်္ခါရာ အနိစ္စာစသည်ဖြင့် ပွားများအပ်သော ဝိပဿနာဉာဏ်ဖြင့်နေခြင်းကိုယူ၍ သေက္ခပုဂ္ဂိုလ်၏ အရဟတ္တဖိုလ် အကျိုးငှါ ဝိပဿနာကိုပွားလျက် ထိုဝိပဿနာနှင့်ယှဉ်သော သမ္မာဆန္ဒဖြင့် အရဟတ္တဖိုလ်၌ ညွတ်ကိုင်း ရှိုင်းဝှမ်းလျက် ဝိပဿနာ ရှုနေခြင်းကို ( ယောဂက္ခေမံ ပဋ္ဌယမာနော ဝိဟရတိ ) ဟု ဟောတော်မူကြောင်းနှင့် တိုက်ရိုက်ဖွင့်ပြတော်မူပေ၏။

## ရင်းအဋ္ဌကထာကြီး၌

တေန ပဋ္ဌယမာနောတိ တံ ယောဂက္ခေမံ ပတ္ထယမာနော အဓိဂန္တုကာမော တန္နိန္နော တပ္ပေါဏော တပ္ပဗ္ဘာရောတိ ဝေဒိတဗ္ဗော ဟူ၍ရင်း။

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ အဓိမုစ္စန္တော သဒ္ဓါယ ဝိဟရတိတိ အာဒိနာပိ နိဒ္ဒေသ နယေ နေတ္တ အတ္ထော ဝေဒိတဗ္ဗော ဟူ၍ရင်း မိန့်အပ်ပြီ။

**အနက်ကား။** တေန၊ ထို့ကြောင့်။ ပဋ္ဌယမာနောတိ၊ ပဋ္ဌယ မာနောဟူသည်ကား။ တံယောဂက္ခေမံ၊ ထိုယောဂ လေးပါးတို့၏ ကုန်ရာ အရဟတ္တဖိုလ်သို့။ ပတ္ထုကာမော၊ သမ္မာဆန္ဒဖြင့်ရောက်ခြင်းငှါ အလိုရှိသည်ဖြစ်၍။ အဓိဂန္တုကာမော၊ သမ္မာဆန္ဒဖြင့် ရခြင်းငှါ အလိုရှိသည်ဖြစ်၍၊ တန္နိန္နော။ ထိုအရဟတ္တ ဖိုလ်၌ သမ္မာဆန္ဒဖြင့် ညွတ်သည်ဖြစ်၍။ တပ္ပေါဏော၊ ထိုအရဟတ္တဖိုလ်၌ သမ္မာဆန္ဒဖြင့်

ကိုင်းသည်ဖြစ်၍၊ တပ္ပဗ္ဘာရော၊ ထိုအရဟတ္တဖိုလ်၌ သမ္မာ ဆန္ဒဖြင့် ရှိုင်းသည်ဖြစ်၍။ ဇာတိအယံ အဘ္ဘော၊ ဤသို့သော အနက်ကို၊ ဝေဒိတဗ္ဗော၊ ပဏ္ဏယမာနေဝာဟူသော ပုဒ်၌သိအပ်၏။

သဗ္ဗေသင်္ခါရာ၊ အလုံးစုံသော သင်္ခါရ တရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဇာတိ၊ ဤသို့။ အဓိမုစ္စန္တော၊ လွတ်လွတ် နှလုံးသွင်းသည်ဖြစ်၍။ သဒ္ဒါယ၊ သဒ္ဒါတရားဖြင့်။ ဝိဟရတိ၊ နေ၏။ ဇာတိ အာဒိနာ၊ ဤသို့အစရှိသော၊ နိဒ္ဒေသ နယေနပိ၊ နိဒ္ဒေသ နည်းဖြင့် လည်း။ ဧတ္ထ၊ ဤဝိဟရတိ ဟူသော ပုဒ်၌။ အဘ္ဘော၊ အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

**အဓိပ္ပါယ်အကျဉ်းကား။** အရဟတ္တဖိုလ်ကို မြတ်သော သမ္မာ ဆန္ဒ အဇ္ဈာသယ အားဖြင့် ညွှတ်ကိုင်းရှိုင်းဝှမ်းလျက် (သဗ္ဗေသင်္ခါရာ အနိစ္စာ) စသည်ဖြင့် လွတ်လွတ်နှလုံးသွင်းလျက်။ သတိဖြင့်ကောင်း စွာထင်လျက်၊ ဝီရိယဖြင့်ကောင်းစွာ အားထုတ်လျက်၊ သမာဓိဖြင့် ကောင်းစွာ စိတ်ကို ထားလျက်၊ ပညာဖြင့် ကောင်းစွာမြင်လျက်၊ ဝိညာဏ်ဖြင့်ကောင်းစွာသိလျက်၊ သေက္ခပုဂ္ဂိုလ်၏နေခြင်းကို (ပဏ္ဏ ယမာနော ဝိဟရတိ) ဟု ဟောတော်မူ၏။ ဝိပဿနာခဏ၌သည်း တဏှာ၏ဝါရမဟုတ် တဏှာပတ္ထနာမဟုတ်။ ကုသိုလ် သမ္မာဆန္ဒ၏ ဝါရသာလျှင် ဆန္ဒပတ္ထနာသာလျှင်ဖြစ်၍ (ပဏ္ဏယမာနော) ၌ပတ္ထနာ အရကို ကုသိုလ်ဆန္ဒ ပတ္ထနာကို အလိုရှိအပ်၏။

ဤအဋ္ဌကထာကြီး၏ ဆိုလိုရင်းမှာ အရဟတ္တဖိုလ်ကို အလိုရှိသည် ရှိသော် ရှေးအဘို့က သဗ္ဗေသင်္ခါရာ အနိစ္စာ စသည်ဖြင့် ဝိပဿ နာ ဆင်ခြင်ခါနေ၍ ဆန္ဒပတ္ထနာဖြင့် အရဟတ္တဖိုလ်ကို အလိုရှိရမည် ဟု ဆိုလိုပါသည်။ ထို့အတူ ဒါန သီလ ဘာဝနာ ပြုကြသောအခါ မှာလည်း ရှေးဦးစွာ ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါး အနိစ္စ ဒုက္ခ အ နတ္တ ဒုက္ခသစ္စာတရားတို့ကို ဆင်ခြင်ပွားများ ထားမှသာလျှင် လော ကုတ္တရာ တရားတို့ကို ဆန္ဒပတ္ထနာဖြင့် လိုလားတောင့်တရာ ကျသည် အထူးသတိပြုပါ။

## ကျေးဇူးရှင်ပဌမ ကြောင်ပန်းတောရ ဆရာတော် ဘုရားကြီး၏ မိန့်ခွန်းတော်ကြီး

ထိုသစ္စာလေးပါးတို့တွင် နိဗ္ဗာန်ဟူသော နိရောဓသစ္စာသည် သာလျှင် လိုရင်းဆုံးကြီး ဖြစ်ပေသည်။ ထိုနိရောဓသစ္စာကို ဖြစ်လိုလျှင် မဂ္ဂသစ္စာကိုပွားများရမည်၊ ထိုမဂ္ဂသစ္စာကို ပွားများလိုလျှင် သမုဒယသစ္စာ သာယာခြင်း လောဘတဏှာကို ပယ်ခွါရမည်။ ထို သမုဒယသစ္စာ သာယာခြင်းလောဘတဏှာကို ပယ်ခွါလိုလျှင် ဒုက္ခသစ္စာကို ပိုင်းခြားထင်ထင် သိမြင်အောင် အားထုတ်ရမည်။

ထို့ကြောင့် ဒါန သီလ ဘာဝနာ ပြုကြသောအခါ ဒုက္ခသစ္စာကို သိမြင်မှသာ သမုဒယခွါ၍သား မဂ္ဂသစ္စာ ပွားများ၍ နိဗ္ဗာန်ဟူသော နိရောဓ ချုပ်ငြိမ်းကြမည်။

ဤသို့ ဝိဝဋ္ဋဒီပနီကျမ်း၌ ရေးသားတော်မူခဲ့ခြင်းသည် ဒါန သီလ ဘာဝနာ ပြုသောအခါ ဒုက္ခသစ္စာဖြစ်သော ခန္ဓာ ငါးပါး ရုပ်နာမ် တရား အနိစ္စ ဒုက္ခ အနတ္တတရားတို့ကို သိမြင် ထားမှသာလျှင် ဆန္ဒပတ္ထနာဖြင့် နိဗ္ဗာန်မဂ်ဖိုလ်တို့ကို လိုလား တောင့်တရာ ကျမည်ဖြစ်၍ ပါဠိတော်ကြီး အဋ္ဌကထာကြီးများနှင့်လည်း ကိုက်ညီမည်ဖြစ်၏။

ဤကား လောကုတ္တရာ တရားတို့၌ ဆန္ဒပတ္ထနာ အဆုံးအဖြတ် စကားစုတည်း။

---

## ဝိဝဋ္ဋနိဿိတ ဒါနအကျိုး

အပုညာဘိသင်္ခါရ အကုသိုလ်တရားနှင့် ပုညာဘိသင်္ခါရ ဝဋ္ဋနိဿိတ ကုသိုလ်တရားများ သံသရာလည်သည်ကို အများလူတို့ယုံမှားသံသယ မရှိကြချေ။ (နိဗ္ဗာန်ကို ရပါလို ရောက်ပါလို၏) ဟု ဆုတောင်း ပတ္ထနာ၍ ပြုအပ်သော ဝိဝဋ္ဋနိဿိတဒါန ဝိဝဋ္ဋနိဿိတ သီလ ဥပေါသထ သီလ စသော ပုညာဘိသင်္ခါရ ကုသိုလ်သာ သံသရာ၌ လည်သည်မလည်သည်ကိုသာ အများလူတို့ ယုံမှားသံသယ ရှိကြသည်ဖြစ်၍ ကျမ်းဂန်လာသည့်အတိုင်း ရေးသားပေကဲ့။

မိမိတို့ သန္တာန်၌ အစဉ်ကိန်းနေသော အဝိဇ္ဇာ တဏှာ ဥပါဒါန် ဟူသော ကိလေသာဝဋ်မြစ်ကို အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်ဖြင့် အကြွင်းမရှိ မငယ်သတ်ရသေးသမျှ ကာလပတ်လုံး အလုံးစုံပြုပြုသမျှသော ဝိဝဋ္ဋနိဿိတ ပုညာဘိသင်္ခါရ ကုသိုလ်တို့သည် သံသရာ၌ ကျင်လည်ရသည်သာတည်း။

ထိုစကားကို လက်ပေါ်ဘင်ထား ပတ္တမြားကဲ့သို့ ထင်ရှားစေဦးအံ့။ ဘုရား ပစ္စေကဗုဒ္ဓါ သာဝကအပေါင်း အလောင်းတော် ဟူသမျှတို့၏ နိဗ္ဗာန်ကို ပတ္ထနာရည်ရော်လျက် ပြုအပ်သမျှသော ဝိဝဋ္ဋနိဿိတ ပုညာဘိသင်္ခါရတို့သည် ပါရမီမည်ကုန်၏။ ထို့ကြောင့်....

ပါရတော မောဇေတိ ပါရံ မုနာတိ ဇာနာတိ ပရမာနံ သောတိ ဝါ ပါရမီ။

ဟူ၍ ကျမ်းဂန်တို့၌ လာရှိချေသည်။

**အနက်ကား**။ ယာမမ္မဇာတိ၊ အကြင် ဒါန သီလ စသော ဝိဝဋ္ဋနိဿိတ ဓမ္မသဘောသည်။ ပါရတော၊ သံသရာဟူသော ဤမှာဘက်ကမ်းမှ။ မောစေတိ၊ လွှတ်စေတတ်၏။ ဝါ၊ တနည်းကား။ ပါရံ၊ နိဗ္ဗာန်ဟူသော ထိုမှာဘက်ကမ်းသို့။ ဧတာယ မမ္မဇာတိယာ၊ ဤဒါန သီလ ဥပေါသထ စသော ဝိဝဋ္ဋနိဿိတ ဓမ္မသဘောဖြင့်။ မုနာတိ ဇာနာတိ၊ သိတတ်၏။ ဝါ၊ တနည်းကား။ သော၊ ဤဒါန သီလ ဥပေါသထ စသော ဝိဝဋ္ဋနိဿိတ ဓမ္မသဘောသည်။ ပရမာနံ၊ မြတ်ကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ သာဝကအပေါင်း အလောင်းဟူသမျှတို့၏။ သန္တကံ၊ ဥစ္စာတည်း ဇာတိဘသ္မာ၊ ထို့ကြောင့်။ သာမမ္မဇာတိ၊ ထိုဒါန သီလ ဥပေါသထ စသော ဝိဝဋ္ဋနိဿိတ ဓမ္မသဘောသည်။ ပါရမီ၊ ပါရမီမည်၏။

ဤကား နိဗ္ဗာန်ကို လိုလားတောင့်တ ပတ္ထနာ၍ ပြုအပ်သော ဝိဝဋ္ဋနိဿိတ ကုသိုလ်ဟူသမျှသည် အလောင်းတော် တကာတို့၏ ဥစ္စာအစစ် ပါရမီဖြစ်သည်ကို ပြသောစကားစုတည်း။

အလောင်းတော်တကာတို့သည် ဤပါရမီ ဟူသော ကုသိုလ်စေတနာကိုဟု ဆိုအပ်သော မိမိတို့၏ဥစ္စာဖြင့်သော သံသရာမှ လွတ်ရ ထွက်ရပေလတံ့ဟု ကံ ကံ၏အကျိုးကို ယုံကြည်သော ဝိဝဋ္ဋကမ္မ သကတဉာဏ်၌ တည်လျက် ဒါန သီလ ဥပေါသထ စသော ဝိဝဋ္ဋ နိဿိတပါရမီကုသိုလ်တို့ကို အားထုတ်ဖြည့်ကျင့်ကြကုန်၏။ ထိုအား ထုတ် ဖြည့်ကျင့်ကြသော ဝိဝဋ္ဋနိဿိတ ပါရမီ ကုသိုလ်တို့ဖြင့်ပင် လျှင် လူ့ပြည် နတ်ပြည် တို့၌ ကျင်လည်ခံစားပြီးမှ နိဗ္ဗာန်သို့ရောက် တော်မူကြသည့်ကား ဂဏန်းထား၍ ပိုင်းခြား ရေတွက်ခြင်းငှါ မရ လေကုန်။ ထို့ကြောင့်....

သမ္မောဟ ဝိနောဒနီ အဋ္ဌကထာကြီး၌

အတ္တိ ဒိန္နံ့န္တိ အာဒိနယ ပဝတ္တေဝတ္ထုမသ္မိံ ကမ္မသကတ ဉာဏေဌတွာဗဟုံ ဒါနံ ဒတွာ သီလံ ပူရေတွာ ဥပေါသထံ သမာဒိယိတွာသုခေန သုခံ သမ္ပတ္တိယာ သမ္ပတ္တိံအနုဘဝိတွာနိဗ္ဗာနပ္ပတ္တာနံဂဏနပရိစ္ဆေဒေါနတ္ထိ။

ဤသို့ မိန့်တော်မူ၏။

**အနက်ကား။** ဒိန္နံ၊ ပေးလှူအပ်သော အလှူ၏ အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ အာဒိနယပ္ပဝတ္တေ၊ ဤသို့အစရှိသော နည်းဖြင့်ဖြစ် သော။ ဣမသ္မိံ ကမ္မသကတ ဉာဏေ၊ ဤ ကံ ကံ၏အကျိုးကို ယုံ ကြည်သော ကမ္မသကတဉာဏ်၌။ ဌတွာ၊ တည်၍။ ဗဟုံ၊ များစွာ။ ဒါနံ၊ ဒါနကို။ ဒတွာ၊ ပေးလှူ၍။ သီလံ၊ သီလကို။ ပူရေတွာ၊ ဖြည့် ကျင့်၍။ ဥပေါသထံ၊ ဥပုသ်ကို။ သမာဒိယိတွာ၊ ကောင်းစွာဆောက် တည်၍။ သုခေန၊ လူနတ်တို့၏ချမ်းသာတပါးမှ။ သုခံ၊ လူနတ်တို့၏ ချမ်း သာတပါးသို့။ သမ္ပတ္တိယာ၊ လူနတ်တို့၏ပြည့်စုံခြင်း တပါးမှ။ သမ္ပတ္တိံ လူနတ်တို့၏ပြည့်စုံခြင်းတပါးသို့။ အနုဘဝိတွာ၊ ကူးကာ ပြောင်းကာ လူးလာသက်ဝင် အစဉ်ခံစားပြီး၍။ နိဗ္ဗာနပ္ပတ္တာနံ၊ နိဗ္ဗာန်သို့ ရောက် တော် မူကြကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ သာဝက အပေါင်းတို့၏။ ဂဏန ပရိစ္ဆေဒေါ၊ ဂဏန်းအပိုင်းအခြားသည်။ နတ္ထိ၊ မရှိချေ။

**အဓိပ္ပါယ်ကား။** အဋ္ဌကထာကြီး၌ (နိဗ္ဗာနပ္ပတ္တာနံ) စသော ပါဌ်ကိုထောက်၍ နိဗ္ဗာန်ကို လိုလားတောင့်တ၍ ဒါန သီလ ဥပုသ်

စသော ဝိဝဋ္ဋနိဿိတ ပါရမီကုသိုလ်ကို ပြုကြကုန်သော သူတို့သည် ဝိဝဋ္ဋ ကမ္မသကတ သမ္မာဒိဋ္ဌိ အယူ၌တည်ကြကုန်၍ ဒါနကိုပေးလှူကြကုန်၏။ သီလကို ဆောက်တည် ဖြည့်ကျင့်ကြကုန်၏။ ဥပုသ်ဆောက်တည်ကျင့်သုံးကြကုန်၏။ ထိုဝိဝဋ္ဋ နိဿိတ ပါရမီဒါနရှင် သီလရှင် ဥပုသ်သည်အပေါင်းတို့သည် သံသရာ၌ လူ့ချမ်းသာမှ လူ့ချမ်းသာသို့ရင်း။ လူ့ချမ်းသာမှ နတ်ချမ်းသာသို့ရင်း။ နတ်ချမ်းသာမှ နတ်ချမ်းသာသို့ရင်း။ နတ်ချမ်းသာမှ လူ့ချမ်းသာသို့ရင်း။ အစဉ်ခံစားကြကုန် နိဗ္ဗာန်သို့စံဝင်ကြကုန်၏ဟု အဓိပ္ပါယ်လာချေသည်။

ဆိုလိုရင်းမှာ

ထိုဝိဝဋ္ဋ နိဿိတ ဒါနရှင်အပေါင်း သီလရှင်အပေါင်း ဥပုသ်သည်အပေါင်းတို့သည် သံသရာ၌ လယ်ရင်း လယ်ရင်း လွတ်သွားသည်ဟု ဆိုလိုပါသည်။

---

ထိုဝိဝဋ္ဋနိဿိတဒါန လယ်ရင်း လွတ်သွားသော သုမနရာဇကုမာရီသုတ် အကျဉ်းချုပ်ပါဠိတော်ကြီး

ပသေနဒီ ကောသလမင်းကြီး၏ သမီးတော်ဖြစ်သော သုမနာမင်းသမီးသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ ဒါနနှင့်စပ်သောစကားကို ဤသို့လျှောက်ထား၏။

အရှင်ဘုရား ဤသာသနာတော်၌ တူမျှသောသဒ္ဓါတရား၊ တူမျှသောသီလတရား တူမျှသောပညာတရားရှိကြကုန်သော ရဟန်းတော် (၂)ပါးတို့သည် ရှိကြကုန်၏။

တပါးသော ရဟန်းကား ဒါနပြုသော အလေ့ရှိ၏။

တပါးသောရဟန်းကား ဒါနပြုသော အလေ့မရှိပါ။

ထိုရဟန်း (၂) ပါးတို့သည် ဤလူ့ပြည်မှ စုတေ၍ နတ်ပြည်သို့ရောက်ကြသောအခါ တူမျှသော အကျိုးရှိပါသလော။ မတူ ထူးခြားသော အကျိုးရှိပါသလော ဤသို့ လျှောက်ထား၏။

အိုချစ်သမီးသုမနာ....အကြင်ရဟန်းသည် ဒါနပြုသော အလေ့ရှိ၏။ ထိုရဟန်းသည် နတ်ပြည်သို့ရောက်သောအခါ။

(၁) ဒိဗ္ဗအာယု နတ်၌ဖြစ်သော အသက်ရှည်ခြင်းဖြင့်၎င်း။
(၂) ဒိဗ္ဗဝဏ္ဏ နတ်၌ဖြစ်သော အဆင်းလှခြင်းဖြင့်၎င်း။
(၃) ဒိဗ္ဗသုခ နတ်၌ဖြစ်သော ချမ်းသာကြီးခြင်းဖြင့်၎င်း။
(၄) ဒိဗ္ဗယသ နတ်၌ဖြစ်သော အခြံအရံများခြင်းဖြင့်၎င်း။
(၅) ဒိဗ္ဗအဓိပတေယျ နတ်၌ဖြစ်သော အစိုးရခြင်းဖြင့်၎င်း။

ဤငါးပါးသော အကျိုးတရားတို့ဖြင့် ဒါနမပြုသော ရဟန်းနတ်သားကို နှိပ်နင်း လွှမ်းမိုးနိုင်သည်။ ဤသို့ မြတ်စွာဘုရားက ဖြေကြားတော်မူ၏။

အရှင်ဘုရား အကယ်၍ ထိုရဟန်း နတ်သား (၂)ပါးတို့သည် နတ်ပြည်မှ စုတေကြ၍ လူ့ပြည်သို့ ပြန်၍ ရောက်ကြသောအခါ တူမျှသော အကျိုးရှိပါသလော။ မတူထူးခြားသော အကျိုးရှိပါသလော ဤသို့ သုမနာ မင်းသမီးက လျှောက်ထားပြန်၏။

အိုချစ်သမီးသုမနာ ဒါနပြုခဲ့သော ရဟန်းနတ်သားသည် ဤလူ့ပြည်သို့ ပြန်၍ ရောက်သောအခါ။

(၁) မနုဿ အာယု လူ၏အသက်ရှည်ခြင်းဖြင့်၎င်း။
(၂) မနုဿ ဝဏ္ဏ လူ၏အဆင်းလှခြင်းဖြင့်၎င်း။
(၃) မနုဿ သုခ လူ၏ချမ်းသာကြီးခြင်းဖြင့်၎င်း။
(၄) မနုဿ ယသ လူ၏ အခြံအရံများခြင်းဖြင့်၎င်း။
(၅) မနုဿ အဓိပတေယျ လူ၏အစိုးရခြင်းဖြင့်၎င်း။

ဤငါးပါးသော အကျိုးတရားတို့ဖြင့် ဒါနမပြုခဲ့သော ရဟန်းလူကို နှိပ်နင်း လွှမ်းမိုးနိုင်၏။ ဤသို့ မြတ်စွာဘုရားက ဖြေကြားတော်မူ၏။

အရှင်ဘုရား ရှေးရဟန်းဘဝက ဒါနပြုခဲ့သော အမျိုးသားနှင့် ရှေးရဟန်း ဘဝက ဒါနမပြုခဲ့သော အမျိုးသားတို့သည် အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရဟန်းပြုကြပြန်ကုန်၏။ ရဟန်းပြုကြသော အခါမှာလည်း တူမျှသော အကျိုးရှိပါသလော။ မတူထူးခြားသောအကျိုးရှိပါသလော။ ဤသို့ သုမနာမင်းသမီးက လျှောက်ထားပြန်၏။

အိုချစ်သွီးသုမနာ ရှေးရဟန်းဘဝက ဒါနပြုခဲ့သော အမျိုးသား သည် ရဟန်းဘောင်သို့ ပြန်၍ရောက်သောအခါ၊

(၁) စီဝရ သူတပါးတို့က တောင်းပန်အပ်သည် ဖြစ်၍သာလျှင် များစွာသော သင်္ကန်းတို့ကို ဝတ်ရုံသုံးဆောင်ရ၏။

(၂) ပိဏ္ဍပါတ သူတပါးတို့က တောင်းပန်အပ်သည် ဖြစ်၍သာ လျှင် များစွာသော ဆွမ်းတို့ကို ဘုန်းပေးသုံးဆောင်ရ၏။

(၃) သေနာသန သူတပါးတို့က တောင်းပန်အပ်သည် ဖြစ်၍ သာလျှင် များစွာသော ကျောင်း အိပ်ရာ နေရာတို့ကို နေထိုင်သုံးဆောင်ရ၏။

(၄) ဘေသဇ္ဇ သူတပါးတို့က တောင်းပန်အပ်သည် ဖြစ်၍သာ လျှင် များစွာ သော ဆေးတို့ကို ဘုန်းပေး သုံးဆောင် ရ၏။

(၅) သတ္တဝ အတူ သီတင်းသုံးဘော် ရဟန်းတို့၏ နှစ်သက် ဘွယ်သာလျှင် ဖြစ်သောကာယကံမှု ဝစီကံမှု မနောကံမှု ပူဇော်မှုတို့ကို ခံရသည်သာများ၏။

ဤငါးပါးသော အကျိုးတရားတို့ဖြင့် ဒါနမပြုခဲ့သော အမျိုးသား ရဟန်းကို ဒါနပြုခဲ့သော အမျိုးသားရဟန်းက နှိပ်နင်းလွှမ်းမိုးနိုင်၏။ ဤသို့မြတ်စွာဘုရားက ဖြေကြားတော်မူ၏။

အရှင်ဘုရား ...ထိုဒါနပြုခဲ့သောရဟန်းနှင့် ဒါနမပြုခဲ့သောရဟန်း တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သည် ရှိသော် ထို ရဟန်းနှစ်ပါး တို့သည် ထူးခြားသော အကျိုး ရှိပါသေးသ လော။ မထူးခြားသော အကျိုး ရှိပါသေး သလော ဤသို့ သုမနာမင်းသွီးက လျှောက်ထားပြန်၏။

အိုချစ်သွီးသုမနာ....ထိုဒါနပြုခဲ့သော ရဟန်းနှင့် ဒါနမပြုခဲ့သော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ရောက်ကြကုန်သည် ရှိသော် ထူးခြားသော အကျိုးမရှိ။ ထပ်တူထပ်မျှ ဖြစ်၏ဟု မြတ်စွာ ဘုရားက ဖြေကြားတော်မူ၏။

အရှင်ဘုရား....လက်ဖျစ်တီး၍ အံ့ချီးဘွယ်ကောင်းလှပါ၏။ မဖြစ်ဖူးထူးကဲလှပါ၏။ အလွန်လျှင် ဤအလှူဒါနတို့ကို ပေးလှူခြင်းငှါ သင့်လျော်လှပါ၏။ ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ခြင်းငှါ သင့်လျော်လှပါ၏။ အကြင်ကောင်းမှုတို့ မည်သည်ကား နတ်၌ဖြစ်သော သူအားလည်း ကျေးဇူးပြုပါကုန်၏။ ကောင်းမှု ကုသိုလ်တို့သည် လူ၌ဖြစ်သော သူအားလည်း ကျေးဇူးပြုပါကုန်၏။ ကောင်းမှု ကုသိုလ်တို့သည် ရဟန်းဖြစ်သော သူအားလည်း ကျေးဇူးပြုပါကုန်၏။ ဤသို့သုမနာမင်းသမီးက ချီးကျူးလျှောက်ထား၏။

အိုချစ်သမီးသုမနာ....ချစ်သမီး လျှောက်ထားသော စကားသည် လျှောက်ထားသောအတိုင်း မှန်လှပေ၏။ အိုချစ်သမီးသုမနာ အလှူဒါနတို့ကို ပေးလှူခြင်းငှါ သင့်လျော်ပေ၏။ ကောင်းမှုတို့ကို ပြုခြင်းငှါသင့်လျော်ပေ၏။ ကောင်းမှုကုသိုလ်တို့သည် လူဖြစ်သော သူအားလည်း ကျေးဇူး များကုန်၏။ နတ်ဖြစ်သော သူအားလည်း ကျေးဇူးများကုန်၏။ ရဟန်းဖြစ်သော သူအားလည်း ကျေးဇူး များကုန်၏။ ဤသို့ မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

ဤသို့ အင်္ဂုတ္တိုရ်ပါဠိတော်ကြီး၌ ရှင်တော်ဘုရားကြီး ကိုယ်တော်တိုင်က ဝိဝဋ္ဋဒါနသည် သံသရာ၌ လယ်ရင်း လယ်ရင်း လွှတ်သွား၍ အရဟတ္တဖိုလ်သို့ ရောက်သွားပုံ ကိုရင်း။ လယ်ရင်း လယ်ရင်း၌ ဒါနပြုသူနှင့် မတူ ကိုရင်း။ လွှတ်သွားရာ၌ တူပုံကိုရင်း ဟောပြတော် မူချေသည်။

---

## ကျေးဇူးရှင် ပဌမကြောင်ပန်းတောရ ဆရာတော် ဘုရားကြီး၏ မိန့်ခွန်းတော်ကြီး

ထို့ကြောင့် ဒါန သီလ ဘာဝနာ ပြုကြသောအခါ မဂ်တရာ ကိုယ် ကုသိုလ်ဇော ပြည့်လျှံ၍ (ဣဒံမေပုညံ အာသဝက္ခယံ ဝဟံ

ဟောတု) ပြုကြပါကုန်။ ဤကဲ့သို့ပြုကြပါလျှင် (ဒုက္ခံ တေဘူမကံ ဝဋ္ဋံ) ဟူသည်နှင့်အညီ အလုံးစုံသော ရုပ်နာမ်သင်္ခါရဟူသမျှသည် သုခမဘက် သက်သက် ဒုက္ခချည်းသာဟုမြင်သော ဉာဏ်သမ္ပယုတ် ကုသိုလ်စိတ်နှင့်ယှဉ်သော မဂ္ဂင် ၅ ပါးကံသည် (တရွေ့ တရွေ့) ရင့်သည်ဖြင့် မဂ်စိတ္တုပ္ပါဒ်နှင့် ယှဉ်သောအခါနိဗ္ဗာန်သို့ ရောက်ကြောင်း စင်စစ်မှန်သည်။

ဤသို့ ဒါန သီလ စသည်ပေါင်းစု ကုသိုလ်ကောင်းမှု ပြုသော သူတို့သည် မိမိတို့၏ အကျိုးစီးပွား သတ္တဝါ အများ အများတို့၏ အကျိုးစီးပွားကို ပြုသောသူ ကျင့်သောသူ မည်ပါပေ၏။ အဘယ်ကဲ့ သို့ မည်သနည်းဟူမူကား....တဆုပ်တခဲ နဲ့များမဆို ဒါနကုသိုလ်ကို ပြုသောသူသည် ဒါနကုသိုလ်ရှင် စင်စစ်ကြီးဖြစ်ပါပေ၏။

ထိုဒါနကုသိုလ် ရှင်သည် နိဗ္ဗာန်သို့ မရသေး မရောက်သေးမျှ (ဖြစ်လေရာရာ ဘဝတိုင်း ဘဝတိုင်း) တို့၌ ထိုဒါနကုသိုလ်ရှင်ကို တွေ့တွေ့သမျှ မြင်မြင်သမျှသော သတ္တဝါအများတို့က (လှူဒါန်းချင်ရ ပေးကမ်းချင်ရ လှူဒါန်းမှု ပေးကမ်းမှုပြုကြ လှူဒါန်း ပေးကမ်းမှု ဝတ္တုပစ္စယက အခန့်သင့်ရှိနေနှင့်ရပေသည်။)

ထိုပဌမဒါန ကုသိုလ်ရှင်ကို လှူဒါန်းပေးကမ်းသမျှသောသူ ဒုတိယ ဟူဟူသမျှ တို့သည်လည်း ဒါနကုသိုလ်ရှင်ချည်းပင် ဖြစ်ကြပြန် လေ ကုန်၏။ ထို တူ မခြား တတိယ စတုတ္ထ စသော သတ္တလောက တလောကလုံးအား နှံ့ပြားအောင်မျှော်လေ။ ဤကဲ့သို့ ပမာဏနှင့် ကုသိုလ် ဟူသမျှကိုလည်း စေ့စေ့စုံစုံ အကုန်မျှော်ကြလေ။ ကြည့် ကြလေ။ သိကြလေ။

ဤသို့ ဝိဝဋ္ဋဒီပနီကျမ်း၌ ရေးသားတော်မူခဲ့ချေသည်။

ထိုဝိဝဋ္ဋ ဒါနသည် တရွေ့ရွေ့နှင့် လယ်ရင်းလယ်ရင်း လွတ်၍ မဂ်စိတ္တုပ္ပါဒ်နှင့်ယှဉ်သောအခါ နိဗ္ဗာန်သို့ ဉာဏ်ရောက်သည်။

ထိုဝိဝဋ္ဋ ဒါန ပဌမဒါနရှင်ကို လှူဒါန်းကြ ပေးကမ်း ကြသော ကြောင့် ဒုတိယဒါနရှင် တတိယဒါနရှင်စသည်ဖြင့် သတ္တလောကကြီး တခုလုံး ဒါနရှင်တွေချည်း အကုန်ဖြစ်နိုင်သည့်ဟု ဆိုလိုရင်းတည်း။

ဤသို့လျှင် အဂ္ဂမဟာပဏ္ဍိတ ရှင်တော်ဘုရားကြီး ဟောတော်မူသော ပိဝဋ္ဋဒါနအကျိုးနှင့် ပဌမကြောင်ပန်း ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဝိဝဋ္ဋဒါနအကျိုးတို့သည် သဘောသွား အတူအမျှ ဖြစ်ကြကုန်၏။

---

## ဝိပဿနာဉာဏ်သည်လည်းကာမသုဂတိ၌ ပဋိသန္ဓေ အကျိုးပေးပုံ

ဤသို့ပြဆိုအပ်ပြီးသော ဝိဝဋ္ဋဒါန ဝိဝဋ္ဋသီလ ဝိဝဋ္ဋ ဥပုသ်တို့သည် သံသရာ၌ ပဋိသန္ဓေအကျိုးကိုပေး၍ သံသရာ၌ ကျင်လည်ရသည်ကို မဆိုထားဘိ။ ကလျာဏပုထုဇဉ်ဖြစ်သော ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် မဂ်ဖိုလ်ကို အလိုရှိ၍ ဝိပဿနာအဆင့်ဆင့်တို့ကို ဖြည့်ကျင့်အားထုတ်ရာ ကိုးဆင့်မြောက် ဖြစ်သော (သင်္ခါရုပေက္ခာ ဉာဏ်) သို့ ရောက်ပြီးသည်ဖြစ်လျက် မိမိရအပ် ရောက်အပ်သော ဝိပဿနာဉာဏ်၌ နှစ်သက်ကပ်ငြိသော ကိလေသဝဋ်ဟု ဆိုအပ်သော (သိမ်မွေ့သော တဏှာ) ကို မင်္ဂဖြင့်မခွါ မဖြတ် မသတ် ထည့်နိုင်ဘဲ စုတေစိတ်ကျလေလျှင် ထိုဝိပဿနာဉာဏ်သည်ပင် (ကာမသုဂတိ ပဋိသန္ဓေ) ကို အကျိုးပေးသေးကြောင်း။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီး၌....

ပုထုဇ္ဇနဿ သင်္ခါရုပေက္ခံ အဘိနန္ဒတော စိတ္တံ ကိလိဿတိ။ ဘာဝနာယ ပရိပန္ထော ဟောတိ။ ပဋိဝေဓဿ အန္တရာယော ဟောတိ။ အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတိ။

ဤသို့ မိန့်တော်မူ၏။

**အနက်ကား**။ သင်္ခါရုပေက္ခံ၊ သင်္ခါရုပေက္ခာ ဉာဏ်ကို။ အဘိနန္ဒတော၊ အလွန်နှ သက်သော။ ပုထုဇ္ဇနဿ၊ ကလျာဏပုထုဇဉ် ယောဂီအား။ စိတ္တံ၊ ဝိပဿနာစိတ်သည်၊ ကိလိဿတိ၊ ညစ်နွမ်း၏။ ဘာဝနာယ၊ဘာဝနာ၏။ပရိပန္ထော၊ ဘေးရန်သည်။ ဟောတိ၊ ဖြစ်၏။ ပဋိဝေဓဿ၊ အရိယမဂ်ကို ထိုးထွင်း၍ သိခြင်း၏။ အန္တရာယော၊ အန္တရာယ်သည်။ ဟောတိ ဖြစ်၏။ အာယတိံ၊ နောင်အခါ

ၷ။ ပဋိသန္ဓိယာ၊ သုဂတိ ပဋိသန္ဓေ၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤကား မဂ်သို့ မဘက်နိုင်သော ပုထုဇဉ် ပုဂ္ဂိုလ်၏ သဒ္ဓါရုပေက္ခာ ဝိပဿနာဥာဏ်စေတနာသည် ပဋိသန္ဓေ အကျိုးပေးသည်ကို ပြခြင်းတည်။

**သောတာပန်၏ကုသိုလ်စေတနာ**
**မဋိသန္ဓေအကျိုးပေးပုံ**

ဤသို့လျှင် ပြဆိုအပ်ခဲ့ပြီးသော သဒ္ဓါရုပေက္ခာဉာဏ်သာ သံသရာ၌ သုဂတိ ပဋိသန္ဓေအကျိုးကို ပေးသည် မဟုတ်သေး။ ဂုဋ္ဌာန ဂါမိနီ ဝိပဿနာ အထွဋ်အထိပ်ဟု ဆိုအပ်သော....ဆယ်ဆင့်မြောက် ဖြစ်သော အနုလောမဉာဏ်၏ အထွဋ်အဦး ထူးမြတ်လှစွာသော သောတာပတ္တိမဂ်၏ရှေ့အဘို့၌ဖြစ်၍မဂ်အား အနန္တရ စသော ပစ္စည်းတို့ကို ပေးလျက် နိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်သော (ဂေါတြဘူစေတနာ) ၏ လည်း ဝဋ္ဋဓမ္မဖြစ်သော မိမိဝိပါက် နာမက္ခန္ဓာတို့အား ကမ္မပစ္စယ သတ္တိဖြင့် ကျေးဇူးပြုတတ် ဖြစ်စေတတ်သည်ကို တိက ပဋ္ဌာန်းပါဠိ တော်ကြီး၏ ပရိတ္တာရမ္မဏတိက်၌....

> အပ္ပမာဏာ ရမ္မဏော ဓမ္မော ပရိတ္တာရမ္မဏဿ ဓမ္မဿ ကမ္မ ပစ္စယေန ပစ္စယော။ အပ္ပမာဏာ ရမ္မဏာ နာနာက္ခဏိကာ စေတနာ ပရိတ္တာရမ္မဏာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။
> ဤသို့ ဟောတော်မူ၏။

**အနက်ကား။** အပ္ပမာဏာ ရမ္မဏော၊ အပ္ပမာဏ ဖြစ်သော လောကုတ္တရာ တရားလျှင် အာရုံရှိသော။ ဓမ္မော၊ တရားသည်။ ပရိတ္တာ ရမ္မဏဿ၊ ပရိတ္တဖြစ်သော ကာမာဝစရ တရားလျှင် အာရုံ ရှိသော။ ဓမ္မဿ၊ တရားအား။ ကမ္မပစ္စယေန၊ နာနာက္ခဏိက ကမ္မပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အပ္ပမာဏာ ရမ္မဏာ၊ အပ္ပမာဏဖြစ်သော နိဗ္ဗာန် လျှင် အာရုံရှိသော။ နာနာက္ခဏိကာ၊ ဝိပါက်မှ အထူးထူးသော

ခဏာဉ်ဖြစ်သော။ စေတနာ၊ ဂေါ်တြဘူဉ် ရှိသော စေတနာသည်။ ပရိတ္တာရမ္မဏာနံ၊ ပရိတ္တဖြစ်သော ကာမာဝစရ တရားလျှင် အာရုံရှိကုန်သော။ ဝိပါကာနံ ခန္ဓာနံ၊ ကာမာဝစရ ဝိပါက် နာမက္ခန္ဓာတို့အား။ ကမ္မပစ္စယေန၊ ကမ္မပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပါယ်ကား။** ဤပါဠိတော်ကြီး၌ ဝိဝဋ္ဋနိဿိတကုသိုလ်တို့၏ အထွဋ်အဦး ထူးမြတ်လှစွာသော နိဗ္ဗာန်ကိုအာရုံပြုသော (ဂေါတြဘူ စေတနာ) သည် သောတာပတ္တိမဂ်အား အနန္တရအစရှိသော ပစ္စယ သတ္တိဖြင့်ကျေးဇူးပြုတတ် ဖြစ်စေတတ်သော်လည်း ကာမတဏှာလျှင် အကြောင်းအမြစ်ရှိခြင်းကြောင့် အကျိုးပေးသောအခါကာမတဏှာ၏အာရုံဖြစ်သော ကာမဝိပါက် ပဋိသန္ဓေကိုသာ ကမ္မပစ္စယသတ္တိ ပကတူပနိဿယ ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုတတ် ဖြစ်စေတတ်လေသည်။

ထို့ကြောင့် ပဋ္ဌာန်းအဋ္ဌကထာကြီး၌

အပ္ပမာဏာ ရမ္မဏာ စေတနာတိ သေက္ခာနံ ဂေါတြဘု စေတနာ ပစ္စဝေက္ခဏာ စေတနာတိပိ ဝတ္တုံ ဝဋ္ဋတိ။ ဝိပါကာနံ ပရိတ္တာရမ္မဏာနန္တိ ပဋိသန္ဓိယံ ဂမ္မံ အာရမ္မဏံ ကတွာ ပဝတ္တေ စက္ခုဝိညာဏာဒိဝသေန ရူပါဒိ အာရမ္မဏံ တဒါရမ္မဏ ဝသေန ဇဝနေန ဂဟိတံ ပရိတ္တာ ရမ္မဏဉ္စ အာရမ္မဏံ ကတွာ ဥပ္ပန္နာနံ ယေပန ဂေါတြဘု စိတ္တေန နတ္ထိ ပဋိသန္ဓိတိ ဝဒန္တိ။ တေ ဣမိနာ သုတ္တေန ပဋိသေဓေတဗ္ဗာ။

ဤသို့ ဖွင့်ပြတော်မူ၏။

**အနက်ကား။** အပ္ပမာဏာ ရမ္မဏာ စေတနာတိ၊ဟူသည်ကား။ သေက္ခာနံ၊ သေက္ခ ပုဂ္ဂိုလ်တို့၏။ ဂေါတြဘု စေတနာ၊ နိဗ္ဗာန်လျှင် အာရုံရှိသော ဂေါတြဘူစေတနာတည်း။ ပစ္စဝေက္ခဏာ စေတနာ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်သော ဓော ခစေတနာတည်း။ ဣတိပိ၊ ဤသို့လည်း။ ဝတ္တုံ၊ ဆိုခြင်းငှာ။ ဝဋ္ဋတိ သင့်၏။ ဝိပါကာနံ ပရိတ္တာ ရမ္မဏာနန္တိ၊ ဟူသည်ကား ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ ကမ္မံ၊ ကံ

ကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်သော။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ စက္ခုဝိညာဏာဒိ ဝသေန၊ စက္ခုဝိညာဏ် စသည်တို့၏ အစွမ်းဖြင့်။ ရူပါဒိ အာရမ္မဏေသု၊ ရူပါရုံအစရှိသောအာရုံ ကို၎င်း။ တဒါရမ္မဏ ဝသေန၊ တဒါရုံ၏အစွမ်းဖြင့်။ ဇဝနေန၊ ဇော သည်။ ဣတိတ ပရိတ္တာရမ္မဏေသု၊ ယုတ်အပ်သော ကာမအာရုံကို၎င်း။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်သော၊ ဝိပါကာ နံ၊ ပဋိသန္ဓေဝိပါက် ပဝတ္တိဝိပါက် နာမက္ခန္ဓာတို့အား၊ ယေပန၊ အကြင် ဆရာတို့သည်ကား။ ဂေါတြဘု စိတ္တေန၊ ဂေါတြဘူ ဝေါဒါန်စိတ် ကြောင့်။ ပဋိသန္ဓိ၊ ပဋိသန္ဓေ အကျိုးသည်။ နတ္ထိ၊ မရှိချေ။ ဇာတိ၊ ဤသို့။ ပဒန္တိ၊ ဆိုကုန်၏။ တေ၊ ထိုဆရာတို့ကို။ ဇာမိနာ သုတ္တေန၊ ဤပဋ္ဌာန်းပါဠိတော်ကြီးဖြင့်။ ပဋိသေဓေတဗ္ဗာ၊ တားမြစ်အပ်ကုန်၏။

ထိုမှတပါလည်း အကြင်သောတာပန် ပုဂ္ဂိုလ်သည် အထက်မဂ် အထက်ဖိုလ်ကို အံလို၍ ဝိပဿနာ သမ္မာဒိဋ္ဌိတရားတို့ကို ပွားများ အားထုတ်လျက် အထက်မဂ် အထက်ဖိုလ်သို့ မရောက်မီ စုတေစိတ် ကျသည်ရှိသော် မိမိပွားအပ်သော ဝိပဿနာကုသိုလ်သည်ပင် ကာမ သုဂတိ (၇) ဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးကြောင်းကို အင်္ဂုတ္တိုရ် အဋ္ဌကထာကြီး တိပိဋကစူဠာဘယ ထေရဝါဒ၌...,

သစေပိ ဝိပဿနာ သမ္မာဒိဋ္ဌိ ဘာဝိတာ ဒိဋ္ဌေဝ ဓမ္မေ အရဟတ္တံ ပါပေတုံ သက္ကောတိ။ ဣစ္စေတံ ကုသလံ နော စေ သက္ကောတိ။ သတ္တ ဘဝေ ဒေတိ။

ဤသို့ မိန့်တော်မူ၏။

**အနက်ကား။** အာဝုသော၊ ငါ့ရှင်တို့။ သစေ၊ အကယ်၍။ ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိကို။ ဘာဝိတာ၊ ပွားစေအပ် သည်ရှိသော်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌သာ လျှင်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပေတုံ၊ ရောက်စေခြင်းငှါ။ သက္ကောတိ၊ တတ်နိုင်အံ့။ ဣစ္စေတံ၊ ဤသို့တတ်နိုင်ခြင်းသည်။ ကုသ လံ၊ ကောင်း၏။ နော စေ သက္ကောတိ၊ အကယ်၍ မတတ်နိုင်သည် ဖြစ်အံ့။ သတ္တဘဝေ၊ ကာမသုဂတိ ခုနစ်ဘဝတို့ကို။ ဒေတိ၊ ပေး၏။

ဤကား.... သောတာပန်ပုဂ္ဂိုလ်၏ ဝိပဿနာကုသိုလ် ကာမသုဂတိ ပဋိသန္ဓေအကျိုး (၇) ဘဝ ပေးသေးသည်ကို ပြဆိုသော စကားစုတည်း။

ဤသို့လျှင် သောတာပန် ပုဂ္ဂိုလ်၏ ဝိပဿနာ ကုသိုလ်သည်သာ ပဋိသန္ဓေအကျိုးကို ပေးသည်မဟုတ်သေး။ အကြွင်းရှာန်ရ ကာမအနာဂါမ် ပုဂ္ဂိုလ်သည် အထက်မဂ် အထက်ဖိုလ်ကို အလိုရှိ၍ ဝိပဿနာဉာဏ်၏ မြဲမြံ ခိုင်ခံ့စေခြင်း ပါဒကအကျိုးငှါ မိမိရအပ်သော မေတ္တာဈာန်ကို အဖန်ဖန်ဝင်စားပြီးလျှင် အနိစ္စ စသော ဝိပဿနာတရားကို ပွားများအားထုတ်လျက် အထက်မဂ်သို့ မတက်နိုင်မီ စုတေစိတ်ကျဉ်းအံ့။ မိမိဝင်စားအပ်သော ဈာန်နှင့်တကွ အနိစ္စစသော ဝိပဿနာ ကုသိုလ်သည်ပင် ဗြဟ္မာ့ပြည်သို့ ကျင်လည်ရကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး၌....

အရိဋ္ဌ ဈာယိနော ဥပရိ အပ္ပဋိ ဝိဇ္ဈန္တော ဗြဟ္မလောကူ ပဂေါ ဟောတိ။

ဤသို့ မိန့်တော်မူသည်။

**အနက်ကား။** အရိဋ္ဌ ဈာယိနော၊ ဝိပဿနာပါဒက မေတ္တာဈာန်ကိုဝင်စားသောပုဂ္ဂိုလ်အား။ ဥပရိ၊ အထက်မဂ် အထက်ဖိုလ်ကို။ အပ္ပဋိဝိဇ္ဈန္တော၊ ထိုးထွင်း၍ မသိရသေးသည်ရှိသော်။ ဗြဟ္မလောကူပဂေါ၊ ဗြဟ္မာ့ပြည်သို့ ကပ်ရောက်ရသည်။ ဟောတိ၊ ဖြစ်၏။

ဤကား....အနာဂါမ် ပုဂ္ဂိုလ်၏ ဝိပဿနာပါဒက မဟဂ္ဂုတ်ကုသိုလ်သည်ပင် ပဋိသန္ဓေအကျိုးပေးပုံ စကားစုတည်း။

ဤသို့လျှင် မိမိတို့သန္တာန၌ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဟူသော မူလဝဋ္ဋမြစ် ဝဋ္ဋငုပ်ကို အရဟတ္တ မဂ်ဉာဏ်ဖြင့် အကြွင်းမရှိ မပယ်မသတ်နိုင်သေးကုန်သော ပုထုဇဉ်ပုဂ္ဂိုလ် သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့သည် ထိုကိလေသဝဋ္ဋသုံးပါးနှင့်ကင်း၍ တစုံတခုသော ကုသိုလ်ကံမျှ မပြုနိုင်ကြလေကုန်သောကြောင့် ပြုပြုသမျှသော

ကုသိုလ်တို့သည် ကမ္မဝဋ်၏ အဖြစ်ဖြင့် ပြည့်စုံကုန်၏။ ထိုကမ္မဝဋ်ပြည့် စုံကလည်း ဝိပါကဝဋ်သည် ပြည့်စုံပြီး ဖြစ်တော့သတည်း။

ထို့ကြောင့် မူလဋီကာကြီး၌
နဟိ အနိဿဋ္ဌော အနုပါဒိယန္တော ကိဉ္စိကမ္မံ ကရောတိ။
ဤသို့ မိန့်တော်မူ၏။

**အနက်ကား။** ဟိသစ္စံ၊ တဏှာ ဥပါဒါန်ကြောင့် ကမ္မဝဋ်ဖြစ် ၏ ဟူသော စကား မှန်လှပေ၏။ အနိဿဋ္ဌော၊ တဏှာဖြင့် အလိုမရှိ ဘဲ။ အနုပါဒိယန္တော၊ ဥပါဒါန်ဖြင့် ပြင်းစွာမစွဲလမ်းဘဲ။ ကိဉ္စိကမ္မံ၊ တစုံတခုသော ကုသိုလ်ကံကို။ နကရောတိ၊ ပုထုဇဉ် သေက္ခအရိယာ ပုဂ္ဂိုလ်တို့ မပြုနိုင်။

ဤသို့ ကိလေသာဝဋ်မြစ်ကို အရဟတ္တမဂ်ဖြင့် အကြွင်းမရှိ ပယ်ဖြတ် ပြီးဖြစ်ကြကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့၌သာ လျှင် အပရာပရိယ ဝေဒနိယ စသော ကုသိုလ်ကံ အကုသိုလ်ကံ ဝဋ္ဋ ဝိဝဋ္ဋ တို့သည် မြေနှင့် ရေနှင့် ကင်းလွတ်၍ လှောင်ထားသော စပါး ကျီ၏အတွင်း၌ ဆွေးမြေ့ရသော စပါးမျိုးစေ့ကဲ့သို့ အကျိုးပေးခွင့် မရှိတော့ပြီ။ အဟောသိကံဖြစ်လျက် ပျောက်ပျက်ရတော့ပြီ။ အာသ ဝေါကင်းပြီးမှ နောက်ကာလ၌ ဒါန သီလ ပြုသမျှ တို့သည်လည်း ကြိယာ အဗျာကတ အဖြစ်သို့ ရောက်ကြရကုန်၏။

ထို့ကြောင့် ရတနသုတ် ပရိတ် ပါဠိတော်၌
ခီဏံ ပုရာဏံ နဝ နတ္ထိသမ္ဘဝံ၊ ဝိရတ္တ စိတ္တာ ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရုဠှိဆန္ဒာ၊ နိဗ္ဗန္တိ ဓီရာ ယထာ ယံ ပဒီပေါ။
ဤသို့ ဟောတော်မူသည်။

**အနက်ကား။** ယေသံ၊ အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့အား။ ပုရာ ဏံ၊ အဟောင်းဖြစ်သော ကံသည်လည်း။ ခီဏံ၊ ကုန်ပြီ။ သမ္ဘဝံ၊ ဘဝသစ်ကို ဖြစ်စေတတ်သော။ နဝံ၊ အသစ်ဖြစ်သောကံသည်လည်း။ နတ္ထိ၊ မရှိ။ အာယတိကေ၊ နောင်လာလတံ့သော။ ဘဝသ္မိံ၊ ဘဝ၌။

ဝိရတ္တ စိတ္တာ၊ တပ်ခြင်း ကင်းသော စိတ်ရှိကုန်၏။ ခိဏဗီဇာ၊ ကုန်ပြီးသော မျိုးစေ့ရှိကုန်သော၊ အဝိရုဠ္ဟိဆန္ဒာ၊တဖန်ဖြစ်ခြင်း၌ ကင်းသော ဆန္ဒ ရှိကုန်သော။ ဓီရာ၊ မြဲမြံသော ပညာ ရှိကုန်သော။ တေ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည်။ အယံ ဒီပေါ ယထာ၊ ဤဆီမီးကဲ့သို့။ နိဗ္ဗန္တိ၊ ငြိမ်းကုန်၏။

ဤသို့လျှင် ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် သုံးပါး တို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်သတ်တော် မူကြကုန်ပြီးသော ရဟန္တာ အရှင်မြတ်တို့သည်သာလျှင် ဆီနှင့်မီးဇာ ကင်းကွာကုန်ခြောက် ငြိမ်း ခြင်းသို့ရောက်သော (ဆီမီးတောက်)အလား ဘုံသုံးပါးမှ ကြွသွား ထွက်ဖေါက် လွတ်မြောက်တော် မူကြလေကုန်သတည်း။

ထိုဝဋ်သုံးပါးကိုအရဟတ္တမဂ်ဉာဏ်ဖြင့်မပယ်မသတ် ကြရသေးကုန် သော ဝိဝဋ္ဋဒါနရှင် အပေါင်းတို့သည်ကား....သံသရာ၌ ပဋိသန္ဓေ အကျိုးပေးသေး၍ လယ်ရင်း လယ်ရင်းဖြင့်သာလျှင် အရဟတ္တဖိုလ်သို့ ရောက်၍ လွတ်မြောက်ကြရကုန်၏။

ဤကား ဝိဝဋ္ဋဒါနအကျိုး—ပေးပုံကို ပြသော စကားစုတို့တည်း။

---

## ဝိဝဋ္ဋဒါနဖြစ်ရန် သံသာရဒုက္ခကို ကြည့်ခဏ်း

ဤလောက၌ သတ္တဝါအပေါင်းတို့အား အဖန်ဖန် ပဋိသန္ဓေနေရ ခြင်းဟု ဆိုအပ်သော ဇာတိဒုက္ခ။ အိုရခြင်းဟုဆိုအပ်သော ဇရာဒုက္ခ။ ဖျားနာရခြင်းဟု ဆိုအပ်သော ဗျာဓိဒုက္ခ။ သေရခြင်းဟု ဆိုအပ်သော မရဏဒုက္ခ။ အပါယ်လေးပါးသို့ လားရောက်ရခြင်းဟု ဆိုအပ်သော အပါယဒုက္ခ။ လွန်ခဲ့ပြီးသော အတိတ်ကာလ၌ ဖြစ်သော အတီတ ဒုက္ခ။ လာလတံ့သော အနာဂတ် ကာလ၌ဖြစ်သော အနာဂတဒုက္ခ။ ယခု ပစ္စုပ္ပန်ဘဝ၌ အာဟာရကိုရှာမှီးရခြင်းစသော ပစ္စုပ္ပန္နဒုက္ခ။

ဤ(၈)ပါးသော မဟာဒုက္ခကြီးတို့ကို တအောက်မေ့မေ့တစေ့စေ့ မကြည့်သောသူအား သံဝေဂဉာဏ်မဖြစ်။ သံဝေဂဉာဏ် မဖြစ်သော သူအား အလုံးခုံသော ဒုက္ခဘေးဘယတို့၏ တည်ရာ ဘုံသုံးဖြာ၌ မြဲစွာငြိကပ် ပြင်းစွာ တပ်သော ဘဝတဏှာကို ကောင်းစွာ ခွါ၍

ချမ်းသာ အစစ်ဖြစ်သော နိဗ္ဗာန်ချမ်းသာမြက်ကြီးသို့ စေလွှတ်ညွှတ်ကိုင်းရှိုင်းဝပ်မိးသော စိတ်သည် မဖြစ်နိုင်။ ထိုသို့မဖြစ်သော သူအားလည်း နိဗ္ဗာန်တရားကြီး မဂ်တရားကြီး ဖိုလ်တရားကြီးတို့ကို လိုလားတောင့်တ ဆန္ဒပတ္ထနာမှု မပြုနိုင်။ ဝိဝဋ္ဋဒါနမဖြစ်နိုင်။

ဝိဝဋ္ဋဒါန ကုသိုလ်ဖြစ်နိုင်ရန် သံဝေဂဉာဏ် အရင်းခံရခြင်းသည်ကား သာမန်ပုဂ္ဂလ ဝေနေယျတို့ကို မဆိုထားဘိဦး။ လေးသင်္ချေနှင့် ကမ္ဘာ တသိန်း ကာလ ပတ်လုံး စုရုံး သိမ်းဆည်း ဖြည့်အပ်ပြီးသော ပါရမီတော် အရှင် ဘုရား အလောင်း သိဒ္ဓတ္ထမင်းသား သော်မှလည်း (၁၃) နှစ် ကာလ ပတ်လုံး မူးယစ်မေ့လျော့သော ကာမဂုဏ်ကို (သူအို သူနာ သူသေ) သုံးထွေသော နိမိတ္တ သံဝေဂဝတ္ထုတို့ကို နတ်တို့က ပြသ သတိတော်ရမှ....(မအို မနာ မသေရာမှန် မြတ်နိဗ္ဗာန်) ရှာကြံကြွလှမ်းတော်မူ၏။ ပဒုမဝတီ မိဖုရားကြီး၏သား ငါးရာသော အရှင်ပစ္စေက ဗုဒ္ဓါအလောင်း တို့သည်လည်း ရင့်ရော်ကြွေပြုတ် ခြောက်ကပ်ပေါင်းနွမ်းသော ကြာပွင့်ကြာဖတ် ကြာချပ်တို့ကိုမြင်လျှင် ဥတုသမုဋ္ဌာန်ဖြစ်သော ကြာပန်းစဉ်လျက် ပျက်စီးခြင်းတရားသည် ထင်ရှားတုံသေး၏။ များစွာသော အကြောင်း တို့ဖြင့် ပေါင်းစုပြုပြင် စီရင်ထောက်နို့အပ်သော ငါတို့ကိုယ်ခန္ဓာသည်ကား ဆိုဘွယ်ရာမရှိပြီ။ မကြာမီအိုရတော့မည်။ မကြာမီနာရတော့မည်။ မကြာမီသေရတော့မည် ဤသို့ခန္ဓာ ငါးပါး၌ သံဝေဂဉာဏ်ကို ဖြစ်စေ၍ ဝိပဿနာကို ပွားလိုက်လျှင် ချက်ခြင်း အရှင်ပစ္စေက ဗုဒ္ဓါအဖြစ်သို့ ရောက်ကြကုန်၍ နိဗ္ဗာန်သို့ကြွတော်မူကြကုန်၏။

ထိုမှတပါး အဂ္ဂသာဝက ဖြစ်တော်မူကြလတံ့သော သူဌေးသား ဥပတိဿနှင့် ကောလိတ တို့သည်လည်း (၁၆) နှစ် အရွယ်တွင် တောင်ထိပ်ပွဲသဘင် ပျော်ရွှင်ကစား ကခုန်မြူးထူး ကြကုန်သော လူအပေါင်း တို့ကို ကြည့်ရှုလျက်... ဤလူ အပေါင်းတို့သည် အနှစ် (၁၀၀) အတွင်း အိုကြ နာကြ သေကြ ကုန်လတံ့။ တယောက်မကျန် ဖေါက်ပြန် ကုန်ပျောက်ကြကုန်လတံ့။ ဤသို့သေခြင်းတရား

အထင်အရှားရှိက မသေခြင်းတရားသည်လည်းအထင်အရှားရှိတန် ရာသည်ဟု မရဏာဓမ္မ၌ သံဝေဂဉာဏ်ဖြင့် ကြံဆလျက် အမတဓမ္မ ကို နေ့ညရှာဖွေရာ အရှင်အဿဇိနှင့် တကွ ၅ ပါးသော ဘုရားကြီးကို ဖူးတွေ့ရသဖြင့် အမတမြေ့နိဗ္ဗာန်ကို ဝင်စံတော်မူကြရကုန်၏။

ဤသို့ ပေါဘူမိက သံသာရ၌ များလှအမှု ဒုက္ခစုကို တအောက် မေ့မေ့ တစေ့စေ့ရှုလျက် သံဝေဂဉာဏ်ကို ယူခြင်းသည် ဝိဝဋ္ဋဒါန ဝိဝဋ္ဋ ကုသိုလ် ဖြစ်ပေါ် လာစေရန် ရှေ့တော်ပြေး အကြောင်း မှန်တည်း။

ဘုံသုံးပါး၌ဖြစ်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟု ဆိုအပ်သော ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့ သည်ပင် မပြတ်ဖြစ်၍ လည်တတ် ပတ်တတ် သောကြောင့် သံသရာမည်၏။ အဘယ်ကဲ့သို့မပြတ်ဖြစ်၍ လည်တတ် ပတ်တတ်သနည်းဟူမူကား....

(၁) အတိတ် အကြောင်းငါးပါး အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝ။

(၂) ပစ္စုပ္ပန်အကျိုးငါးပါး ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ။

(၃) အနာဂတ်အကြောင်းငါးပါး တဏှာ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရ။

(၄) အနာဂတ် အကျိုးငါးပါး ဝိညာဏ် နာမ်ရုပ် သဠာယ တန ဖဿ ဝေဒနာ။

ဤသို့လျှင် အကြောင်းနှင့် အကျိုးမပြတ် တပတ်ပတ် တလည် လည် တာရှည် မြင့်ညောင်း လေးဩဃ ဝဲအပေါင်း၌ ပြောင်းပြန် စောက်ထိုး ငုပ်လျှိုး ပေါ်တက် မြုပ်မျောမျော ပေါ်မျောမျော လျက် လွတ်ထွက်မထင်မမြင်မသိ ဂတိငါးပါးတွင် ပြေးသွားကျင်လည် လျက် ဖြစ်ပျက်ရသည်ကိုပင် သံသရာဟုဆိုအပ်၏။

## ဥပ္ပါဒေါဒုက္ခံ

ဥပ္ပါဒေါ၊ ခန္ဓာငါးပါးတို့၏ ဖြစ်ပေါ်ခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ လှစွာ၏။

## အဓိပ္ပါယ်ကား

တခုသော အတိတ်ကံသည် ပစ်ချအပ်သဖြင့် အမိ ဝမ်းတွင်း၌ (၁၀) လ တိုင်တိုင် ကျင်လည်ရခြင်းသည် ဇာတိဒုက္ခမည်၏။ တရွေ့ ရွေ့နှင့် ရင့်ရော်ရွတ်ယို အိုရခြင်းသည် ဇရာဒုက္ခမည်၏။ ခေတ်ကြီး လေးလီ မညီဖေါက်ပြန်ခြင်း စသည်သည် ဗျာဓိ ဒုက္ခမည်၏။ ဘဝ အဆုံး စုတေသေဆုံး ရခြင်းသည် မရဏဒုက္ခမည်၏၊ စိုးရိမ်ကြောင့်ကြ ဗျာပါရဖြစ်ခြင်းသည် သောကဒုက္ခမည်၏။ ငိုကြွေး ယောင်ယမ်း မြည် တမ်းရခြင်းသည် ပရိဒေဝဒုက္ခမည်၏။ ကိုယ်၏ကျင်နာခြင်း ဆင်းရဲ သည် ဒုက္ခ ဒုက္ခမည်၏။ စိတ်နှလုံး မသာယာခြင်းသည် ဒေါမနဿ ဒုက္ခမည်၏။ သက်ကြီးရှိုက်ငင် ပင်ပန်းရခြင်းသည် ဥပါယာသဒုက္ခ မည်၏။ မချစ်မနှစ် လိုအပ်သော ရန်သူအစရှိသော အနိဋ္ဌ အကန္တ အမနာပ ဖြစ်သော အာရုံတို့နှင့် ပေါင်းဆုံ တွေ့မြင်ရခြင်းသည် အပ္ပိ ယေဟိ သမ္ပယောဂဒုက္ခမည်၏။ ချစ်ခင်လေးမြတ် နှစ်သက်အပ်သော သားသမီး မြေးမြစ် မိဘဆွေမျိုး စသော ဣဋ္ဌ ကန္တ မနာပ အာရုံတို့နှင့် ကွေကွင်း ကင်းကွာရခြင်းသည် ပိယေဟိ ဝိပ္ပယောဂ ဒုက္ခမည်၏။ ဤသို့ပြဆိုအပ်ခဲ့ပြီးသော ဒုက္ခတို့သည် ခန္ဓာငါးပါး ဖြစ်ခြင်းကြောင့် သာ ထိုဒုက္ခတို့ကို ခံစားကြရကုန်၏။ ထို့ကြောင့် ဝိဘင်း ပါဠိတော် ကြီး၌ သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာ ဒုက္ခာဟု ဟောတော်မူ၏။

သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာ၊ ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။

ဤဒေသနာတော်၌ ဒုက္ခကျဉ်း၍ ဒုက္ခနည်း ၍ ဟောတော်မူသည် ဟု မမှတ်အပ်။ အမိဝမ်းတွင်း၌ (၁) ရက်ခံစားရသော ဇာတိဒုက္ခ သည်ပင် မြင်းမိုရ်တောင်မျှ မကသေးပေ။ (၁၀) လ ခံစားရသော ဇာတိဒုက္ခသည် အဘယ်မျှလောက်ဟု မပိုင်းခြားနိုင်ပေ။ (၁)ရက် ခံစားရသောဇရာဒုက္ခသည်ပင် မြင်းမိုရ်တောင်မျှမကပေ။ (၁)ရက် ခံစားရသော ဗျာဓိဒုက္ခသည်ပင် မြင်းမိုရ်တောင်မျှမကပေ။ (၁)ရက် ခံစားရသော မရဏဒုက္ခသည်ပင် မြင်းမိုရ်တောင်မျှ မကပေ။ ဒုက္ခ အမျိုးမျိုးတို့ကို ဘဝပေါင်းများစွာ နှစ်ပေါင်းများစွာ လပေါင်းများ

ဇွာ။ ရက်ပေါင်းများစွာ ခံစားခဲ့ကြရသည်။ ခံစားနေကြဆဲ။ ခံစား ကြရကုန်လတံ့။ ထိုဒုက္ခအမျိုးမျိုးတို့ကို အကျဉ်းချုံး၍(သံခိတ္တေန) ဟု ဟောတော်မူသည်။

ဥပ္ပါဒေါ ဘယံ၊

ဥပ္ပါဒေါ၊ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းသည်။ ဘယံ၊ ဘေးရှိ၏။

သံသရာခည်သော ရုပ်နာမ်ခန္ဓာတို့သည် မင်းဘေး ခိုးသူဘေး လူဆိုး လူကြမ်းဘေး နတ် ဘုတ်ပြိတ္တာ မြေဘုတ်ဘီလူး ရက္ခစိုးနတ် မဘား မီးဘေး ရေဘား လေး မြွား ဓါးလှံ ခက်ရင်း ဆူးငြောင့် သေနတ် အမြောက် အစရှိသော လက်နက်ဘေး။ နိဂုံးဇနပုဒ်၌ဖြစ်သော အရင့် ရောဂါ အနာဘေး။ အကုသိုလ်ဒုစရိုက် ဆယ်ပါးဘေး။ အယူမှား သော မိစ္ဆာဒိဋ္ဌိဘေး။ သူတော်မဟုတ်သော သူယုတ်ဘေး။ ဆင်ဘေး မြင်းဘေး နွားရိုင်းဘေး ခွေးဘေး မြွေဘေး ကင်းဘေး သစ်ဘေး ဝံဘေး ဝက်ဘေး ကျွဲရိုင်းဘေး ခြင်္သေ့ဘေး ကျားဘေး လူသားစား သောဘီလူးဘေး ရေစောင့်ရက္ခိုသ်ဘီလူးဘေး ဟူသော(၂၅)ပါး သော ဘေးတို့သည် သံသရာမည်သော ခန္ဓာငါးပါး၌သာ အမြဲကျ ရောက်ကြကုန်၏။ ထို့ကြောင့် ခန္ဓာငါးပါးမည်သော တေဘူမက တရားသည် အမြဲ ဘေးအပေါင်းရှိသော ထိတ်လန့်၍နေရသောတရား ဟူ၍ မှတ်အပ်ကုန်၏။

နတ္ထိ ခန္ဓသမာ ဒုက္ခာ။

ခန္ဓသမာ၊ ခန္ဓာငါးပါးနှင့်တူသော။ ဒုက္ခာ၊ ဆင်းရဲသည်။ နတ္ထိ၊ မရှိချေ။

အဓိပ္ပါယ်ကား

ခန္ဓာငါးပါးနှင့်တူသော ဆင်းရဲခြင်း မည်သည်မရှိ။ ဥပမာအား ဖြင့် မြက်ထင်း အမှိုက် စသည်၌ တောက်လောင်သော မီးသည် မထိ မပါး တပါးသော ဝတ္ထုကိုမလောင်။ မိမိမှီရာ လောင်စာဖြစ်သော မြက်ထင်း စသော ဝတ္ထုကိုသာ တောက်လောင် စေဘိသကဲ့သို့ ထို့အတူ ငရဲကြီးရှစ်သွယ် ငရဲငယ် (၁၂၀)ဖြာကို၌ ထိန်ထိန်ပြောင်

ပြောင် တောက်လောင်ညီးညီး ငရဲမီးတို့သည် ငရဲသတ္တဝါ ခန္ဓာပဉ္စကကိုသာ တောက်လောင်ပြင်းစွာ ဆင်းရဲအစုကို ဖြစ်စေကုန်၏။ မထိမပါး တပါးသော တောတောင် ရေမြေစသော ဝတ္ထုတို့ကို မပြီမစွဲ မဆင်းရဲစေကုန်။ ထို့ကြောင့် ခန္ဓာငါးပါးနှင့်တူသော ဆင်းရဲမည်သည်မရှိ။ အဘယ့်ကြောင့်နည်းဟူမူကား ထိုခန္ဓာငါးပါးသည်သာလျှင် ကမ္မဝဋ်၏ သဟာယက သမုဒယသစ္စာ တဏှာလျှင် အကြောင်းရင်းရှိသော ဒုက္ခသစ္စာအစစ် ဖြစ်သောကြောင့်တည်း။

တဏှာယော ဂုဋ္ဌ ဂိလိတ ဒါဝဂ္ဂိ ဒဿ နာဒိကံ၊
အသဥ္ဇယျံ မဟာဒုက္ခံ၊ တံဟေတု နိရယေ လဘိ။ ။

**အနက်ကား။** နိရယေ၊ ငရဲ၌။ တဏှာယော ဂုဋ္ဌ ဂိလိတ ဒါဝဂ္ဂိဒဿနာဒိကံ၊ ရဲရဲငြိ ပူလောင်သော သံတွေခဲကို မျိုရခြင်း သတ်ဖြတ်ခြင်း ငရဲမီးလောင်ခြင်း အစရှိသော။ အသဥ္ဇယျံ၊ မရေမတွက်နိုင်သော။ မဟာဒုက္ခံ၊ ကြီးစွာသော ဆင်းရဲကို။ တံဟေတု၊ ထိုသမုဒယသစ္စာ တဏှာဟူသော အကြောင်းကြောင့်။ လဘိ၊ ရပြီ။

ထိုမှတပါး ခုပ္ပိပါသပြိတ္တာဘုံ၌ဖြစ်၍ တဆူ နှစ်ဆူ သုံးဆူ လေးဆူ ငါးဆူသော ဘုရားရှင်တို့သည် အစဉ်သဖြင့် ပွင့်တော်မူငြားသော်လည်း မကျွတ်မလွတ်နိုင်ဘဲ အစာငတ်ခြင်း ရေသိပ်ခြင်း မီးလောင်ခြင်းတို့ဖြင့် ပြင်းစွာနှိပ်စက်လျက် နေ့ညမစဲ အမြဲခံနေ ရခြင်းသည်လည်း သမုဒယသစ္စာ တဏှာလျှင်အကြောင်းရင်းရှိသော ဒုက္ခသစ္စာ ခန္ဓာငါးပါး၏ ဆင်းရဲပင်တည်း။ ထို့ကြောင့်....

ကေ ဋ္ဌိတိ စတု ပဉ္စ၊ ဗုဒ္ဓုပ္ပါဒေပျ မောစိတံ။
ခုပ္ပိပါသိက နိဇ္ဈာမံ၊ လဘိ တံဟေတု ပေတ္တိကံ။ ။

**အနက်ကား။** ကေဋ္ဌိတိ စတု ပဉ္စ ဗုဒ္ဓုပ္ပါဒေ၊ ဘုရား တဆူ နှစ်ဆူ သုံးဆူ လေးဆူ ငါးဆူ ပွင့်တော်မူငြားသော်လည်း။ အမောစိတံ၊ မကျွတ်မလွတ်နိုင်သော။ ခုပ္ပိပါသိက နိဇ္ဈာမံ၊ အစာငတ်ခြင်း ရေသိပ်ခြင်း မီးလောင်ခြင်းဟူသော။ ပေတ္တိကံ၊ ပြိတ္တာဘုံ၌ဖြစ်သော

ဆင်းရဲကို။ တံပေါတု၊ ထိုတဏှာဟူသောအကြောင်းကြောင့်။ လဘိ။ ရလှဘူးလေပြီ၊

ထိုမှတပါး ခန္ဓာငါးပါးဟူသည့် ဘဝများစွာ သံသရာ၌ စုတေ ပြတ်ကြွေ သေရပေါင်း များလှသဖြင့် ဥတုဇရုပ် အကောင်ပုပ်ကို စွန့်ထုတ် သင်္ဂြိုဟ်ရသည့် တယောက်သောသူ၏ သုသာန် လုပ်တိုင်း သင်းချိုင်းရာသည် ဇမ္ဗူဒီပါ မြေအပြင်တွင် ကွက်လပ်မမြင် အထပ် ထပ်သာမြင်၍နေရသည်။

**သက်သေကား။** ရာဇဂြိုဟ်မြို့သား ဥပသာလက ပုဏ္ဏားအို တယောက်သည် မိမိသားကို ဤသို့မှာထား၏။

ချစ်သား....ငါသေသောအခါ ခန္ဓာကိုယ်ဟောင်း ငါ့အလောင်း ကိုသူတပါးတို့ ချထားမြှုပ်နှံ သုသာန်အရပ်၌ မီးတင်မြေမြှုပ် မလုပ် ရစ်ပါနှင့်။ မည်သည့်ကာလမျှ သုသာန်မဝင် စင်ကြယ်လွတ်ကင်း သန့်ရှင်းသော မြေအရပ်၌သာ အသီးအခြား အမှတ်ထား၍ ချထား သင်္ဂြိုဟ်ရစ်ပါဟု မှာထားလေ၏။ ထိုအခါ သားလုလင်လည်း ဘခင် မှာထားအပ်သော အရပ်အကွက် မြေအချက်ကို အကျွန်ုပ် မသိနိုင် ပါ။ ဘခင်သည်ပင် ပြောကြားခဲ့ပါဟု ဆို၏။ ထိုအခါ ပုဏ္ဏားအို သည် သားကိုခေါ်ပြီးလျှင် ဂိဇ္ဈကုဋ်တောင်ထိပ်သို့ တက်၍ တောင် ထွတ် သုံးခုတို့၏အကြားတွင် ရပ်လျက် ချစ်သား ဤနေရာကား.... သုသာန် မဝင် စင်ကြယ်သော နေရာပင်တည်းဟု မှာထားပြသ လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ကြွလာတော်မူပြီးလျှင် ပုဏ္ဏားသား ကို ခေါ်တော်မူ၍ လုလင် သင်တို့သားအဘ နှစ်ယောက်သည် အ ဘယ်အကြောင်းဖြင့် ဤတောင်ထိပ်သို့ လာရောက် ကြသနည်းဟု မေးတော်မူ၏။ လုလင်လည်း အဘမှာထားသည့် စကားအရင်းနှင့် တကွ နေရာအရပ်ကို ပြမှတ် လျှောက်ထားလေလျှင် မြတ်စွာဘုရား သခင်သည် ဤသို့မိန့်တော်မူလေ၏။ လုလင် သင်၏အဘသည် ဤ ရာဇဂြိုဟ်ပြည်၌ ယခုမှည့်အပ်သော ဥပသာလက အမည်ဖြင့်ပင် ရှေး ဘဝယခင် ပုဏ္ဏားအမျိုး၌ချည်းဖြစ်၍ သင်သည်လည်း ယခုကဲ့သို့သား

လုလင်ပင်ဖြစ်၍ ဤတောင်ထွတ် သုံးခုတို့၏အတွင်း ကျဉ်းမြောင်းရာ ဤအရပ်ကို သုသာန်မဝင် သန့်စင်သည့်အမှတ်ဖြင့် သင့်အားပြအပ်သောကြောင့် အဘအလောင်းကို ဤအရပ်ဘွင် အထပ်ထပ်သဂြိုဟ်ရသည့်ကား ဘဝပေါင်းတသောင်းလေးထောင် သူကောင်အရေ အတွက် ရှိလေပြီ ဟု မိန့်တော်မူ၍....

ဥပသာဠက နာမာနိ၊ သဟဿာနိ စတုဒ္ဒသ။
အသ္မိံပဒေသေ ဒဍ္ဍာနိ၊ နတ္ထိလောကေ အနာမတံ။ ။

ဤသို့ ဟောတော်မူ၏။

**အနက်**။ မာဏဝ၊ လုလင်။ အသ္မိံပဒေသေ၊ ဤအရပ်၌။ ဥပသာဠက နာမာနိ၊ ဥပသာဠက ဟူသော နာမည် ရှိကုန်သော။ စတုဒ္ဒသ သဟဿာနိ၊ တသောင်းလေးထောင်သော သင်၏ အဘသူကောင်တို့ကို။ ဒဍ္ဍာနိ၊ အသင်က မီးဖုတ်သဂြိုဟ်ရဘူးလေကုန်ပြီ။ လောကေ၊ လူ့ပြည်၌။ အနာမတံ၊ သုသာန်လုပ်တိုင်း သင်းချိုင်းမဟုတ်သော အရပ်မည်သည်။ နတ္ထိ၊ မရှိ။

ဤသို့ဟောတော်မူလျှင် ပုဏ္ဏားသားအဘတို့သည် သောတာပန်တည်ကြကုန်၏။ တနေရာထည်း၌ ပင်လျှင် တယောက်သော သူ၏ သူသေ ကောင်ပေါင်း (တသောင်းလေးထောင်) သဂြိုဟ် ရဘူးသည်ကို ထောက်က လူတို့နေရာ လူတို့မြို့ရွာတခွင် မြေအပြင်တွင် အထွေထွေသောအမျိုး အထွေထွေသောနာမည် အတည်တည်သော ခန္ဓာအသီးသီးတို့သည် သဂြိုဟ်ပစ်ချ ဖုတ်ကြည်းရသဖြင့် သုသာန်လုပ်တိုင်း သင်းချိုင်းမြေကြီးကို ပွားစီးတိုးတက်စေလျက် (မြေခွန်) ဆက်သရသော ခန္ဓာတို့သည်ကား မရေမတွက် နိုင်လေပြီ။ ဤသို့ဖြစ်ရခြင်းသည် သမုဒယသစ္စာ တဏှာလျှင် မူလရှိသော ဒုက္ခသစ္စာ ခန္ဓာငါးပါး၏ မရဏဒုက္ခတို့ပင်တည်း။

ထိုမှတပါး မိမိသားကို နို့ရည်တိုက်ကျွေး မွေးမြူ တတ်သော လူ ဆင် မြင်း ကျွဲ နွား သား သစ် သမင် ခြသေ့ မိုင် ပြောင် ကြောင် ကျား ခွေး ဝက် စသော အမျိုးအားဖြင့် များလှစွာသော

သတ္တဝါအမတို့တွင် တခုတခုသော သတ္တဝါအမ၏ဝမ်း၌ ပဋိသန္ဓေ တည်နေ ဖွားမြင်ရသဖြင့် ထိုတခုတခုသော အမိ၏နို့ကို သောက်စို့ ရသော နို့ရည်သည် ယူဇနာ (ရှစ်သောင်းနှစ်ထောင်) နက်ကျယ် ဆောင်သော မဟာသမုဒ္ဒရာလေးစင်း ရေက နည်း၍ ပြအပ်ပြီးသော တခုတခုသော အမိ၏နို့ရည်ကများ၏။

ထိုသို့ များခြင်းသည်လည်း ပဋိသန္ဓေကို ဖြစ်တတ်သော ကံ၏ သဟာယက သမုဒယသစ္စာ တဏှာလျှင်အကြောင်းခံ၍ ခန္ဓာငါးပါး တို့၏ ဇာတိဒုက္ခ သစ္စာပင်တည်း။ ဇာတိဒုက္ခ ဟူသမျှကိုလည်း ဤ နည်းအစဉ်ဖြင့်ပင် သိအပ်ကုန်ရာ၏။ ထို့ကြောင့်....

ကောသ ပိဝိတံ ခီရံ၊ စတူ ဒမိ ဇလာ ဗဟု။
ရာဂဟေတု ဘဝေ သန္ဓိ၊ ဌာနံ အနမတဂ္ဂကံ။ ။

**အနက်**။ ကောသ၊ တယောက်သော သတ္တဝါ၏။ ပိဝိတံ၊ သောက်စို့အပ်သော။ ခီရံ၊ အမိနို့ရည်သည်။ စတူ ဒမိ ဇလာ၊ မဟာ သမုဒ္ဒရာကြီး လေးစင်းရေထက်။ ဗဟု၊ များလှစွာ၏။ ရာဂဟေတု၊ ရာဂဟူသောအကြောင်းကြောင့်။ ဘဝေ၊ ဘုံသုံးပါး၌။ သန္ဓိဋ္ဌာနံ၊ ပဋိသန္ဓေတည်နေရခြင်း ဆင်းရဲသည်။ အနမတဂ္ဂကံ၊ အစမထင်နိုင်။

ထိုမှတပါး အသားကို စားကောင်းသော နွားကျွဲ ဆိတ် ဝက် ကြက် ငှက် စသည်ဖြစ်၍၎င်း။ မြို့ရွာခြံစပ်ကို တိုက်ဖျက် လုယူတတ် သော ခိုးသားဓားပြ စသည်ဖြစ်၍၎င်း။ သူတပါးတို့ဖမ်းဆီးပြီးလျှင် ဦးခေါင်းကိုဖြတ်၍ ဖြတ်၍ လည်ချောင်းမှ ထွက်စီးယိုကျသော တခု တခုသော သတ္တဝါ၏ လည်ချောင်းသွေးသည် ယူဇနာ ရှစ်သောင်း နှစ်ထောင် နက်ကျယ်ဆောင်သော မဟာ သမုဒ္ဒရာကြီး လေးစင်း ရေကနည်းသေး၍ စီးယိုသွေးကများလှလေပြီ။ ဤသို့များရခြင်းသည် လည်း သမုဒယသစ္စာ တဏှာလျှင် အကြောင်းရင်း ရှိသော ဒုက္ခ သစ္စာ ခန္ဓာငါးပါးတို့၏ ပရိဝဟေသက ဘေးဖြင့် သေရခြင်း မရဏ ဒုက္ခတို့ပင်တည်း။

ထို့ကြောင့်....

စတူ ဒိမိ ဇလာ ဘိယျော၊ သီသန္တေဒန လောဟိတံ။
ရာဂဟေတု ဘဝေ မစ္ဆူ၊ ဘယံ အနမတဂ္ဂိကံ။ ။

**အနက်**။ ကေသ၊ တယောက်သော သတ္တဝါ၏။ သီသန္တေဒန လောဟိတံ၊ ဦးခေါင်းဖြတ်၍ ထွက်သော လည်ချောင်း သွေးသည်၊ စတူ ဒိမိ ဇလာ၊ မဟာသမုဒ္ဒရာကြီး လေးစင်းရေထက်။ ဘိယျော၊ လွန်လှပါပေ၏။ ရာဂဟေတု၊ ရာဂ ဟူသော အကြောင်းကြောင့်။ ဘဝေ။ ဘုံသုံးပါး၌။ မစ္ဆုဘယံ၊ သေရခြင်း တည်းဟူသော ဘေးသည်။ အနမတဂ္ဂိကံ၊ အစမထင်နိုင်။

ထိုမှတပါး အမိအဘ မယား လင် သားသမီး ညီ အစ်ကို မောင်နှမ အစ်မ ညီမ စသော ချစ်ခင်လေးမြတ် နှစ်သက် အပ်သော ပိယပုဂ္ဂိုလ်တို့တွင် တယောက်တယောက်သော ပုဂ္ဂိုလ်၏သေကြေပျက်စီးခြင်းကြောင့်၎င်း။ ဥစ္စာ ရွှေငွေ ဆန်ရေစပါး ကျွဲ နွား ဆင်းမြင်း စသော ပစ္စည်းဘဏ္ဍာ ဥစ္စာခပင်း ပျက်စီးခြင်းကြောင့်၎င်း။ စိုးရိမ်ပူဆွေး ငိုကြွေးရ၍ မျက်စိမှယိုစီးသော မျက်ရည်သည် မဟာသမုဒ္ဒရာကြီး လေးစင်း ရေကနည်း၍ စီးယိုသော မျက်ရည်က များလှလေကုန်ပြီ။ ဤသို့များခြင်းသည် အနမတဂ္ဂ သံသရာ၌ သမုဒယသစ္စာ တဏှာလျှင် အကြောင်းရင်းရှိသော ဒုက္ခသစ္စာ ခန္ဓာ ငါးပါးတို့၏ ပရိဒေဝဒုက္ခတို့ပင်တည်း။

ထို့ကြောင့်....

ကေသ ရုဒတော အဿု၊ စတူ ဒိမိ ဇလာ ဗဟု။
ဒုက္ခံ အနမတဂ္ဂံဝ၊ တံဟေတု ပရိဒေဝနံ။ ။

**အနက်ကား**။ ရုဒတော၊ ငိုကြွေးမြည်တမ်းရသော။ ကေသ၊ သတ္တဝါတယောက်၏။အဿု၊ မျက်ရည်သည်။ စတူ ဒိမိ ဇလာ၊ မဟာသမုဒ္ဒရာကြီး လေးစင်းရေထက်။ ဗဟု၊ များစွာ၏။ တံဟေတု၊ ထိုရာဂ ဟူသော အကြောင်းကြောင့်။ ပရိဒေဝနံ၊ ငိုကြွေးရခြင်းဟူသော။ ဒုက္ခံ၊ဆင်းရဲသည်။ အနမတဂ္ဂံဝ၊အစမသိအပ်သည်သာလျှင်တည်း။

ဤသို့ သောက်စို့ရသော နို့ရည် ဦးခေါင်းပြတ်၍ ယိုစီးသော သွေး ငိုကြွေးရသော မျက်ရည်တို့သည် ယူဇနာ ရှစ်သောင်း နှစ်ထောင် နက်ကျယ်သော ခေါင်းသော မဟာသမုဒ္ဒရာ လေးစင်းရေ မက အောင် ဆင်းရဲရသော ဇာတိ မရဏ ပရိဒေဝ ဒုက္ခတို့သည်ကား ပါဝေယျကသုတ် အနမတဂ္ဂသုတ်တို့၌လာရှိချေသည်။ ဤသို့ကျမ်းဂန် တို့၌ လာခြင်းသည် အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါးတို့ တွင် သတ္တဝါတယောက်၏ အတိတ်ကာလ၌ ဖြစ်ရသော ဆင်းရဲကို သာရည်၍ ဟောတော်မူသော ဒေသနာတည်း။ ထို့ကြောင့်....

ကောသ ပိဝိတံ ခိရံ၊ သီသစ္ဆေဒန လောဟိတံ။
ရုဒတော ဏျသု ဘံဟောတု။ စတူ ဒဓိ ဇ သာ ဗဟု။ ။

**အနက်ကား။** တံဟောတု၊ ထိုသမုဒယသစ္စာ တဏှာ ဟူသော အကြောင်းကြောင့်။ကောသတော၊ သင်တယောက်၏၊ပိဝိတံ၊ သောက် စို့အပ်သော။ ခိရံ၊ နို့ရည်သည်ရင်း။ သီသစ္ဆေဒန လောဟိတံ၊ ဦးခေါင်းပြတ်ခြင်းကြောင့် ထွက်သော လည်ချောင်းသွေးသည်ရင်း။ ရုဒတော၊ ငိုသော။ ကောသတော၊ သင်တယောက်၏။ အဿု၊ မျက် ရည်သည်ရင်း။ စတူ ဒဓိ ဇလာ၊ မဟာသမုဒ္ဒရာ လေးစင်းရေထက်။ ဗဟု၊ များလှလေပြီ။

---

## ဝိဝဋ္ဋနိဿိတ ကုသိုလ်ကို အားထုတ်သင့်ကြောင်း

ဤသို့ အတိတ်ကာလ သံသာရ၌ သမုဒယသစ္စာ တဏှာလျှင်မူလ ရှိသော ဝဋ်ဆင်းရဲအစုတို့ကို ပြဆိုပြီး၍ တုန်လှုပ် ထိတ်လန့်ခြင်းမရှိ သတိ ပညာ သဒ္ဓါ ဝိရိယ စသော သူတော်ကောင်း တရားတို့ကို ရှေ့သွားမပြု ပုညကြိယာ ( ဝိဝဋ္ဋ ကုသိုလ်စု ) ကို အမှုမထားဘဲ နွား ကျွဲ ခွေး ဝက် ပိုး ပရွက် ခြ ရှိသမျှ သတ္တဝါတို့ပင် ယထာရဟ ခံစားနေကြသော ငါးဝသော ကာမဂုဏ်ကိုသာ အာရုံတခု အလေးပြု၍ မေ့လျော့မှုးယစ် ရခဲလှစွာသော ဗုဒ္ဓခေတ်ကို စွန့်ပစ်လွန်ဆုံးစေ

F.- No. 10

လျက် ဘဝစက်မှ ထွက်ခွင့်ကို မရှာကြံသော သူတို့သည် နောက်အနာဂတ ဘဝ၌ ရှည်လျား သံသရာ ရေပြင်ကျယ်၌ ခံစားပျော်ရွှင်နစ်ရလတံ့သော မဟာဒုက္ခတို့ကိုလည်း ဤသို့မှတ်အပ်ကုန်ရာ၏။ ထို့ကြောင့်…,

အာယတိမ္ပိ အတီတေဝ၊ သံသရန္တဿ ဟေဿတိ။
ရာဂံ ဟန္တုံ မနိဟောစေ၊ ခီရံ တျဿုစ လောဟိတံ။ ။

**အနက်ကား**။ ရာဂံ၊ သမုဒယသစ္စာ တဏှာရာဂကို။ ဟန္တုံ၊ ပယ်သတ်ခြင်းငှါ။ အနိဟောစေ၊ အကယ်၍ ပုညကြိယာ ဝိဝဋ္ဋဝတ္တု ကုသိုလ်စုကို အမှုမလုပ် အားမထုတ်သည်ဖြစ်အံ့။ အတီတေဝ၊ အတိတ်ကာလ၌ကဲ့သို့။ အာယတိမ္ပိ၊ နောင်အနာဂတ်ကာလ၌လည်း။ သံသရန္တဿ၊ ကျင်လည်ရလတံ့သော။ တေ၊ သင်တယောက်၏။ ခီရံ၊ သောက်စို့အပ်သော အမိနို့ရည်သည်၎င်း။ အဿုစ၊ ငိုကြွေးရသောမျက်ရည်သည်၎င်း။ လောဟိတံ၊ လည်ချောင်းမှ ယိုစီးသောသွေးသည်၎င်း။ စတူ ဒဓိ ဇလာ၊ မဟာသမုဒ္ဒရာကြီး လေးစင်းရေထက်။ ဗဟု၊ များသည်။ ဟေဿတိ၊ ဖြစ်လေဦးလတံ့။

**မှတ်ချက်**။ ပါရာဇိကဏ် အဋ္ဌကထာ၌ စတုရာသီတိ ယောဇနသဟဿ ဂမ္ဘီရော မဟာသမုဒ္ဒေါဟု ယူဇနာရှစ်သောင်းလေးထောင်နက်ကြောင်းကို ဆိုသည်ကား မြင်းမိုရ်တောင်ခြေရင်း၌ တည်သော သီဒါသမုဒ္ဒရာကိုဆိုသည်။ ဤကျမ်း၌ကား ဆားငန် သမုဒ္ဒရာကိုရည်၍ ယူဇနာ ရှစ်သောင်းနှစ်ထောင်ဟု ဆိုသည်။

ဤသို့အလုံးစုံပြဆိုခဲ့ပြီးသောသံသာရဒုက္ခ ဘေးဘယတို့သည်ကား သမုဒယသစ္စာ တဏှာလျှင် အကြောင်းရင်းရှိသော ဒုက္ခသစ္စာ ခန္ဓာငါးပါးတို့ကိုသာ မပြတ်မစဲ အမြဲနှိပ်စက် ဖျက်ဆီးကျေကွဲ ဆင်းရဲစေကုန်၏။ ထို့ကြောင့် ဘုံသုံးပါး၌ ကျင်လည်ရသော ခန္ဓာငါးပါးနှင့်တူသော ဆင်းရဲမည်သည် မရှိသည်၏အဖြစ်ကိုလည်း ဒေသနာတော်အစဉ်လျှောက်ပြီးလျှင် ပညာစက္ခုမြင်အောင်ရှုလျက်နှလုံးထဲ၌ မြဲမြဲကြီးမှတ်ကုန်ရာ၏။ ဤသို့သံသာရဒုက္ခတရားကြီးကို သုတမယဉာဏ် စိန္တာမယဉာဏ်ဖြင့် ရှုကြည့်လျက် ထိုဒုက္ခ တရားကြီးတို့၏

ငြိမ်းအေးရာအမှန်ဖြစ်သော နိဗ္ဗာန်တရားကြီးကိုလည်းအနုမာနဉာဏ်ဖြင့် အာရုံပြုလျက် ဝိဝဋ္ဋဒါနမြောက်အောင် ပြုကြကုန်ရာသည်။

ထို့ကြောင့် (နတ္ထိ သန္တိသမာ သုခါ) ဟု ဟောတော်မူ၏။

**အနက်ကား။** သန္တိသမာ၊ နိဗ္ဗာန်နှင့်တူသော။ သုခါနာမ၊ ချမ်းသာမည်သည်။ နတ္ထိ၊ မရှိပေ။

အလုံးစုံသော ဘေးဘယ ဝဋ္ဋဒုက္ခအပေါင်းတို့၏ ကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာ ဘုရား ပစ္စေကဗုဒ္ဓါ သာဝကအပေါင်း သူတော်ကောင်းတို့၏ ကိန်းအောင်း စံပျော် မွေ့လျော်တော်မူရာ မနာမအို မပြိုမကွဲ အမြဲမသေ တည်နေရာသည်ဖြစ်၍ နိစ္စဓုဝ အမတစစ်ဖြစ်သော နိဗ္ဗာန်နှင့်တူသောချမ်းသာမည်သည် မရှိလေကုန်၊

၍ကား ဝိဝဋ္ဋဒါန ဝိဝဋ္ဋကုသိုလ်ဖြစ်ရန် သံသာရဒုက္ခကို ကြည့်ရှုနည်း သန္တိသုခကို အနုမာနအားဖြင့် ကြည့်ရှုနည်းတည်း။

---

## ဝိဝဋ္ဋဒါန ဝိဝဋ္ဋကုသိုလ်ပြုရာ၌ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ကြည့်ရှုရန်

ကျေးဇူးရှင် ပဌမကြောင်ပန်းတောရ ဆရာတော်ဘုရားကြီး၏ မိန့်ခွန်းတော်ကြီး

ဥပမာကား အမျိုးတို့ ဘာသာအားဖြင့် မဒိုင်ကိုသာ စားသော လူမျိုးတို့သည်ရှိကုန်ရာ၏။ ထိုမဒိုင်စား လူမျိုးတို့သည် မဒိုင်ကိုသာ လွှာကာလွှာကာစားကြလေကုန်၏။ ထိုသို့စားခဲ့၍ဝမ်းထဲသို့ ရောက်လျှင်ပင် မဒိုင်တောက်၍ စားသမျှလူတွေ အကုန်လုံး သေကြကုန်၏။ အချို့သောသူတို့ကား ထိုမဒိုင်တုံး မဒိုင်သားကို တောက်တတ်သော အစာပါတကားဟု မစားဘဲရှောင်လွှဲသော သူတို့သည်လည်း အစာပြတ်လပ် ငတ်မွတ်ပြော့ခွေ၍ အကုန်လုံးသေကြလေကုန်၏။

ထိုအခါ လူလိမ္မာပညာရှင်တယောက် ပေါ်ပေါက်၍ ထိုနေရာသို့ ရောက်လာ၏၊ ထိုပညာရှင်သည် ၍သို့ဆင်ခြင်၏။

(၁) အောင့်ဖတ် အန်ဖတ်နှင့် အုပြွတ်၍သေသော မသာတွေကို မြင်လျှင် ဤမသာများကား မဒိုင်တုံး မဒိုင်သားကို မိုက်မှား၍ စားသောက် သောကြောင့် ရူးနောက်၍ သေသော မသာတွေဟု ဆိုလေ၏။

(၂) ထိုအပါး၌ခါးရှုံ့ကိုက် မိုက်ကာပ်နှင့်အာဟာရပြတ်လပ် အစာငတ်၍သေသော မသာတွေကိုမြင်လျှင် ထိုမသာများကား မဒိုင်တုံး မဒိုင်သားကို မိုက်မှားသော အားဖြင့် မစားဘဲ မသောက်ဘဲ ရှောင်လွှဲ၍နေကြသောကြောင့် သေရသော မသာတွေဟု ဆိုလေ၏။

ထိုအခါ လူလိမ္မာပညာရှင်သည် ထိုမဒိုင်တုံး မဒိုင်သားကို ပါးပါးလွှာစေ၍ ခနစ်ရေ ရှစ်ရေ စိမ်လေ၏၊ စင်လေ၏။ ထိုသို့ခုနစ်ညရှစ်ညရေစိမ်ပြီး ရေစင်ပြီးမှ မဒိုင်သေသော ကာလ စားသောက်ကြလျှင် အန္တရာယ်တစ်စုံ ဘေးမရှိသည်ကိုသိ၍ ဤသို့သောနည်းနာနယနှင့် စားသောက်ကြဟု ပြသ ပြောဆိုလေ၏။

ဥပမာ ဥပမေယျဟပ်၍ပြသော်ကား…. မဒိုင်စားလူမျိုးနှင့်ကား သတ္တဝါများတည်း။ မဒိုင်သား မဒိုင်တုံးနှင့်ကား ဒါနသီလစသော ကုသိုလ်တရားတည်း။ ရေမစင်ရေမစိမ်သော အဆိပ် အတောက် ပြည့်ဝသောမဒိုင်ရိုင်းမဒိုင်စိမ်းနှင့်ကား မဟာကုသိုလ်ဥာဏဝိပ္ပယုတ်လေးခုနှင့်ပြုပြုသမျှသာသနာပ တရား ပုညကြိယာ ဆယ်ပါးတည်း။ ရေစိမ်ပြီး ရေစင်ပြီးသော အဆိပ်အတောက်ကင်းရှင်းသော မဒိုင်ရင် မဒိုင်သေနှင့်ကား မဟာကုသိုလ် ဥာဏသမ္ပယုတ် စိတ်လေးခုနှင့် ပြုပြုသမျှသော သာသနာတော်တရား ဒါနပါရမီစသည် ဆယ်ပါးမြတ်တရားတည်း၊ ခုနစ်ည ရှစ်ည စိမ်ရ စင်ရသော ရေနှင့်ကား ဗောဇ္ဈင် ခုနစ်ပါး မဂ္ဂင်ရှစ်ပါး ဝိပဿနာ တရားတည်း။ မဒိုင်၏ အဆိပ်အတောက် ကင်းပျောက်ကုန်ငြိမ်းအောင် နည်းနာနယ ပြသ ပြောဆိုလာသော လူလိမ္မာပညာရှင်နှင့်ကား မြတ်စွာဘုရားတည်း။

ဤသို့ ဝိဝဋ္ဋဒီပနီ၌ ရေးသားတော်မူသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဆိုလိုရင်းမှာ....

မဒိုင်စားလူမျိုးများနှင့်တူသော သတ္တဝါအပေါင်းတို့သည် မဒိုင်တုံးနှင့်တူသော ဒါန သီလ စသော ကုသိုလ်ကောင်းမှု အစုစုကို ပြုကြသောအခါ အဆိပ်အတောက် တည်းဟူသော တဏှာ မာန ဒိဋ္ဌိတို့ မစင်သည်ဖြစ်၍ ဝိဝဋ္ဋနိဿိတ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဉာဏဝိပ္ပယုတ်စိတ်နှင့် ပြုပြုသမျှမှာ ဝဋ္ဋနိဿိတ ပုညကြိယာ ဆယ်ပါးဖြစ်ကြကုန်၏။

တဏှာ မာန ဒိဋ္ဌိ အဆိပ်အတောက် မစင်ကြယ်ခြင်းကြောင့် ပြုပြုသမျှသော ဝဋ္ဋနိဿိတ ကုသိုလ်တို့သည် သံသရာထဲ၌ တဝဲလယ်လယ် အဖန်ဖန် အထပ်ထပ် သေကြရကုန်၏။ မဒိုင်သားကိုစား၍ သေကြရကုန်သော သူတို့နှင့်တူကုန်၏။ ဘဝများစွာ ဦးခေါင်းပြတ်၍ သေကြရကုန်၏။ ဘဝများစွာ သွေးချောင်းစီး၍ သေကြ ရကုန်၏။ ထိုသွေးတို့သည် မဟာသမုဒ္ဒရာကြီး လေးစင်းထက် များကုန်၏။ ဘဝများစွာ ငိုကြွေးမြည်တမ်း၍ သေရသော မျက်ရည် တို့သည် မဟာသမုဒ္ဒရာကြီး လေးစင်း၏ ရေထက်များကုန်၏။

တဏှာမာန အဆိပ်အတောက်ပြယ်စေရန် ဒါန သီလ စသော မဒိုင်တုံး မဒိုင်သားကို ဗောဇ္ဈင် (၇) ပါးတည်းဟူသော ရေဖြင့်ဆေး၍ မဂ္ဂင်ရှစ်ပါးတည်းဟူသော ရေစင်ဖြင့်ဆေး၍ စိမ်၍ ထိုဒါန သီလ စသော မဒိုင်တုံး မဒိုင်သားကို စားပါလျှင် မသေနိုင်ရာ ဖြစ်သော နိဗ္ဗာန်ချမ်းသာကြီးကို ဝဋ္ဋဘဝ တိုတိုနှင့် အလျင် အမြန် ရနိုင်မည် ဖြစ်သတည်း။

ထို့ကြောင့်ပညာရှိအပေါင်း သူတော်ကောင်း တို့သည် ခန္ဓာ ငါးပါး ရုပ်နာမ်နှစ်ပါး အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာတို့နှင့်တကွသစ္စာ လေးပါးတရားကြီးတို့၏ အာရမ္မဏိက ဖြစ်သော ဗောဇ္ဈင် (၇) ပါး မဂ္ဂင် (၈) ပါးတို့ကို သိမြင်ပွားများကြပါကုန်။

## ဗောဇ္ဈင် (၇) ပါး

(၁) **သတိသမ္ဗောဇ္ဈင်။** နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဉ္ဇ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ အောက်မေ့နိုင်မှု ဆင်ခြင်နိုင်မှု မဂ်ဉာဏ် ကိုရခြင်း၏ အကြောင်း အစိတ်အပိုင်း သတိသမ္ဗောဇ္ဈင်ကြီး တပါး။

(၂) **ဓမ္မဝိစယသမ္ဗောဇ္ဈင်။** နိဿတ္တနိဇ္ဇီဝ ဓမ္မပုဉ္ဇခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ စိစစ်နိုင်မှု ဝေဘန်နိုင်မှု မဂ်ဉာဏ်ကို ရခြင်း၏အကြောင်း အစိတ်အပိုင်း ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကြီး တပါး။

(၃) **ဝီရိယ သမ္ဗောဇ္ဈင်။** နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဉ္ဇ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ အားထုတ်နိုင်မှု ကြိုးစားနိုင်မှု မဂ်ဉာဏ်ကို ရခြင်း၏ အကြောင်း အစိတ်အပိုင်း ဝီရိယ သမ္ဗောဇ္ဈင်ကြီး တပါး။

(၄) **ပီတိသမ္ဗောဇ္ဈင်။** နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဉ္ဇ ခန္ဓာငါးပါး ရုပ် နာမ်တရားတို့၌ နှစ်သက်နိုင်မှု ရွှင်လန်းနိုင်မှု မဂ်ဉာဏ်ကို ရခြင်း၏ အကြောင်း အစိတ်အပိုင်း ပီတိ သမ္ဗောဇ္ဈင်ကြီး တပါး။

(၅) **ပဿဒ္ဓိ သမ္ဗောဇ္ဈင်။** နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဉ္ဇ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းနိုင်မှု ငြိမ်းအေး နိုင်မှု မဂ်ဉာဏ်ကိုရခြင်း၏ အကြောင်း အစိတ်အပိုင်း ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကြီး တပါး။

(၆) **သမာဓိ သမ္ဗောဇ္ဈင်။** နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဉ္ဇ ခန္ဓာငါး ပါး ရုပ်နာမ်တရားတို့၌ စိတ်ကို တည်တန့်စေနိုင်မှု ခိုင်မြဲ စေနိုင်မှု မဂ်ဉာဏ်ကို ရခြင်း၏ အကြောင်း အစိတ်အပိုင်း သမာဓိ သမ္ဗောဇ္ဈင်ကြီးတပါး။

(၇) **ဥပေက္ခာ သမ္ဗောဇ္ဈင်။** နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဉ္ဇ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့၌ အလယ်အလတ်ရှုနိုင်မှု ပွားနိုင်မှု

မဂ်ဉာဏ်ကိုရခြင်း၏ အကြောင်း အစိတ်အပိုင်း ဥပေက္ခာ သမ္ဗောဇ္ဈင်ကြီး တပါး။

---

မဂ္ဂင် (၈) ပါး

(၁) **သမ္မာဒိဋ္ဌိမဂ္ဂင်။** နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဥ္ဇ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ သိမြင်နိုင်မှု ထင်လင်းနိုင်မှု မဂ်ဉာဏ်ကို ရခြင်း၏အကြောင်း အစိတ်အပိုင်း သမ္မာဒိဋ္ဌိ မဂ္ဂင်ကြီးတပါး။

(၂) **သမ္မာသင်္ကပ္ပ မဂ္ဂင်။** နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဥ္ဇ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ သိမြင်နိုင်ရန် ထင်လင်းနိုင်ရန် ကြံစည်နိုင်မှု ဝေဘန်နိုင်မှု မဂ်ဉာဏ်ကိုရခြင်း၏ အကြောင်း အစိတ်အပိုင်း သမ္မာသင်္ကပ္ပ မဂ္ဂင်ကြီး တပါး။

(၃) **သမ္မာဝါစာ မဂ္ဂင်။** နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဥ္ဇ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ သိမြင်နိုင်ရန် ထင်လင်းနိုင်ရန် ဝစီဒုစရိုက်မှု ကြီးလေးပါးတို့မှ စောင့်စည်းနိုင်မှု ထိန်းသိမ်းနိုင်မှု မဂ်ဉာဏ်ကိုရခြင်း၏ အကြောင်းအစိတ်အပိုင်း သမ္မာဝါစာမဂ္ဂင်ကြီး တပါး။

(၄) **သမ္မာကမ္မန္တ မဂ္ဂင်။** နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဥ္ဇ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၌ သိမြင်နိုင်ရန် ထင်လင်းနိုင်ရန် ကာယဒုစရိုက်မှုကြီးသုံးပါးတို့မှ စောင့်စည်းနိုင်မှု ထိန်းသိမ်းနိုင်မှု မဂ်ဉာဏ်ကို ရခြင်း၏အကြောင်း အစိတ်အပိုင်း သမ္မာကမ္မန္တ မဂ္ဂင်ကြီး တပါး။

(၅) **သမ္မာအာဇီဝ မဂ္ဂင်။** နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဥ္ဇ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ သိမြင်နိုင်ရန် ထင်လင်းနိုင်ရန် ဝစီဒုစရိုက်မှုကြီးလေးပါး ကာယဒုစရိုက်မှုကြီး သုံးပါးတို့ဖြင့် အသက် မွေးခြင်း စီးပွားဥစ္စာ ရှာမှီးခြင်းမှ စောင့်စည်းနိုင်မှု ထိန်းသိမ်းနိုင်မှု မဂ်ဉာဏ်ကို ရခြင်း၏အကြောင်း အစိတ်အပိုင်း သမ္မာအာဇီဝ မဂ္ဂင်ကြီးတပါး။

(၆) **သမ္မာဝါယာမ မဂ္ဂင်။** နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဥ္စ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ သိမြင်နိုင်ရန် ထင်လင်းနိုင်ရန် အားထုတ်နိုင်မှု ကြိုးစားနိုင်မှု မဂ်ဉာဏ်ကိုရခြင်း၏အကြောင်း အစိတ်အပိုင်း သမ္မာဝါယာမ မဂ္ဂင်ကြီးတပါး။

(၇) **သမ္မာသတိ မဂ္ဂင်။** နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဥ္စ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ သိမြင်နိုင်ရန် ထင်လင်းနိုင်ရန် အောက်မေ့နိုင်မှု ဆင်ခြင်နိုင်မှု မဂ်ဉာဏ်ကို ရခြင်း၏ အကြောင်း အစိတ်အပိုင်း သမ္မာသတိ မဂ္ဂင်ကြီးတပါး။

(၈) **သမ္မာသမာဓိ မဂ္ဂင်၊** နိဿတ္တ နိဇ္ဇီဝ ဓမ္မပုဥ္စ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ သိမြင်နိုင်ရန် ထင်လင်းနိုင်ရန် စိတ်ကို တည်တန့်စေနိုင်မှု ခိုင်မြဲစေနိုင်မှု မဂ်ဉာဏ်ကို ရခြင်း၏ အကြောင်းအစိတ်အပိုင်း သမ္မာသမာဓိ မဂ္ဂင်ကြီး တပါး။

---

## မဂ္ဂင်(၈)ပါးတို့တွင် သမ္မာဒိဋ္ဌိမဂ္ဂင်ကို ရှေးဦးစွာဟောရပုံ

ရဟန်းရှင်လူအများတို့၏နှုတ်ဖျား၌ (သီလ သမာဓိ ပညာ) ဟု ပြောကြားနေကြပါလျက် မဂ္ဂင် (၈) ပါး၌ သမ္မာဒိဋ္ဌိမဂ္ဂင်ကို ဦးစီးပြု၍ (ပညာ သီလ သမာဓိ) ဟု အဘယ့်ကြောင့် အစီအစဉ်တမျိုးဖြင့် ဟောကြားရပါသနည်းဟူမူကား....

နိဗ္ဗာနာ ဓိဂမာယ၊ ပဋိပ္ပန္နဿ ယောဂိနော။
ဗဟု ပကာရတ္တာ ပဌမံ သမ္မာဒိဋ္ဌိ ဒေသိတာ။ ။

**အနက်ကား။** နိဗ္ဗာနာ ဓိဂမာယ၊ သံသရာဝဋ် ကင်းလွတ်ရာ မှန် မြတ်နိဗ္ဗာန်ကို ကေန်ရခြင်းငှါ။ ပဋိပ္ပန္နဿ၊ အားထုတ်ကြိုးစား ပွားများကျင့်ကြံသော။ ယောဂိနော၊ ယောဂီ ပုဂ္ဂိုလ်အား၊ ဗဟု ပကာရတ္တာ၊ လမ်းမှန်ကျ၍ စိတ်ကရွယ်စုး တရားဦးအတွက် ကျေးဇူး များလှသောကြောင့်။ ပဌမံ၊ ရှေးဦးစွာ။ သမ္မာဒိဋ္ဌိ၊ သစ္စာလေးတန်

တရားမှန်ကို ကောင်းစွာ သိမြင်မှုဟူသော သမ္မာဒိဋ္ဌိ မဂ္ဂင်ကြီးကို။ ဒေသိတာ၊ ကရုဏာနှင့် မေတ္တာ ရှေ့ထားလျက် ဟောကြားတော်မူခဲ့လေပြီ။

ဤသို့ သီလက္ခန် အဋ္ဌကထာ အစရှိသော ကျမ်းဂန်ကြီးတို့နှင့်အညီ ကောင်းမှုကုသိုလ်အရာ၌ရင်း။ သံသရာမှလွတ်ရာလွတ်ကြောင်းတို့၌ရင်း။ သမ္မာဒိဋ္ဌိ ပညာ ရှေ့မသွားက တရားမှား ပုဂ္ဂိုလ်မှား။ တရားမှန် ပုဂ္ဂိုလ်မှန်ကို ဝေဘန်၍ မသိနိုင်ကြသဖြင့် တရားစစ် တရားမှန်သို့ မရောက်နိုင်။ တရားစစ် တရားမှန်သို့ မရောက်လျှင်လည်း ဝိဋ္ဋ ဇာတ်တော်လာ ရသေ့ဆရာ သေးဦးတို့၏ တပည့်တကာ (၄) ယောက်တို့ကဲ့သို့ ဆည်းပူးအားထုတ် ပြုလုပ်ကျင့်ကြံမှုများသည် အမှန်မသွား တော့ဘဲ အမှားသို့ချည်း သက်ဝင် တတ်လေသည်။ အမှားသို့ချည်း သက်ဝင်က ရှင်တထောင်တို့ ကျင့်ကြံသော အတ္တကိလမထာနုယောဂ တရားမျိုးသာ ဖြစ်ကြကုန်သဖြင့် မိစ္ဆာသက်ပ္ပ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝ မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိ တို့သာ ဖြစ်၍ကုန်မည်ကို စိုးရိမ်တော်မူလှ၍ ဗုဒ္ဓထွင်ရှင်တင် ဘုရားရှင်က မဂ္ဂင်ရှစ်ဖြာ ဒေသနာတွင် သမ္မာဒိဋ္ဌိမဂ္ဂင်ကို ရှေးဦးတင်၍ ဟောတော်မူရချေသည်။

ဓမ္မဒါယာဒသုတ် အဋ္ဌကထာ ကြီးတို့၌လည်း မိန့်ဆိုတော်မူပုံကား....

သဗ္ဗ ကုသလာနံ သမ္မာဒိဋ္ဌိ သေဋ္ဌော၊ ကုသလဝါရေစ
ပုဗ္ဗင်္ဂမာ တပ္ပဘာဝါ ဘိ နိဗ္ဗတ္တာနိ သေသင်္ဂါနိ။

**အနက်ကား**။ သဗ္ဗ ကုသလာနံ၊ အလုံးစုံသော ကုသိုလ်တရားတို့တွင်။ သမ္မာဒိဋ္ဌိ၊ တရားမှန်ကို ကောင်းမြင် သိမှုဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်တရားသည် သေဋ္ဌော၊ အထူးမြတ်လှပါပေ၏။ ကုသလဝါရေစ၊ ကုသိုလ်အရာဟူသမျှ၌လည်း။ ပုဗ္ဗင်္ဂမာ၊ ရှေ့သွားခေါင်းဆောင်ဖြစ်၏။ သေသင်္ဂါနိ၊ ကြွင်းသောမဂ္ဂင် ခုနစ်ပါးတို့သည်။ တပ္ပဘာဝါဘိ

နိဗ္ဗုတ္တာခန္ဓ၊ ထိုသမ္မာဒိဋ္ဌိမဂ္ဂင် အမွန်အားဖြင့် မဂ္ဂင်စစ် မဂ္ဂင်မှန်ဖြစ်ကြရကုန်၏။

**အဓိပ္ပါယ်ကား**။ အလုံးစုံသော ပြုပြုသမျှ ကုသိုလ်ကောင်းမှုတို့တွင် ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ တည်းဟူသော သစ္စာလေးတန် အဟုတ်အမှန်ကို ကောန်မြင်သိမှု ဟူသော သမ္မာဒိဋ္ဌိမဂ္ဂင် တရားကြီးသည်သာလျှင် အမြတ်ဆုံးဖြစ်၏။ ထိုသမ္မာဒိဋ္ဌိမဂ္ဂင် တရားကြီးသည်သာလျှင် ရှေ့သွားခေါင်းဆောင် ဖြစ်၏။ သမ္မာသင်္ကပ္ပမဂ္ဂင် အစရှိသော (၇) ပါးသော မဂ္ဂင်တို့သည်လည်း သမ္မာဒိဋ္ဌိ မဂ္ဂင်ကြောင့် သာလျှင် မြတ်ကြရကုန်၏။ သမ္မာဒိဋ္ဌိမဂ္ဂင်ကြောင့်သာလျှင် ကောင်းစွာ ကြံနိုင်၏။ ကောင်းစွာ ပြောနိုင်၏။ ကောင်းစွာလုပ်နိုင်၏။ ကောင်းစွာအသက်မွေးနိုင်၏။ ကောင်းစွာ အားထုတ်နိုင်၏။ ကောင်းစွာအောက်မေ့နိုင်၏။ ကောင်းစွာ တည်ကြည်နိုင်၏။

ထိုမှတပါး ဓမ္မဒါယာဒသုတ် ဋ္ဌကထာကြီး၌ မိန့်ဆိုပုံကား....

ပညုတ္တရာဟိ ကုသလာဓမ္မာ ပညာယစ သိဒ္ဓါယ
သမ္ဘေ အနဝဇ္ဇဓမ္မာ သိဒ္ဓါဝေ ဟောန္တိ။

**အနက်ကား**။ ဟိ သစ္စံ၊ ထိုစကားမှန်၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားဟူသမျှတို့သည်။ ပညုတ္တရာ၊ သမ္မာဒိဋ္ဌိမဂ္ဂင် ဟူသော ပညာတရားသာ ရှေ့သွားအမှန် အမြတ်ဆုံး ဖြစ်ကုန်၏။ ပညာယ၊ သမ္မာဒိဋ္ဌိမဂ္ဂင်တရားသည်။သိဒ္ဓါယစ၊အမှန်တိုင်ရောက် အပြီးမြောက်ခဲ့သော်တား။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အနဝဇ္ဇဓမ္မာ၊ အပြစ်မရှိ ဖြူစင်ဘိသား ကုသိုလ်တရားတို့သည်။ သိဒ္ဓါဝေ၊ စိတ်၌ရှယ်ကိုးအကျိုးဖြိုးခိုင် အပြီးတိုင်ကုန်သည်သာလျှင်။ ဟောန္တိ။ ဖြစ်ကုန်၏။

**အဓိပ္ပါယ်ကား**။မြတ်စွာဘုရားနှင့်တကွ အဋ္ဌကထာအရှင်တို့က ပညာရှေ့သွားမှ တရားစစ် တရားမှန် ဖြစ်နိုင်သည်ဟု မိန့်ဆိုတော်မူကြသော စကားမှန်လှပါပေ၏။ ကုသိုလ်တရား ဟူသမျှ တို့သည် သမ္မာဒိဋ္ဌိမဂ္ဂင်ဟူသော ပညာသည် အမြတ်ဆုံးဖြစ်၏။ ဖြစ်ပုံကား....

သမ္မာဒိဋ္ဌိမဂ္ဂင်ကြီးက သစ္စာလေးပါး အမှန်တရားကြီးကို ပြီးမြောက်အောင် သိမြင်ခဲ့သည်ရှိသော် အလုံးစုံသော ပြုပြုသမျှကုသိုလ်တရားတို့သည်လည်း အပြီးတိုင်အောင် အကျိုးပေးကြကုန်၏။

ပြဆိုအပ်ခဲ့ပြီးသော အထက်ပါစကားတို့ကို လက်ဝါးအုပ် ပြတော်မူသော အလားဖြင့် ဘုရားရှင် ကိုယ်တော် မြတ်ကြီးသည်.... မဟာဝဂ္ဂ သံယုတ်ပါဠိတော်ကြီး၌ ဟောကြားတော်မူသည်မှာ....

သမ္မာဒိဋ္ဌိဿ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ ပဟောတိ။
သမ္မာသင်္ကပ္ပဿ သမ္မာဝါစာ ပဟောတိ။

စသည်ဖြင့် ဟောတော်မူ၏။

**အနက်ကား**။ ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာဒိဋ္ဌိဿ၊ သစ္စာလေးတန်၌ မဖေါက်မပြန် အယူမှန်သော သူအား။ သမ္မာသင်္ကပ္ပေါ၊ အယူမှန်ကြောင့် ကောင်းသော အကြံသည်။ ပဟောတိ၊ လုံလုံ လောက်လောက် ဖြစ်မြောက် လေတော့၏။ သမ္မာသင်္ကပ္ပဿ၊ အယူမှန်ကြောင့် ကောင်းသော အကြံရှိသော သူအား။ သမ္မာဝါစာ၊ မမှားမစောင်း ကောင်းသော ပြောဆို ခြင်းသည်။ ပဟောတိ၊ လုံလုံ လောက်လောက် ဖြစ်မြောက်လေတော့၏။ သမ္မာဝါစာဿ၊ မဖေါက်မပြန် အပြောမှန်သော သူအား။ သမ္မာကမ္မန္တော၊ မဖေါက် မပြန် အလုပ်မှန်သည်။ ပဟောတိ၊ လုံလုံ လောက်လောက် ဖြစ်မြောက်လေတော့၏။

**အဓိပ္ပါယ်ကား**။ မဖေါက်မပြန် အမှန်ကိုမြင်သိမှ အမှန်ကို ကြံနိုင်သည်။

အမှန်ကိုကြံနိုင်မှ အမှန်ကိုပြောဆိုနိုင်သည်။
အမှန်ကိုပြောဆိုနိုင်မှ အမှန်ကိုလုပ်နိုင်သည်။
အမှန်ကိုလုပ်နိုင်မှ အသက်မွေးမှန်နိုင်သည်။
အသက်မွေးမှန်မှ အမှန်ကိုအားထုတ်နိုင်သည်။
အမှန်ကိုအားထုတ်နိုင်မှ အမှန်ကိုအောက်မေ့နိုင်သည်။
အမှန်ကိုအောက်မေ့နိုင်မှ အမှန်ကိုတည်ကြည်နိုင်သည်။

ထိုမဂ္ဂင် (၈) ပါးတို့တွင် သမ္မာဒိဋ္ဌိမဂ္ဂင်ကို အစထား၍ ဘယ့်ကြောင့် ဟောရပါသနည်းဟူမူကား....

နိဗ္ဗာနာ ဓိဂမာယ ပဋိပ္ပန္နဿ ယောဂိနော ဗဟု

ပကာရတ္တာ ပဌမံ သမ္မာဒိဋ္ဌိ ဒေသိတာ။

ဟူသော သီလက္ခန္ဓ သမ္မော အင်္ဂုတ္တိုရ်ကြ အဋ္ဌကထာကြီးတို့နှင့်အညီ မဂ်မရမှီ ရှေးအဘို့၌ သမ္မာဒိဋ္ဌိဟူသော ဝိပဿနာ ဉာဏ်ရောင်ဝါဖြင့်။ အဝိဇ္ဇာဟူသော အမိုက်မှောင်ကို ပယ်ရှားဖျက်ဆီးလျက် ကိလေသာ ဟူသော ခိုးသူကို တဒင်္ဂပဟာန် ပေါင်းများစွာဖြင့် ပယ်သတ်ပြီးမှ ယောဂီသူမြတ်သည် ရည်မှတ်တောင့်တအပ်သော နိဗ္ဗာန်ကို ရောက်နိုင်၏။ သို့အတွက် ယောဂီပုဂ္ဂိုလ်တို့အား လွန်စွာအထူးကျေးဇူးများလှသောကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်တရားကို ကျန်(၇)ပါးတို့ထက် ရှေးဦးအစ ဟောပြရသေသည်။ အထက်ကလည်း ပြခဲ့ပြီးဖြစ်သည်။

ထို့နောက် သမ္မာသင်္ကပ္ပမဂ္ဂင်ကို ဒုတိယထား၍ အဘယ့်ကြောင့် ဟောကြားရပါသနည်းဟူမူကား....

သမ္မာသင်္ကပ္ပေါ ပန တဿ ဗဟုပကာရော တသ္မာ

တဒနန္တရံ ဝုတ္တော။

**အနက်ကား**။ သမ္မာသင်္ကပ္ပေါ ပန၊ သမ္မာသင်္ကပ္ပ မဂ္ဂင်သည်ကား။ တဿ၊ ထိုသမ္မာဒိဋ္ဌိ မဂ္ဂင်အား။ ဗဟုပကာရော၊ ကျေးဇူးအလွန်များလှ၏။ တသ္မာ၊ ထို့ကြောင့်။ တဒ နန္တရံ၊ ထိုသမ္မာဒိဋ္ဌိ၏ အခြားမဲ့၌။ ဝုတ္တော၊ ဟောကြားတော်မူအပ်၏။

**အဓိပ္ပါယ်ကား**။ အထက်ပါ အဋ္ဌကထာကြီးတို့နှင့် အညီ.... ပန်းတိမ်သည်ယောက်ျားသည်၊ လက်ဖြင့်လှိမ့်၍ ပြန်ကာ ရွှေငွေတို့ကို မျက်စိဖြင့် ကြည့်ရမှသာလျှင် ရွှေတု ငွေတု ရွှေမှန် ငွေမှန် တို့ကို သိနိုင်ဘိသကဲ့သို့ရင်း။ သစ်ရွှေသမားများသည်လည်း တယောက်က သစ်တုံးကိုကိုင်လျက် လှိမ့်ကာ ပြန်ကာပေးမှသာလျှင် အချက်ကျကျ ... ရွှေနိုင်ဘိသကဲ့သို့ရင်း။ ထို့ အတူ....ယောဂီ သူမြတ်သည်လည်း ဝိပဿနာဉာဏ်၏ ရှေ့အဘို့၌ သမ္မာသင်္ကပ္ပဟူသောဝိတက်

ဖြင့် အာရုံသို့တင်၍ ကြံ၍ပေးမှ သာလျှင် ဥာဏ်ပညာဖြင့် ပိုင်းခြား၍ ဝိပဿနာအမှု၌ ရှုကြည့်ဆင်ခြင် စဉ်းစား နှလုံး ထားနိုင် သော ကြောင့်.... ပန်းတိမ်သည် သစ်ရွှေသမား တို့နှင့် တူသော သမ္မာဒိဋ္ဌိမဂ္ဂင်အား ပန်းတိမ်သည်၏လက် သစ်ကိုင်သမားနှင့် တူသော သမ္မာသင်္ကပ္ပမဂ္ဂင်တရားသည် အလွန်ကျေးဇူး များလှ လေရကား သမ္မာဒိဋ္ဌိနောက်၌ ဒုတိယထား၍ ဟောကြားတော်မူပေသည်။

ထို့နောက် သမ္မာဝါစာမဂ္ဂင်ကို တတိယထား၍အဘယ့်ကြောင့် ဟောကြားရပါသနည်း ဟူမူကား....

သွာယံယထာ သမ္မာဒိဋ္ဌိယာ ဧဝံ သမ္မာဝါစာယပိ ဥပကာရကော တသ္မာ တဒနန္တရံ သမ္မာဝါစာ ဝုတ္တာ။

**အနက်ကား။** သွာယံ သောအယံ သမ္မာသင်္ကပ္ပေါ၊ ထိုသမ္မာသင်္ကပ္ပမဂ္ဂင်သည်။ သမ္မာဒိဋ္ဌိယာ ယထာ၊ သမ္မာဒိဋ္ဌိအား ကျေးဇူးပြုသကဲ့သို့။ ဧဝံ၊ ဤအတူ။ သမ္မာဝါစာယပိ၊ သမ္မာဝါစာမဂ္ဂင်အားလည်း။ ဥပကာရကော၊ ကျေးဇူးပြုတတ်၏။ တသ္မာ၊ ထို့ကြောင့်။ တဒနန္တရံ၊ ထိုသမ္မာသင်္ကပ္ပမဂ္ဂင်၏ အခြားမဲ့၌။ သမ္မာဝါစာ၊ သမ္မာဝါစာမဂ္ဂင်ကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

**အဓိပ္ပါယ်ကား။** ဤသို့မိန့်ဆိုတော်မူကြသော အထက်ပါ အဋ္ဌကထာကြီးတို့နှင့်အညီ သမ္မာသင်္ကပ္ပမဂ္ဂင်သည် သမ္မာဒိဋ္ဌိမဂ္ဂင်အား ကျေးဇူးများသကဲ့သို့ သမ္မာဝါစာမဂ္ဂင်အားလည်း ကျေးဇူးများပုံမှာ ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်၍ နှုတ်မြွက်စကား ပြောသောသူသည် ရှေးအဘို့က ပြောလိုသောစကားကို စဉ်းစားကြံစည်မှသာလျှင် အချက်ကျ အကွက်ကျ သမ္မာဝါစာဖြင့်အောင် ပြောဆိုနိုင်၏။

ထို့ကြောင့် သမ္မာသင်္ကပ္ပ၏နောက်၌ သမ္မာဝါစာမဂ္ဂင်ကို တတိယထား၍ ဟောကြားတော်မူရချေသည်။

ထို့နောက် သမ္မာကမ္မန္တမဂ္ဂင်ကို စတုတ္ထထား၍ အဘယ့်ကြောင့် ဟောကြားတော်မူရပါသနည်း ဟူမူကား။

ဝါစာ ကာယကမ္မဿ ဥပကာရိကာတိ သမ္မာဝါစာယ အနန္တရံ သမ္မာကမ္မန္တော ဝုတ္တော။

**အနက်ကား။** ဝါစာ၊ နှုတ်မြွက် ပြောကြား စကားဆိုသမျှ သည်။ ကာယ ကမ္မဿ၊ ကိုယ်ဖြင့်ပြုအပ် အရပ်ရပ် အမှုများအား။ ဥပကာရိကာ၊ ကျေးဇူးပြုတတ်ချေ၏။ ဇာတိ တသ္မာ၊ ထို့ကြောင့်။ သမ္မာဝါစာယ၊ သမ္မာဝါစာမဂ္ဂင်၏။ အနန္တရံ၊ အခြားမဲ့၌။ သမ္မာ ကမ္မန္တော၊ သမ္မာကမ္မန္တမဂ္ဂင်ကို။ ဝုတ္တော၊ ဟောတော်မူ၏။

**အဓိပ္ပါယ်ကား။** ဤသို့မိန့်ဆိုတော်မူကြသော အဋ္ဌကထာ ကြီးတို့နှင့်အညီ တစုံတခုသောအမှုကို ပြုလိုသောသူသည် ရှေ့အဘို့ က ဤအမှု ဤအမှုကိုပြုအံ့ဟု နှုတ်မြွက်တိုင်ပင် ပြောဆိုပြီးမှသာလျှင် လောက၌ အမှုကိစ္စတို့ကို ပြုကြမြဲဖြစ်ရကား....သမ္မာဝါစာမဂ္ဂင်သည် သမ္မာကမ္မန္တ မဂ္ဂင်အား ကျေးဇူး များလှသောကြောင့် သမ္မာဝါစာ မဂ္ဂင်၏နောက်၌ စတုတ္ထထား၍ ဟောကြားတော်မူရချေသည်။

ထို့နောက် သမ္မာအာဇီဝမဂ္ဂင်ကို ပဉ္စမထား၍ အဘယ့်ကြောင့် ဟောကြားတော်မူရပါသနည်းဟူမူကား။

စတုဗ္ဗိဓံ ပနဲ ဝစီဒုစ္စရိတံ တိဝိဓဥ္စ ကာယဒုစ္စရိတံ ပဟာယ ဥဘ ယံ သုစရိတံ ပူရေန္တဿေဝ တသ္မာ အာဇီဝဋ္ဌမ ကသီလံ ပူရတိ။ န ဣတရဿ တသ္မာ တဒုဘယာ နန္တရံ သမ္မာအာဇီဝေါ ဝုတ္တော။

**အနက်ကား။** စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ဝစီဒုစ္စရိ တဥ္စ၊ ဝစီဒုစရိုက်ကိုရင်း၊ တိဝိဓံ၊ သုံးပြားအပြားရှိသော။ ကာယ ဒုစ္စရိတဥ္စ။ ကာယဒုစရိုက်ကိုရင်း။ ပဟာယ၊ ပယ်ရှား၍။ ဥဘယံ သုစ ရိတံ၊ နှစ်ပါးသော ကာယသုစရိုက် ဝစီသုစရိုက်ကို။ ပူရေန္တဿေဝ၊ မကျိုး မပေါက်ရအောင် ဖြည့်ကျင့် နိုင်သော သူအား သာလျှင်။ ယသ္မာ၊ အကြင်ကြောင့်။ အာဇီဝဋ္ဌမကံ၊ အာဇီဝဋ္ဌမကသီလသည်။ ပူရတိ၊ ပြည့်စုံနိုင်၏။ ဣတရဿ၊ ဤမှတပါးသောသူအား။ နပူရတိ၊ အာဇီဝဋ္ဌမက သီလမပြည့်စုံနိုင်။ တသ္မာ၊ ထို့ကြောင့်။ တဒုဘယာ နန္တရံ၊ ထိုသမ္မာဝါစာ သမ္မာကမ္မန္တမဂ္ဂင်နှစ်ပါး၏အခြားမဲ့၌။ သမ္မာ အာဇီဝေါ၊ သမ္မာအာဇီဝ မဂ္ဂင်ကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။

**အဓိပ္ပါယ်ကား။** ဤသို့ မိန့်ဆိုတော်မူကြသော အထက်ပါ အဋ္ဌ ကထာကြီးတို့နှင့်အညီ ဝစီဒုစရိုက် (၄)ပါး လုံခြုံမှုဟူသော သမ္မာ

ဖါစာမဂ္ဂင်။ ကာယဒုစရိုက် (၃) ပါး လုံခြုံမှုဟူသော သမ္မာကမ္မန္တ မဂ္ဂင် ဤမဂ္ဂင်နှစ်ပါး ပြည့်စုံလုံခြုံမှုသာလျှင် သမ္မာအာဇီဝမဂ္ဂင်လည်း တခါတည်း ပြည့်စုံလုံလောက်လေတော့၏။ ၎င်းဒုစရိုက် (၇) ပါးနှင့် မဂ္ဂင် (၂) ပါးကို လုံခြုံပြည့်စုံအောင် မဖြည့်ကျင့်နိုင်က သမ္မာအာဇီဝမဂ္ဂင်လည်း မပြည့်စုံနိုင်။ မတည်နိုင်ကြောင်းကို ပြတော်မူလို၍ သမ္မာဝါစာမဂ္ဂင် သမ္မာကမ္မန္တမဂ္ဂင်နှစ်ပါးတို့၏နောက်၌ သမ္မာအာဇီဝမဂ္ဂင်ကို ပဥ္စမထား၍ ဟောကြားတော်မူချေသည်။

ထို့နောက် သမ္မာဝါယာမ မဂ္ဂင်ကို ဆဋ္ဌမထား၍ အဘယ့်ကြောင့် ဟောကြားတော်မူရပါသနည်းဟူမူကား....

ဧဝံ ပရိသုဒ္ဓါ ဇီဝေန ပန ပရိသုဒ္ဓေါမေ အာဇီဝေါတိ တွောဝ တာစ ပရိတောသံ အကတွာ သုတ္တ ပမတ္တေန ဝိဟရိတုံ နယုတ္တံ။ အထ ခေါ သဗ္ဗိရိယာ ပထေသု ဇာဒံ ဝိရိယံ သမာရဗ္ဘ ဝ တမ္ဗန္တိ ဒဿေတုံ တဒနန္တရံ သမ္မာဝါယာမော ဝုတ္တော။

**အနက်ကား။** မေ၊ ငါ၏။ အာဇီဝေါ၊ အသက် မွေးခြင်းသည်။ ဧဝံ၊ ဤသို့။ ပရိသုဒ္ဓါဇီဝေန၊ စင်ကြယ်သော အသက်မွေးခြင်းဖြင့်။ ပရိသုဒ္ဓေါ၊ စင်ကြယ်ပြီ။ ဣတိ၊ ဤသို့။ တွောဝတာစ၊ ဤမျှလောက် စင်ကြယ်ခြင်းဖြင့်လည်း။ ပရိတောသံ၊ နှစ်သက်ခြင်းကို။ အကတွာ၊ မပြုမူ၍။ သုတ္တပမတ္တေန၊ မေ့မေ့ လျော့လျော့ စားသောက်အိပ်ငိုက်သဖြင့်။ ဝိဟရိတုံ၊ နေခြင်းငှါ။ နယုတ္တံ၊ မသင့်။ အထခေါ၊ စင်စစ်သော်ကား။ သဗ္ဗိရိယာ ပထေသု၊ အလုံးစုံသော ဇရိယာပထ တို့၌။ ဇာဒံ ဝိရိယံ၊ ဤဝိရိယကို၊ သမာရဗ္ဘ ဝ တမ္ဗံ၊ ကောင်းစွာ အားထုတ်အပ်၏။ ဣတိ၊ ဤသို့။ ဒဿေတုံ၊ ပြခြင်းငှါ။ တဒနန္တရံ၊ ထိုသမ္မာအာဇီဝ မဂ္ဂင်၏ အခြားမဲ့၌။ သမ္မာဝါယာမော၊ သမ္မာဝါယာမ မဂ္ဂင်ကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။

**အဓိပ္ပါယ်ကား။** ဤသို့ မိန့်ဆိုတော်မူကြသော အထက်ပါ အဋ္ဌကထာကြီးတို့နှင့်အညီ ဒုစရိုက် (၇) ပါး လုံခြုံအောင် ဖြည့်ကျင့်နိုင်သဖြင့် စင်ကြယ်စွာ အသက်မွေးနိုင်သော သူသည်လည်း သမ္မာအာဇီဝမဂ္ဂင် အသက်မွေး စင်ကြယ်ရုံမျှနှင့် အားရတင်းတိမ်၍ မေ့

မေ့ လျော့လျော့အားဖြင့် စားသောက်အိပ်ဝိုက်၍ နေခြင်း၄ မထိုက်သေး။ စင်စ အားဖြင့် ဇာရိယာပထလေးပါးလုံးတို့၌ပင် ကောင်းစွာအားထုတ် အလုပ်လုပ်မှု ဟူသော သမ္မာဝါယာမ တရားကိုလည်းကောင်းစွာအားထုတ်အပ်၏။ ထို့ကြောင့် သမ္မာအာဇီဝ မဂ္ဂင်၏နောက်၌ ဆဋ္ဌမထား၍ သမ္မာဝါယာမ မဂ္ဂင်ကို ဟောကြားတော် မူရချေသည်။

ထို့နောက် သမ္မာသတိမဂ္ဂင်ကို သတ္တမထား၍ အဘယ်ကြောင့်ဟောကြားတော်မူရပါသနည်းဟူမူကား....

တတော အာရဒ္ဓ ဝီရိယေနပိ ကာယာဒိသု စတူသု
ဝတ္ထူသု သတိ သုပဋ္ဌိတာ ကာတဗ္ဗာတိ တဿနန္တ
တဒနန္တရံ သမ္မာသတိ ဒေသိတာ။

**အနက်ကား။** တတော၊ ထို့နောင်မှ။ အာရဒ္ဓ ဝီရိယေနပိ၊ အားထုတ်အပ်သော ဝီရိယရှိသော ပုဂ္ဂိုလ်သည်လည်း။ ကာယာဒိသု၊ ကာယအစရှိကုန်သော။ စတူသု ဝတ္ထူသု၊ လေးပါးကုန်သော ဝတ္ထုတို့၌။ သတိ၊ သတိကို။ သုပဋ္ဌိတာ၊ ကောင်းစွာ ထင်သည်ကို။ ကာတဗ္ဗာ၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြခြင်းအကျိုးငှါ။ တဒနန္တရံ၊ ထိုသမ္မာဝါယာမ မဂ္ဂင်၏အခြားမဲ့၌။ သမ္မာသတိ၊ သမ္မာသတိမဂ္ဂင်ကို။ ဒေသိတာ၊ ဟောတော်မူအပ်၏။

**အဓိပ္ပါယ်ကား။** ဤသို့ မိန့်ဆိုတော် မူကြသော အထက်ပါအဋ္ဌကထာကြီးတို့နှင့်အညီ သမ္မာဝါယာမ တရားဖြင့် ကောင်းစွာအားထုတ်သော ပုဂ္ဂိုလ်သည်လည်း ရုပ်အပေါင်း ရုပ်အစုဖြစ်သော ခန္ဓာကိုယ်၌ ကာယာနုပဿနာ သတိဖြင့် ထင်မြင်အောင် ရှုအပ်၏။ ဝေဒနာတရား၌ ဝေဒနာနုပဿနာသတိဖြင့်ရင်း။ စိတ်တရား၌ စိတ္တာနုပဿနာသတိဖြင့်ရင်း။ ဓမ္မတရား၌ ဓမ္မာနုပဿနာသတိဖြင့်ရင်း ထင်မြင်အောင်ရှုအပ်၏။ အောက်မေ့အပ်၏။ ထို့ကြောင့် သမ္မာဝါယာမ မဂ္ဂင်၏နောက်၌ သတ္တမထား၍ သမ္မာသတိ မဂ္ဂင်ကိုဟောကြားတော်မူရချေသည်။

ထို့နောက် သမ္မာသမာဓိမဂ္ဂင်ကို အဌမထား၍ အဘယ်ကြောင့် ဟောကြားတော်မူရပါသနည်းဟူမူကား....

ယသ္မာ ပနေသံ သုပဋိပတာသမာဓိယာ ပကာရာနုပကာရာနံ ဓမ္မာနံ ဂတိယော သမန္နေသိတွာ ပဟောတိ။ ကေဝလာ ရမ္မဏော စိတ္တံ သမာဓာတုံ တသ္မာ သမ္မာသတိယာ အနန္တရံ သမ္မာ သမာဓိ ဒေသိတော။

**အနက်ကား**။ ဧဝံ၊ ဤသို့။ သုပဋိပတာ၊ ကောင်းစွာထင်သောသတိ ရှိသောပုဂ္ဂိုလ်သည်။ သမာဓိယာ၊ သမာဓိအား။ ဥပကာရာနုပကာရာနံ၊ ကျေးဇူးပြုနိုင်သောတရား ကျေးဇူးမပြုနိုင်သော တရားတို့၏။ ဂတိယော၊ အလားအလာတို့ကို။ သမန္နေသိတွာ၊ ကောင်းစွာရှာမှီး၍၊ ကေဝလာ ရမ္မဏော၊ တခုတည်းသောအာရုံ၌။ စိတ္တံ၊ စိတ်ကို။ သမာဓာတုံ၊ ကောင်းစွာထားခြင်းငှါ။ ယသ္မာ၊ အကြင်ကြောင့်၊ ပဟောတိ၊ စွမ်းနိုင်၏။ တသ္မာ၊ ထို့ကြောင့်။ သမ္မာသတိယာ၊ သမ္မာသတိ မဂ္ဂင်၏။ အနန္တရံ၊ အခြားမဲ့၌။ သမ္မာသမာဓိ၊ သမ္မာသမာဓိ မဂ္ဂင်ကို။ ဒေသိတော၊ ဟောတော်မူအပ်၏။

**အဓိပ္ပါယ်ကား**။ ဤသို့မိန့်ဆိုတော်မူကြသော အထက်ပါ အဌကထာကြီးတို့နှင့်အညီ ခိုင်မြဲစွာ တည်တန့်သော သတိရှိသောပုဂ္ဂိုလ်သည်။ သမာဓိတရားအား ကျေးဇူးပြုနိုင်သော တရား ကျေးဇူးမပြု နိုင်သောတရားတို့၏ အလားအလာတို့ကို ကောင်းစွာရှာမှီး၍ တခု တည်းသော အာရုံ၌ စိတ်ကို ကောင်းစွာ ထားခြင်းငှါ စွမ်းနိုင်၏။ ထို့ကြောင့် သမ္မာသတိ မဂ္ဂင်၏ နောက်နား၌ အဌမထား၍ သမ္မာ သမာဓိမဂ္ဂင်ကို ဟောကြားတော်မူချေသည်။

ဤကား မဂ္ဂင်(၈)ပါးတို့၏ တပါးချင်း တပါးချင်း ဝိသေသ လက္ခဏာနှင့်တကွ တပါးနှင့်တပါး ကျေးဇူးပြုနေပုံ တပါးနှင့်တပါး ဆက်သွယ်နေပုံ မဂ္ဂင် (၈) ပါးလုံး အပြည့်အစုံ ယှဉ်ထောင်ပုံကို ပါဠိတော်ကြီး အဌကထာကြီး ဋီကာကြီးတို့နှင့်အညီ ပြဆိုလိုက် ခြင်းတည်း။

ကျေးဇူးရှင်ပဌမကြော်ပြန်းတော ရဆရာတော်ဘုရားကြီး၏(မနိုင်စား) ဥပမာနှင့်အညီ (၇) ညစိမ်သောရေနှင့် မောဇ္ဈင် (၇) ပါးတူပုံ။ (၈) ညစိမ်သောရေနှင့် မဂ္ဂင် (၈) ပါးတူပုံကိုပြသော စကားစုဖြစ်သတည်း။

---

## မဂ္ဂင်ရှစ်ပါး သမ္မာဒိဋ္ဌိ စေတသိက် နာမ်တရားတို့၏

## အာရုံကား

မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိမဂ္ဂင် စေတသိက် နာမ်တရားသည် ဒုက္ခအရိယသစ္စာ ဒုက္ခသမုဒယအရိယသစ္စာ ဒုက္ခနိရောဓ အရိယသစ္စာ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ မဂ္ဂအရိယ သစ္စာဟု ဆိုအပ်သော အရိယသစ္စာ လေးပါးတို့ကို ဝိပဿနာဉာဏ် အခိုက်အတန့်၌ အနုဗောဓဉာဏ်ဖြင့် အာရုံပြု၏။ မဂ်ဉာဏ်အခိုက် အဘန့် ကာလ၌ ပဋိဝေဓဉာဏ်ဖြင့် သစ္စိကရဏအာရုံပြု၏။

ထိုအရိယသစ္စာလေးပါးတို့တွင် (သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ) ဟူသောပါဠိတော်နှင့်အညီ ဒုက္ခအရိယသစ္စာသည် ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော ခန္ဓာငါးပါး၌ မှီ၏။ ထို့ကြောင့်....

မဟာဋီကာကြီး၌

ခန္ဓ နိဿယ မေဝ ဒုက္ခံ ခန္ဓေ ဝိဗာဓတိ။ ယထာဝါ လက္ခံ ပဟ ရဏာ ဟာရဿ ဝတ္ထု ဧဝံ ခန္ဓာ သံသာရ ဒုက္ခဿ။

**အနက်ကား။** ခန္ဓ နိဿယ မေဝ၊ ခန္ဓာငါးပါးကို မှီ၍နေသည်သာလျှင်ဖြစ်သော။ ဒုက္ခံ၊ ဒုက္ခအရိယသစ္စာတရားသည်။ ခန္ဓေ၊ မိမိမှီခိုရာခန္ဓာတို့ကို။ ဝိဗာဓတိ၊ ပြန်၍နှိပ်စက်၏။ ဝါ၊ တနည်းကား။ လက္ခံ၊ မှတ်တိုင်သည်။ ပ ဟရဏာဟာရဿ၊ ပစ်ခတ်ရိုက်နှက်သော လက်နက်အပေါင်း၏။ ဝတ္ထု ယထာ၊ တည်ရာ မှီတွယ်ရာဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ခန္ဓာ၊ ခန္ဓာတို့သည်။ သံသာရဒုက္ခဿ၊ သံသရာ၌ဖြစ်တတ်သော ဆင်းရဲအမျိုးမျိုး၏။ ဝတ္ထု၊ တည်ရာ မှီတွယ်ရာတည်း။

**အဓိပ္ပါယ်ကား။** မီးတို့ထုံးစံသည် လောင်စာကိုသာ ကျွမ်းလောင်ဖျက်ဆီးဘိသကဲ့သို့ငြင်း။ လေး လက်နက် သေနတ် လက်နက်များသည် ပစ်ခတ်ရာဖြစ်သော မှတ်တိုင်ကိုသာ ထိမှန်၍ ဖျက်ဆီးဘိသကဲ့သို့ငြင်း။ ခြင် မှက် ယင် ရဲ စသည်တို့သည် နွားများကို ကိုက်ခဲညှဉ်းဆဲဘိသကဲ့သို့ငြင်း။ လယ်ရိတ်သမားတို့သည် ကောက်ပင်ကိုသာရိတ်ဖြတ်ညှဉ်းဆဲဘိသကဲ့သို့ငြင်း။ ခိုးသူ ဓါးပြတို့သည် ရွာကိုသာ ဖျက်ဆီး ညှဉ်းဆဲဘိသကဲ့သို့ငြင်း။ ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အပ္ပိယသမ္ပယောဂ ပိယဝိပ္ပယောဂ ဇုန္တိတာလာဘ အစရှိသော ဒုက္ခမျိုး အပေါင်းတို့သည် အထူးထူးအပြားပြားအားဖြင့် မိမိတို့မှီရာ ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော ခန္ဓာငါးပါးတို့ကိုသာလျှင် ညှဉ်းဆဲ နှိပ်စက်ကြကုန်၏။ မြက်ပင် နွယ်ပင်စသည်တို့သည် မြေ၌သာ ဖြစ်ပေါ်ကြကုန် သကဲ့သို့ငြင်း။ အပွင့်အသီး ရွက်နုကလေးတို့သည် သစ်ပင်၌သာ ဖြစ်ကြကုန်သကဲ့သို့ငြင်း။ ထိုဒုက္ခအမျိုးမျိုးတို့သည်လည်း မိမိတို့၏ မှီရာတွယ်ရာဖြစ်သော ခန္ဓာငါးပါးတို့၌သာ ဖြစ်ကြရကုန်၏။

သတ္တဝါတယောက်၌ ... အမျိုးမျိုးတို့ကို (တရာ) ရှိ၏ဟူ၍ငြင်း။ (တထောင်) ရှိ၏ဟူ၍ငြင်း။ (တသောင်း) ရှိ၏ဟူ၍ငြင်း။ (တသိန်း) ရှိ၏ဟူ၍ငြင်း အကျဉ်းချုံးခြင်းငှါ မတတ်နိုင်။ ထိုဒုက္ခအမျိုးမျိုးတို့၏ မှီရာတည်ရာကိုသာလျှင် အကျဉ်းချုံး၍ (သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ)ဟု ဟောတော်မူရချေသည်။

**ခန္ဓာငါးပါးဟူသည်ကား**

(၁) ရူပက္ခန္ဓာ အပူအအေး စသည်တို့ကြောင့် ဖောက်လွဲဖောက်ပြန်ဖြစ်တတ်သော ရုပ်အပေါင်း ရုပ်အစု။

(၂) ဝေဒနာက္ခန္ဓာ ကောင်းမကောင်း အလုပ်အားဖြင့် ခံစားတတ်သော ဝေဒနာအပေါင်း ဝေဒနာအစု။

(၃) သညာက္ခန္ဓာ ကောင်းစွာမှတ်သား မှတ်မိတတ်သော သညာအပေါင်း သညာအစု။

(၄) သင်္ခါရက္ခန္ဓာ စေ့ဆော် ပြုပြင်တတ်သော စေတနာအပေါင်း စေတနာအစု။
(၅) ဝိညာဏက္ခန္ဓာ ထွေထွေလာလာ ကြံသိတတ်သောဝိညာဏ် အပေါင်း ဝိညာဏ်အစု။

ရုပ်နာမ်နှစ်ပါး ဟူသည်ကား

(၁) ရူပက္ခန္ဓာ ရုပ်ပေါင်း ရုပ်အစုသည် ရုပ်တရားမည်၏။
(၂) ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဟုဆို အပ်သော နာမ်အပေါင်း နာမ်အစုသည် နာမ်တရားမည်၏။

---

ဝိဝင္ဆဒါန ပြုသောအခါ၌

(၁) သမုတိသစ္စာ အားဖြင့် အလှူ ဒါယကာ အလှူ ဒါယိကာမတည်း။ ပရမတ္ထ သစ္စာအားဖြင့် ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးတည်း။
(၂) သမုတိသစ္စာအားဖြင့် အလှူခံပုဂ္ဂိုလ်တည်း။ ပရမတ္ထသစ္စာအားဖြင့် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတည်း။
(၃) သမုတိသစ္စာအားဖြင့် ကျောင်း သင်္ကန်း ဆွမ်း ဆေး တည်း။ ပရမတ္ထသစ္စာအားဖြင့် ရူပက္ခန္ဓာ ရုပ်တရားတည်း။

ဤကဲ့သို့ သမုတိသစ္စာ ပရမတ္ထသစ္စာနှစ်ပါး ကွဲပြားစွာမြင်ရမည်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီး၌

ရဇ္ဇုဂ္ဂဟော ဂါ ဒါရုယန္တံ၊ သဗျာပါရံဝ ခါယတိ။
ဧဝံ သုညံ နာမရူပံ၊ အညမညံ သမာယုတံ။ ။

**အနက်ကား**။ ရဇ္ဇုဂ္ဂဟော ဂါ၊ ကြိုးနှင့်ပေါင်းဖော်မိခြင်းကြောင့်။ ဒါရုယန္တံ၊ ကြိုးယန္တရားဖြင့် ငွါးငွါးလှုပ်သော သစ်သားရုပ်သည်။ သဗျာပါရံဝ၊ သွားလာ ကခုန် ဗျာပါရရှိပုံယောင်ယောင်။ ခါယ တိယထာ၊ မဟုတ်ဘဲနှင့် အလွဲပင် ထင်ရသကဲ့သို့။ ဧဝံ၊ ဤအတူ။ သုညံ၊ သတ္တ ဇီဝ ဗျာပါရကင်းဆိတ်သော။ နာမရူပံ၊ နာမ်ရုပ်တရား နှစ်ပါးသည်။ အညမညံ သမာယုတံ၊ အချင်းချင်း ပေါင်းယှဉ်ကြသည်

ဖြစ်၍၊ သမျာသါရံဇူဝ၊ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်းဟု ဆိုအပ်သော ယာပိုထ် လေးရပ် ဟူပ်ရှား တတ်သကဲ့သို့။ ခါယတိ၊ မဟုတ်ဘဲနှင့် အလွဲပင်ထင်ရ၏။

**အဓိပ္ပါယ်ကား**။ ဤလောက ရုပ်သေး ဇာတ်သဘင်ပွဲ ကပြကြသောအခါ စင်တော်ကြီး ပေါ်၌ ဝန်ကြီးလေးပါး ထွက်လာကြ၏။ ရှင်ဘုရင်ထွက်လာ၏။ ပြန်ဝင်သွားကြ၏။ လူပျက်များ ထွက်လာကြ၏။ မင်းသား မင်းသမီး ထွက်လာကြ၏။ ကကြ ခုန်ကြ သီချင်း ဆိုကြ၏။ ငိုချင်းချကြ၏။ ပွဲကြည့်သူတို့၏ စိတ်ထဲမှာ အဟုတ် ဝန်ကြီး ရှင်ဘုရင်ကြီး လူပျက် မင်းသား မင်းသမီး ထင်ကြရ၏။

ဝန်ကြီးလေးပါးဆိုသည်မှာ သစ်သားနှင့် ကြိုးမျှသာ အဟုတ် အမှန်ရှိ၏။ ဘုရင်ဆိုသည်မှာလည်း သစ်သားနှင့်ကြိုးမျှသာအဟုတ် အမှန်ရှိ၏။ လူပျက် ဆိုသည်မှာလည်း ကြိုးနှင့် သစ်သား မျှသာ။ မင်းသား မင်းသမီးဆိုသည်မှာလည်း သစ်သားနှင့်ကြိုးမျှသာအဟုတ် အမှန်ရှိ၏။ သွားပုံ ရပ်ပုံ ထိုင်ပုံ လျောင်းပုံ ကပုံ ခုန်ပုံ သီချင်းဆိုပုံ ငိုချင်းချပုံ စသော အမူအရာ များသည်လည်း သစ်သားနှင့် ကြိုး ပေါင်းဆုံ ယှဉ်တွဲပုံ အမူအရာမျှသာတည်း။ ပွဲကြည့်သူတို့၏ စိတ်ထဲ မှာမူကား တကဲ့အမူအရာဟု ထင်မြင် ကြရ၏။ ရုပ်သေးစင်ကြီး တခုလုံး နှစ်ပုံပုံ၍ ကြည့်လိုက်ပါလျှင် ကြိုးများက တပုံနှင့်။ သစ်သား များကတပုံ ပေါင်း နှစ်စုနှစ်ပုံမျှသာရှိ၏။

အလှူတော် မင်္ဂလာ ပွဲများမှာ ဝေဿန္တရာ ဇာတ်တော်ကြီးကို ခင်းကျင်းပြသကြပါလျှင် ဝန်ကြီးလေးပါး ဆိုသည်ကား...ကြိုးတပုံ နှင့် သစ်သားတပုံ ဤနှစ်စုနှစ်ပုံမျှသာဖြစ်၏။ ရှင်ဘုရင်ကြီး ဆိုသည် မှာလည်း ကြိုးတပုံနှင့်သစ်သားတပုံ ဤနှစ်စု နှစ်ပုံ မျှသာတည်း။ ဝေဿန္တရာမင်းသားနှင့် မဒ္ဒီမိဖုရား ဆိုသည်မှာလည်း ကြိုးတပုံ နှင့် သစ်သားတပုံ ဤနှစ်စု နှစ်ပုံ မျှသာတည်း။ ဆင်ဖြူတော်ကြီး ဆိုသည်မှာလည်း ကြိုးနှင့်သစ်သား နှစ်စုနှစ်ပုံမျှသာတည်း။ အလှူခံ ပုဏ္ဏားကြီးရှစ်ယောက် ဆိုသည်မှာလည်း ကြိုးနှင့် သစ်သား နှစ်စု နှစ်ပုံမျှသာတည်း။ ဆင်ဖြူတော် အလှူတကာ ဝေဿန္တရာမင်းသား

မဒ္ဒဝမင်းသမီးကိုနှင့် ဆင်ဖြူတော်ကြီး။ အလှူခံပုဏ္ဏား ရှစ်ယောက်တို့ကို စုပေါင်း ပေါင်းလိုက်သော် ကြိုးတစုတပုံနှင့် သစ်သား တစုတပုံ ဤနှစ်စု နှစ်ပုံ မျှသာတည်း။ ရေစက် သွန်းချပုံ အမူအရာ အလှူခံပုံအမူအရာ လှူဘွယ်ဝတ္ထု အမူအရာ တို့သည်လည်း ကြိုးနှင့် သစ်သားပေါင်းဆုံ ယှဉ်တွဲမှု အမူအရာမျှသာတည်း။

## ဤရုပ်သေး ဥပမာအတူ

သုံးဆယ့်တဘုံ တည်းဟူသော ရုပ်သေးစင်ကြီး၌။ လူတွေ ဆိုသည်မှာ ရူပက္ခန္ဓာ ရုပ်တရား တစုတပုံနှင့် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟုဆိုအပ်သော နာမ်တရားတစုတပုံ ပေါင်း ဤနှစ်စုနှစ်ပုံ မျှသာရှိ၏။ သွားချင် ရပ်ချင် ထိုင်ချင် လျောင်းချင်သော နာမ်တရားကြောင့် ရူပက္ခန္ဓာ ရုပ်တရားကြီးက သွားတဲ့ ရပ်တဲ့ ထိုင်တဲ့ လျောင်းတဲ့ အမူအရာ ဖြစ်ပေါ်လာရသည်။ နာမ်နှင့်ရုပ် ပေါင်းဆုံမှု အမူအရာကို သွားတယ် ရပ်တယ် ထိုင်တယ် လျောင်းတယ်ဟု ခေါ်ဝေါ် ပြောဆိုကြရသည်။

ထို့အတူ အပါယ်သတ္တဝါ နတ်ဗြဟ္မာတို့ကို ပရမတ္ထ သစ္စာဖြင့် ကြည့်သည်ရှိသော် ရုပ်တရားတစုတပုံနှင့် နာမ်တရားတစုတပုံ ဤနှစ်ပုံမျှသာရှိ၍ နာမ်တရားကြောင့် ရုပ်တရားက သွားပုံ ရပ်ပုံ ထိုင်ပုံ လျောင်းပုံ အမူအရာ ဖြစ်ပေါ်လာရသည်။

ထို့ကြောင့် (၃၁) ဘုံတည်းဟူသော ရုပ်သေးစင်ကြီး၌ သတ္တဝါ အနန္တဆိုသည်မှာ ကြိုးနှင့်တူသော နာမ်တရား တစုတပုံနှင့်။ သစ်သားနှင့်တူသော ရုပ်တရားတစုတပုံ ဤနှစ်စု နှစ်ပုံ မျှသာရှိ၏။

သတ္တဝါ အနန္တ သွားသည်ဆိုသည်မှာ ကြိုးနှင့် တူသော နာမ်တရား အမူအရာနှင့် သစ်သားနှင့် တူသော ရုပ်တရား အမူအရာ ပေါင်းဆုံယှဉ်တွဲခြင်း မျှသာတည်း။ သတ္တဝါအနန္တ ရပ်ကြသည် ဆိုသည်မှာလည်း ကြိုးနှင့်တူသောနာမ်တရား။ သစ်သားနှင့် တူသော ရုပ်တရား ပေါင်းဆုံယှဉ်တွဲခြင်းမျှသာတည်း။ သတ္တဝါအနန္တထိုင်ကြသည် ဆိုသည်မှာလည်း ကြိုးနှင့် တူသော နာမ်တရား သစ်သားနှင့်

တူသောရုပ်တရား ပေါင်းဆုံယှဉ်တွဲခြင်းမျှသာတည်း။ သတ္တဝါအနန္တ လျှောင်းကြသည် ဆိုသည်မှာလည်း ကြုံနှင့် တူသော နာမ်တရား သစ်သားနှင့်တူသောရုပ်တရား ပေါင်းဆုံယှဉ်တွဲခြင်း မျှသာတည်း။

## ရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တ ဆိုသည်ကား

ရုပ်စုံသဘင် အရုပ်ကလေးတို့သည့် ထွက်ပေါ်၍ ကပြလိုက် ဝင်၍သွား လိုက် သွားပြလိုက် တမျိုး ရပ်ပြလိုက်တမျိုး ထိုင်ပြလိုက်တမျိုး လျှောင်းပြလိုက် တမျိုး အမျိုးမျိုး အမူအရာတွေကဲ့သို့ သတ္တဝါအနန္တ ဟု သမုတ်အပ်သည့်၌ ကြိုးနှင့် သစ်သား နာမ်ရုပ်နှစ်ပါး နှစ်စု နှစ် ပုံတို့သည်လည်းဖြစ်ပေါ်၍ လာလိုက် ပျက်၍သွားလိုက် သွားတဲ့ အမူအရာပြလိုက် ပျက်၍သွားလိုက်။ တဖန် ရပ်တဲ့ အမူအရာ ပြလိုက် ပျက်၍သွားလိုက်။တဖန် ထိုင်ထဲ့အမူအရာ ပြလိုက် ပျက်၍သွားလိုက်။ တဖန် လျှောင်းတဲ့အမူအရာပြလိုက် ပျက်၍ သွားလိုက် အဲဒါလို ဖြစ်က ပျက်သွားတဲ့ အနိစ္စ တရား ဒုက္ခတရား အနတ္တ တရား တို့သာတည်း။

## ဝိပဿနာ ပြုသည့်အခါ

ဝေဿန္တရာမင်းသား မဒ္ဒီမင်းသမီး အရုပ်ကလေးများသည် အလှူ့ဒါယကာ အလှူ့ဒါယိကာမ များနှင့်တူသည်။

အလှူခံပုဏ္ဏားရှစ်ပါး အရုပ်များနှင့် အလှူခံ ရဟန်း သံဃာတော် များတူသည်။

ဆင်ဖြူတော်အရုပ်နှင့် လှူဘွယ်ဝတ္ထု အစုစုတူသည်၊ ကျောင်း သင်္ကန်း ဆွမ်း ဆေး တူသည်။

## တူပုံကား

ဝေဿန္တရာမင်းသားနှင့် မဒ္ဒီမင်းသမီး ဆိုသည်မှာ ကြိုးတစု တပုံ သစ်သားတစုတပုံ ဤနှစ်စုနှစ်ပုံသာ အဟုတ်အမှန်ရှိဘိသကဲ့ သို့ အလှူ့ဒါယကာ အလှူ့ဒါယိကာမ ခေါ်ဆိုသည်မှာလည်း ကြိုး နှင့်တူသော ဝေဒနာ သညာ စေတနာ ဝိညာဏ်ဟု ဆိုအပ်သော

နာမ်တရား တစုတပုံနှင့်။ သစ်သားနှင့်တူသော စေတနာ စိတ္တဇရုပ်စသော ရုပ်တရားတစု တပုံ ဤနှစ်စုနှစ်ပုံ သာလျှင် ပရမတ္ထသစ္စာအားဖြင့် အထင်အရှား ရှိသည်။

အလှူ့တကာ အလှူ့အမ သွား၍ လှူသည် ဆိုသည်ကား....ကြိုးနှင့်တူသော နာမ်တရားက သွားလိုသဖြင့် သစ်သားနှင့်တူသော ရုပ်တရားက သွားပုံအမူအရာ ဖြစ်ပေါ်လာရသည်။ နာမ်ရုပ်နှစ်ပါး၏ ပေါင်းဆုံယှဉ်တွဲမှု အမူအရာ ကြိယာထူးမျှသာတည်း။

အလှူတကာ အလှူ့အမ ရပ်၍လှူသည် ဆိုသည်ကား ကြိုးနှင့်တူသော နာမ်တရားနှင့် သစ်သားနှင့်တူသော ရုပ်တရားတို့၏ ပေါင်းဆုံယှဉ်တွဲမှု အမူအရာ ကြိယာထူးမျှသာတည်း။

အလှူ့တကာ အလှူ့အမ ထိုင်၍လှူသည် ဆိုသည်ကားကြိုးနှင့်တူသော နာမ်တရားနှင့် သစ်သားနှင့်တူသော ရုပ်တရားတို့၏ ထိုင်ပုံပေါင်းဆုံ ယှဉ်တွဲမှု အမူအရာကြိယာထူးမျှသာတည်း။

အရုပ်မင်းသားနှင့် အရုပ်မင်းသမီးတို့မှာ ကြိုးနှင့်ကြိုး၏ အမူအရာ အမျိုးမျိုး။ သစ်သားနှင့် သစ်သားအမူအရာ အမျိုးမျိုးသာရှိဘိသကဲ့သို့ အလှူ့တကာ အလှူ့အမသွား၍လှူသည် ရပ်၍လှူသည် ထိုင်၍လှူသည် ဆိုသည်မှာလည်း စေတနာ နာမ်တရားနှင့် ထိုနာမ်တရား၏ အမူအရာ အမျိုးမျိုး ဝါယောဓာတ်နှင့်တကွ ရုပ်တရားနှင့် ထိုရုပ်တရား၏ အမူအရာ အမျိုးမျိုးသာ အဟုတ်အမှန် ရှိချေသည်။

အလှူခံပုဂ္ဂိုလ် (၈) ယောက် ဆိုသည်မှာ ကြိုးတစုတပုံ သစ်သားတစုတပုံ ဤနှစ်စုနှစ်ပုံသာ အဟုတ်အမှန် ရှိဘိသကဲ့သို့ အလှူခံပုဂ္ဂိုလ်များ ဆိုသည်မှာလည်း ကြိုးနှင့်တူသော နာမ်တရားတစုတပုံနှင့် သစ်သားနှင့်တူသော ရုပ်တရားတစုတပုံ ဤနှစ်စုနှစ်ပုံသာလျှင် ပရမတ္ထသစ္စာအားဖြင့် အထင်အရှားရှိသည်။

အလှူခံပုဂ္ဂိုလ် ကြွလာသည် ရပ်နေသည် ထိုင်နေသည် ဆိုသည်မှာလည်း နာမ်တရားနှင့်ရုပ်တရားပေါင်းဆုံယှဉ်တွဲမှု အမူအရာကြိယာ အထူးမျှသာတည်း။

ဆင်ဖြူတော်ကြီး ဆိုသည်မှာ ကြိုးတစု တပုံနှင့် သစ်သားတစု တပုံ ညှိနှစ်စုနှစ်ပုံသာ အဟုတ်အမှန် ရှိဘိသကဲ့သို့ လူ့ဘွယ်ဝတ္ထု အစုစု ဆွမ်း သင်္ကန်း ကျောင်း ဆေး လေးပါးသော ပစ္စည်းစုတို့သည်လည်း သစ်သားနှင့်တူသော ရုပ်တရားအစုအပုံမျှသာလျှင် ပရမတ္ထသစ္စာအားဖြင့် အထင်အရှားရှိကုန်၏။ ရုပ်တရား အစုအပုံတို့၏ အမှုအရာကြီးယာ အထူးမျှသာ အထင်အရှားရှိကုန်၏။

## အနိစ္စ ဒုက္ခ အနတ္တ

အလှူ့တဘက အလှူ့အမဟုခေါ်ဆိုအပ်သော ခန္ဓာငါးပါး နာမ်တရား ရုပ်တရားတို့သည် မင်းသားရုပ် မင်းသမီးအရုပ်ကလေးများ ထွက်ပေါ်၍ ပြန်ဝင်သွားလိုက် တဖန် သွား၍ပြလိုက် တဖန် ရပ်၍ပြလိုက် တဖန် ထိုင်၍ပြလိုက် က ပြကြဘိသကဲ့သို့ လှူဘို့ရာ ဖြစ်ပေါ်လာ၍ လှူပြီးသောအခါ ပျက်သွားကြကုန်၏။ တဖန် သွား၍လှူဘို့ရာ ဖြစ်ပေါ်လာ၍ ပျက်သွားကြကုန်၏။ တဖန် ရပ်၍လှူဘို့ရာ ဖြစ်ပေါ်လာ၍ ပျက်သွားကြကုန်၏။ တဖန် ထိုင်၍လှူဘို့ရာ ဖြစ်ပေါ်လာ၍ ပျက်သွားကြကုန်၏။ ထို့ကြောင့် လှူဆဲအခါ၌ ဖြစ်ပေါ်နေသော ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတို့သည် အနိစ္စ ဒုက္ခ အနတ္တ တရားတို့သာတည်း။

အလှူခံပုဂ္ဂိုလ်များဟု ခေါ်ဆိုအပ်သော ခန္ဓာငါးပါး နာမ်တရား ရုပ်တရားတို့သည်လည်း အလှူခံကြွသွားဆဲအခါ နာမ်ရုပ်ဖြစ်ပေါ်၍ ပျက်သွားကြကုန်၏။ အလှူခံရပ်ဆဲအခါ နာမ်ရုပ်ဖြစ်ပေါ်၍ ပျက်သွားကြကုန်၏။ အလှူခံထိုင်ဆဲအခါ နာမ်ရုပ်ဖြစ်ပေါ်၍ ပျက်သွားကြကုန်၏။ ထို့ကြောင့် အလှူခံ ဆဲ အခါ၌ ဖြစ်ပေါ်နေသော ခန္ဓာငါးပါး နာမ်တရား ရုပ်တရားတို့သည် အနိစ္စ ဒုက္ခ အနတ္တ တရားတို့သာတည်း။

လှူဘွယ်ဝတ္ထု အစုစုဟု ခေါ်ဆိုအပ်သော အဋ္ဌကလာပ် ရုပ်တရားတို့သည်လည်း ပူသောအခါ၌ ဖြစ်ပေါ်လာ၍ ပျက်သွားကြကုန်၏။ အေးသောအခါ၌ ဖြစ်ပေါ်လာ၍ ပျက်သွားကြကုန်၏။ ထို့ကြောင့် သင်္ခါရအနိစ္စ သင်္ခါရဒုက္ခ အနတ္တတရားတို့သာတည်း။

ထို့ကြောင့် အလျှူ့တကာ အလျှူ့အမဟု ခေါ်ဆိုအပ်သော ခန္ဓာငါးပါး နာမ်တရား ရုပ်တရား အနိစ္စ ဒုက္ခ အနတ္တ တရားတို့သည်ရင်း။ အလျှူခံပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်သော ခန္ဓာငါးပါး နာမ်တရား ရုပ်တရား အနိစ္စ ဒုက္ခ အနတ္တ တရားတို့သည်ရင်း။ လှူဘွယ်ဝတ္ထုဟု ခေါ်ဆိုအပ်သော ရုပ်တရား အနိစ္စ ဒုက္ခ အနတ္တတရားတို့သည်ရင်း။ (ဒုက္ခံ တေဘူမကံ ဝဋ္ဋံ ) ဟူသည့်နှင့်အညီ ဒုက္ခအရိယ သစ္စာတရားတို့သာ တည်းဟု ရှုမြင်ဆင်ခြင်အပ်ကုန်၏။

ဤကား ခန္ဓာငါးပါး နာမ်ရုပ်တရားတို့၌
ဒုက္ခအရိယသစ္စာကို ပြဆိုခြင်းတည်း။

---

### သမုဒယ အရိယသစ္စာကိုပြဆိုခန်း

သမုဒယ အရိယသစ္စာ ဆိုသည်မှာ လောဘစေတသိက်ဟု ဆိုအပ်သော တဏှာပင်တည်း။

ထိုတဏှာသည်

(၁) ကာမတဏှာ (၂) ဘဝတဏှာ (၃) ဝိဘဝတဏှာဟူ၍ သုံးပါးအပြားရှိ၏။

(၁) ကာမတဏှာ ဆိုသည်ကား အဘယ်ကို ခေါ်သနည်းဟူငြားအံ့။

(၁) မျက်စိအကြည်ရုပ်၌ ထင်၍လာသော ရူပါရုံကို ကာမဂုဏ်အနေဖြင့် သာယာသော ရူပတဏှာ။

(၂) နားအကြည်ရုပ်၌ ထင်၍လာသော သဒ္ဒါရုံကို ကာမဂုဏ်အနေဖြင့် သာယာသော သဒ္ဒတဏှာ။

(၃) နှာအကြည်ရုပ်၌ ထင်၍လာသော ဂန္ဓာရုံကို ကာမဂုဏ်အနေဖြင့် သာယာသော ဂန္ဓတဏှာ။

(၄) လျှာအကြည်ရုပ်၌ ထင်၍လာသော ရသာရုံကို ကာမဂုဏ်အနေဖြင့် သာယာသော ရသ တဏှာ။

(၅) ကိုယ်အကြည်ရုပ်၌ ထင်၍လာသော ဖောဋ္ဌဗ္ဗာရုံကို ကာမဂုဏ်အနေဖြင့် သာယာသော ဖောဋ္ဌဗ္ဗတဏှာ၊
(၆) မနောအကြည်၌ ထင်၍လာသော ဓမ္မာရုံကို ကာမဂုဏ်အနေဖြင့် သာယာသော ဓမ္မတဏှာ။

ဤတဏှာ (၆)ပါးကို ကာမတဏှာ ခေါ်ပါသည်။

ထို့ကြောင့် သမ္မောဝိနောဒနီမဂ်္ဂဝိသုဒ္ဓိမဂ် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကြီး ဋီကာကြီးတို့၌....

ယဒါ စက္ခုဿ အာပါထ မာဂတံ ရူပါရမ္မဏံ ကာမဿာဒ ဝသေန အဿာဒယ မာနာ ပဝတ္တတိ။ တဒါ ကာမတဏှာနာမ ဟောတိ။ ဧသနယော သဒ္ဒတဏှာဒီသုပိ။

**အနက်ကား။** ယဒါ၊ အကြင်အခါ၌။ စက္ခုဿ၊ မျက်စိအကြည်အား။ အာပါထံ၊ ထင်ခြင်းသို့။ အာဂတံ၊ ရောက်လာသော။ ရူပါရမ္မဏံ၊ ရူပါရုံကို။ ကာမဿာဒဝသေန၊ ကာမဂုဏ်အနေနှင့်သာယာသည်၏အစွမ်းဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ကာမတဏှာနာမ၊ ရူပါရုံကိုသာယာသောကာမတဏှာမည်သည်။ ဟောတိ၊ ဖြစ်၏။ ဧသနယော၊ ဤနည်းကို။ သဒ္ဒတဏှာဒီသုပိ၊ သဒ္ဒတဏှာအစရှိသည်တို့၌လည်း။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဤသို့ ကာမတဏှာ (၆)ပါးကို မိန့်ဆိုကြကုန်ပြီ။

## (၂) ဘဝတဏှာ ဟူသည်ကား

ယဒါ တဒေဝါ ရမ္မဏံ ဓုဝံ သဿတန္တိ ပဝတ္တာယ ဒိဋ္ဌိယာ သဒ္ဓိံ ပဝတ္တတိ။ တဒါ ဘဝတဏှာနာမ ဟောတိ။ သဿတဒိဋ္ဌိ သဟဂတော ဟိ ရာဂေါ ဘဝတဏှာတိ ဝုစ္စတိ။

**အနက်ကား။** ယဒါ၊ အကြင်အခါ၌။ တဒေဝါရမ္မဏံ၊ ရူပသဒ္ဒ စသည် ခြောက်စုံ၊ ထိုအာရုံကိုပင်လျှင်၊ ဓုဝံ၊ ခိုင်မြဲ၏။ သဿတံ၊ အခါခပ်သိမ်း တည်နေ၏။ ဣတိ၊ ဤသို့။ ပဝတ္တာယ ဒိဋ္ဌိယာ၊ ဖြစ်သော ဒိဋ္ဌိအယူနှင့်။ သဒ္ဓိံ၊ အတူ တကွ။ ပဝတ္တတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ဘဝတဏှာနာမ၊ ဘဝတဏှာ မည်သည်။ ဟော

တိ၊ ဖြစ်၏။ ဟိ သစ္စံ၊ ထိုစကားမှန်၏။ သဿတဒိဋ္ဌိ သဟဂတော၊ သဿတ ဒိဋ္ဌိနှင့် တကွဖြစ်သော၊ ရာဂေါ၊ ရာဂတရားကို။ ဘဝတဏှာတိ၊ ဘဝတဏှာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဓိပ္ပါယ်ကား**။ ယခင် အဋ္ဌကထာကြီး ဋီကာကြီးတို့နှင့်အညီ တွေ့မြင် ကြုံကြိုက် ရသော အာရုံစုနှင့် မိမိဟူသော နတ်လူဗြဟ္မာ သတ္တဝါကောင်များကိုလည်း ခိုင်မြဲ၏ဟု အထင်ကပ်လျက် တပ်နှစ်သက်သော တဏှာကို (ဘဝေါတိ သဿတံ) (ဘဝေ တဏှာ ဘဝတဏှာ) ဟူသည်နှင့်အညီ မြဲ၏ဟု အထင်ကပ်သော ဘဝဒိဋ္ဌိ အပေါ်မှာ တဏှာက ဆင့်ပြန်သည့်အတွက် (ဒိဋ္ဌိ တဏှာ) နှစ်ပါးလုံးကို ခေါ်စပ်လျက် ဘဝတဏှာဟု မိန့်ဆိုကြချေသည်။

## (၃) ဝိဘဝ ဘဏှာ ဟူသည်ကား

ယဒါ ပန တဒေဝါ ရမ္မဏံ ဥစ္ဆိဇ္ဇတိ ဝိနဿတီတိ ပဝတ္တာယ ဥစ္ဆေဒ ဒိဋ္ဌိယာ သဒ္ဓိံ ပဝတ္တတိ။ တဒါ ဝိဘဝ တဏှာနာမ ဟောတိ။ ဥစ္ဆေဒ ဒိဋ္ဌိ သဟဂတော ဟိ ရာဂေါ ဝိဘဝတဏှာတိ ဝုစ္စတိ။

**အနက်ကား**။ ယဒါပန၊ အကြင်အခါ၌ကား။ တဒေဝါရမ္မဏံ၊ ထိုအာရုံ ခြောက်ပါးကိုပင်လျှင်။ ဥစ္ဆိဇ္ဇတိ၊ ပြတ်တောက် တတ်၏။ ဝိနဿတိ၊ ပျက်စီးတတ်၏။ ဣတိ၊ ဤသို့။ ပဝတ္တာယ ဥစ္ဆေဒ ဒိဋ္ဌိယာ၊ ဖြစ်သော ဥစ္ဆေဒ ဒိဋ္ဌိအယူနှင့်။ သဒ္ဓိံ၊ အတူ တကွ။ ပဝတ္တတိ၊ ဖြစ်တတ်၏။ တဒါ၊ ထိုအခါ၌။ ဝိဘဝတဏှာနာမ၊ ဝိဘဝတဏှာ မည်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ သစ္စံ၊ ထိုစကားမှန်၏။ ဥစ္ဆေဒ ဒိဋ္ဌိ သဟဂတော၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော။ ရာဂေါ၊ ရာဂကို။ ဝိဘဝတဏှာတိ၊ ဝိဘဝတဏှာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဓိပ္ပါယ်ကား**။ ယခင် အဋ္ဌကထာ ဋီကာ တို့နှင့် အညီ တွေ့မြင် ကြုံကြိုက်ရသော အာရုံစုနှင့် မိမိဟူသော နတ်လူ ဗြဟ္မာ သတ္တဝါ ကောင်တွေကိုလည်း သေလွန်သည်မှနောက် ပြတ်တောက် ပျက်စီး ရ၏ဟု အထင် ကပ်လျက် တပ်နှစ် သက်တတ်သော တဏှာကို

(ဝိဘဝေါတိ ဥဒ္ဒေသောဒံ) (ဝိဘဝေတဏှာ ဝိဘာဝ တဏှာ) ဟူသော အဋ္ဌကထာ ဋီကာတို့နှင့်အညီ သေလွန်သည့် နောက် ပြတ်တောက် ပျက်စီးတတ်၏ဟု အထင်ရှိသော (ဝိဘဝဒိဋ္ဌိ) အပေါ်မှာ တဏှာ က ဆင့်ပြန်သည့် အတွက် (ဒိဋ္ဌိ တဏှာ) နှစ်ပါးလုံးကို ရောစပ် လျက် (ဝိဘဝတဏှာ) ဟု မိန့်ဆိုတော်မူခဲ့သည်။

ဒုက္ခသစ္စာတရားကို ဖြစ်စေရာ၌ အဝိဇ္ဇာ ကံ ဥပါဒါန်စသော အ ကုသလ တရားတို့သည် ထင်ရှားရှိပါကုန်လျက် တဏှာကို သာလျှင် သမုဒယသစ္စာ ဟု ဟောတော်မူရခြင်းသည်....

ဒုက္ခဟေတူသု ဝိဇ္ဇမာနေသု တဏှာဝ သမုဒယသစ္စန္တိ ဝုတ္တာ။

**အနက်ကား။** ဒုက္ခဟေတူသု၊ ဒုက္ခသစ္စာ၏ အကြောင်းတရား တို့သည်။ ဝိဇ္ဇမာနေသု၊ ထင်ရှားရှိကြပါကုန်လျက်။ တဏှာဝ၊ တဏှာ ကိုသာလျှင်။ သမုဒယသစ္စန္တိ၊ သမုဒယသစ္စာဟူ၍။ ဝုတ္တာ။ ဟော တော်မူအပ်၏။

ဤသို့ ဋီကာကြီးတို့၌ မိန့်ဆိုတော်မူကြသောကြောင့် ဒုက္ခသစ္စာကို ဖြစ်စေရာ၌ တဏှာ သည်သာလျှင် ဝိသေသ အကြောင်းရင်း ဖြစ်သတည်း။

ဤကား....ခန္ဓာငါးပါး နာမ်တရား ရုပ်တရား ဒုက္ခအရိယသစ္စာ ကို ဖြစ်ပွားစေတတ်သော သမုဒယ အရိယ သစ္စာကို ပြဆိုသော စကားတည်း။

---

## နိရောဓအရိယသစ္စာကို ပြဆိုခန်း

နိဗ္ဗာန်ကို (ဒုက္ခနိရောဓ) ဟု ဟောပြီးဖြစ်ပါလျက် ဒုက္ခချုပ်ပုံကို မပြဘဲ သမုဒယ ချုပ်ပုံကိုသာ အဋ္ဌကထာ ဋီကာတို့၌ ဖွင့်ပြတော်မူ ရခြင်းသည်....

သမုဒယ နိရောဓေန ဒုက္ခနိရောဓော။ ဗျာဓိနိမိတ္တ ဂုပ သမနေန ဗျာဓိဝူပ သမောဝိယ ဟိ ဟေတု နိရောဓေန ဖလနိရောဓော။ တသ္မာ သမုဒယ နိရောဓေနေဝ ဒုက္ခံ နိရုဇ္ဈတိ။

**အနက်ကား။** သမုဒယနိရောဓေန၊ အကြောင်းသမုဒယ ချုပ်ခြင်းကြောင့်။ ဒုက္ခနိရောဓော၊ အကျိုးဒုက္ခ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ဥပမာဖြင့် မြင်သာအောင် ပြဆိုဦးအံ့။ ဗျာဓိနိမိတ္တ ဂူပ သမေန၊ အနာဖြစ်ရာ အကြောင်းတို့၏ ငြိမ်းခြင်းကြောင့်။ ဗျာဓိ ဂူပ သမောဝိယ၊ အနာပါပျောက်၍ ငြိမ်းအေးသွားရ ဘိသကဲ့သို့။ ဟေတုနိရောဓေန၊ အကြောင်း သမုဒယ သစ္စာ တဏှာချုပ်ခြင်းကြောင့်။ ဖလနိရောဓော၊ အကျိုး ဒုက္ခသစ္စာ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ သမုဒယ နိရောဓေနဝ၊ သမုဒယသစ္စာတဏှာ ချုပ်ခြင်းကြောင့်သာလျှင်။ ဒုက္ခံ။ အကျိုးဒုက္ခ သစ္စာသည်။ နိရုဇ္ဈတိ၊ ချုပ်၏။

**အဓိပ္ပါယ်ကား။** ယခင်ပြဆိုခဲ့သော အဋ္ဌကထာ ဋီကာတို့နှင့် အညီအနာဖြစ်စရာအကြောင်းတို့၏ ငြိမ်း၍သွားမှုကြောင့်အနာလည်း ပျောက် ငြိမ်းသွားဘိသကဲ့သို့ ဒုက္ခဖြစ်စရာ သမုဒယသစ္စာ တဏှာ ဟူသော အကြောင်းချုပ်ငြိမ်းမှသာလျှင် အကျိုးဒုက္ခသစ္စာလည်း ချုပ် ငြိမ်းသွားရတော့သည်။ ထို့ကြောင့် အကြောင်း သမုဒယချုပ်ပုံကို သာ ဖွင့်ဆိုတော်မူကြချေသည်။

ဤကား....ဒုက္ခနိရောဓ အရိယသစ္စာကို ပြဆိုသော စကား စုတည်း။

---

## မဂ္ဂအရိယသစ္စာကို ပြဆိုချက်း

ယခင် ပြဆိုခဲ့ပြီးသော မဂ္ဂင် (၈) ပါးသည် မဂ္ဂသစ္စာမည်၏။ ထို မဂ္ဂသစ္စာကိုပင် ဒုက္ခနိရောဓ ဂါမိနီပဋိပဒါဟုဟောတော်မူခြင်းကား-

ဒုက္ခနိရောဓံ ဂစ္ဆတိ အာရမ္မဏ ကရဏ ဝသေနာတိဒုက္ခနိရောဓ ဂါမိနီ။

ပဋိပဇ္ဇတိ ပုဂ္ဂလော နိဗ္ဗာနံ အဓိဂစ္ဆတိ တောယ မဗ္ဗဇာတိ သာဘိ ပဋိပဒါ။

**အနက်။** အာရမ္မဏကရဏ ဝသေန၊ အာရုံပြုသည်၏အစွမ်းဖြင့်။ ဒုက္ခနိရောဓံ၊ ဒုက္ခတို့၏ ချုပ်ရာနိဗ္ဗာန်သို့၊ ဂစ္ဆတိ၊ ရောက်ဘဘ်၏။

ဇူတိဘာသွာ၊ ထို့ကြောင့်။ ဒုက္ခနိရောဓ ဂါမိနီ၊ ဒုက္ခနိရောဓ ဂါမိနီ မည်၏။ မဏိသာရမဉ္ဇူသာဋီကာကြီး။

တောယ ဓမ္မဇာတိယာ၊ ဤသမ္မာဒိဋ္ဌိအစရှိသော တရားအပေါင်းဖြင့်။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပဋိပဇ္ဇတိ အဓိဂစ္ဆတိ၊ ရောက်တတ်၏။ ဇူတိဘာသွာ၊ ထိုသို့ ရောက်ကြောင်း ဖြစ်သော သတ္တိကြောင့်။ ပဋိပဒါ၊ ပဋိပဒါမည်၏။ သမ္မောဟဝိနောဒနာကြီး။

ဤသို့ မိန့်ဆိုကြသော ဋီကာကြီးတို့နှင့် အညီ ဒုက္ခအားလုံး တို့၏ ကုန်ဆုံးရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်၍ မဂ္ဂင် ရှစ်ပါးကို ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါဟု ဟောတော်မူချေသည်။ ထိုမဂ္ဂင် ရှစ်ပါး အကျင့်တရားသည် (မဂ္ဂ) မည်၏။ ထို့ကြောင့်....

## သာရတ္ထဒီပနီဋီကာကြီး၌

နိဗ္ဗာနတ္ထိကေဟိ မဂ္ဂိယတီတိ မဂ္ဂေါ ဝိဝဋ္ဋူပ နိဿယ ပုညကရဏာ တော ပဌာယ တဒတ္ထ ပဋိပတ္တိတော။

**အနက်ကား။** ဝိဝဋ္ဋူပ နိဿယ ပုညကရဏာတော၊ ဝိဝဋ္ဋ နိဿိတ ကုသိုလ်ကောင်းမှုကို ကြိုးစားပြုကျင့်သည်မှ။ ပဌာယ၊ အစပြု၍။ တဒတ္ထပဋိပတ္တိတော၊ ထိုနိဗ္ဗာန်ဟူသော အကျိုးကို မြော်ကိုး လျက် ကျင့်ရာကျသောကြောင့်။ နိဗ္ဗာနတ္ထိကေဟိ၊ နိဗ္ဗာန်တရားကို အလိုရှိသော ပုဂ္ဂိုလ်တို့သည်။ မဂ္ဂိယတိ၊ ရအောင်ကုတ်ကတ်ရှာဖွေအပ်၏။ ဇူတိတသွာ၊ ထို့ကြောင့်။ သောဓမ္မော၊ ထိုမဂ္ဂင် ရှစ်ပါးတရားသည်။ မဂ္ဂေါ၊ မဂ်မည်၏။

**အဓိပ္ပါယ်ကား။** ဝိဝဋ္ဋ နိဿိတ ပါရမိကုသိုလ်ကိုပြုသမျှသော ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်တရားကို အလိုရှိ၍ (နိဗ္ဗာန်ဟူသော အကျိုး) ကို မြော်ကိုးတောင့်တ၍သာ ပြုရရောက်လေတော့သည်။ ၎င်းနိဗ္ဗာန် ကို လိုချင်သော ပုဂ္ဂိုလ်တို့သည်လည်း နိဗ္ဗာန်ကိုလည်း ရောက်နိုင်။ နိဗ္ဗာန်ကိုလည်း အာရုံပြုနိုင်သော မဂ်တရားကို ကြိုးစား၍ ရအောင် ရှာဖွေ အားထုတ်ရသေးသည်။ သို့အတွက် နိဗ္ဗာန်ကို အလိုရှိသူတို့

သည် ရှေးဦးစွာ ပဌမရအောင် ရှာဖွေအပ်သော တရားဖြစ်သောကြောင့်လည်း မဂ်တရားဟု ခေါ်ဆိုရချေသည်။

ထိုမဂ္ဂင် ရှစ်ပါးတို့တွင် ဦးစီး အချုပ်ဖြစ်သော (သမ္မာဒိဋ္ဌိမဂ္ဂင်) ၏ သဘောလက္ခဏာကား အဘယ်နည်းဟူငြားအံ့၊

အင်္ဂုတ္တရ အဋ္ဌကထာ သီလက္ခန် အဋ္ဌကထာ၌

သမ္မာ ဒဿန လက္ခဏာ သမ္မာဒိဋ္ဌိ၊

ကောရဲ့ဟုဆာအုဌိကာ၌

သမ္မာ ဒဿန လက္ခဏာတိ သမ္မာ
အဝိပရိတံ အနိစ္စာဒိဝသေန ဒဿန
သဘာဝါ....

**အနက်**။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ မဂ္ဂင်တရားသည်။ သမ္မာဒဿန လက္ခဏာ၊ ကောင်းစွာမယုတ် မဆုတ်မဆိုင်း ဟုတ်တိုင်း တိတိ သိမြင်ခြင်း လက္ခဏာရှိ၏။ သမ္မာဒဿန လက္ခဏာတိ၊ ဟူသည်ကား သမ္မာ အဝိပရိတံ၊ မဖေါက် မပြန် ဟုတ်မှန်စွာ။အနိစ္စာဒိ ဝသေန၊ အနိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့်။ ဒဿန သဘာဝေါ၊ မြင်ခြင်း သဘောတည်း။

**အဓိပ္ပါယ်**။ သမ္မာဒိဋ္ဌိ မဂ္ဂင်တရားသည် ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၌ အနိစ္စ ဒုက္ခ အနတ္တ ဟူ၍သာ မဖေါက် မပြန် ဟုတ်မှန်စွာ မြင်ခြင်းလက္ခဏာ ရှိချေသည်။ ဤဝိပဿနာ သမ္မာဒိဋ္ဌိ မဂ္ဂင်သည် ခန္ဓာငါးပါး ရုပ်နမ်တရားတို့၌ အနိစ္စ ဒုက္ခ အနတ္တဟု ဟုတ်မှန်စွာ ဆင်ခြင်ပွားများသည်။

**ဝိပဿနာကျမ်း**

ဗာဟိရက သမယေ ဝိပဿနာ ရုက္ခသ ဂန္ဓောပိ နတ္ထေ၀။

**မဟာပရိနိဗ္ဗာနသုတ် ဋီကာကြီး**

**အနက်ကား**။ ဗာဟိရက သမယေ၊ ဗုဒ္ဓသာသနာ မပေါ်ထွန်းရာ အခါကာလ၌။ ဝိပဿနာ ရုက္ခဿ၊ အနိစ္စ ဒုက္ခ အနတ္တ

ဟူသော ဝိပဿနာအားထုတ်မှု၏။ ဝဋ္ဋေ၁ပိ၊ ကျင်းဝဋ်သည်လည်း။ နတ္ထ၀၊ မရှိသည်သာလျှင်တည်း။

**အဓိပ္ပါယ်ကား။** ပွတ်ဆောက်ဖျား၌ မုန်ညင်းစေ့မတည်နိုင်သကဲ့သို့ရှင်း ရေအပြင်၌ မီးမတောက်နိုင်သကဲ့သို့ရှင်း ကျောက်ဖျာပေါ်၌ မျိုးစေ့မပေါက်နိုင် သကဲ့သို့ရှင်း ဗုဒ္ဓသာသနာတော်မှတပါး အပဖြစ်သော အခါသမယတို့၌ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၌ အနိစ္စ ဒုက္ခ အနတ္တဟု ရှုသောဝိပဿနာကျမ်းစာများပင် မရှိကြချေ။ မြတ်စွာဘုရား ပွင့်တော်မူသော အခါသမယတို့၌သာလျှင် မြတ်စွာဘုရား သာသနာတော်၌ သာလျှင် မြတ်စွာဘုရား ပိဋကတ်တော်၌ သာလျှင် ဝိပဿနာကျမ်းစာများရှိကြသည်။ ဝိပဿနာ အားထုတ်ပုံ အားထုတ်နည်းများသည် မြတ်စွာဘုရား ပိဋကတ်ကျမ်းစာများ၌ အပြည့်ပါရှိသည်။ မြတ်စွာဘုရား သာသနာတော် အတွင်း၌ အထင်အရှားရှိသည်။ မြတ်စွာဘုရား ပွင့်တော်မူသော အခါ၌ ဝိပဿနာ အားထုတ်ပုံ အားထုတ်နည်းလည်း ပွင့်ထွန်းလာချေသည်။

## မူလပဏ္ဏာသ စူဠသီဟ နာဒသုတ် ဋီကာကြီး၌

မဂ္ဂါမိဂမတ္တာဃ ဝိပဿနာပိ ဣတော ဗဟိဒ္ဓါ နတ္ထိ။ ကုတော မဂ္ဂ ဖလာနိ။

**အနက်။** မဂ္ဂါမိဂမတ္တာဃ၊ မဂ်ဉာဏ်လေးပါးတို့ကို ရခြင်းငှါ။ ဝိပဿနာပိ၊ ဝိပဿနာရှုမှုသည်လည်း။ ဣတော၊ ဤဗုဒ္ဓမြတ်စွာ သာသနာမှ။ ဗဟိဒ္ဓါ၊ အပဖြစ်သော သာသနာ၌။ နတ္ထိ၊ မရှိချေ။ မဂ္ဂ ဖလာနိ၊ မဂ်လေးပါး ဖိုလ်လေးပါးတို့သည်။ ကုတော၊ အဘယ်မှာ ရှိနိုင်ပါအံ့နည်း။

**အဓိပ္ပါယ်။** ခန္ဓာငါးပါးရုပ်နာမ်တရားတို့၌အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုမှု ဆင်ခြင်မှု ပွားများမှုသည် မဂ်ဉာဏ် လေးပါးတို့ကို ရခြင်းအကျိုးငှါသာလျှင် ရှုရ၏ ဆင်ခြင်ပွားများရ၏။

ကလျာဏ ပုထုဇဉ်အဖြစ်နှင့် ဝိပဿနာ ရှုမှုသည် သောတာပတ္တိမဂ်ဉာဏ်ကို ရခြင်းအကျိုးရှိ၏။

သောတာပန်အဖြစ်နှင့် တဖန် ဝိပဿနာ ရှုမှုသည် သကဒါဂါမိမဂ်ဉာဏ်ကို ရခြင်းအကျိုးရှိ၏။

သကဒါဂါမိ အဖြစ်နှင့် တဖန် ဝိပဿနာ ရှုမှုသည် အနာဂါမိမဂ်ဉာဏ်ကို ရခြင်းအကျိုးရှိ၏။

အနာဂါမိ အဖြစ်နှင့် တဖန် ဝိပဿနာ ရှုမှုသည် အရဟတ္တမဂ်ဉာဏ်ကို ရခြင်းအကျိုးရှိ၏။

ထို့ကြောင့် ကလျာဏပုထုဇဉ် အဖြစ်နှင့် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၌ အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာ မရှုမပွားက သောတာပတ္တိမဂ်ဉာဏ်ကို ကေန္တမရနိုင်တော့ပြီ။ သောတာပတ္တိ မဂ်ဉာဏ်ကို မရကလည်းသောတာပတ္တိ ဖိုလ်ဉာဏ်ကိုမရနိုင်တော့ပြီ။သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရကလည်း သန္တိသုခ ဖြစ်သော နိဗ္ဗာန်အစစ်ကြီးကို မမြင်တော့ပြီ။ မရနိုင်တော့ပြီ။ ဝိပဿနာကို မရှုမပွားက မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါး နိဗ္ဗာန် တရားမြတ်ကြီးတို့ကို မရနိုင်တော့ပြီ။ ဤဝိပဿနာရှုမှု ဆင်ခြင်မှု ပွားများမှုသည် ဗုဒ္ဓမြတ်စွာ သာသနာတော်မှ အပဖြစ်သော သာသနာတို့၌မရှိ။ ဝိပဿနာမရှိက မဂ်လေးပါး ဖိုလ်လေးပါး တို့သည်လည်း အဘယ်မှာရှိနိုင်ပါအံ့နည်း။

ဤသို့ မူလပဏ္ဏာသ စူဠသီဟ နာဒသုတ်ဋီကာကြီး၌ မိန့်ဆိုတော်မူချေသည်။

## ကောင်းမွန်စွာနေရပုံ

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး အချိန်ကာလမှာ သုဘဒ်ပရိဗိုဇ်ကို ဟောကြားတော်မူသော သုတ်မဟာဝါ ပါဠိတော်ကြီး၌။

ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ

အသုညော လောကော အရဟန္တေဟိ အဿ။

ဤသို့ ဟောတော်မူ၏။

**အနက်**။ သုဘာဒ္ဒ၊ သုဘဒ္ဒပရိဗိုဇ်။ ဣမေစ ဘိက္ခူ၊ ဤရဟန်းတို့သည်။ သမ္မာ၊ ကောင်းမွန်စွာ။ ဝိဟာရေယျုံ၊ နေကြကုန်ညားအံ့။ လောကော၊ လောကသည်။ အရဟန္တေဟိ၊ ရဟန္တာ တို့ဖြင့်။ အသုညော၊ မသုဉ်းမဆိတ်သည်။ အဿ၊ ဖြစ်ရာ၏။

**အဓိပ္ပါယ်**။ အမောင်သုဘဒ်ပရိဗိုဇ် ရဟန်းတို့သည် ကောင်းမွန်စွာ ငါဘုရား၏ အဆုံးအမတော်အတိုင်း နေကြကုန်သည် ဖြစ်ညားအံ့ ကျူရုံ ကျူရုံတောကြီး ကဲ့သို့ငင်း။မြောက်မြွားတောကြီးကဲ့သို့ငင်း။ ရဟန္တာရဟန်းတို့ဖြင့် ပြည့်လျှမ်းကြိတ်ကြိတ် မတိတ်မဆိတ် ဖြစ်နေရာ၏ဟု ဟောတော်မူချေသည်။

ဤပါဠိတော်ကြီး၌
သမ္မာဝိဟာရေယျုံ ဟူသည်ကား....

သမ္မာဝိဟရေယျုန္တိဧတ္ထ သောတာပန္နော အတ္တနော အဓိဂတဋ္ဌာနံ အညဿ ကထေတွာ တံ သောတာပန္နံ ကရောန္တော သမ္မာဝိဟာရတိနာမ။ သေနယော သကဒါဂါမိ အာဒီသု။ သောတာပတ္တိမဂ္ဂဋ္ဌော အညမ္ပိ သောတာပတ္တိ မဂ္ဂဋ္ဌံ ကရောန္တော သမ္မာဝိဟ ရတိနာမ။ သေ နယော သေသ မဂ္ဂဋ္ဌေသု သောတာပတ္တိ မဂ္ဂတ္ထာယ အာရဒ္ဓ ဝိပဿကော အတ္တနော ပဂုဏံ ကမ္မဋ္ဌာနံ ကထေတွာ အညမ္ပိ သောတာပတ္တိ မဂ္ဂတ္ထာယ အာရဒ္ဓ ဝိပဿကံ ကရောန္တော သမ္မာ ဝိဟာရတိ နာမ၊ သေနယော သေသ မဂ္ဂတ္ထာယ အာရဒ္ဓ ဝိပဿကေသု ဣဒံ သန္ဓာယာဟ သမ္မာဝိဟာရေယျုန္တိ။

သုတ်မဟာဝါ အဋ္ဌကထာကြီး

**အနက်ကား**။ သမ္မာဝိဟာရေယျုန္တိဧတ္ထ၊ သမ္မာဝိဟာရေယျုံ ဟူသော ဤပုဒ်၌။ သောတာပန္နော၊ သောတာပန်ပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏။ အဓိဂတ ဋ္ဌာနံ၊ အလေးပြုအပ်သော ကျင့်စဉ်ကို။ အညဿ၊ တပါးသောပုဂ္ဂိုလ်အား။ ကထေတွာ၊ ဟောပြော၍။ တံ၊ ထိုသူကို။ သောတာပန္နံ၊ သောတာပန် တည်သည်ကို။ ကရောန္တော၊ ပြုသည်။ ဟုတ္တွာ၊ ဖြစ်၍။ သမ္မာ၊ ကောင်းစွာ၊ ဝိဟာရတိ

နာမ၊ နေသည်မည်၏။ သကဒါဂါမိသု၊ သကဒါဂါမ်အစရှိသည်တို့၌၊ သေနယော ဤနည်းအတိုင်းပင်တည်း။ သောတာပတ္တိ မဂ္ဂဋ္ဌော၊ သောတာပတ္တိ မဂ်၌တည်သော သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည်။ အညမ္ပိ၊ တပါးသောပုဂ္ဂိုလ်ကိုလည်း။ သောတာပတ္တိမဂ္ဂဋ္ဌံ။ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ကို။ ကရောန္တော၊ ပြုသည်။ ဟုတွာ၊ ဖြစ်၍။ သမ္မာ၊ ကောင်းစွာ။ ဝိဟရတိနာမ၊ နေသည်မည်၏။ သေသ မဂ္ဂဋ္ဌေသု၊ ကြွင်းသော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့၌။ သေနယော၊ ဤနည်းအတိုင်း ပင်တည်း။ သောတာပတ္တိ မဂ္ဂတ္ထာယ၊ သောတာပတ္တိမဂ်ကို ရခြင်း အကျိုးငှါ။ အာရဒ္ဓ ဝိပဿကော၊ အားထုတ်အပ်သော ဝိပဿနာ ရှိသော ပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏။ ပဂုဏံ၊ လေ့လာပွားများ သော။ ကမ္မဋ္ဌာနံ၊ ဝိပဿနာကမ္မဋ္ဌာန်းကို။ ကထေတွာ၊ ဟောပြော ပြသ၍။ အညမ္ပိ၊ တပါးသော ပုဂ္ဂိုလ်ကိုလည်း။ သောတာပတ္တိ မဂ္ဂတ္ထာယ၊ သောတာပတ္တိမဂ်ကို ရခြင်းအကျိုးငှါ။ အာရဒ္ဓ ဝိပဿကံ၊ အားထုတ်အပ်သော ဝိပဿနာရှိသည်ကို။ ကရောန္တော၊ ပြုသည်။ ဟုတွာ၊ ဖြစ်၍။ သမ္မာ၊ ကောင်းစွာ။ ဝိဟရတိနာမ၊ နေသည်မည်၏၊ သေသ မဂ္ဂတ္ထာယ၊ ကြွင်းသော မဂ်တို့ကိုရခြင်းအကျိုးငှါ။ အာရဒ္ဓ ဝိပဿကေသု၊ အားထုတ်အပ်သော ဝိပဿနာရှိသော ပုဂ္ဂိုလ်တို့၌။ သေနယော၊ ဤနည်းအတိုင်းပင်တည်း။ ဇူဒံ၊ ဤစကားကို။ သန္ဓာယ၊ ရည်ရွယ်၍။ သမ္မာဝိဟရေယျုံ့န္တိ၊ သမ္မာဝိဟရေယျုံဟူ၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောကြားတော်မူ၏။

**အဓိပ္ပါယ်ကား။** သုတ်မဟာဝါ ပါဠိတော်ကြီး၌ (ရဟန်းတို့သည် ကောင်းမွန်စွာ နေကြကုန်းငြားအံ့၊ လောကကြီးသည် ရဟန္တာတို့ဖြင့် မသုဉ်းမဆိတ်သည် ဖြစ်ရာ၏) ဟု ဟောတော် မူရာဝယ်.... ၎င်းအဋ္ဌကထာကြီးက ကောင်းမွန်စွာ နေပုံ နေနည်းကို ဖွင့်ပြ လိုက်သည်မှာ....

သောတာပန်ပုဂ္ဂိုလ်က တခြားသူကိုလည်း သောတာပန်ဖြစ် အောင် မိမိကျင့်စဉ်ကို ဟောပြော၍ ပေးခြင်းသည် သာသနာတော်၌ ကောင်းမွန်စွာ နေသော ပုဂ္ဂိုလ် မည်၏။

ထို့အတူ သကဒါဂါမိပုဂ္ဂိုလ်က တခြားသူကိုလည်း သကဒါဂါမိ ဖြစ်အောင် မိမိကျင့်စဉ်ကို ဟောပြော၍ ပေးခြင်းသည် သာသနာတော်၌ ကောင်းမွန်စွာနေသော ပုဂ္ဂိုလ်မည်၏။

ထို့အတူ အနာဂါမိပုဂ္ဂိုလ်က တခြားသူကိုလည်း အနာဂါမိဖြစ်အောင် မိမိကျင့်စဉ်ကို ဟောပြော၍ပေးခြင်းသည် သာသနာတော်၌ ကောင်းမွန်စွာနေသော ပုဂ္ဂိုလ်မည်၏။

ထို့အတူ ရဟန္တာ ပုဂ္ဂိုလ်က တခြားသူကိုလည်း ရဟန္တာဖြစ်အောင် မိမိကျင့်စဉ်ကို ဟောပြော၍ပေးခြင်းသည် သာသနာတော်၌ ကောင်းမွန်စွာနေသော ပုဂ္ဂိုလ်မည်၏။

သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်က တခြားသူကိုလည်း သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဖြစ်အောင် ဟောပြော အားပေးခြင်းသည် သာသနာတော်၌ ကောင်းမွန်စွာနေသော ပုဂ္ဂိုလ်မည်၏။

ထို့အတူ သကဒါဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်က တခြား သူကိုလည်း သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဖြစ်အောင်။ အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်က တခြားသူကိုလည်း အနာဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဖြစ်အောင်။ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်က တခြားသူကိုလည်း အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ဖြစ်အောင် ပြောဟော အားပေးခြင်းသည် သာသနာတော်၌ ကောင်းမွန်စွာနေသော ပုဂ္ဂိုလ်မည်၏။

သောတာပတ္တိမဂ်ကို ရခြင်းအကျိုးငှါ ဝိပဿနာကို အားထုတ်၍ နေသော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်က မိမိအားထုတ်သော ဝိပဿနာကမ္မဋ္ဌာန်းကို သူတပါးတို့အား သောတာပတ္တိမဂ်ကို ရခြင်းအကျိုးငှါ ဟောပြောအားပေးခြင်းသည် ကောင်းမွန်စွာနေသောပုဂ္ဂိုလ်မည်၏။

သကဒါဂါမိမဂ်ကို ရခြင်းအကျိုးငှါ ဝိပဿနာကို အားထုတ်၍ နေသော သောတာပန်ပုဂ္ဂိုလ်က မိမိအားထုတ်သော ဝိပဿနာကို သူတပါးတို့အား သကဒါမိမဂ်ကို ရခြင်းအကျိုးငှါ ဟောပြောအား ပေးခြင်းသည် ကောင်းမွန်စွာနေသော ပုဂ္ဂိုလ်မည်၏။

အနာဂါမိ မဂ်ကိုရခြင်းအကျိုးငှါ ဝိပဿနာကို အားထုတ်၍နေသော သကဒါဂါမိ ပုဂ္ဂိုလ်က မိမိအားထုတ်သော ဝိပဿနာကို သူတပါးတို့အား အနာဂါမိမဂ်ကိုရခြင်းအကျိုးငှါ ဟောပြော အားပေးခြင်းသည် ကောင်းမွန်စွာနေသော ပုဂ္ဂိုလ်မည်၏။

အရဟတ္တမဂ်ကို ရခြင်းအကျိုးငှါ ဝိပဿနာကို အားထုတ်၍နေသော အနာဂါမိပုဂ္ဂိုလ်က မိမိအားထုတ်သော ဝိပဿနာကို သူတပါးတို့အား အရဟတ္တမဂ်ကိုရခြင်းအကျိုးငှါ ဟောပြောအားပေးခြင်းသည် ကောင်းမွန်စွာနေသော ပုဂ္ဂိုလ်မည်၏။

ဤသို့အားဖြင့် ဘုရားမြတ်စွာ သေချာကျန ဟောညွှန်ပြသည့်အတိုင်း အချို့ကျကျ နေထိုင်ကြပါမူ ဤလောကကြီးအတွင်း၌ ကျူရုံကျူတောကြီးကဲ့သို့ရှင်း။ မြောက်မြားတောကြီး ကဲ့သို့ရှင်း။ ရဟန္တာတို့ဖြင့် ကောင်းစွာပြည့်သိပ် မတိတ်ဆိတ်ဘဲ တသဲသဲနေပေရာ၏ဟု အဋ္ဌကထာကြီးဖွင့်ပြတော်မူချေသည်။

## ထို့ကြောင့်

ကလျာဏပုထုဇဉ် အဖြစ်နှင့် ဝိပဿနာကို ဟောပြော၍နေခြင်း ဝိပဿနာကို အားထုတ်၍ နေခြင်းသည် ကောင်းမွန်စွာ နေခြင်းမည်၏။

သောတာပန်အဖြစ်နှင့် ဝိပဿနာကိုဟောပြော၍ နေခြင်း။ဝိပဿနာကို အားထုတ်၍နေခြင်းသည် ကောင်းမွန်စွာ နေခြင်းမည်၏။

သကဒါဂါမိအဖြစ်နှင့် ဝိပဿနာကို ဟောပြော၍ နေခြင်း။ ဝိပဿနာကို အားထုတ်၍နေခြင်းသည် ကောင်းမွန်စွာ နေခြင်းမည်၏။

အနာဂါမိအဖြစ်နှင့် ဝိပဿနာကို ဟောပြော၍ နေခြင်း။ ဝိပဿနာကို အားထုတ်၍နေခြင်းသည် ကောင်းမွန်စွာ နေခြင်းမည်၏။

ရဟန္တာအဖြစ်နှင့် ဝိပဿနာကို ဟောပြော၍နေခြင်း။ ဝိပဿနာကို အားထုတ်၍နေခြင်းသည် ကောင်းမွန်စွာနေခြင်းမည်၏။

ဝိပဿနာကိုဟောပြော အားထုတ်၍နေသည်ရှိသော် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်တွေ မတိတ်မဆိတ်ဘဲ တသဲသဲနေပေရာ၏။

ဤကား သမ္မာဝိဟာရေယျုံ ဟူသော ပါဠိတော်ကြီး အဋ္ဌကထာကြီးတို့နှင့်အညီ နေပုံနေနည်းကို ပြဆိုသော စကားစုတည်း။

---

## မဂ္ဂင် (၈) ပါးကို ဝိဇ္ဇာစရဏ နှစ်ပါးခွဲပုံ

### ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကြီး

သော ခေါပနေသ မဂ္ဂေါ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပါနံ
ဝိဇ္ဇာယ သေသဓမ္မာနံ စရဏေန သင်္ဂဟိတတ္တာ
ဝိဇ္ဇာစေဝ စရဏဉ္စ။

**အနက်**။ ပန၊ မဂ္ဂင်ရှစ်ဖြာကို ဝိဇ္ဇာ စရဏ ခွဲခြား၍ ပြဆိုဦးအံ့။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပါနံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပမဂ္ဂင်နှစ်ပါးတို့ကို။ ဝိဇ္ဇာယ၊ ဟုတ်မှန် ကြောင်းကျိုး ထိုးတွင်းလိမ္မာ သိတတ်စွာသား ဝိဇ္ဇာတရားဖြင့်။ သေသဓမ္မာနံ၊ ကြွင်းသော မဂ္ဂင်ခြောက်ပါးတို့ကို။ စရဏေန၊ စရဏတရားဖြင့်။ သင်္ဂဟိတတ္တာ၊ ရေတွက် အပ်သည်၏ အဖြစ်ကြောင့်။ သော ခေါ သော မဂ္ဂေါ၊ ထိုမဂ္ဂင် ရှစ်ပါးသည်။ ဝိဇ္ဇာ စေဝ၊ ဝိဇ္ဇာလည်း မည်၏။ စရဏဉ္စ၊ စရဏလည်းမည်၏။

### အဓိပ္ပါယ်ကား။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဤမဂ္ဂင် (၂) ပါးသည် ဝိဇ္ဇာတရားမည်၏။

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဤမဂ္ဂင် (၆) ပါးသည် စရဏတရားမည်၏။

## (၁) ဝိဇ္ဇာဆိုသည်ကား

အတ္တနော ဝါ ပဋိပက္ခသ ဝိဇ္ဈနဋ္ဌေန ဝိဇ္ဇာ။

မဟာဋီကာကြီး

**အနက်ကား**။ ဝါ၊ တနည်းကား။ အတ္တနော ပဋိပက္ခဿ၊ မိမိ၏ရန်သူ ဆန့်ကျင်ဘက်ဖြစ်သော မောဟ အဝိဇ္ဇာကို။ ဝိဇ္ဈနဋ္ဌေန၊ ဖောက်ခွဲ၍ပစ်တတ်သောကြောင့်။ ဝိဇ္ဇာ၊ ဝိဇ္ဇာမည်၏။

**အဓိပ္ပါယ်ကား**။ အဝိဇ္ဇာနှင့်ဝိဇ္ဇာသည် ဆန့်ကျင်ဘက် ရန်သူဖြစ်ကြ၏။ အဝိဇ္ဇာက သစ္စာလေးပါး အမှန်တရားကြီးကို မမြင်သာအောင် မထင်သာအောင် ဖုန်းလွှမ်းကွယ်ကာ၍ ထား၏။ ဝိဇ္ဇာက သစ္စာလေးပါး အမှန်တရားကြီးကို မြင်သာအောင် ထင်သာအောင် မြင်ကွက်ထင်ကွက်ကို ပြ၍ထား၏။

## (၂) စရဏဆိုသည်ကား

ယသ္မာ တေဟိ စရတိ အရိယသာဝကော ဂစ္ဆတိ အမတံ ဒိသံ တသ္မာ စရဏန္တိ ဝုတ္တာ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး

**အနက်ကား**။ တေဟိ၊ ၎င်းတရားတို့ဖြင့်။ အရိယသာဝကော၊ အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်အပေါင်းသည်။ အမတံ ဒိသံ၊ မသေရာမှန် နိဗ္ဗာန်အရပ်သို့။ ယသ္မာ၊ အကြင်ကြောင့်။ စရတိ ဂစ္ဆတိ၊ သွားတတ်၏။ တသ္မာ၊ ထိုကြောင့်။ စရဏန္တိ၊ စရဏဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

**အဓိပ္ပါယ်ကား**။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဤမဂ္ဂင် (၆) ပါးတို့ဖြင့် အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်ရဟန်းရှင်လူ နတ်ဗြဟ္မာအပေါင်းသည် အသေကင်းရာ အသေလွတ်ရာ နိဗ္ဗာန်အရပ်သို့ သွားတတ်သော သတ္တိကြောင့် စရဏဟူ၍ ခေါ်ဆိုရပါသည်။

ဝိဇ္ဇာမဂ္ဂင် (၂) ပါးနှင့် စရဏမဂ္ဂင် (၆) ပါးကို ပေါင်းသည်ရှိသော် မဂ္ဂင် (၈) ပါးဖြစ်၏။ မဂ္ဂင် (၈) ပါးဆိုသည်မှာ ဝိဇ္ဇာ စရဏ တရားပင်တည်း။

## မဂ္ဂင် (၈) ပါးကို ဝိပဿနာ သမထ နှစ်ပါးခွဲပုံကား

တထာ တေသံ ဒွိန္နံ ဝိပဿနာ ယာနေန ဣတရေသံ သမထ ယာနေန သင်္ဂဟိတတ္တာ သမထောစေဝ ဝိပဿနာစ။

## သမ္မာ အဋ္ဌကထာကြီး

**အနက်**။ တထာ၊ ထိုမှတပါး။ တေသံ ဒွိန္နံ၊ ထို သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ မဂ္ဂင်နှစ်ပါးတို့ကို။ ဝိပဿနာယာနေန၊ ဝိပဿနာ ယာဉ်ဖြင့်။ ဣတရေသံ၊ ဤမှတပါး မဂ္ဂင်ခြောက်ပါးတို့ကို။ သမထယာနေန၊ သမထယာဉ်ဖြင့်။ သင်္ဂဟိတတ္တာ၊သိမ်းယူအပ်သည်၏အဖြစ်ကြောင့်။ သမထောစေဝ၊ သမထလည်းဖြစ်၏။ ဝိပဿနာစ။ ဝိပဿနာလည်း ဖြစ်၏။

## (၁) ဝိပဿနာ မဂ္ဂင်ဟူသည်ကား

သမ္မာဒိဋ္ဌိမဂ္ဂင် သမ္မာသင်္ကပ္ပမဂ္ဂင် ဤမဂ္ဂင်နှစ်ပါးသည် ဝိပဿနာ မဂ္ဂင်နှစ်ပါးမည်၏။

## (၂) သမထမဂ္ဂင် ဟူသည်ကား

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဤမဂ္ဂင် (၆) ပါးသည် သမထမဂ္ဂင် (၆) ပါး မည်၏။

ဤသမထမဂ္ဂင် (၆) ပါး၌ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဤသီလမဂ္ဂင် သုံးပါးသည် သမထနှင့် သဘော တူသော ကြောင့် သမထမဂ္ဂင် (၆) ပါး၌ ပါဝင်သည်။

ထို့ကြောင့် ဝိပဿနာမဂ္ဂင် (၂) ပါးနှင့် သမထမဂ္ဂင်(၆)ပါး ကို ပေါင်းသည်ရှိသော် မဂ္ဂင် (၈) ပါးဖြစ်၏။ မဂ္ဂင် (၈) ပါး ဆိုသည်မှာ ဝိပဿနာ သမထတရားပင်တည်း။

## မဂ္ဂင်(၈) ပါးကို သီလ သမာဓိ ပညာ(၃)ပါး ခွဲပုံကား

(၁) သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဤမဂ္ဂင် (၃) ပါးသည် သီလက္ခန္ဓမဂ္ဂင်မည်၏။

(၂) သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဤမဂ္ဂင်(၃) ပါးသည် သမာဓိက္ခန္ဓ မဂ္ဂင်မည်၏။

(၃) သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဤမဂ္ဂင် ( ၂ ) ပါးသည် ပညာက္ခန္ဓမဂ္ဂင်မည်၏။

ထို့ကြောင့် မဂ္ဂင် (၈) ပါးဆိုသည်မှာ သီလ သမာဓိ ပညာတို့ သာတည်း။

ဤကား မဂ္ဂင် (၈) ပါး ဟူသော
မဂ္ဂအရိယသစ္စာကို ပြဆိုသော စကားစုတည်း။

---

သစ္စာလေးပါး တရားတို့ကို

### အရိယသစ္စာဟူ၍ ဟောတော်မူရပုံကား

ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ ဟုဟောတော်မူလျှင် သိလောက်ပါလျက် အဘယ့်ကြောင့်....

(၁) ဒုက္ခအရိယသစ္စာ
(၂) ဒုက္ခသမုဒယ အရိယသစ္စာ
(၃) ဒုက္ခနိရောဓ အရိယသစ္စာ
(၄) ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စာ

ဤသို့ (အရိယ) ဟူသော ပုဒ်အထူးဖြင့် ခွဲစကြသုတ် ပါဠိတော်ကြီး၌ ဟောကြားတော်မူရပါသနည်းဟူမူကား...

ယသ္မာ ပနေတာနိ ဗုဒ္ဓါဒယော အရိယာ
ပဋိဝိဇ္ဈန္တိ။ တသ္မာ အရိယသစ္စာနီတိ ဝုစ္စန္တိ။
(သစ္စဝိဘင်း အဋ္ဌကထာကြီး ဋီကာကြီး)

**အနက်**။ ပန၊ ထိုအမေးကို ဖြေ၍ ပြဆိုဦးအံ့။ ယသ္မာ၊အကြင် ကြောင့်။ စတာနိ၊ ထို ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂ သစ္စာတည်းဟူသော သစ္စာလေးပါး တို့ကို၊ ဗုဒ္ဓါဒယော၊ ဘုရား အစရှိကုန်သော။ အရိယာ၊ အရိယာ သူမြတ် တို့သည်။ ပဋိဝိဇ္ဈန္တိ၊ ထိုးထွင်း၍ သိကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အရိယသစ္စာနီတိ၊ အရိယသစ္စာမည်ကုန်၏ဟူ၍။ ဝုစ္စန္တိ၊ မိန့်ဆိုအပ်ကုန်၏။

## အဓိပ္ပါယ် အကျဉ်းကား

(၁) ဒုက္ခအရိယသစ္စာ ဆိုသည်မှာ။ ဘုရားအစရှိသော အရိယာ အပေါင်းသူတော်ကောင်းတို့သည် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ဒုက္ခတရားတို့ကို ထိုးထွင်း၍သိကြကုန်သောကြောင့် ဒုက္ခအရိယသစ္စာ ဆိုသည်။

(၂) သမုဒယ အရိယသစ္စာ ဆိုသည်မှာ ဘုရား အစရှိသော အရိယာအပေါင်း သူတော်ကောင်းတို့သည် လောဘတဏှာ တရား ကို ထိုးထွင်း၍ သိကြကုန် သောကြောင့် သမုဒယ အရိယ သစ္စာ ဆိုသည်။

(၃) နိရောဓ အရိယသစ္စာ ဆိုသည်မှာ ဘုရား အစရှိသော အရိယာအပေါင်း သူတော်ကောင်း တို့သည် နိဗ္ဗာန် တရားကို ထိုး ထွင်း၍ သိကြကုန်သောကြောင့် နိရောဓအရိယသစ္စာ ဆိုသည်။

(၄) မဂ္ဂအရိယသစ္စာ ဆိုသည်မှာ ဘုရားအစရှိသော အရိယာ အပေါင်း သူတော်ကောင်းတို့သည် နိဗ္ဗာန်ရောက်ကြောင်း အကျင့် ကောင်း (၈) ပါးကို ထိုးထွင်း၍ သိကြကုန်သောကြောင့် မဂ္ဂအရိ ယ သစ္စာ ဆိုသည်။

---

## တနည်း အရိယသစ္စာ မည်ပုံ

အပိစ အရိယဿ သစ္စာနီတိပိ အရိယသစ္စာနိ။

**အနက်**။ အပိစ၊ တနည်းသော်ကား။ အရိယဿ၊ အရိယာ အစစ်ဖြစ်တော် မူသော မြတ်စွာဘုရား၏။ သစ္စာနိ၊ သစ္စာလေးပါး

တရားတို့တည်း။ ဣတိပိ၊ ထို့ကြောင့်လည်း။ အရိယသစ္စာနိ၊ အရိယသစ္စာတို့မည်ကုန်၏။

ဤသို့မိန့်ဆိုသော ရင်းအဋ္ဌကထာ ဋီကာတို့နှင့်အညီ

(၁) ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ဒုက္ခတရားသည် အရိယာအစစ်ဖြစ်တော်မူသော မြတ်စွာဘုရား၏ သစ္စာတည်း။ ထို့ကြောင့် ဒုက္ခအရိယသစ္စာမည်ပါသည်။

(၂) လောဘ တဏှာသည် အရိယာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရား၏ သစ္စာတည်း။ ထို့ကြောင့် သမုဒယအရိယသစ္စာမည်ပါသည်။

(၃) နိဗ္ဗာန်သည် အရိယာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရား၏ သစ္စာတည်း။ ထို့ကြောင့် နိရောဓ အရိယသစ္စာမည်ပါသည်။

(၄) မဂ္ဂင်ရှစ်ပါးသည် အရိယာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရား၏ သစ္စာတည်း။ ထို့ကြောင့် မဂ္ဂအရိယသစ္စာမည်ပါသည်။

---

## တနည်း အရိယသစ္စာမည်ပုံ

အထဝါ တေသံ အဘိသမ္ဗုဒ္ဓတ္တာ အရိယ ဘာဝ သိဒ္ဓိတောပိ အရိယသစ္စာနိ။

**အနက်ကား။** အထဝါ၊ တနည်းကား။ တေသံ၊ ထိုမြတ်စွာဘုရားတို့၏။ အဘိသမ္ဗုဒ္ဓတ္တာ၊ ထိုးထွင်း၍ သိအပ်သည်၏ အဖြစ်ကြောင့်။ အရိယဘာဝ သိဒ္ဓိတောပိ၊ အရိယာ၏အဖြစ်ကို အပြီးတိုင်စေတတ်သော ကြောင့်လည်း။ အရိယသစ္စာနိ၊ အရိယ သစ္စာတို့မည်ကုန်၏။

ဤသို့ မိန့်ဆိုသော ရင်းအဋ္ဌကထာ ဋီကာတို့နှင့်အညီ

(၁) ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါး ဒုက္ခတရားသည် မြတ်စွာဘုရားတို့၏ ထိုးထွင်း၍ သိအပ်သည်၏ အဖြစ် အရိယာ၏အဖြစ်ကို ပြီးစေတတ်သောကြောင့် ဒုက္ခအရိယသစ္စာမည်ပါသည်။

(၂) လောဘတဏှာသည် မြတ်စွာဘုရားတို့၏ ထိုးထွင်း၍ သိအပ်သည်၏အဖြစ် အရိယာ၏အဖြစ်ကို အပြီးတိုင်စေတတ်သောကြောင့်လည်း သမုဒယအရိယသစ္စာမည်ပါသည်။

(၃) နိဗ္ဗာန်သည် မြတ်စွာဘုရားတို့၏ ထိုးထွင်း၍ သိအပ်သည်၏ အဖြစ် အရိယာ၏အဖြစ်ကို အပြီးတိုင်စေတတ်သောကြောင့်လည်း နိရောဓ အရိယသစ္စာမည်ပါသည်။

(၄) မဂ္ဂင်ရှစ်ပါးသည် မြတ်စွာဘုရားတို့၏ ထိုးထွင်း၍သိအပ်သည်၏အဖြစ် အရိယာ၏ အဖြစ်ကို အပြီးတိုင်စေ တတ်သောကြောင့်လည်း မဂ္ဂအရိယသစ္စာမည်ပါသည်။

---

## တနည်း အရိယသစ္စာမည်ပုံ

အပိစ အရိယာနိ သစ္စာနီတိ ပိ အရိယာသစ္စာနိ။

**အနက်ကား**။ အပိစ၊ တနည်းသော်ကား။ အရိယာနိ၊ ယွင်းချွတ်မရှိ ပကတိကေန် ဟုတ်မှန်ကုန်သော။ သစ္စာနိ၊ သစ္စာတို့တည်း။ ဣတိပိ၊ ထို့ကြောင့်လည်း။ အရိယသစ္စာနိ၊ အရိယသစ္စာ တို့မည်ကုန်၏။

ဤသို့ မိန့်ဆိုသော ၎င်းအဋ္ဌကထာ ဋီကာတို့နှင့်အညီ

(၁) ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ဒုက္ခတရားသည် တခါတရံမျှ သုခဟူ၍ ဖေါက်ပြန်ခြင်းမရှိ အဟုတ်ကေန်မှန်လှသောကြောင့် ဒုက္ခအရိယသစ္စာမည်ပါသည်။

(၂) လောဘတဏှာသည်တခါတရံမျှသုခဖြစ်ငွားကြောင်းဟူ၍ ဖေါက်ပြန်ခြင်းမရှိ အဟုတ်ကေန်မှန်လှသောကြောင့် သမုဒယအရိယသစ္စာမည်ပါသည်။

(၃) နိဗ္ဗာန်သည် တခါတရံမျှ ဒုက္ခဟူ၍ ဖေါက်ပြန်ခြင်းမရှိ အဟုတ်ကေန်မှန်လှသောကြောင့် နိရောဓအရိယသစ္စာမည်ပါသည်။

(၄) မဂ္ဂင်ရှစ်ပါးသည် တခါတရံမျှ ဒုက္ခဖြစ်ပွားကြောင်းဟူ၍ ဖေါက်ပြန်ခြင်းမရှိ အပဟုတ်ကောန်မှန်လှသောကြောင့် မဂ္ဂအရိယသစ္စာ မည်ပါသည်။

ထို့ကြောင့်....

ယခုပြဆိုခဲ့ပြီးသော သစ္စဝိဘင်းအဋ္ဌကထာကြီး ဋီကာကြီးတို့နှင့် အညီ....

ဒုက္ခသစ္စာ သမုဒယသစ္စာ ဤလောကီသစ္စာနှစ်ပါးကိုလည်းဘုရား အစရှိသော အရိယာသူတော်ကောင်းတို့သည် ထိုးထွင်း၍ သိမြင်အပ် သောကြောင့်ရင်း။ အရိယာအစစ်ဖြစ်တော်မူသော မြတ်စွာဘုရား၏ သစ္စာ ဖြစ်သောကြောင့်ရင်း။ မြတ်စွာဘုရားတို့၏ ထိုးထွင်း၍သိမြင် အပ်သောကြောင့်ရင်း။ အရိယာ၏အဖြစ်ကိုပြီးစေတတ်သောကြောင့် ရင်း။မဖေါက်မပြန် ဟုတ်မှန်သောကြောင့်ရင်း။ အရိယာသစ္စာတို့မည် ကုန်၏။ နိရောဓသစ္စာ မဂ္ဂသစ္စာ၊ ဤလောကုတ္တရာ သစ္စာနှစ်ပါးတို့ကို (အရိယသစ္စာ) ဟူ၍ ဟောကော်မူခြင်း၌ကား သံသယဖြစ်ဘွယ် မလိုတော့ပြီ။

ဤကား....

ဒုက္ခသစ္စာ၌ အရိယသစ္စာ ထိုက်ပုံ သမုဒယ သစ္စာ၌ အရိယ သစ္စာထိုက်ပုံ နိရောဓသစ္စာ၌ အရိယသစ္စာထိုက်ပုံ မဂ္ဂသစ္စာ၌ အရိယ သစ္စာထိုက်ပုံကို ကျမ်းဂန် လာသည်နှင့်အညီ ပြဆိုသော စကား စုတည်း။

---

**အရိယသစ္စာ (၄) ပါးတို့ကို**

**လောကီဉာဏ် လောကုတ္တရာဉာဏ်တို့ဖြင့် သိမြင်ပုံ**

ဒုဝိဓေ ° သစ္စဉာဏံ ° အနုဗောဓဉာဏံ ° ပဋိဝေဓဉာဏဉ္စ။

**သစ္စနိဒ္ဒေသ အဋ္ဌကထာကြီး**

**အနက်။** ဟိ၊ အရိယ သစ္စာလေးပါးကို သိမြင်မှုများ၌ ထင် ရှားအောင်ပြဦးအံ့။ သစ္စဉာဏံ၊ အရိယ သစ္စာလေးပါးကို သိမြင်

တတ်သော ဉာဏ်သည်။ အနုဗောဓဉာဏ်ဟူ၊ စိတ်၌မပြတ် အထပ်ထပ် ကြံခြင်းကြောင့် အဖန်ဖန် သိမြင်မှုဟူသော အနုဗောဓဉာဏ်ရင်း။ ပဋိဝေဓဉာဏ်ဟူ၊ တခါတည်းဖေါက်ခွဲလျက် ထိုးထွင်း၍သိမှုဟူသော ပဋိဝေဓဉာဏ်ရင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား

(၁) အနုဗောဓဉာဏ် ဆိုသည်မှာ ဒုက္ခအရိယသစ္စာ အစရှိသော အရိယသစ္စာလေးပါးတို့ကို စိတ်၌ဆင်ခြင် စဉ်းစားရှုကြည့်တိုင်း ခဏခဏသိမြင်၍ မဆင်ခြင်မစဉ်းစား မရှုကြည့်ပြန်သောအခါ အသိဉာဏ်ပျောက်ကွယ်၍ သွားခြင်းသည် အနုဗောဓဉာဏ်မည်၏။ မဂ္ဂင်ရှစ်ပါးတွင် ဝိပဿနာ သမ္မာဒိဋ္ဌိမဂ္ဂင်သည် အနုဗောဓ ဉာဏ်မည်၏။ ထိုဝိပဿနာ သမ္မာဒိဋ္ဌိမဂ္ဂင် အနုဗောဓဉာဏ်သည် ဒုက္ခအရိယသစ္စာ အစရှိသော အရိယသစ္စာ လေးပါးလုံးကိုပင် သိမြင် သည်ဟူ မှတ်ရမည်။

(၂) ပဋိဝေဓဉာဏ် ဆိုသည်မှာ ဒုက္ခအရိယသစ္စာအစရှိသော အရိယသစ္စာလေးပါးတို့ကို တခါ ထိုးထွင်း၍ သိပြီးနောက် မဖေါက်မပြန်တော့ဘဲ အယူမြဲ၍ နေခြင်းသည် ပဋိဝေဓဉာဏ် မည်၏။ မဂ္ဂင်ရှစ်ပါးတွင် မဂ္ဂသမ္မာဒိဋ္ဌိမဂ္ဂင်သည် ပဋိဝေဓဉာဏ်မည်၏။ ထိုမဂ္ဂသမ္မာဒိဋ္ဌိ ပဋိဝေဓဉာဏ်ဖြင့် ဒုက္ခအရိယ သစ္စာ တရားကြီး၌ အယူမဖေါက် မပြန် တော့ပြီ။ အယူမြဲတော့ပြီ။ သမုဒယ အရိယသစ္စာ နိရောဓ အရိယသစ္စာ မဂ္ဂအရိယသစ္စာ တရားကြီးတို့၌လည်း အယူမဖေါက်မပြန်တော့ပြီ။ အယူမြဲတော့ပြီ။

---

## အနုဗောဓဉာဏ် ပဋိဝေဓဉာဏ် အထူး

တတ္ထ အနုဗောဓဉာဏံ လောကိယံ အနုဿဝါဒိ ဝသေန နိရောဓ မဂ္ဂေစ ပဝတ္တတိ။ ပဋိဝေဓဉာဏံ လောကုတ္တရံ

နိရောဓ မာရမ္မဏာ ကတွာ ကိစ္စတော စတ္တာရိ သစ္စာနိ ပဋိဝိဇ္ဈတိ။

## သစ္စနိဒ္ဒေသ အဋ္ဌကထာကြီး

အနက်။ တတ္ထ၊ ထိုအနုဗောဓဉာဏ် ပဋိဝေဓဉာဏ် နှစ်မျိုးတို့တွင်။ အနုဗောဓဉာဏံ၊ အနုဗောဓဝိပဿနာ ဉာဏ်သည်။ လောကိယံ၊ လောကီတရားသာဖြစ်၍။ နိရောဓေ၊ နိရောဓအရိယ သစ္စာ၌ငှင်း။ မဂ္ဂေစ၊ မဂ္ဂအရိယသစ္စာ၌ငှင်း။အနုဿဝါဒိ ဝသေန၊ ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့၏ ထံမှ တဆင့်စကားကြားနာဘူးခြင်း ကြားဘူးတိုင်း ဆင်ခြင်စဉ်းစားခြင်း စသည်တို့၏ အစွမ်းဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။ ပဋိဝေဓဉာဏံ၊ ပဋိဝေဓဉာဏ်သည်။ လောကုတ္တရံ၊လောကုတ္တရာဖြစ်၍။ နိရောဓံ၊ နိရောဓ အရိယသစ္စာဖြစ်သော နိဗ္ဗာန်ကို။ အာရမ္မဏံ ကတွာ၊ မျက်မှောက်အာရုံပြု၍။ ကိစ္စတော၊ လေးပါးသော ကိစ္စအားဖြင့်။ စတ္တာရိသစ္စာနိ၊ လေးပါးသော အရိယသစ္စာတို့ကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိမြင်၏။

## အဓိပ္ပါယ်ကား

(၁) ဝိပဿနာ အနုဗောဓဉာဏ်သည် မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ်နှင့် ယှဉ်သော ဉာဏ်ဖြစ်၍ လောကီ ဉာဏ်တည်း။ ထိုလောကီသာ ဖြစ်သော ဝိပဿနာအနုဗောဓဉာဏ်သည် ဒုက္ခအရိယသစ္စာသမုဒယအရိယသစ္စာ ဟူသောလောကီအရိယသစ္စာ(၂)ပါးတို့၌ ဝိပဿနာရှု၍ သိမြင်မှုကား ထင်ရှားပါပြီ။ နိရောဓအရိယသစ္စာ မဂ္ဂအရိယသစ္စာ ဟူသော လောကုတ္တရာ အရိယသစ္စာ(၂)ပါးတို့၌ သိမြင်ခြင်းသည်ကား ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့မှ တဆင့်စကားကြားနာဘူးခြင်း ကြားဘူးတိုင်း ဆင်ခြင်စဉ်းစားခြင်း စသည်တို့ဖြင့် ဖြစ်နိုင် အာရုံပြုနိုင်သောကြောင့် လောကီသာဖြစ်သော ဝိပဿနာ အနုဗောဉာဏ်သည် လောကုတ္တရာ အရိယသစ္စာနှစ်ပါးကိုလည်းဖြစ်နိုင် အာရုံပြုနိုင် သိမြင်နိုင်ပါသည်။

(၂) မဂ္ဂပဋိဝေဓဉာဏ်သည် မဂ်စိတ်နှင့်ယှဉ်သော ဉာဏ်ဖြစ်၍ လောကုတ္တရာဉာဏ်တည်း။ ထိုပဋိဝေဓဉာဏ်သည် နိရောဓအရိယ သစ္စာ နိဗ္ဗာန်ကို မျက်မှောက်အာရုံပြု၍ မဂ်ကိစ္စလေးပါးတို့ကိုလည်း တပြိုင်နက် ပြီးစီးအောင် ဆောင်ရွက်၍ အရိယသစ္စာလေးပါးကိုလည်း တပြိုင်နက်သိမြင်နိုင်ပါသည်။

---

## ဒုက္ခအရိယသစ္စာ သမုဒယအရိယသစ္စာတို့၌ သိပုံ (၄) မျိုး

ဒုက္ခေဉာဏန္တိ သဝန သမ္မသန ပဋိဝေဓ ပစ္စဝေက္ခဏာ ဝသေန စတူဟာ ကာရေဟိ ဥပ္ပန္န ဉာဏံ။ သမုဒယေပိ ဧသေဝ နယော။

မဟာဝဂ္ဂသံယုတ် အဋ္ဌကထာကြီး

**အနက်ကား။** ဒုက္ခေ ဉာဏန္တိ၊ ဒုက္ခသစ္စာ၌ သိသောဉာဏ် ဟူသည်ကား။ သဝန၊ ကြားနာ၍သိခြင်း။ သမ္မသန၊ ဆင်ခြင်သုံးသပ် ၍သိခြင်း။ ပဋိဝေဓ၊ ထိုးထွင်း၍သိခြင်း။ ပစ္စဝေက္ခဏာ ဝသေန၊ အဖန် ဖန်ဆင်ခြင်၍သိခြင်း တို့၏အစွမ်းအားဖြင့်။ စတူဟိ အာကာရေဟိ၊ လေးပါးကုန်သော အခြင်းအရာတို့ဖြင့်။ ဥပ္ပန္နဉာဏံ၊ ဖြစ်သောအသိ ဉာဏ်တည်း။ သမုဒယေပိ၊ သမုဒယသစ္စာ၌လည်း။ ဧသေဝ နယော၊ ဤနည်းအတိုင်းသာလျှင်တည်း။

**အဓိပ္ပါယ်ကား။**

(၁) သဝနဉာဏ်သည် ဒုက္ခအရိယသစ္စာတရားကို ဘုရားအစ ရှိသော အရိယာ သူတော်ကောင်းတို့ ထံမှ ရှိသေစွာ ကြားနာရ၍ သိမြင်ခြင်းတည်း။

(၂) သမ္မသနဉာဏ်သည် ဒုက္ခအရိယသစ္စာတရားကို ဘုရား အစရှိသော သူတော်ကောင်းတို့ထံမှ ကြားနာရသည့်အတိုင်း ဆင်ခြင် သုံးသပ်၍ သိမြင်ခြင်းတည်း။

(၃) ပဋိဝေဓဉာဏ်သည် ဒုက္ခအရိယသစ္စာတရားကို ဆင်ခြင် သုံးသပ်သည့်အတိုင်း ဒုက္ခလက္ခဏာကို ထိုးထွင်း၍ သိမြင်ခြင်းတည်း။

(၄) ပစ္စဝေက္ခဏာ ဉာဏ်သည် ဒုက္ခအရိယ သစ္စာတရားကို ထိုးထွင်း၍ သိမြင်သည့်အတိုင်း အဖန်ဖန်သင်ခြင်၍ သိမြင်ခြင်းတည်း။

## သမုဒယအရိယသစ္စာ၌လည်း

(၁) သဝနဉာဏ်သည် သဒမုယ အရိယသစ္စာကို ကြားနာ၍ သိမြင်ခြင်းတည်း။

(၂) သမ္မသနဉာဏ်သည် သမုဒယ အရိယသစ္စာကို ဆင်ခြင် သုံးသပ်၍ သိမြင်ခြင်းတည်း။

(၃) ပဋိဝေဓဉာဏ်သည် သမုဒယ အရိယသစ္စာကို ထိုးထွင်း ၍ သိမြင်ခြင်းတည်း။

(၄) ပစ္စဝေက္ခဏာဉာဏ်သည် သမုဒယအရိယသစ္စာကို အဖန် ဖန် ဆင်ခြင်၍ သိမြင်ခြင်းတည်း။

ပေါင်း....ဒုက္ခအရိယသစ္စာကို သိမြင်သောဉာဏ်(၄)ပါးတည်း။

ထို့အတူ သမုဒယ အရိယသစ္စာကို သိမြင်သော ဉာဏ် (၄) ပါးတည်း။

ထို့ကြောင့်

ဒုက္ခအရိယသစ္စာတရားထူးတရားမြတ်ကြီးကို (သဒ္ဓမ္မသဝနံ အတိ ဒုလ္လဘံ) ဟူသည်နှင့်အညီ အလွန်ကြားရ နာရခဲသော တရားဟု မှတ်ယူရမည်။

ကြားမှုနာမှုတွင် တင်းမတိမ်ဘဲ ဆင်ခြင်သုံးသပ်ရမည်။ ဆင်ခြင်မှု တွင် တင်းမတိမ်ဘဲ ထိုးထွင်း၍သိရမည်။ အဖန်ဖန် ဆင်ခြင် သုံးသပ် ရမည်။

## ဒုက္ခအရိယသစ္စာ သမုဒယအရိယသစ္စာတို့ကို ကြားနာသော သဝနဉာဏ်ဟူသည်ကား

ဥဂ္ဂဟ ပရိပုစ္ဆာ ပရိစယ ဉာဏာနိ ဒိ သဝနဉာဏေဝေ အဝ ရောဓ ဂစ္ဆန္တိ။

မဟာဝဂ္ဂ သံယုတ်ဋီကာကြီး

**အနက်ကား။** ဥဂ္ဂဟ၊ နှုတ်တက်သင်ယူခြင်း။ ဓာရဏ၊ အရ ဆောင်ခြင်း။ ပရိစယ ဉာဏနိပိ၊ လေ့ကျက်ခြင်းဟု ဆိုအပ်သော အသိဉာဏ် တို့သည်လည်း။ သဝနဉာဏေဝ၊ သဝနဉာဏ်၌သာ လျှင်။ အဝရောဓ°၊ သွင်း၍ယူခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

**အဓိပ္ပါယ်ကား။** ဓမ္မာဝါးပါး ရုပ်နာမ် နှစ်ပါး ဒုက္ခအရိယ သစ္စာတရား သမုဒယ အရိယသစ္စာတရားတို့ကို ကျမ်းဂန်များမှာပါရှိ သည့်အတိုင်း ဆရာကောင်းထံ နည်းနာခံ၍ နှုတ်တက်သင်ယူခြင်း သည်၎င်း အရကျက်၍ဆောင်ထားခြင်းသည်၎င်း သရုပ်သဘောတို့ကို ဆွေးနွေး မေးမြန်း လေ့လာခြင်းသည်၎င်း သဝနဉာဏ် မည်၏။ ထိုဥဂ္ဂဟဉာဏ် ဓာရဏဉာဏ် ပရိစယဉာဏ်တို့ကို သဝနဉာဏ်၌ သွင်း၍ ယူရချေသည်။

---

## နိရောဓအရိယသစ္စာ မဂ္ဂအရိယသစ္စာ (၂)ပါးတို့၌ သိပုံဉာဏ် (၃)ပါး

သေသေသု ပန ဒွီသု ယမ္ဗသနဿ အဘာဝါ တိဝိဓမေဝ ဝဋ္ဋတိ။
မဟာဝဂ္ဂသံယုတ် အဋ္ဌကထာကြီး

**အနက်ကား။** သေသေသု၊ ကြွင်းကုန်သော။ ဒွီသုပန၊နိရော ဓ မဂ္ဂ အရိယသစ္စာ နှစ်ပါးတို့၌မူကား။ သမ္မသနဿ၊ သမ္မသနဉာဏ် ၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ တိဝိဓမေဝ၊ သဝနဉာဏ် ပဋိဝေဓ ဉာဏ် ပစ္စဝေက္ခဏာဉာဏ် သုံးမျိုးသည်သာလျှင်။ ဝဋ္ဋတိ၊ သင့်၏။

### အဓိပ္ပါယ်ကား

နိရောဓအရိယသစ္စာ မဂ္ဂအရိယသစ္စာ ဤ (၂) ပါးတို့၌ ဆင် ခြင်သုံးသပ်သော သမ္မသနဉာဏ် မရှိခြင်းကြောင့်။ သဝနဉာဏ် ပဋိ ဝေဓဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဟု ဆိုအပ်သော ဤဉာဏ် (၃)ပါး

သည်သာလျှင် နိရောဓအရိယသစ္စာ မဂ္ဂအရိယသစ္စာ နှစ်ပါးတို့ဌ ရအပ်၏။

ထို့ကြောင့်

နိရောဓအရိယသစ္စာ နိဗ္ဗာန်ကို သမ္မသနဉာဏ်ဖြင့်ဆင်ခြင်သုံးသပ်၍နေရမည်ဟု မပြောမဟောအပ်။မပြောကောင်း မဟောကောင်းဟု မှတ်ရမည်။

နိရောဓအရိယသစ္စာ နိဗ္ဗာန်တရားကြီးကို သဝနဉာဏ်ဖြင့် အမြဲကြားနာအပ်၏။ ပဋိဝေဓဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်၏။ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်အပ်၏။

---

ဝိပဿနာရှုနိုင်သော သစ္စာ (၂) ပါး

ဒွိသု သစ္စေသု အာစရိယ သန္တိကေ ဥဂ္ဂဟေတွာ ကမ္မံကရောတိ။

သံဂိတိအဋ္ဌကထာ၊ သဒ္ဓမ္မပကာသနီ အဋ္ဌကထာ၊

ကမ္မံကရောတီတိ နာမရူပ ပရိဂ္ဂဟာဒိက္ကမေန ယောဂကမ္မံ ကရောတိ။

ရင်း အဖွင့်ဋီကာကြီး

**အနက်ကား။** ဒွိသု သစ္စေသု၊ နှစ်ပါးကုန်သော ဒုက္ခအရိယသစ္စာ သမုဒယ အရိယသစ္စာတို့၌။ အာစရိယ သန္တိကေ၊ ဆရာတို့၏အထံ၌။ ဥဂ္ဂဟေတွာ၊ သင်ယူ၍။ ကမ္မံ၊ တရားအားထုတ်မှုကို။ ကရောတိ၊ ပြု၏။

ကမ္မံကရောတီတိ၊ တရားအားထုတ်မှုကို ပြု၏ဟူသည်ကား။နာမရူပ ပရိဂ္ဂဟာဒိက္ကမေန၊ နာမရူပ ပရိဂ္ဂဟဉာဏ် အစရှိသော အစဉ်ဖြင့်။ ယောဂကမ္မံ၊ တရားအားထုတ်မှုကို။ ကရောတိ၊ ပြု၏။

**အဓိပ္ပါယ်ကား။**

လောကီသစ္စာဖြစ်သော ဒုက္ခအရိယသစ္စာ သမုဒယ အရိယသစ္စာ နှစ်ပါးတို့ကို ဆရာကောင်း သမားကောင်းထံမှာ နည်းနာခံယူ သင်

ကြား၍ နာမရူပ ပရိဂ္ဂဟ ဉာဏ်မှအစပြု၍ အနုလောမဉာဏ် တိုင်အောင် ဝိပဿနာ အားထုတ်ခြင်းအမှုကို ပြုရချေသည်။

## လောကုတ္တရာ သစ္စာနှစ်ပါးကိုသာ အလိုရှိ၍ လောကီသစ္စာ နှစ်ပါးကိုသာ ဝိပဿနာရှုခြင်း

ဒွိသု သစ္စေသု နိရောဓသစ္စံနာမ သုန္ဒရံ ဣဋ္ဌံ ကန္တံ မနာပံ။
မဂ္ဂသစ္စံနာမ ဣဋ္ဌံ ကန္တံ မနာပန္တိ သဝနေနေဝ ကမ္မံကရောတိ။

**အနက်**။ ဒွိသု သစ္စေသု၊ နှစ်ပါးကုန်သော လောကုတ္တရာသစ္စာတို့တွင်။ နိရောဓသစ္စံနာမ၊ ဒုက္ခ သမုဒယ ချုပ်ငြိမ်းခြင်းသဘောရှိသော နိဗ္ဗာန်တည်းဟူသော နိရောဓအရိယသစ္စာမည်သည်။ သုန္ဒရံ၊ လောကီသင်္ခတ တရားတို့ထက် ကောင်းမွန် ပါပေ၏။ ဣဋ္ဌံ၊ လောကုတ္တရာ အသင်္ခတ ဖြစ်၍ အလိုရှိအပ်၏။ ကန္တံ၊ လောကုတ္တရာ အသင်္ခတဖြစ်၍ နှစ်သက်အပ်၏။ မနာပံ၊ လောကုတ္တရာ အသင်္ခတ ဖြစ်၍ စိတ်နှလုံးကို ပွားစေတတ်၏။ မဂ္ဂသစ္စံနာမ၊ သစ္စာလေးချက်ကို တပြိုင်နက် တချက်ထည်း မြင်နိုင်သော မဂ္ဂအရိယသစ္စာ မည်သည်။ ဣဋ္ဌံ၊ လောကုတ္တရာဖြစ်၍ အလိုရှိအပ်၏။ ကန္တံ၊ နှစ်သက်အပ်၏။ မနာပံ၊ စိတ်နှလုံးကိုပွားစေတတ်၏။ ဣတိ၊ ဤသို့။ သဝနေနေဝ၊ ကြားနာရခြင်းဖြင့်သာလျှင်။ ကမ္မံ၊ ဝိပဿနာ အားထုတ်ခြင်း အမှုကို။ ကရောတိ၊ ပြု၏။

### အဓိပ္ပါယ်ကား။

ဒုက္ခအရိယသစ္စာကို ဝိပဿနာရှုခြင်းသည် ထိုဒုက္ခအရိယသစ္စာကို အကောင်းထင်၍လည်းမဟုတ်။ အလိုရှိ၍လည်းမဟုတ်။ နှစ်သက်တွယ်တာ၍လည်း မဟုတ်။ စိတ်နှလုံးကို ပွားစေ၍လည်း မဟုတ်။ နိရောဓအရိယသစ္စာ မဂ္ဂအရိယသစ္စာ ဤလောကုတ္တရာ သစ္စာနှစ်ပါးကို အကောင်းအမွန် ထား၍။ အလိုရှိ၍။ လိုလားနှစ်သက်၍။ စိတ်နှလုံးကို ပွားစေလို၍ သာလျှင် ထိုဒုက္ခ အရိယသစ္စာကို ဝိပဿနာရှုခြင်းဖြစ်သည်။

## ထို့အတူ

သမုဒယအရိယသစ္စာကို ဝိပဿနာရှုခြင်းသည်လည်း ထိုသမုဒယ အရိယသစ္စာကို အကောင်းထင်၍လည်း မဟုတ်။ အလိုရှိ၍လည်း မ ဟုတ်။ နှစ်သက်တွယ်တာ၍လည်း မဟုတ်။ စိတ်နှလုံးကို ပွားစေလို၍ လည်းမဟုတ်။ နိရောဓအရိယသစ္စာ မဂ္ဂအရိယသစ္စာ ဤလောကုတ္တ ရာသစ္စာနှစ်ပါးကို အကောင်းအမွန် ထား၍ အလိုရှိ၍ လိုလားနှစ် သက်၍ စိတ်နှလုံးကို ပွားစေလို၍ သာလျှင်....ထိုသမုဒယ အရိယ သစ္စာကို ဝိပဿနာရှုခြင်းဖြစ်သည်။

ထိုနိရောဓ အရိယသစ္စာ မဂ္ဂအရိယသစ္စာ ဤလောကုတ္တရာသစ္စာ နှစ်ပါးတို့ကို ဘုရားအစရှိသော အရိယာသူတော်ကောင်း ကျမ်းဂန် တတ် ပညာရှိအပေါင်းတို့၏ အထံမှ နိဗ္ဗာန်တရား မဂ်တရားတို့၏ သုန္ဒရဂုဏ် ဗုဋ္ဌဂုဏ် ကန္တဂုဏ် မနာပဂုဏ် တို့ကို ကြားနာရသဖြင့် သာလျှင်....ဒုက္ခအရိယ သစ္စာ သမုဒယအရိယ သစ္စာ ဤလောကီ သစ္စာနှစ်ပါးတို့၌ ဝိပဿနာ အားထုတ်ခြင်း အမှုကိုပြု၍ နေကြရ ပါသည်။

## ထို့ကြောင့်

ဝိပဿနာဉာဏ်သည် လောကီဉာဏ်ပင် ဖြစ်သော်လည်း လော ကုတ္တရာဖြစ်သော နိရောဓအရိယသစ္စာနိဗ္ဗာန်နှင့် မဂ္ဂအရိယသစ္စာ မဂ် ဉာဏ်တို့ကို ရပါစေခြင်းအကျိုးငှါ ဝိပဿနာအားထုတ်မှုပြု၍ နေခြင်း ဖြစ်ချေသည်။

## တဏှာပဏ္ဍိနာ ဓမ္မရာဂ ဓမ္မနန္ဒီ တို့ကို ရှောင်ခြင်း

နိရောဓအရိယ သစ္စာဖြစ်သော နိဗ္ဗာန်တရားကြီးနှင့် မဂ္ဂအရိယ သစ္စာဖြစ်သော မဂ်တရားကြီးတို့၏ သုန္ဒရဂုဏ် ဗုဋ္ဌဂုဏ် ကန္တဂုဏ် မနာပဂုဏ် ဤဂုဏ်ကျေးဇူးစကားတို့ကို ကြားရခြင်း နာရခြင်းသည် လည်း ထိုနိဗ္ဗာန် မဂ်ဉာဏ်တို့၌ တပ်မက်နှစ်သက် စေတတ်သော တဏှာပဏ္ဍိနာ ဓမ္မရာဂ ဓမ္မနန္ဒီ ဖြစ်စေဘို့မဟုတ်။ ထိုနိဗ္ဗာန် မဂ်ဉာဏ်

တို့၌ စိတ်ညွတ်လျက် ကောင်းမြတ်လွန်ကဲသော အဇ္ဈာသယ ဆန္ဒပစ္စနာတို့ဖြင့် ဝိပဿနာအလုပ်ကို အဟုတ် အားထုတ် ကြရန်သာ ဖြစ်ချေသည်။ ထိုကောင်းမြတ်လွန်ကဲသော အဇ္ဈာသယ ဆန္ဒပစ္စနာဖြင့်သာလျှင် ဒုက္ခအရိယသစ္စာ သမုဒယ အရိယသစ္စာ ထိုက်သော ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့ကို အကျယ်အကျဉ်း အားဖြင့် သင်ကြားခြင်း။ နှုတ်တက်အာဂုံ ဆောင်ခြင်း။ အဖန်ဖန် မေးမြန်းခြင်း။ ဆင်ခြင်သုံးသပ်ခြင်း။ ဤအလုပ် များသည် အလုပ်အား လျော်စွာ အကျိုးဖြစ်သော နိရောဓ အရိယသစ္စာ မဂ္ဂအရိယသစ္စာတို့ကိုတိုးပွားစေတတ်သောကြောင့် ဝိပဿနာ ဉာဏ်သည် နိရောဓ အရိယသစ္စာ မဂ္ဂအရိယသစ္စာ နှစ်ပါးကို သိမြင်ရခြင်း၏ အကြောင်းရင်း စင်စစ်ကောန့်ဖြစ်ချေသည်။

---

## ဝိပဿနာဉာဏ်၏ကျေးဇူးကြောင့် သစ္စာ(၄)ပါးကို တပြိုင်နက်သိနိုင်ပုံ

သော ဝံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။ (သဒ္ဓမ္မပကာသနီ အဋ္ဌကထာ)

ကေ ပဋိဝေဓေနာတိ ဧကေန ပဋိဝေဓ ဉာဏေန ဧကေဝါ ဝါ ပဋိဝေဓေန။ (ဂဏ္ဌိပုဒ်)

ကေပဋိဝေဓေနာတိ ဧကေန ဉာဏေန ပဋိဝိဇ္ဈနေန။

(သဗ္ဗာသဝသုတ်ဋီကာ)

**အနက်။** သော၊ ထိုပုဂ္ဂိုလ်သည်။ ဝံ၊ ဤသို့။ ကမ္မံ၊ ဝိပဿနာ အားထုတ်ခြင်း အမှုကို။ ကရောန္တော၊ ပြုသည်ရှိသော်။ စတ္တာရိ သစ္စာနိ၊ လေးပါးကုန်သော အရိယသစ္စာတို့ကို။ ဧကေန ပဋိဝေဓေန၊ တခုသော ပဋိဝေဓ မဂ်ဉာဏ်ဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိမြင်၏။

ကေ ပဋိဝေဓေနာတိ၊ ကေပဋိဝေဓေန ဟူသည်ကား။ ဧကေန၊ တခုသော။ ပဋိဝေဓဉာဏေန၊ ပဋိဝေဓမဂ်ဉာဏ်ဖြင့်။ ဝါ၊ တနည်း

ကား။ ကေတော၊ တပြိုင်နက် တပေါင်းတည်း။ ပဋိဝေဓေန၊ ပဋိဝေဓမဂ်ဉာဏ်ဖြင့်။

ကေပဋိဝေဓေနာတိ၊ ကေပဋိဝေဓေန ဟူသည်ကား။ ကေန၊ တပါးတည်းသော။ ဉာဏေန၊ ဉာဏ်ဖြင့်။ ပဋိဝိဇ္ဈနေန၊ ထိုးထွင်း၍ သိသဖြင့်။

## အဓိပ္ပါယ်ကား

ဒုက္ခအရိယသစ္စာ သမုဒယအရိယသစ္စာထိုက်သော ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး အနိစ္စ ဒုက္ခ အနတ္တတရားတို့၌ ဝိပဿနာအားးထုတ်ခြင်းအမှုကိုပြု၍ နေသည်ရှိသော် ထိုဝိပဿနာဉာဏ် ဂေါတြဘူဉာဏ်နှင့် တဆက်ထည်း ပေါ်၍လာသော ပဋိဝေဓ မဂ်ဉာဏ်ဖြင့် ဒုက္ခအရိယသစ္စာကို ပိုင်းခြားသိ၍ငင်း။ သမုဒယ အရိယသစ္စာကို ပယ်သတ်၍ငင်း နိရောဓအရိယသစ္စာကို မျက်မှောက်ပြု၍ငင်း။ မဂ္ဂအရိယသစ္စာကို ပွားများ၍ငင်း။ ဤသစ္စာ (၄) ချက်ကို တပြိုင်နက် တချက်ထည်း တပေါင်းတည်း သိမြင် နိုင်ချေသည်။ ဝိပဿနာ ဉာဏ်ကို အားမထုတ်သည်ရှိသော် ပဋိဝေဓမဂ်ဉာဏ် ပေါ်၍ မလာနိုင်။ ပဋိဝေဓမဂ်ဉာဏ် ပေါ်၍မလာက နိဗ္ဗာန်နှင့် တကွ သစ္စာလေးချက်ကို တပြိုင်နက် မသိနိုင်ချေ။

---

## ဒုက္ခသစ္စာ သမုဒယသစ္စာ လွယ်သည်ဟု ပြောကြပုံ

ဒုက္ခသစ္စဉ္စ ဥပ္ပတ္တိတော ပါကဋံ ခါဏု ကဏ္ဍကပ္ပဟာရာဒိသု အဟော ဒုက္ခန္တိ ဝတ္တဗ္ဗတံ အာပဇ္ဇတိ။

သမုဒယံပိ ခါဒိတု ကာမတာ ဘုဉ္ဇိတု ကာမတာဒိ ဝသေန ဥပ္ပတ္တိတော ပါကဋံ။

**အနက်**။ ဟိသစ္စံ၊ မှန်၏။ ဒုက္ခသစ္စံ၊ ဒုက္ခ သစ္စာသည်။ ဥပ္ပတ္တိတော၊ ဖြစ်ပုံအားဖြင့်။ ပါကဋံ၊ ထင်ရှား၏။ ခါဏု ကဏ္ဍကပ္ပဟာရာဒိသု၊ ငုပ်တိုက်မိခြင်း၊ဆူးစူးခြင်းစသည်တို့၌။ အဟောဒုက္ခန္တိ၊ သြော် ဒုက္ခပါတကား ဟူ၍။ ဝတ္တဗ္ဗတံ၊ ပြောဆို အပ်သည်၏ အဖြစ်သို့။

အာပဇ္ဇတိ၊ ရောက်၏။ သမုဒယံပိ၊ သမုဒယ သစ္စာ သည်လည်း။ ခါဒိတု ကာမတာ ဘုဉ္ဇိတု ကာမတာဒိ ပသေန၊ ခဲလိုသည်၏အဖြစ် စားလိုသည်၏ အဖြစ် စသည်တို့၏ အစွမ်းဖြင့်။ ဥပ္ပတ္တိတော၊ ဖြစ်ပုံ အခြင်းအရာအားဖြင့်။ ပါကဋံ၊ ထင်ရှား၏။

## အဓိပ္ပါယ်ကား

ဤသို့မိန့်ဆိုတော်မူကြသော သမ္မော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ကြီးတို့နှင့်အညီ ဒုက္ခအရိယသစ္စာကို သိမြင်မှုသည် အလွယ်ကလေး ပါဘဲ ခဲခဲယင်းယင်းကြီး မဟုတ်ပါ။ ခလုပ်တိုက်မိ ငုတ်တိုက်မိတဲ့ အခါ ဆူးစူးတဲ့အခါတို့မှာ ဩော် ဒုက္ခပါဘဲလို့ သိကြခြင်းကြောင့် ဒုက္ခဆိုတာ အလွယ်ကလေးပါဘဲ ထင်ရှား လှပါတယ်။ အိုမှု နာမှု သေမှု ဒုက္ခတွေဆိုတာလဲ အလွန် ထင်ရှားပါတယ်။ ရှာဘို့ ပွားများ ဆင်ခြင်ဘို့ မလိုပါဘူးဟု ပြောလေ့ ရှိကြခြင်းသည် သမုတိ ဒုက္ခကို သာ ရည်၍ ပြောဆိုကြခြင်းဖြစ်သည်။ ပရမတ် ဒုက္ခကိုသိ၍ ပြောဆို ကြခြင်းမဟုတ်ပေ၊

ထို့အတူ သမုဒယအရိယသစ္စာကို သိမြင်မှုသည်လည်း အလွယ် ကလေးပါဘဲ။ ခဲလိုတာ သမုဒယသစ္စာ စားလိုတာ သမုဒယသစ္စာ တွေပါဘဲ အလွန်ထင်ရှားပါတယ်။ ရှာဘို့ ပွားများဆင်ခြင်ဘို့မလိုပါဘူး ဟု ပြောကြခြင်းသည် ဓမ္မတာသိမျှသာဖြစ်သည်။ ဉာဏ်ဖြင့်သိသော ပရမတ် သမုဒယ အရိယသစ္စာမဟုတ်ချေ။

---

## ဒုက္ခသစ္စာ သမုဒယသစ္စာ ခက်ခဲနက်နဲပုံ

လက္ခဏာ ပဋိဝေဓတောပန ဉဘယမ္ပိ ဂမ္ဘီရံ။

**အနက်**။ ဉဘယမ္ပိ၊ နှစ်ပါးကုန်သော ဒုက္ခအရိယသစ္စာ သမု ဒယ အရိယသစ္စာ တို့၏လည်း။ လက္ခဏာ ပဋိဝေဓတော ပန၊ လက္ခဏာကို ထိုးထွင်း၍ သိမြင်မှုအားဖြင့်မူကား။ ဂမ္ဘီရံ၊ ခက်ခဲ နက်နဲလှချေ၏။

### အဓိပ္ပါယ်ကား။

ဤသို့ မိန့်ဆိုကြသော ၎င်းအဋ္ဌကထာကြီးတို့နှင့် အညီ ပရမတ္ထသစ္စာဖြစ်သော ခန္ဓာ နာမ်ရုပ် အာယတန ဓာတ် ပဋိစ္စ သမုပ္ပါဒ် အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာ လက္ခဏာကို ထိုးထွင်း ဖေါက်ခွဲ၍ သိမြင်မှုသည်ကား ခက်ခဲလှချေ၏။ နက်နဲလှချေ၏။ ထို့အတူ ဒုက္ခဖြစ်ပွားကြောင်းဖြစ်သောလောဘတဏှာ သမုဒယသစ္စာလက္ခဏာကို ထိုးထွင်းဖေါက်ခွဲ၍ သိမြင်မှုသည်ကားခက်ခဲလှချေ၏ နက်နဲလှချေ၏။ ထို့ကြောင့် ခက်ခဲနက်နဲလှသော ဒုက္ခအရိယသစ္စာ၏ လက္ခဏာနှင့် သမုဒယအရိယသစ္စာ၏ လက္ခဏာကို ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်း ဖေါက်ခွဲ၍ သိမြင်ပါလျှင် နိရောဓအရိယသစ္စာကြီး မဂ္ဂအရိယသစ္စာကြီးတို့ကိုလည်း သိမြင်နိုင်တော့ပြီ။

---

### နိရောဓသစ္စာ မဂ္ဂသစ္စာ မြင်နိုင်ခဲပုံ

ဥတရေသံ ပန ဒွိန္နံ ဒဿနတ္ထာယ ပယောဂေါ။

**အနက်ကား။** ပန၊ ဆက်၍ဆိုဦးအံ့။ ဥတရေသံ၊ ဤမှတပါးကုန်သော။ ဒွိန္နံ၊ နှစ်ပါးကုန်သော နိရောဓအရိယသစ္စာ မဂ္ဂအရိယသစ္စာတို့ကို။ ဒဿနာယ၊ သိမြင်ခြင်းငှါ။ ပယောဂေါ၊ အားထုတ်မှုသည်။ ဂမ္ဘီရော ဂမ္ဘီရော၊ ခက်ခဲနက်နဲလှချေ၏။

### အဓိပ္ပါယ်ကား

ဤသို့မိန့်ဆိုကြသော ၎င်းအဋ္ဌကထာ ကြီးတို့နှင့်အညီ ခန္ဓဝိမုတ် ကာလဝိမုတ်ဖြစ်သော နိရောဓအရိယသစ္စာ နိဗ္ဗာန်တရားကြီးနှင့် မဂ္ဂအရိယသစ္စာ ဤလောကုတ္တရာ အရိယသစ္စာနှစ်ပါးတို့ကို ထင်ထင်ရှားရှားကြီး သိမြင်နိုင်ရန် ဝိပဿနာကို အားထုတ်ရမှုသည် အထက်ဘဝဂ်ကို လက်လှမ်း၍ အောက်အဝီစိထိအောင် ခြေဆန့်ရခြင်းထက် နက်နဲခက်ခဲလှချေ၏။ အကြိမ်ပေါင်း (၁၀၀) စိပ်၍စိပ်၍ ထားသော သားမြီးဖျားကို ထိပ်ချင်းထိအောင် ပြုလုပ်ရခြင်းထက်လည်း နက်နဲခက်ခဲလှချေ၏။

ထို့ကြောင့် ဝိပဿနာဉာဏ် အမြင်သန်သန်နှင့် အားထုတ်မှသာလျှင် အဝိစိတည်းဟူသော ကိလေသာကို ခြေကန်နိုင်မည်။ ဘဝဂ်တည်းဟူသော နိဗ္ဗာန်နှင့် မဂ်ဉာဏ် တို့ကို လက်လှမ်း၍ ယူနိုင်မည်။ ၁၀၀ မှ ၁စိပ်သာဖြစ်သော သားမြီးဖျားတခုနှင့်တူသော သိမ်မွေ့သောဝိပဿနာဉာဏ်နှင့် ၁ စိပ်သာဖြစ်သောသားမြီးဖျားတခုနှင့်တူသော သိမ်မွေ့သော နိဗ္ဗာန်ကို ထိပ်ခြင်းထိအောင် ပြုလုပ်နိုင်မည်။ ၁ စိပ်သာဖြစ်သော သားမြီးဖျား တခုနှင့်တူသော သိမ်မွေ့သော ဝိပဿနာဉာဏ်နှင့် ၁ စိပ်သာဖြစ်သော သားမြီးဖျားနှင့် တူသော သိမ်မွေ့သော မဂ်ဉာဏ်ကို ထိပ်ချင်းထိအောင် ပြုလုပ်နိုင်မည်။ ဤကဲ့သို့ ကျမ်းဂန်လာ စကားကြီးများကို သတိပြုထိုက်လှချေသည်။

## သစ္စာ (၄) ချက်ကိုတပြိုင်နက်မြင်ပုံ

ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ ဒုက္ခသမုဒယမ္ပိ သော ပဿတိ ဒုက္ခနိရောဓမ္ပိ ပဿတိ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒမ္ပိ ပဿတိ။

## သံယုတ်ပါဠိတ္ထေဘော်ကြီး

**အနက်ကား။** ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဒုက္ခအရိယသစ္စာကို။ ပဿတိ၊ ပဋိဝေဓဉာဏ်ဖြင့် ခက်ခဲနက်နဲစွာ ထိုးထွင်း၍သိမြင်၏။ သော၊ ထိုသူသည်၊ ဒုက္ခသမုဒယမ္ပိ၊ ဒုက္ခဖြစ်ပွားကြောင်းဖြစ်သော သမုဒယ အရိယသစ္စာကိုလည်း။ ပဿတိ၊ ပဋိဝေဓဉာဏ်ဖြင့် ခက်ခဲနက်နဲစွာ ထိုးထွင်း၍သိမြင်၏။ ဒုက္ခနိရောဓမ္ပိ၊ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းမှုဟူသော နိရောဓ အရိယသစ္စာကိုလည်း ပဿတိ၊ ပဋိဝေဓဉာဏ်ဖြင့် ခက်ခဲနက်နဲစွာ ထိုးထွင်း၍သိမြင်၏။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒမ္ပိ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းမှုသို့ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး မဂ္ဂအရိယသစ္စာကိုလည်း။ ပဿတိ၊ ပဋိဝေဓဉာဏ်ဖြင့် ခက်ခဲနက်နဲစွာ ထိုးထွင်း၍သိမြင်၏။

## အဓိပ္ပါယ်ကား

ဝိပဿနာဉာဏ် ဂေါတြဘုဉာဏ်တို့နှင့် တဆက်ထည်း တစဉ် တည်းပေါ်၍လာသော မဂ်စိတ်နှင့်ယှဉ်သော မဂ္ဂင်ရှစ်ပါးဟု ဆိုအပ် သော မဂ္ဂအရိယသစ္စာ ပဋိဝေဓမဂ်ဉာဏ်ပေါ်၍ လာသောအခါ....
ခက်ခဲနက်နဲလှစွာသော ပရမတ္ထဒုက္ခ အရိယသစ္စာကြီးကိုင်း။
ခက်ခဲနက်နဲလှစွာသော ပရမတ္ထသမုဒယအရိယသစ္စာကြီးကိုင်း။
ခက်ခဲနက်နဲလှစွာသော ပရမတ္ထနိရောဓအရိယသစ္စာ ကြီးကိုင်း။
ခက်ခဲနက်နဲလှစွာသော ပရမတ္ထမဂ္ဂအရိယသစ္စာကြီးကိုင်း
တပြိုင်နက် တချက်ထည်း ထိုးထွင်း၍သိမြင်လာသည်။

ထို့ကြောင့်

ထိုပါဠိတော်ကြီး၌ (ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ) ဟု ဒုက္ခ အရိယသစ္စာကြီးကို ရှေးဦးစွာ ဟောတော်မူသည့်အတိုင်း ဝိပဿနာ ဉာဏ်ဖြင့် ထိုဒုက္ခအရိယသစ္စာကြီးကို ထက်သက်သန်သန် သိမြင်ပါ လျှင် ပဋိဝေဓမဂ်ဉာဏ်ဖြင့် အရိယသစ္စာကြီး လေးချက်ကို တပြိုင် နက် မြင်သည်ဟု လာရှိချေသည်။

---

## နိရောဓ အရိယသစ္စာ နိဗ္ဗာန်ကို မြင်ဆဲခဏမှာ

ဒုက္ခ အရိယသစ္စာကိုလည်း သိမြင်ဆဲဖြစ်သည် သမုဒယ အရိယ သစ္စာကိုလည်း ပယ်ဆဲဖြစ်သည်။ မဂ္ဂအရိယသစ္စာကိုလည်း ပွားများ ဆဲဖြစ်သည်။ ဤသို့ ကျမ်းဂန်လာရှိသည့် အတိုင်းကိုသာ အမှန်ဟု မှတ်ကြရာသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး၌
သစ္စာဘိသမယ ကာလသ္မိံ ဧတေသု စတူသု ဉာဏေသု
ဧကေကဿ ဧကက္ခဏေ ပရိညာ ပဟာန သစ္ဆိကြိယ ဘာ
ဝနာတိ ဧတာနိ ပရိညာဒီနိ စတ္တာရိ စတ္တာရိ ကိစ္စာနိ ဝုတ္တာနိ။
ဤသို့မိန့်ဆိုတော်မူသည်။

သစ္စာဘိသမယ ကာလသို့ ၊ အရိယသစ္စာလေးပါးကို ထင်ထင်ရှားရှား ထိုးထွင်းသိမြင်လာသောအခါ၌။ တေသု စတူသု ဉာဏေသု၊ ထိုမဂ်ဉာဏ်လေးပါးတို့တွင်။ ဧကေကဿ၊ မဂ်ဉာဏ် တပါး တပါး၏။ ဧကက္ခဏေ၊ တပြိုင်နက်သော ခဏ၌။ ပရိညာ၊ ဒုက္ခအရိယသစ္စာကို ပိုင်းခြား၍သိခြင်း။ ပဟာန၊ သမုဒယအရိယသစ္စာကို ပယ်သတ်ခြင်း။ သစ္ဆိကြိယ၊ နိရောဓအရိယသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။ ဘာဝနာ၊ မဂ္ဂအရိယသစ္စာကို ပွားများခြင်း။ ဣတိ၊ ဤသို့။ ပရိညာဒိနိ၊ ပရိညာကိစ္စ အစရှိကုန်သော။ စတ္တာရိ စတ္တာရိ၊ လေးပါးစီ လေးပါးစီ ဖြစ်ကုန်သော။ တာနိကိစ္စာနိ၊ ဤကိစ္စတို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

## အဓိပ္ပါယ်ကား

(၁) သောတာပတ္တိမဂ်ဉာဏ်၌ ဒုက္ခအရိယသစ္စာ ပရိညာကိစ္စ။ သမုဒယအရိယသစ္စာ ပဟာနကိစ္စ။ နိရောဓအရိယသစ္စာ သစ္ဆိကြိယကိစ္စ၊ မဂ္ဂအရိယသစ္စာ ဘာဝနာကိစ္စ ပေါင်းတပြိုင်နက် (၄) ကိစ္စ ရသည်။

(၂) သကဒါဂါမိ မဂ်ဉာဏ်၌လည်း ဤကိစ္စကြီး (၄) ချက် တပြိုင်နက်ရသည်။

(၃) အနာဂါမိ မဂ်ဉာဏ်၌လည်း ဤကိစ္စကြီး (၄) ချက် တပြိုင်နက်ရသည်။

(၄) အရဟတ္တ မဂ်ဉာဏ်၌လည်း ဤကိစ္စကြီး (၄) ချက် တပြိုင်နက်ရသည်။

ထို့ကြောင့်

အရိယာလောင်း သူတော်ကောင်း တို့နှင့် အရိယာ အပေါင်းတို့ သည်သာ သိမြင်နိုင်သော ဒုက္ခ အရိယာသစ္စာ ပရိညာ အလုပ်ကို ဝိပဿနာဉာဏ်ဖြင့် သောတာပတ္တိ မဂ်၏ ရှေ့အဘို့ကလည်း အားထုတ်သိမြင်ရသည်။

သောတာပတ္တိမဂ်ကျဆဲ၌ ဒုက္ခအရိယ သစ္စာကို ပရိညာ ကိစ္စဖြင့် သောတာပတ္တိမဂ်ဉာဏ်က သိမြင်သည်။

သောတာပတ္တိမဂ်ကျပြီးနောက် သကဒါဂါမိမဂ် မကျမှီအတွင်း၌လည်း ထိုဒုက္ခအရိယသစ္စာကို ပရိညာအလုပ်ဖြင့် ဝိပဿနာဉာဏ်က သိမြင်နေရသည်။

သကဒါဂါမိမဂ် ကျဆဲ၌ ဒုက္ခအရိယ သစ္စာကို ပရိညာကိစ္စဖြင့် သကဒါဂါမိမဂ်ဉာဏ်က သိမြင်သည်။

သကဒါဂါမိမဂ်ကျပြီးနောက် အနာဂါမိမဂ်မကျမှီအတွင်း၌လည်း ထိုဒုက္ခအရိယသစ္စာကို ဝိပဿနာဉာဏ်ဖြင့် သိမြင်နေရသည်။

အနာဂါမိမဂ်ကျဆဲ၌ ဒုက္ခအရိယသစ္စာကို ပရိညာကိစ္စဖြင့် အနာဂါမိမဂ်ဉာဏ်က သိမြင်သည်။

အနာဂါမိမဂ်ကျပြီးနောက် အရဟတ္တမဂ်မကျမှီ အတွင်း၌လည်း ထိုဒုက္ခအရိယသစ္စာကို ဝိပဿနာဉာဏ်ဖြင့် ပွား၍ရှုနေရသည်။

အရဟတ္တမဂ်ကျဆဲ၌ ဒုက္ခအရိယသစ္စာကို ပရိညာကိစ္စဖြင့် အရဟတ္တ မဂ်ဉာဏ်က သိမြင်သည်။

အရဟတ္တမဂ်ကျပြီးနောက်၌လည်း အနုပါဒိသေသ နိဗ္ဗာန် ဝင်စံသည် တိုင်အောင် ထိုဒုက္ခ အရိယ သစ္စာကို ပွားများ ဆင်ခြင်နေသည်။

ဤသို့ ကျမ်းဂန်လာရှိသည့်အတိုင်းသာ မှတ်ကြရာသည်။

---

### အရိယသစ္စာလေးပါးကို
### အနုဗောဓဝိပဿနာဉာဏ်ဖြင့် ရှုရခြင်းအကျိုး

ယံ ပနေတံ လောကိယံ တတ္ထ ဒုက္ခဉာဏံ ပရိယုဋ္ဌာနာဘိဘဝန ဝသေန် ပဝတ္တမာနံ သက္ကာယဒိဋ္ဌိံ နိဝတ္တေတိ။

(သမ္မော ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီးများ)

**အနက်။** ပန၊ လောကီအနုဗောဓ ဝိပဿနာဉာဏ်ဖြင့် အရိယသစ္စာ လေးပါးကို သိခြင်း၌ အကျိုးကို ပြဆိုဦးအံ့။ လောကိယံ၊ လောကီ သက်သက် ဖြစ်သော။ ယံ ဧတံ၊ အကြင် အနုဗောဓ ဝိပဿနာဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုလောကီ သက်သက်

ဖြစ်သော အနုလောမ ဝိပဿနာ ဉာဏ်၌။ ဒုက္ခဉာဏံ၊ ဖြစ်ချုပ်ကိုင်ဖန် အတန်တန်တို့ကြောင့် ကောန်မငြိသဖြင့် ဆင်းရဲမှုကိုသိသော ဉာဏ်သည်။ ပရိယုဋ္ဌာနာဘိဘဝန ဝသေန၊ ခဏခဏ ထကြွလွှမ်းမိုးသည်၏ အစွမ်းအားဖြင့်။ ပဝတ္တမာနံ၊ စိတ်အစဉ်၌ စွဲဝင်ဖြစ်ပေါ်လာတတ်သော။ သက္ကာယဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ နိဝတ္တေတိ၊ ဆုတ်နစ်ခွါရှဲ ရှောင်လွှဲအောင် တားမြစ်နိုင်၏။

**အဓိပ္ပါယ်ကား**။ အနုလောမ ဝိပဿနာ ဉာဏ်သည် လောကီ ဉာဏ်ပင်ဖြစ်ညားသော်လည်း အရိယသစ္စာလေးပါးကို သိမြင်သော ဉာဏ် ဖြစ်ခြင်းကြောင့် ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဆင်းရဲခြင်း အစိုးမရခြင်းဟုဆိုအပ်သော ဒုက္ခအရိယသစ္စာကြီးကို အဖန်ဖန် အထပ်ထပ် ရှုမြင်ဆင်ခြင်၍ နေသဖြင့် ခဏခဏ ထကြွလွှမ်းမိုးသောင်းကျန်း၍စိတ်အစဉ်၌စွဲဝင်ဖြစ်ပေါ်လာတတ်သော သက္ကာယဒိဋ္ဌိတရားကို ဆုတ်နစ်ခွါရှဲ ရှောင်လွှဲအောင် တားမြစ်နိုင်ခြင်းသည် လောကီဖြစ်သော အနုလောမ ဝိပဿနာဉာဏ်၏ အစွမ်းသတ္တိ တန်ခိုးပါပေတည်း။

ထို့ကြောင့်....

သက္ကာယဒိဋ္ဌိ ပရိယုဋ္ဌာနကိလေသာကို တားမြစ်ခြင်း အကျိုးငှါ လောကီ အနုလောမ ဝိပဿနာဉာဏ်ကြီးကို များများကြီး ပွားများအားထုတ်၍ နေသင့်လှချေသည်။

ထို့အတူ ဧင်းဋီကာကြီးတို့၌

သုဋ္ဌုသင်္ခါရ ပုဉ္ဇ မတ္တ ဒဿနတော သက္ကာယဒိဋ္ဌိ ပရိယုဋ္ဌာနံ နိဝတ္တေတိ။

**အနက်ကား**။ သုဋ္ဌုသင်္ခါရ ပုဉ္ဇမတ္တ ဒဿနတော၊ လောကီဖြစ်သော အနုလောမ ဝိပဿနာဉာဏ်ပညာဖြင့် ကောင်းစွာရှုမြင်မှုအတွက် သက်သက် သင်္ခါရဟူသော ရုပ်နာမ်ခန္ဓာတို့၏ အစုအပုံမျှကိုသာ မြင်ခြင်းကြောင့်။ သက္ကာယ ဒိဋ္ဌိ ပရိယုဋ္ဌာနံ၊ သက္ကာယဒိဋ္ဌိတရား၏ လှုပ်ရှားထကြွခြင်းကို။နိဝတ္တေတိ၊ ဆုတ်နစ်ခွါရှဲ ရှောင် လွှဲအောင် တားမြစ်နိုင်၏။

**အဓိပ္ပါယ်ကား**။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အစုအပုံ မျှသာရှိသည်ဟု ရှုမြင်ဆင်ခြင်သော လောကီ အနုဗောဓ ဝိပဿနာ ဉာဏ်သည် သက္ကာယဒိဋ္ဌိ အယုတ်တရားကြီး၏ စိတ်အစဉ်၌ ပျောက်ရှား ထကြွနေခြင်းကို တားမြစ်နိုင်ခြင်း အကျိုးရှိချေသည်။

---

**အရိယသစ္စာ (၄) ချက် တပြိုင်နက်သိမြင်၍ သောတာပန် တည်ပြီးသူဖြစ်ပါက အမှားစကားကို မယုံကြည်ပုံ**

ရှင်တော်ဘုရားကြီး သက်တော်ထင်ရှား ရှိတော်မူစဉ် အခါက သာဝတ္ထိမြို့ (သုရဗန္ဓ)မည်သော သူဋ္ဌေးသားသည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသဖြင့် သောတာပန် တည်ပြီးနောက် အိမ်သို့ရောက်သောအခါ မာရ်နတ်သည် လက္ခဏာတော် ကြီးငယ် အစုံအလင်နှင့် ဘုရားအသွင် ဖန်ဆင်း၍ ကြွလာပြီးလျှင်....

ငါဘုရား သည် အမှတ်တမဲ့ဖြင့် ခန္ဓာ ငါးပါးကို အနိစ္စ ဒုက္ခ အနတ္တ ဟု တရားဟောမှားသွားသည်။ ခန္ဓာ ငါးပါးသည်ကား နိစ္စ သုခ အတ္တ တရားဖြစ်သည်ဟု ပြင်၍ယူလိုက်ပါ။

ထိုအခါ သုရဗန္ဓ သူဋ္ဌေးသားက ဤစကားသည် ဘုရားစကား မဟုတ်ရာ ဘုရားတို့ မည်သည် နှစ်ခွန်း မဟောမပြော တခွန်းသာ အမှန်တရားကို ဟောပြောသည်။ ဘုရားမဟုတ်ဘဲ မာရ်နတ်ဖြစ်တန် ရာသည်ဟု အမှန်သိမြင်လာသဖြင့်....

တုမှာဒိသာနံ မာရာနံ သတံပိ သဟဿံပိ အာဂန္တွာ မမ စာလေတုံ နသက္ကောတိ။

ဤသို့ ပြောဆို၍ မောင်းမဲနှင်ထုတ်လိုက်၏။

**အနက်ကား**။ တုမှာဒိသာနံ၊ အသင် မာရ်နတ်နှင့် တူကုန်သော။ မာရာနံ၊ မာရ်နတ်အကောင်တို့၏။ သတံပိ၊ မာရ်နတ်တရာ သည်လည်းကောင်း။ သဟဿံပိ၊ မာရ်နတ် တထောင်သည်လည်း ကောင်း။ အာဂန္တွာ၊ ဘုရားအသွင်ဖန်ဆင်းခါ ဝင်းဝင်းကြီး ကြွလာ

ပြီး၍။ မမ၊ သုရဗန္ဓဟု နာမံကျော်ကြား သောတာပန် ငါ့သူဌေးသား၏။ သဒ္ဓံ၊ တရားစစ်တရားမှန်ကို ကောင်းမြင်သိ၍ ယုံကြည်သည့် အဓိဂမသဒ္ဓါတရားကို။ စာလေတုံ၊ မာရ်နတ်တရာ မာရ်နတ်တထောင် ဘုရားအသွင်ဆောင်၍ တောင်တောင် မြောက်မြောက် ဂရောက်ဂရက် စိတ်စက်ပွေရှုတ် လှုပ်ချောက်ချားခြင်းငှါ။ နသက္ကောတိ၊ ကပ်ကမ္ဘာအကုန် ကျွမ်းသော်လည်း မစွမ်းနိုင် မတတ်နိုင်တော့လေပြီ။

**အဓိပ္ပါယ်ကား။**

ဘုရားအသွင် ဖန်ဆင်းတဲ့ အသင်မာရ်နတ်မင်း အသင်မာရ်နတ်မင်းသည်၎င်း အသင်မာရ်နတ်မင်းနှင့်တူကုန်သော မာရ်နတ်(၁၀၀) တို့သည်၎င်း။ မာရ်နတ် (၁၀၀၀) တို့သည်၎င်း ဘုရားအသွင် ဘုရားအတု (၁၀၀) ဘုရားအသွင် ဘုရားအတု (၁၀၀၀) ဖန်ဆင်းကြကုန်၍အကျွန်ုပ်အိမ်အတွင်း အိမ်ဝင်းအပြည့်မျှ ကြွလာကြကုန်ပြီးလျှင် အကျွန်ုပ် (သုရဗန္ဓ) သူဌေးသား၏ ခန္ဓာငါးပါး တရားအစစ် အနိစ္စတရားအစစ် ဒုက္ခတရားအစစ် အနတ္တတရားအစစ် ဝိပဿနာတရားအစစ် မဂ်ဖိုလ်တရားအစစ် နိဗ္ဗာန်တရားအစစ်ကို ကောင်းအမှန်ဟု သိမြင်ယုံကြည်ပြီးဖြစ်သည့် အရိယာတို့၏ (အဓိဂမ သဒ္ဓါတရား) ကို ခန္ဓာငါးပါးသည် နိစ္စတရား သုခတရား အတ္တတရားဟု အသင်ဘုရားတု မာရ်နတ်အပေါင်းတို့က တောင်တောင် မြောက်မြောက် ဂရောက်ဂရက် စိတ်စက်ပွေရှုတ်အောင် လှုပ်ချောက်ချားခြင်းငှါ မတတ်နိုင်တော့ပြီဟု ပြောဆို ကြိမ်းမောင်း မောင်းမဲလိုက်သောအခါမှ မာရ်နတ်မင်း ကွယ်ပျောက်သွားချေသည်။

ထို့ကြောင့်

ယခုအခါမှာလည်း ဘုရားတုဘုရားအသွင် ဖန်ဆင်းတဲ့ မာရ်နတ်မင်းသည်၎င်း။ မာရ်နတ်မင်း (၁၀၀) တို့သည်၎င်း။ မာရ်နတ်မင်း (၁၀၀၀) တို့သည်၎င်း။ ဒုက္ခအရိယသစ္စာ ထိုက်သော ခန္ဓာငါးပါး ရုပ်နာမ်နှင့်ပါး အနိစ္စလက္ခဏာ (၁၀) ပါး။ ဒုက္ခလက္ခဏာ (၂၅) ပါး။ အနတ္တလက္ခဏာ (၅) ပါးတို့ကို မပွားရ မရှုရ မဆင်

ခြင်ရဟူ၍ ပြောဆိုလာကုန်ညားအံ့။ အရိယာအလောင်း သူတော်၊ ကောင်းတို့နှင့် အရိယာအပေါင်းသူတော်ကောင်းတို့သည် (သုရဗ္ဗ သူတွေးသား) ကဲ့သို့ ဘုရားတု မာရ်နတ်ကိုငင်း။ မာရ်နတ်၏တရား တုကိုငင်း။ ဘုရားတု မာရ်နတ် (၁၀၀) တို့၏ တရားတုကိုငင်း။ ဘုရားတု မာရ်နတ် (၁၀၀၀) တို့၏ တရားတုကိုငင်း။ ပြောဆို ကြမ်းမောင်း မောင်းမဲ လိုက်ကြရာ သတည်း။ ဤကဲ့သို့ ဘုရား အစစ်က ထိုထို ပါဠိတော်ကြီးတို့၌ ဟောကြားတော် မူသော ဒုက္ခ အရိယသစ္စာထိုက်သော ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး အနိစ္စ ဒုက္ခ အနတ္တ တရားအစစ်တို့ကို ပွားများဆင်ခြင်မှသာလျှင် အရိယသစ္စာ လေးပါးအစုံ တပြိုင်နက် အကုန်မြင်သဖြင့် (အဓိဂမ သဒ္ဓါ) တရား နှင့် ပြည့်စုံသည်ရှိသော် ဘုရားတု မာရ်နတ်၏ တရားတုကိုလည်း မယုံကြည်တော့ပြီ။ ဘုရားတုမာရ်နတ် (၁၀၀) တို့၏ တရားတုကို လည်း မယုံကြည်တော့ပြီ။ ဘုရားတု မာရ်နတ် (၁၀၀၀) တို့၏ တရားတုကိုလည်း မယုံကြည်တော့ပြီ။

---

## မြတ်စွာဘုရားသည် တရားဟောတော်မူတိုင်း
## သစ္စာလေးပါး ပါပါသည်
## လက္ခဏာသုံးပါး ပါပါသည်။

စတုသစ္စ ဝိနိမုတ္တာ ဒေသနာ နာမ နတ္ထိ။
အနိစ္စာဒိ လက္ခဏ ဝိနိမုတ္တာ ဒေသနာ နာမ နတ္ထိ။

### သီလက္ခန် အဋ္ဌကထာကြီးများ

**အနက်ကား။** စတုသစ္စ ဝိနိမုတ္တာ၊ အရိယ သစ္စာလေးပါးမှ လွတ်သော။ ဒေသနာ နာမ၊ မြတ်စွာဘုရား ဒေသနာတော်မည်သည်။ နတ္ထိ၊ မရှိချေ။ အနိစ္စာဒိ လက္ခဏ ဝိနိမုတ္တာ၊ အနိစ္စအစရှိသော လက္ခဏာရေးသုံးပါးမှ လွတ်သော။ ဒေသနာ နာမ၊ မြတ်စွာဘုရား ဒေသနာတော်မည်သည်။ နတ္ထိ၊ မရှိချေ။

## အဓိပ္ပါယ်ကား

ရှင်တော်ဘုရားကြီးသည် မည်သည့် ပုဂ္ဂိုလ်ဘို့ကိုပင်ဖြစ်စေ မည်သည့်အရပ်ဒေသမှာပင်ဖြစ်စေ ဒါနကထာ သီလကထာ အစရှိသော ဒေသနာတို့ကို ဟောတော်မူဘိုင်း ဟောတော်မူတိုင်း....

ဒုက္ခအရိယသစ္စာတရားကြီးကိုင်း သမုဒယ အရိယ သစ္စ တရားကြီးကိုင်း နိရောဓ အရိယ သစ္စာတရားကြီးင်း မဂ္ဂအရိယသစ္စာ တရားကြီးကိုင်း။

ထိုမှတပါး အနိစ္စလက္ခဏာ တရားကြီးကိုင်း ဒုက္ခလက္ခဏာ တရားကြီးကိုင်း။ အနတ္တလက္ခဏာတရားကြီးကိုင်း။

အမြဲထည့်သွင်း၍ ဟောတော်မူမြဲဖြစ်သည်။ ရှင်တော်ဘုရားကြီး၏ ဒေသနာတော်ဟူသမျှသည် အရိယာသစ္စာကြီး လေးပါးမှင်း လက္ခဏာရေးကြီးသုံးပါးမှင်း လွတ်သော ဒေသနာတော်မည်သည် မရှိချေ။

## ထို့ကြောင့်

ဤဝိဝဋ္ဋဒါနဒီပနီကျမ်း၌လည်း သီလက္ခန်အဋ္ဌကထာကြီးများနှင့်အညီ အာမိသဒါန ဓမ္မဒါနတို့၌ သံသာရဒုက္ခတို့ကိုသိမြင်၍ ဝိဝဋ္ဋဒါနဖြစ်စေပြီးလျှင် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၌ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးကြီးသုံးပါးသို့တင်၍ အရိယသစ္စာကြီး လေးပါးကို သိမြင်ကြရမည်။

ဝိနယဒါန (၄) ပါး သုတ္တန္တဒါန (၁၀) ပါး အဘိဓမ္မာဒါန (၆) ပါးတို့၌လည်း သံသာရဒုက္ခတို့ကို သိမြင်၍ ဝိဝဋ္ဋဒါနဖြစ်စေပြီးလျှင် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၌ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးကြီး သုံးပါးသို့တင်၍ အရိယ သစ္စာကြီး လေးပါးကို သိမြင်ကြရမည်။

ပုဂ္ဂလိကဒါန (၁၄) ပါး သံဃိကဒါန (၇) ပါးတို့၌လည်း သံသာရဒုက္ခတို့ကို သိမြင်၍ ဝိဝဋ္ဋဒါနဖြစ်စေပြီးလျှင် ခန္ဓာငါးပါး ရုပ်နာမ်

နှစ်ပါးတို့၌ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးကြီး သုံးပါးသို့တင်၍ အရိယသစ္စာကြီးလေးပါးကို သိမြင်ကြရမည်။

---

## ဝိဝဋ္ဋဒါန မြောက်အောင် ရေစက်ချပုံ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ကာမောဃတောစ။ အလွန် ကျယ်ဝန်း နစ်မွန်းစွာလှ ကာမခေါ်တွင် ရေအယဉ်မှ၎င်း ဘဝေါဃတောစ၊ အလွန့်ကျယ်ဝန်း နစ်မွန်းစွာလှ ဘဝ ခေါ်တွင် ရေအယဉ်မှ၎င်း။ ဒိဋ္ဌောဃ တောစ၊ အလွန်ကျယ်ဝန်း နစ်မွန်းမျောဘိ ဒိဋ္ဌိခေါ်တွင် ရေအယဉ်မှ၎င်း။ အဝိဇ္ဇောဃတောစ၊ အလွန် ကျယ်ဝန်း နစ်မွန်းမျောရာ အဝိဇ္ဇာခေါ်တွင် ရေအယဉ်မှ၎င်း။ မုစ္စနတ္ထာယ၊ မငြိမကပ် မစပ်မတွယ် အကယ်သန့်ရှင်း အစဉ် လွတ်မြောက်ပါရခြင်း အကျိုးငှါ။ တိဏ္ဏံရတနာနံ၊ ဘုရား တရား သံဃာ အားဖြင့် သုံးပါးသော ရတနာတော် မြတ်ကြီးတို့ကို။ နတွာစ၊ ကောင်းစွာ အဉ္ဇလီ တင်ချီယှက်မိုး ရှိခိုးပြီး၍၎င်း။

ပဉ္စသီလံ၊ ငါးပါးသီလ အာစာရဓါတ် အကျင့်မြတ်ကို။ အဋ္ဌင်္ဂသီလံ၊ ရှစ်ပါးသီလ အာစာရဓါတ် အကျင့်မြတ်ကို။ သံဂဏှိတွာစ၊ ကောင်းစွာကြည်ဖြူ ခံယူသိမ်းဆည်း ဆောက်တည်ပြီး၍၎င်း။ ဣမာနိ ပိဏ္ဍပါတာဒိ ဒါနဝတ္ထူနိ၊ ဤဆွမ်းကပ်လှူခြင်း အစရှိသော လှူဘွယ် ဝတ္ထု အစုစုတို့ကို။ အာယသ္မန္တာနံ၊ အရှင်ကောင်းအရှင်မြတ်တို့အား။ ဒေမ၊ မဂ်ဇော ဖိုလ်ဇော ထောက်ပန့်သောဟု မနောယူမှန်း၍ လှူဒါန်း ကြပါကုန်၏။ ဒေမ၊ နိဗ္ဗာန်ဆုတောင်း ရောက်ကြောင်း မသွေ ဖြစ်တန်စေဟု စိတ် စေ စင်ဖြူ အရေးယူ၍ပေးလှူကြပါကုန်၏။ ဒေမ၊ ရုပ်နာမ်ချင်းချင်း ပေးလှူလျှင်းသည် ဓါတ်ရင်းအနိစ္စသာတည်း။ ရုပ်နာမ်ချင်းချင်း ပေးလှူလျှင်းသည်း ဓါတ်ရင်း ဒုက္ခသာတည်း။ ရုပ်နာမ်ချင်းချင်း ပေးလှူလျှင်းသည် ဓာတ်ရင်း အနတ္တ သာတည်း။ ဤသို့ ဝိပဿနာဉာဏ် ခြံရံဖေးမ၍ ပေးချလှူဒါန်းကြပါကုန်၏။

ဣမိနာ ပုညကမ္မေန၊ ဤသို့ဝိပဿနာဉာဏ်အရင်းခံ၍ အမြင်မှန်နှင့် လှူဒါန်းအပ်သော ဝိဝဋ္ဋဓါတ် ကုသိုလ်မြတ်ကြောင့်၊ ဣဓေဝ၊ ခုသာသ

နာ ခုခါသမယ ခုဘဝ၌သာလျှင်။အန္တမသော၊ အောက်ထစ်ပိုင်းခြား အဘို့အားဖြင့်။ သောတာပန္နာ၊ အမြင်ဖောက်ပြား ယုံမှားတွေးတော သဘောမမှန် ဒိဋ္ဌိ ဝိစိကိစ္ဆာရန်ကို တွန်းလှန်ပယ်ရှားနိုင်သော သော တာပန် ပုဂ္ဂိုလ်တို့သည်။ဘဝါမ၊အပါယ်ဝဋ်ဘဝမနစ်ကျအောင် ဖြစ် ရပါလိုကုန်၏။

သောတာပန္နော၊ ပဌမဖလံ သောတာပန်ပုဂ္ဂိုလ်သည်။ စေဟော တိဝါ၊ အကယ်၍ ဖြစ်မူလည်းဖြစ်စေ။ စေနောဟောတိဝါ၊ အကယ် ၍ မဖြစ်သေးမူလည်းဖြစ်စေ။ ဇာတိ ဇာတိယံ၊ ဖြစ်တိုင်း ဖြစ်တိုင်း သော မဆိုင်း ကြိုရ ဘုံဘဝ၌။ သဒ္ဓါ ဗလေနစ၊ ရုပ်နာမ် ဓမ္မ အနတ္တအချက် တရားနက်ကို အားတက်သရော ယုံကြည် သက်ဝင် နိုင်သော ဝိပဿနာဘာဝနာ သဒ္ဓါအားကြီးနှင့်ရင်း။ သတိဗလေ နစ၊ ရုပ်နာမ်ဓမ္မ အနတ္တအချက် တရားနက်ကို အားတက် သရော အောက်မေ့ထင်မြင်နိုင်သော ဝိပဿနာ ဘာဝနာသတိ အားကြီး နှင့်ရင်း။ ဝီရိယဗလေနစ၊ ရုပ်နာမ်ဓမ္မ အနတ္တအချက် တရားနက်ကို အားတက်သရော ပွားများအားထုတ်နိုင်သော ဝိပဿနာ ဘာဝနာ ဝီရိယ အားကြီးနှင့်ရင်း။ သမာဓိဗလေနစ၊ ရုပ်နာမ်ဓမ္မ အနတ္တအချက် တရားနက်ကိုအားတက်သရော တည်ကြည်စူးစိုက်နိုင်သောဝိပဿနာ ဘာဝနာ သမာဓိ အားကြီးနှင့်ရင်း။ ပညာဗလေနစ၊ ရုပ်နာမ်ဓမ္မ အနတ္တအချက် တရားနက်ကို အားတက်သရော သိမြင် ပေါက်ပိုင် နိုင်သော ဝိပဿနာ ဘာဝနာ ပညာ အားကြီးနှင့်ရင်း။ သမ္ပန္နာ၊ အမြဲမပြတ် စွဲမှတ်လေ့ထုံ ပြည့်စုံကုန်သည်။ ဟောမ၊ မချွတ်မုချ ကေန္တဖြစ်ရပါလိုကုန်၏။

ဝေံ၊ ဤသို့။ အမှာကုံ၊ အကျွန်ုပ်တို့၏။ သုကတံ၊ ရိုသေလေးမြတ် ကောင်းစွာ ပြုအပ်သော။ ပုညဘာဂံ၊ ဝိဝဋ္ဋခေတ် ကုသိုလ် မြတ်၏ အဘို့ကို။ မာတာ ပိတုနဥ္စ၊ အနန္တ ကျေးဇူးအထူးကြီးလှ မိနှင့်ဘတို့ အားရင်း။ အာစရိယာနဥ္စ၊ ဆရာသခင် ကျေးဇူးရှင် တို့အားရင်း။ ဥာတကာနဥ္စ၊ သားချင်း ပေါက်ဖော် ဆွေမျိုး တော်သူ အပေါင်း လူတို့အားရင်း။ ပရိသာနဥ္စ၊ စည်းဝေးလာကြ ဓမ္မမိတ်ဆွေအပေါင်း

ပရိသတ် သူတော်ကောင်း တို့အားရှင်း။ ကေတိံသ ဘဝေ၊ သုံး ဆယ့်တဝ ဘုံဌာနန္၌။ ဌိတာနံ၊ အမြင်အကြား အစဉ်အားဖြင့် ထင် ရှား တည်ရှိကြကုန်သော။ သဗ္ဗသတ္တာနဥ္စ၊ အယုတ်အလတ် အမြတ် ပိုင်းခြား အလုံးစုံသော သတ္တဝါ အပေါင်း တို့အားရှင်း။ ဘာဇေမ၊ အကျွန်ုပ်တို့နှင့် အတူတကွ ရစေ ရစေ အမျှ ဝေပါကုန်၏။ အနေ္တ၊ ကုသိုလ်အားလုံး ကောင်းမှုအဆုံး၌။ တေ၊ ထိုကြားသိသမျှ ဝေနေ ယျတို့သည်။ သာဓုသာဓုတိ၊ မနောရွှင်ကြည် ဝမ်းမြောက်ဟ ကောင်း လေစွ ကောင်းလေစွ ဟူ၍။ အနုမောဒန္တု၊ ဝမ်းမြောက် ဝမ်းသာ ချမ်းမြေ့စွာဖြင့် ညီညာဖျဖျ ဇောကောင်း ရအောင် အနုမောဒနာ ပြုနိုင်ကြပါစေကုန်သတည်း။

## သတိ

ဝိဝင်္ဂဒါနဖြစ်အောင် လှူတတ် ဒါန်းတတ်သော သူတော်ကောင်း အပေါင်းတို့သည် ခေတ်ကြီးလေးပါး (ဝိပဿနာ ဒီပလုပ်စဉ်တရား ကြီး) ကို အားထုတ် နိုင်ပါစေခြင်းငှါ ဆက်လက်၍ အကျဉ်းမျှ ရေး သား ပေအံ့သတည်း။

# ဝိပဿနာအလုပ်စဉ်

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဌမ ကြောင်ပန်းတောရ ဆရာတော် ဘုရားကြီးမှ ဆင်းသက်၍ ယခု လက်ထက်အထိ လက်ရှိဆရာတော်တို့ ဟောပြော အားထုတ် အပ်သော ဝိပဿနာတရားတော်မြတ် လမ်းစဉ်ကို ကျွမ်းကျင်လက်ကျ နယဂ္ဂဟ အမြွက်မျှ ပြဆိုလိုက်ပါအံ့....

လူကြီးလူငယ် လူလပ် ဟူသော လူပြိန်းများ ရှေးဦးစွာ မှတ်သား နားလည်ထားရန် ဝိပဿနာသရုပ် အတိုချုပ်ကား....

### ပါဠိလိုခေါ်သော ခန္ဓာ (၅) ပါး

(၁) ရူပက္ခန္ဓာ
(၂) ဝေဒနာက္ခန္ဓာ
(၃) သညာက္ခန္ဓာ
(၄) သင်္ခါရက္ခန္ဓာ
(၅) ဝိညာဏက္ခန္ဓာ

ပေါင်းခန္ဓာငါးပါးဖြစ်ပါသည်။

---

### ပါဠိလိုခေါ်သော ရုပ်ဓာတ်ကြီး (၄) ပါး

(၁) ပထဝီဓာတု
(၂) အာပေါဓာတု
(၃) တေဇောဓာတု
(၄) ဝါယောဓာတု

ပေါင်းရုပ်ဓာတ်ကြီးလေးပါး ဖြစ်ပါသည်။

---

### ပါဠိလိုခေါ်သော ဒွါရ (၆) ပါး

(၁) စက္ခုဒွါရ
(၂) သောတဒွါရ
(၃) ဃာနဒွါရ
(၄) ဇိဝှါဒွါရ
(၅) ကာယဒွါရ
(၆) မနောဒွါရ

ပေါင်းဒွါရ ခြောက်ပါးဖြစ်ပါသည်။

## ပါဠိလိုခေါ်သော အာရုံခြောက်ပါး

(၁) ရူပါရမ္မဏ (၄) ရသာရမ္မဏ
(၂) သဒ္ဒါရမ္မဏ (၅) ဖောဋ္ဌဗ္ဗာရမ္မဏ
(၃) ဂန္ဓာရမ္မဏ (၆) ဓမ္မာရမ္မဏ

ပေါင်းအာရုံခြောက်ပါးဖြစ်ပါသည်။

---

## ပါဠိလိုခေါ်သော ဝိညာဏ် (၆) ပါး

(၁) စက္ခုဝိညာဏ (၄) ဇိဝှါဝိညာဏ
(၂) သောတဝိညာဏ (၅) ကာယဝိညာဏ
(၃) ဃာနဝိညာဏ (၆) မနောဝိညာဏ

ပေါင်းဝိညာဏ်ခြောက်ပါးဖြစ်ပါသည်။

---

## မြန်မာလိုခေါ်သော ခန္ဓာ (၅) ပါး

(၁) ဖောက်ပြန်မှုဟူသော ရုပ်သဘောအစု။
(၂) ခံစားမှုဟူသော ဝေဒနာ သဘောအစု။
(၃) မှတ်သားမှုဟူသော သညာသဘောအစု။
(၄) စေ့ဆော်မှုဟူသော သင်္ခါရသဘောအစု။
(၅) ထွေထွေထူးထူးသိမှုဟူသော ဝိညာဏ်သဘောအစု။

ပေါင်း ခန္ဓာငါးပါးဖြစ်ပါသည်။

---

## မြန်မာလိုခေါ်သော ရုပ်ဓာတ်ကြီး (၄) ပါး

(၁) ခက်မာမှု နူးညံ့မှု ဟူသော မြေသဘော မြေဓာတ် မြေပရမတ်။
(၂) ဖွဲ့စည်းမှု ယိုစီးမှု ဟူသော ရေသဘော ရေဓာတ် ရေပရမတ်။
(၃) ပူမှု အေးမှုဟူသော မီးသဘော မီးဓာတ် မီးပရမတ်။

(၄) ထောက်ကန့်မှု လှုပ်ရှားမှု ဟူသော လေသဘော လေ ဓါတ် လေပရမတ်။

ပေါင်းရုပ်ဓာတ်ကြီးလေးပါး ဖြစ်ပါသည်။

---

မြန်မာလိုခေါ်သော ဒွါရ (၆) ပါး

(၁) မျက်စိအကြည် (၄) လျှာအကြည်
(၂) နားအကြည် (၅) ကိုယ်အကြည်
(၃) နှာအကြည် (၆) စိတ်အကြည်

ပေါင်း ဒွါရ ခြောက်ပါးဖြစ်ပါသည်။

---

မြန်မာလိုခေါ်သော အာရုံ (၆) ပါး

(၁) အဆင်းအာရုံ (၄) အရသာအာရုံ
(၂) အသံအာရုံ (၅) အတွေ့အာရုံ
(၃) အနံ့အာရုံ (၆) အလုံးစုံ ရှိ မရှိအာရုံ

ပေါင်း အာရုံခြောက်ပါးဖြစ်ပါသည်။

---

မြန်မာလိုခေါ်သော ဝိညာဏ် (၆) ပါး

(၁) မျက်စိ၌ဖြစ်သော မြင်သိမှု။ (၄) လျှာ၌ဖြစ်သော လျက်သိမှု။
(၂) နား၌ဖြစ်သော ကြားသိမှု။ (၅) ကိုယ်၌ဖြစ်သော တွေ့သိမှု။
(၃) နှာ၌ဖြစ်သော နံသိမှု။ (၆) စိတ်၌ဖြစ်သော ကြံသိမှု။

ပေါင်း ဝိညာဏ်ခြောက်ပါးဖြစ်ပါသည်။

---

ဤ ပြဆိုခဲ့ပြီးသော ခန္ဓာ (၅) ပါး ရုပ်ဓါတ်ကြီး (၄) ပါး ဒွါရ (၆) ပါး အာရုံ (၆) ပါး ဝိညာဏ် (၆) ပါး ဟူသော အကျဉ်းချုပ် ခေါင်းစဉ်ကို ကျေပြွန်အောင် နှုတ်တက်ဆောင်၍ ထားရမည်။ ပါဠိ ဘာသာလို ခေါ်ပုံထက် မြန်မာဘာသာလို ခေါ်ပုံကို သာလွန်၍ အရေးကြီးသည်ဟု မှတ်ပါ။

ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာအရ ပဓါနဖြစ်သော ရုပ်ဓါတ်ကြီး လေးပါးကို ထင်မြင်အောင်ရှုရမည်။ ထိုရုပ်ဓါတ်ကြီး လေးပါးတို့တွင် လည်းပထဝီဓါတ်ကြီးတပါးကို ငါ, သူတပါးမရ ဓါတ်သားကျအောင် ရှုမှုက သာလွန်၍ အရေးကြီးလှ၏။

ထိုပထဝီဓါတ်ကို ဂိပသာနာပြု၍ ရှုဆင်ခြင်သောအခါ ရှေးဦးစွာ နှုတ်ဖြင့် ရွတ်ဘတ်လေ့လာရမည့် အချက်ကား....

**(၁) မာမှုမာမှု ပျက်ဓါတ်အစု ပျက်ဓါတ်အစု**

ဤသို့ ဆောင်ပုဒ်ပြု၍ထားရမည်။

**သတိ**။ ဤဆောင်ပုဒ်ကို ရွတ်ဆိုသောအခါ မိမိစိတ်ဓါတ်ကို မိမိ ခန္ဓာအိမ်၌ရှိသော မာမှုသဘော မာမှုရုပ်ဓါတ် မာမှုပရမတ် အပေါ်၌ စူးစိုက်၍ထားပြီး အနည်းဆုံး ပုတီးသုံးပတ်လောက် သို့မဟုတ် (ပုတီးသုံးပတ် အချိန်ကာလလောက်) နှုတ်က ရွတ်ဆို စီးဖြန်း လိုက်ရမည်။

၎င်းနောက် ပုတီးကိုချ ရွတ်ဘင်မှုကိုရပ်၍ မနောဟူသော စိတ်ထဲ က ထိုမာမှုသဘော မာမှုရုပ်ဓါတ် မာမှုပရမတ်၏ အခြင်းအရာ အမှု အရာ လက္ခဏာကို ထင်မြင်လာအောင် ဆင်ခြင်ရမည်ပွားများရမည် စဉ်းစားရမည်။

ရှေးဦးစွာ တရားသဘောကို နှုတ်ကရွတ်ဆိုစီးဖြန်းလိုက်ခြင်းသည် နောင်မနောထဲတွင် ဆင်ခြင်နိုင်ခြင်း၏ အကြောင်း ရင်းဖြစ်၏။ မနော ထဲတွင် ဖြောင့်တန်းစွာ ဆင်ခြင်နိုင်ခြင်းသည် လက္ခဏာကို ထိုးထွင်း ၍ သိမြင်နိုင်ခြင်း၏ အကြောင်းရင်းဖြစ်၏။ လက္ခဏာကို ထိုးထွင်း၍ သိမြင်နိုင်ခြင်းသည် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရခြင်း၏ အကြောင်းရင်း ဖြစ်၏။

ထို့ကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာကြီး၌

ဝစသာ သဇ္ဈာယောပိဟိ မနသာသဇ္ဈာယဿ ပစ္စယောဟောတိ။
မနသာသဇ္ဈာယော လက္ခဏ ပဋိဝေဓဿ ပစ္စယောဟောတိ။
လက္ခဏ ပဋိဝေဓေါ မဂ္ဂဖလပဋိဝေဓဿ ပစ္စယောဟောတိ။

**အနက်ကား။** ဟိ၊ ထိုစကားမှန်၏။ ဝစသာ၊ နှုတ်ဖြင့်။ သဇ္ဈာယော၊ သရဇ္ဈာယ်ခြင်းသည်။ မနသာ၊ စိတ်ဖြင့်။ သဇ္ဈာယဿ၊ သရဇ္ဈာယ်ခြင်း၏။ ပစ္စယော၊ အကြောင်းသည်၊ ဟောတိ၊ ဖြစ်၏။ မနသာ၊ စိတ်ဖြင့်။ သဇ္ဈာယော၊ သရဇ္ဈာယ်ခြင်းသည်။ လက္ခဏ ပဋိဝေဓဿ၊ လက္ခဏာကိုထိုးထွင်း၍သိခြင်း၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ လက္ခဏ ပဋိဝေဓော၊ လက္ခဏာကို ထိုးထွင်း၍ သိခြင်းသည်။ မဂ္ဂဖလ ပဋိဝေဓဿ၊ မဂ်ဖိုလ်ကို ထိုးထွင်း၍သိခြင်း၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ အဋ္ဌကထာကြီး၌ လာသည်နှင့်အညီ ဝိပဿနာယောဂီသည် မိမိခန္ဓာအိမ်၌ရှိသော ပထဝီဓါတ်သော မာမှုသဘော မာမှုရုပ်ဓါတ် မာမှုပရမတ် အမှုအရာမျှ သဘာဝကို စူးစိုက်၍ နောက်ကဆိုခဲ့ပြီးသည်အတိုင်း (မာမှု မာမှု ပျက်ဓါတ်အစု ပျက်ဓါတ်အစု) ဟု အချိန်ကာလအတန်ငယ်မျှ နှုတ်ကရွတ်ဆိုစီးဖြန်း လိုက်ရမည်။

ထို့နောက် နှုတ်ကရွတ်ဆိုမှုကို ရပ်စဲစေ၍ ထိုမာမှုသဘော မာမှုဓါတ် မာမှုပရမတ်ကိုပင် မနောထဲတွင် သဘာဝလက္ခဏာ သန့်ရှင်းစွာ ထင်လာအောင် ဆင်ခြင်စဉ်းစား ပွားများရမည်။

ပွားများပုံကား....

ထိုထို ဖြစ်ပေါ်လာတိုင်းသော မာမှုသဘော မာမှုဓါတ် မာမှုပရမတ်တို့၏ ဝဲယာ ရှေ့နောက် ထက်အောက် ဘီလာ ဆယ်မျက်နှာ၌ သဏ္ဌာဝါအကောင် အရောင်အရိပ် နိမိတ်အစွန်း လွတ်ကင်းလေဘိ မရှိလုံးလုံး အစဉ်ဆိတ်သုံး နေလေ၏တကား။ ထို မာမှုသဘော မာမှုဓါတ် မာမှုပရမတ်တို့သည် အရှည်အတို အဖိုအမ ပုဂ္ဂလ သဏ္ဌာန် ဟူသော ဒိဃ ရဿ သဏ္ဌာနမျိုးနှင့်မဟုတ်။ အထုပ်အထယ် ကိုင်တွယ်စုပေါင်း မရစကောင်းပါတကား။

ဓါတ်နေ ပုံကိုယ် သူ့အလိုမှာ သဏ္ဌာဝါဖိုမ နဂိုရ်ကမရှိ ပကတိသဘာဝ မာမှုသက်သက်မျှ မာမှုကိစ္စဆောင် မာမှုကြောင်တောင် မာမှုဆတ်ဆတ် မာမှုဓါတ်တို့မျှသာတည်း။

အစိုင်အခဲအတွဲသဏ္ဌာန် အဆံအမာအနှစ်သာရမရကောင်းသော မာမှုဓါတ်သဘော မာမှုဓါတ်ပေါ်လာပါပေတည်း။ နူတ်ဖျား နူတ်ဝ ခေါ်ဆိုရသော ပုဂ္ဂိုလ်ဟူသော ပညတ် သတ္တဝါဟူသော ပညတ် အရပ်ရပ်တို့နှင့် မရောခစပ် မနှိုင်းယှဉ်အပ်သောမာမှုသဘော စင်းစင်း အဖော်ကင်းသော မာမှုဓါတ်ရင်းမျှသာတည်း။

မူလပရမတ် ဉာဏ်ဖြင့်ကပ်သော် အဖတ်အရေ မရလေသော ဓါတ်နေသဘာဝက မာမှုအခိုက်အတန့်မျှသာတည်း။

သဏ္ဌာန်နိမိတ် ပြောင်အောင်ကျိတ်ရာ ပိဿာ တင်း တောင်း ချိန်ချင့်ပေါင်းလည်း မရကောင်းသော မာမှုသဘော မာမှုသဘာဝ မာမှု အမှုအရာမျှသာတည်း။

ဤသို့ စသည်ဖြင့် ပါဠိလို ပထဝီဓါတ်ခေါ်သော မာမှုသဘောကို ရှုသောအခါ သက်သက်သော မာမှုသဘော မာမှု အမှုအရာ မာမှု ကြီးယားပေါ်လာအောင် သူ၏လက္ခဏာ သူ၏အခြင်းအရာကို နာနှာ ဆင်ခြင်ပါ။ နာနာစဉ်းစားပါ သို့မှသာ သဘာဝသစ္စာ ကျေနိုင်မည်။ သဘာဝသစ္စာက ကျေမှ အရိယသစ္စာ၌ အဝင်အဆိုက် မှန်ကန် နိုင်လိမ့်မည်။

ဤအရာ၌ မာမှုတစဉ်ထည်း မာမှုတခဲထည်းဟူသော အစိုင်အခဲ အတွဲသဏ္ဌာန်က ခုခံ၍နေတတ်သည်။ ကြပ်ကြပ်သတိထားပါလေ။

ဤကား ပထဝီဓါတ်ကို ပွားများပုံ အမြွက်မျှတည်း။

---

## အာပေါဓါတ်ကို ပွားများဆင်ခြင်ပုံ

ပါဠိလို အာပေါ ခေါ်သော ဖွဲ့မှုသဘော ဖွဲ့မှုဓါတ် ဖွဲ့မှုပရမတ် ရုပ်ဓါတ်ကို ဆင်ခြင် ပွားများသော အခါ၌လည်း မိမိခန္ဓာအိမ်၌ ရှိသော အာပေါသတ္တိအားဖြင့် ထင်ရှားလာသော ဖွဲ့သဘောအစု ဖွဲ့သဘောအမှုကို အာရုံပြု၍....

## ဖွဲ့မှု ဖွဲ့မှု ပျက်ဝါတ်အစု ပျက်ဝါတ်အစု

နှုတ်က ရွတ်ဆို စီးဖြန်းခြင်းပြုရမည်။ ရှေးနည်းအတိုင်း အနည်း ဆုံး ပုဘီးသုံးပတ် သို့မဟုတ် (ပုတီးသုံးပတ် အချိန်ကာလလောက်) စီးဖြန်းပြီးမှ နှုတ်ကရပ်စဲ၍ မနောထဲတွင် ထင်မြင်အောင် ဆင်ခြင် စဉ်းစား ပွားများရမည်။

### ပွားများပုံကား

ဤခန္ဓာအိမ်၌ အာပေါဓါတ်၏ သတ္တိဝိသေသအားဖြင့် ထင်ရှား လာသော စိမ့် စို ယိုစီးနေသော ဖွဲ့စေးသဘော ယိုစီးသဘောမျှပါ တကား

နှပ် ချွဲ တံထွေး ချွေး သွေး အစေး ကျင်ငယ် စသော ဖွဲ့သဘော အစု ဖွဲ့သဘောအမှုတို့သာ ဖြစ်ပေါ်နေပါတကား။

ယိုးလုံး ခဲခဲ စိတ်ထဲမှာ ထင်လာ လောက်အောင် ပုံဟန်ကို ဆောင်ခြင်းသည် ဖွဲ့စေးခြင်း ဟူသော အာပေါဓါတ်၏ သတ္တိ အကြောင်းရင်းရှိချေ၏တကား။

ဤဖွဲ့စေးခြင်း ယိုစီးခြင်းဟူသော ပရမတ် အမှုအရာ ဓါတ်အမှု အရာ၌ သတ္တဝါအကောင်အထည်မျိုးဟူ၍ တစိုးတစိ မပါမရှိချေ။

မိမိဓါတ်ချေ ပင်ကိုယ်နေမှာ အရေပုံဟန် သဏ္ဍာန်အမှု ကိုင်ယူပြ လောက်နိုင်သော သဘောတရားဓါတ် အလားမျှသာတည်း။

ထိုသို့သော ဓါတ်အလားမျှသာဖြစ်၍ အဖတ်အသား ဟူ၍လည်း ဉာဏ်အမြင်မှာ ရှာ၍မတွေ့ချေ။

မျက်မြင်ကိုထောက်ထား၍ ချွေးဟူသော စကား သွေးဟူသော စကားရေဟူသော စကားတို့ဖြင့် အရေးထား၍ သုံးစွဲခေါ်ဝေါ် ရငြား သော်လည်း ဖွဲ့မှုကိစ္စ သဘာဝကသဏ္ဍာနနှင့် ပြောပလောက်အောင် မျက်မြင်ကြောင်တောင်ကြီးမျိုးမဟုတ်ပေ။

အလုံးစုံသော အရိပ်နိမိတ်မျိုးနှင့် မရောနှောသော သက်သက် ဖွဲ့မှု သဘော ဖွဲ့မှုဓါတ် ဖွဲ့မှုပရမတ်မျှသာ သတ္တုချ ဟုတ်ပေတော့သည်။

မှန်တော့သည်ဟု ဆင်ခြင်လျှင် မှုရှင်းဓါတ်သဘောသည် ပေါလော ကြီး ထင်မြင်လာတော့သည်။

အရေ အခဲ သဏ္ဍာန်က ခုခံနေတတ်သည် ကြပ်ကြပ်သတိထား။

ဤကား အာပေါဓါတ်ကို ပွားများပုံ အမြွက်မျှပေတည်း။

## တေဇောဓါတ်ကို ပွားများဆင်ခြင်ပုံ

တေဇောဓါတ်ကို ဝိပဿနာပြု၍ ရှုဆင်ခြင်သောအခါ၌ မိမိခန္ဓာ အိမ်၌ရှိသော ပူမှု သဘော ပူမှု ဓါတ် ပူမှု ပရမတ်ကို ဉာဏ်ဖူး စိုက်၍ထား။

## ပူမှု ပူမှု ပျက်ဓါတ်အစု ပျက်ဓါတ်အစု

ဤသို့ နှုတ်က အတန်ငယ် ရွတ်ဆိုစီးဖြန်းပြီးမှ နောက်ကာလ၌ စိတ်ထဲထွင် စူးစမ်းဆင်ခြင် ပွားများရမည်။

## ပွားများပုံကား

ဤခန္ဓာအိမ်ဟုအခေါ်ခံရသောဝတ္ထု၌ ပူမှုသဘော ပူမှုဓာတ် ပူမှု ပရမတ်တရား ရုပ်ဓာတ်သားများသည် ဉာဏ်မြင်လက်တွေ့ထင်ရှား ရှိချေသည်တကား။

ထိုပူမှု ပူမှုဟူသော သဘောအစု ဓာတ်အနုထဲ၌ ငါမျိုးကိုယ် မျိုး အကောင်မျိုး အထည်မျိုးဟူ၍ တစိုးတစိ အလျှင်းမရှိချေ။

ဓာတ်နေစင်းစင်း ပင်ကိုယ်ရင်းမှာ ပူခြင်းအမှုအရာ ပူကြွယာမျှ သဘာဝဖြစ်၍ စင်စစ် ပရမတ်တရား ဓာတ်အလားမျှသာ ဖြစ် တော့သည်။

ထိုမှ ဤမှ ဌာနရွေ့ပြောင်း မရကောင်းသော သဘောသီးသန့် အခိုက်အတန့် မျှပါတကား။

အဖတ်အရေ မရလေသော ဓာတ်နေပေါလော ပူသဘောသည် ဘယ်ပုံသော ဘယ်ဟန်သော ပြော၍မဖြစ်လေ။

ပူမှုပျက်ဆဲ ဓာတ်ခဲပမို့ ကိုင်ဆွဲယူငှင် ချိန်ခွင်ပိဿာ တဆိတ် စာနှင့် တင်းချင့်တောင်းချင့် ပေါင်းဆင့်စုရုံး လုံးလုံး မရကောင်း သော သဘောမျိုးမျှသာတည်း။

ထို ပုမ္ဗသဘော ပုမ္ဗအငွေ့ ပုမ္ဗလေ့အစဉ်၌ စိတ်က ထင်၍နေသော အသွင်ဟန်ပန် ပုံသဏ္ဌာန်သည် စိတ်ကြံခါမျှ စိတ်ထင်ခါမျှသာဖြစ်၍ စင်စစ်ရှာမရ ပုမ္ဗသဘော သက်သက်မျှသာတည်း။

အေးမှုသဘောသည် တေဇောဓာတ်ဖြစ်၍ ထင်ရှားပင် ရှိသော်လည်း ပုမ္ဗသဘောဟူသော ဓာတ်သဘောတခုကိုသာထင်မြင်အောင် ရှုပါ။

ပုခဲ ပုဟန် ပုသဏ္ဌာန်က ခုခံ၍နေတတ်သည်။
ကြပ်ကြပ်သတိထားလေ၊
ဤကား တေဇောဓာတ်ရှုပုံ အမြွက်မျှ ပြခြင်းတည်း။

**ဝါယောဓာတ်ကို ပွားများဆင်ခြင်ပုံ**

ဝါယောဓာတ်ကို ကပ်၍ရှုသော အခါမှာလည်း မိမိခန္ဓာအိမ်၌ရှိသော လှုပ်မှုသဘော လှုပ်မှုဓာတ် လှုပ်မှုပရမတ်ပေါ်သို့ စိတ်ဓာတ်ကိုရောက်အောင်တင်၍ ရှေးဦးစွာ....

**လှုပ်မှု လှုပ်မှု၊ ပျက်ဓာတ်အစု၊ ပျက်ဓာတ်အစု**

ဟု နှုတ်ကရွတ်ဆို စီးဖြန်းမှုကို ပြုလေ။ ထို့နောက် နှုတ်ကရွတ်ဆိုမှုကို ရပ်၍ ထိုလှုပ်မှုသဘော လှုပ်မှုဓာတ် လှုပ်မှုပရမတ်ကိုပင် မနောထဲတွင် အခြင်းအရာပေါ်၍လာအောင် ဆင်ခြင် ပွားများရမည်။

**ပွားများပုံကား**

သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ဟု ဆိုအပ်သော ဣရိယာပုထ် လေးပါးတို့တွင် တပါးပါး၌ ပေါ်လာတိုင်း ပေါ်လာတိုင်းသော လှုပ်လှုပ်ရှားရှား သဘောအလားကို တဖွားဖွားထင်၍လာအောင် ကြည့်ရမည်။

ဩော်....ဤအမူ အရာကား လှုပ်ရှားတဲ့ သဘော ရှေ့အစဉ်နောက်အစဉ်နှင့်မရောသော လောလောလပ်လပ် သီးသန့်ဖြစ်သော လှုပ်မှုသဘောပါတကား။

စိတ်ကသွားလို၍ သွားစေသောအခါ သွားခြင်း အမူအရာသည် ငါခရောင် ငါရိပ် ငါနိမိတ်မှ အလျှင်းကင်းဆိတ်သော လှုပ်မှုသဘော

လှုပ်မှုဓာတ် လှုပ်မှုပရမတ် ပေါ်၍ လာတာပါတကားဟု ထင်မြင်အောင်ရှု။

စိတ်က ရပ်လို၍ ရပ်စေသောအခါ ရပ်ခြင်း အမူ အရာသည် ငါရောင် ငါရိပ် ငါနိမိတ်မှ အလျဉ်းကင်းဆိတ်သော လှုပ်မှုသဘော လှုပ်မှုဓာတ် လှုပ်မှုပရမတ် ပေါ်၍ လာတာပါ တကားဟု ထင်မြင်အောင်ရှု။

စိတ်က ထိုင်လို၍ ထိုင်စေသောအခါ ထိုင်ခြင်း အမူအရာသည် ငါရောင် ငါရိပ် ငါနိမိတ်မှ အလျဉ်းကင်းဆိတ်သော လှုပ်မှုသဘော လှုပ်မှုဓာတ် လှုပ်မှုပရမတ် ပေါ်၍လာတာပါ တကားဟု ထင်မြင်အောင်ရှု။

စိတ်ကလျောင်းလို၍ လျောင်းစေသောအခါ လျောင်းခြင်း အမူအရာသည် ငါရောင် ငါရိပ် ငါနိမိတ်မှ အလျဉ်း ကင်းဆိတ်သော လှုပ်မှုသဘော လှုပ်မှုဓာတ် လှုပ်မှုပရမတ် ပေါ်၍လာတာပါတကားဟု ထင်မြင်အောင်ရှု။

လက် ခြေ စသည်တို့ ကွေးခြင်း ဆန့်ခြင်း စသည် ဖြစ်ပေါ်လာသော အခါမှာလည်း....

စိတ်ကကွေးလို၍ ကွေးစေသောအခါ ကွေးခြင်း အမူအရာသည် လက်ရောင် လက်ရိပ် လက်နိမိတ်မှ အလျဉ်းကင်းဆိတ်သော လှုပ်မှုသဘော လှုပ်မှုဓာတ် လှုပ်မှုပရမတ် ပေါ် ၍လာတာပါ ကလားဟု ထင်မြင်အောင်ရှု။

စိတ်က ဆန့်လို၍ ဆန့်စေသော အခါ ဆန့်ခြင်း အမူအရာသည် ခြေရောင် ခြေရိပ် ခြေနိမိတ်မှ အလျှင်း ကင်းဆိတ်သော လှုပ်မှုသဘော လှုပ်မှုဓာတ် လှုပ်မှုပရမတ်ပေါ်၍လာတာပါကလားဟုထင်မြင်အောင်ရှု။

ဤသို့ လက် ခြေ စသော ကိုယ်အင်္ဂါကြီးငယ်တို့၏ ကွေးခြင်း ဆန့်ခြင်းစသည် အစိပ်အစိပ်ပေါ်ရာ၌လည်း ရိပ်ခနဲ ရိပ်ခနဲ သုတ်ခနဲ သုတ်ခနဲ ပေါ်၍လာသော ဝါယောဓါတ်သော လှုပ်မှုသဘော အကဲမျှကိုသာ ထင်လာအောင်ရှုပါ။

လက် ခြေ စသော အရောင်အရိပ် ပညတ်နိမိတ်တွင် အဖတ်တင်၍ တန့်ရပ်မနေပါစေလင့် ခတ်သားသို့ ရောက်အောင် ပညာဖြင့်ရှေ့ဆောင်ပါလေ ဉာဏ်ကြီးရှင်တို့....

ပုဂ္ဂိုလ်မပါ သတ္တဝါမဘက် လှုပ်သဘောသက်သက် ရုပ်အဆက်ဆက်တွေ ခါတ်ရင်းအနေက အတိုအရှေ အရေအဖတ် လုံးရုပ်သဏ္ဍာန် မရှမှန်၏တကားဟု ဉာဏ်မြင်အလင်း သန့်ရှင်းသွားအောင် တအားတိုက်ကြီး ပွားများလိုက်ကြပါကုန်။ လှုပ်မှု အစိုင်အခဲ အတွဲသဏ္ဍာန်က ခုခံ၍နေတတ်သည်။ ကြပ်ကြပ် သတိထားပါလေ။

ဤကား ဝါယောခါတ်ကို ပွားများပုံ အမြွက်မျှ ပြဆိုခြင်းတည်း

## ဓါတ်ကြီးလေးပါးကို ပွားများဆင်ခြင်ပုံ

ထိုဓါတ်ကြီးလေးပါးကို ပေါင်း၍ တဖန် ပြဆိုရန် ကြွင်းကျန်သေးသော အချက်ကား

ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ရုပ်ဓါတ်ကြီးလေးပါးတို့တွင် တပါးပါးကို ပွားများဆင်ခြင်ရာ၌ သဘာဝ ဆိုက်ရောက်အောင် မထင်မြင်ဘဲ ပညတ်နယ်တွင်သာ အဖတ်တင်နေမည်ဆိုလျှင် တီရဏပရိညာ ဉာဏ်အဝင်ကျသော် အနိစ္စကို သန္တတိပညတ်က ဖုံးလွှမ်းတတ်သည်။ ဒုက္ခကို ဣရိယာပထ ပညတ်က ဖုံးလွှမ်းတတ်သည်။ အနတ္တကို ဃနပညတ်က ဖုံးလွှမ်းတတ်သည်။ ထို့ကြောင့် သမ္မောဟဝိနောဒနီအဋ္ဌကထာကြီး၌....

အနိစ္စလက္ခဏံ ဥဒယဗ္ဗယာနံ အ မနသိကာရာ အပ္ပဋိဝေဓာ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

ဒုက္ခလက္ခဏံ အဘိဏှ သမ္ပဋိ ပီဠနဿ အမနသိကာရာ အပ္ပဋိဝေဓာ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

အနဝဇ္ဇလက္ခဏံ နာနာဓါတု ဝိနိဗ္ဘောဂဂဿ အမနသိကာရာ အပ္ပဋိဝေဓာ ဃနေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

**အနက်ကား**။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ ဥဒယဗ္ဗယာနံ၊ ဖြစ်ခြင်း ပျက်ခြင်းတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင်း။ အပ္ပဋိဝေဓာ၊ ထိုးထွင်း၍ မသိခြင်းကြောင့်။ သန္တတိယာ၊ အစဉ်ဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းသည်၏အဖြစ်ကြောင့်၊ န ဥပဋ္ဌာတိ၊ မထင်။

ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်၊ အဘိဏှ သမ္ပဋိ ပီဠနဿ၊ မပြတ်ပြင်းစွာ နှိပ်စက်ခြင်းကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ ထိုးထွင်း၍မသိခြင်းကြောင့်။ ဣရိယာပထေဟိ၊ ဣရိယာပုထ်တို့ဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းသည်၏အဖြစ်ကြောင့်။ န ဥပဋ္ဌာတိ၊ မထင်။

အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ နာနာဓာတု ဝိနိဗ္ဘောဂဿ၊ အထူးထူးသောဓာတ်တို့ကို အသီးအသီး ခွဲခြမ်းခြင်းကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ ထိုးထွင်း၍မသိခြင်းကြောင့်။ ဃနေန၊ အပေါင်းဖြင့်။ ဝါ၊ အခဲဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းသည်၏အဖြစ်ကြောင့်။ န ဥပဋ္ဌာတိ၊ မထင်။

**အဓိပ္ပါယ်ကား**။ အနိစ္စကို သန္တတိ ဖုံးလွှမ်းသည်ဆိုရာ၌ သန္တတိ ဟူသည် အစဉ်ကို ဆိုသည်ဟုမှတ်။ ဒုက္ခကို ဣရိယာပထ ဖုံးလွှမ်းသည်ဆိုရာ၌ ဣရိယာပထ ဟူသည် သွားခြင်း ရပ်ခြင်း စသော ဣရိယာပုထ်တို့ကို ဆိုသည်ဟုမှတ်။ အနတ္တကို ဃန ဖုံးလွှမ်းသည်ဆိုရာ၌ ဃနဟူသည် အခဲကိုဆိုသည်ဟုမှတ်။

ထို့ကြောင့် အနိစ္စကိုရှုရာ၌ သန္တတိကို ဖြတ်၍ရှုရမည်။ ဝါ ပြတ်အောင် မြင်ရမည်။ ဒုက္ခကိုရှုရာ၌ ဣရိယာပုထ်တို့ကို ခွါ၍ရှုရမည်။ ဝါ ကွာအောင်မြင်ရမည်။ အနတ္တကို ရှုရာ၌ ဃနကို ချေဖျက်၍ ရှုရမည်။ ဝါ ကျေပျက်အောင် မြင်ရမည်။

## သန္တတိကို ဖြတ်ပုံကား

ယခု ပေါ်တုံး ပေါ်ဆဲဖြစ်သော မာမှုသဘော မာမှုဓါတ် မာမှု ပရမတ်တို့သည် ရှေးရှေးသော မာမှုသဘောနှင့် လည်းမရောနှော။ နောက်နောက်သော မာမှုသဘောနှင့်လည်း မရောစပ်။ ဖြတ်ခနဲ ဖြတ်ခနဲ ကွယ်ပျောက်၍ ဘွားခနဲ ဘွားခနဲ အသစ်အသစ် ရောက်လာပါတကား။

မာမှုဟူသော အတန်းကြီး မာမှုဟူသော အစဉ်ကြီး တတန်းထည်း တစဉ်ထည်း တည်နေသည်မဟုတ် မာမှုဟူသော သဘောတခုချုပ်ပြီးမှ မာမှုဟူသော သဘောတခု အသစ်ပြုသာတာပါတကား။

မာမှု မာမှု ဟူသော သဘော အစိပ်အစိပ်တို့သည် ရိပ်ခနဲ ရိပ်ခနဲ ပေါ်ဖြစ်၍ လှစ်ခနဲလှစ်ခနဲ ချုပ်ဆုံးကွယ်ပျောက်၍ သွားကြရလေ၏တကား။

အခိုက်အတန့်မျှ အခိုက်အတန့်မျှ ပေါ်လာရသော်လည်း မည်သည့်ဌာန မည်သည့်ဝတ္ထုထဲသို့ ဝင်၍သွားသည်လည်း မဟုတ်ချေ။ ဖြုတ်ခနဲ ဖြုတ်ခနဲ ချုပ်မြဲမို့ ချုပ်ဆုံးရသော်လည်း မည်သည့်ဌာန မည်သည့်ဝတ္ထုထဲသို့ ဝင်၍သွားသည်လည်းမဟုတ်ချေ။

စင်စစ်သော်ကား အ ဝတ္ထု အ ဌာနမှ သယံဇာတအနေ ဖြစ်ပေါ်လာလေ၍ အ ဝတ္ထု အ ဌာန အချေမို့ အ ဘာဝအနေသို့ ဆိုက်ရောက်ကြရလေ၏။

ထို မာမှုသဘောသည် ဖြစ်သောအခါမှာလည်း အရာမထင် ပျက်သောအခါမှာလည်း အဖတ်မတင်သောကြောင့် ခတ်၌ရုပ်များနှင့် တူချေ၏တကား။

ထို့ကြောင့်—

ဖြစ်ပြီးပျက်လျှင် အရာမထင် အဖတ်မတင်သော မာမှုသဘော မာမှုဓာတ် မာမှုပရမတ်။

ရှေ့မာမှုသဘောနှင့် နောက်မာမှုသဘောအချင်းချင်း မရောမစပ် အပိုင်းပိုင်းပြတ်၍နေသော မာမှုသဘော မာမှုဓာတ် မာမှုပရမတ်။

မမြဲသဘောအမှန်က မြဲသဘောမမှန်သို့ ဘယ်တော့မှ ဘောက်ပြန်ခြင်းမရှိသော မာမှုသဘော မာမှုခေတ် မာမှုပရမတ်။

ပျက်သဘော အကဲက မပျက်သဘော အကဲသို့ ဘယ်တော့မှ ပြောင်းလဲခြင်းမရှိသော မာမှုသဘော မာမှုခေတ် မာမှုပရမတ်။

ဖြစ်ခိုက်ဖြစ်ဆဲ ပျက်ဘက်လဲ၍ တဆက်ထဲသော မြဲမနေသော မာမှုသဘော မာမှုခေတ် မာမှုပရမတ်။

ဤသို့ဖြစ်ခြင်း ပျက်ခြင်းကို ခေတ်သားရင်း ရောက်အောင်ကြည့်လျှင် သန္တတိမဖုံးလွှမ်းနိုင်တော့ပေ။ သန္တတိပြတ်တော့သည်။

ထပ်မံ၍တဘန် ဆင်ခြင်ပွားများပြန်သော်

အကာယ်၌ မာမှု သဘောသည် စိတ်ထင်သော အတိုင်း မာမှုချောင်းချောင်းကြီး မာမှုအတန်းကြီး မာမှုအစဉ်ကြီး တတန်းထည်း တစဉ်ထည်း မပျက်ဘဲ မပြတ်ဘဲ တဆက်ထဲ တစပ်ထဲ တည်နေသည် ဖြစ်အံ့....ကိုက်ခဲမှု ညောင်းညာမှု တောင့်တင်းမှု ကျင်နာမှုစသော တစုံတခုသော ရုပ်အမှုအရာသည် မဖြစ်ပေါ် မပြောင်းလဲ တန်ရာ။ ထိုကဲ့သို့ မပြောင်းလဲသည်လည်း မဟုတ် ခဏချက်ခြင်း မကြာခင် အတွင်း၌ပင် ကိုက်ခဲမှုအမျိုးမျိုး ညောင်းညာမှု အမျိုးမျိုး တောင့်တင်းမှုအမျိုးမျိုး ကျင်နာမှုအမျိုးမျိုးတို့သည် ယိုးတိုးရွတ ယိုးတိုးရွတနှင့် ခဏခဏ တရွရွပေါ်၍ လာကြ ကုန်သည်မှာ အထင်အရှား ပင်တည်း၊

ကိုက်ခဲမှု ဟူသော မာမှုသဘောသည် ညောင်းညာမှု ဟူသော မာမှုသဘောသို့ လုံးလုံးမပါလာ။ ညောင်းညာမှုဟူသော မာမှုသဘောသည် တောင့်တင်းမှုဟူသော မာမှုသဘောသို့လုံးလုံးမပါလာ။ တောင့်တင်းမှုဟူသော မာမှုသဘောသည် ကျင်နာမှုဟူသော မာမှုသဘောသို့ လုံးလုံးမပါလာ သူ့နေရာမှာ သူ့အခိုက်အတန့်တွင်သာ ချုပ်ဆုံးကွယ်ပျောက် ခဲ့ရပါတော့သည်။

ထိုမှတပါးလည်း ပထဝီဟူသော မာမှုသဘောတရား၏ ခေတ်အလားကို သန္တတိ ပြတ်သားအောင်ရှုပုံမှာ....လက်ဖြင့် ကိုင်စမ်းကြည့်သောအခါ ပဌမကိုင်စမ်းသော မာမှုသဘောသည် ဒုတိယကိုင်

စမ်းသော မာမှုသဘောသို့မပါလာ။ ဒုတိယကိုင်စမ်းသော မာမှုသဘောသည် တတိယကိုင်စမ်းသော မာမှု သဘောသို့ မပါလာ။ သူ့မာမှုသဘောနှင့် သူ့အသိနာမ်။ သူ့နာမ်အသိနှင့် သူ့မာမှုသဘော။ မရောမနှောဘဲ အပိုင်း အပိုင်း ပြတ်၍ နေသော အနိစ္စ သဘောသာတည်း။

မာမှုသဘောအရိုက် မာမှုဟူ၍သိသော အသိနာမ် သဘော အပိုင်း အပိုင်းပြတ်၍ သွားသည်ကို မြင်သဖြင့်လည်း မာမှု သဘော၏ အပိုင်းအပိုင်း ပြတ်ပြတ် သွားပုံကာ သိရ မြင်ရပါပေ၏။ ထို့အတူ မာမှုသဘော၏ အပိုင်းအပိုင်း ပြတ်ပြတ်နေပုံကို မြင်သဖြင့်လည်း ထို မာမှုသဘောကို မာမှု မာမှုဟူ၍သိနေသော အသိနာမ်သဘောသည်လည်း အပိုင်းအပိုင်း ပြတ်ပြတ်နေပုံကို ကေန်ဒိဋ္ဌသိမြင်ရပေတော့၏။

ရှေ့မာမှုသဘောနှင့် ရှေ့အသိ။ နောက်မာမှုသဘောနှင့် နောက်အသိ သန္တတိပြတ်၍ မဆက်မစပ်တော့ချေ။

မကိုင် မစမ်းဘဲ စိတ်ဖြင့်လှမ်း၍ကြည့်ရှုသောမာမှုသဘော၌လည်း ဤမျှလောက်သော အနိုက်အတန့်မျှဘဲဟု အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနစလုံးမှာပင် ဤနည်းနှင်နှင် ရှုမြင်ကြပါလေ။

မည်သည့်ရုပ်တရားမဆို ရုပ်တရားမှန်က စိတ္တက္ခဏ တဆယ့်ခုနစ်ချက် အသေးစိပ် ခဏငယ်အားဖြင့် ငါးဆယ့်တချက်ခန့်ကာလထက် ပိုလွန်၍ တည်နိုင်သော ရုပ်တရားဟူ၍ မရှိသည် ကိုလည်း သတိထားကြ။

စိတ္တက္ခဏ (၁၇) ချက်။ ခဏငယ် (၅၁) ချက်ဆိုသည်မှာလည်း အလွန် ကြာသည်မဟုတ်။ အလွန်မြန်လှ၍ မပြောပ လောက်ချေ။ သန္တတိ အနိစ္စကိုသာ မြင်နိုင်ချေသည်။

ပြဆိုခဲ့ပြီးသောနည်းဖြင့် အဖန်ဖန်ပျက်စီး၍နေသော မာမှု သဘောသည် အပိုင်းအပိုင်း ပြတ်၍ နေသော်လည်း ကိုယ်ဟူသော

သဏ္ဌာန်ကြီးက မပျက်မစီးဘဲ အမြဲတည်သကဲ့သို့ မတ်မတ် မားမား ကြီးလိုလို ထင်နေရပြန်သည်မှာ ဥပမာ အားဖြင့် တသွင်သွင် ဒလ ဟော စီးဆင်း၍ နေသော မြစ်ရေ အလျဉ်ကဲ့သို့တည်း။ ထိုမြစ်ရေ အလျဉ်သည် ဘယ်နေရာ ဘယ်ဆိတ်ကမ်းမှ တခဏကလေးမျှပင် ရပ်တည်ခွင့်မရ ရှေ့ကရေနှင့် နောက်ကရေ မရောမနှောသော်လည်း အဝေးကကြည့်လျှင် ရေတွေတသွင်သွင်သည် တစဉ်တည်း ထင်ရသည်။ ရေတွေ ဒလဟောသည် တကြောတည်း ထင်ရသည်။ ရေတွေ စီးဆင်းနေသည်ကို မြစ်တွင်းမြစ်ပြင်ထင်နေရသည်။

ဤကဲ့သို့ ခေတ်ကြီးလေးပါး ဝိပဿနာ အလုပ်စဉ် တရားကြီးကို ဆင်ခြင်ပွားများ နိုင်ကြစေရန် အကျဉ်းမျှ ရေးသား ဆုံးမလိုက်ရ ပေသတည်း။

ဝိပဿနာအလုပ်စဉ်ပြီး၏။

# ရတနာဂုဏ် ဘုရားရှိခိုး

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဗုဒ္ဓ ဂုဏ်တော်(၉)ပါး

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ ဝိဇ္ဇာ စရဏ သမ္ပန္နော သုဂတော လောက ဝိဒူ အနုတ္တရော ပုရိသ ဒမ္မ သာရထိ သတ္ထာ ဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါ တိ။

(၁) သော ဘဂဝါ၊ ဒါနပါရမီ သီလပါရမီ နေက္ခမပါရမီ ပညာပါရမီ ဝိရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ အဓိဋ္ဌာန်ပါရမီ မေတ္တာပါရမီ ဥပေက္ခာပါရမီ တည်းဟူသော ပါရမီဆယ်ပါး။ ဒါန ဥပ ပါရမီ အစရှိသော ဥပပါရမီဆယ်ပါး။ ဒါနပရမတ္ထ ပါရမီအစရှိသော ပရမတ္ထ ပါရမီဆယ်ပါး ဤပါရမီဆယ်ပါး အပြားသုံးဆယ် ဖြည့်ကျင့်ဘွယ်တို့ကိုထယ်ထယ်ဝင့်ဝင့် အကယ်ဖြည့်ကျင့်တော်မူသော ထိုဂေါတမနွယ်ဘွား အကျွန်ုပ်တို့၏ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ လောဘ ဒေါသ မောဟ ဒိဋ္ဌိ ဝိစိကိစ္ဆာ မာန ထိန ဥဒ္ဓစ္စနှင့် အဟိရိက အနောတ္တပ္ပ ဟု ဆယ်ခု ဤဟာ ကိလေသာစက် ရန်စနက်ကို အရဟတ္တမဂ် စိန်သံလျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုတ်သင်ဘိတောင်း ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟံဂုဏ် တံခိုးဟုန်ဖြင့် လူ့ဘုံနတ်ရွာ ဗြဟ္မာဘဝဂ် မဆန့်ပွက်အောင်ပြန့်တက်ကျော်စောတော်မူပါပေ၏။

(၂) သော ဘဂဝါ၊ စည်းစိမ်ဥစ္စာကို စွန့်ခြင်း တည်းဟူသော ဓနပရိစ္စာဂ သားသမီးကို စွန့်ခြင်း တည်းဟူသော ပုတ္တ ပရိစ္စာဂ မယားကို စွန့်ခြင်း တည်းဟူသော ဘရိယ ပရိစ္စာဂ ခြေ လက် စသော အင်္ဂါ ကြီးငယ်ကို စွန့်ခြင်း တည်းဟူသော အင်္ဂပရိစ္စာဂ ကိုယ် အသက်ကို စွန့်ခြင်းတည်ဟူသော ဇီဝိတပရိစ္စာဂ ဤစွန့်ခြင်း

ကြိုးငါးပါးတို့ကို ထင်ထင်ရှားရှား စွန့်စား ပြုလုပ်တော် မူပြီးသော ထိုဂေါတမနွယ်ဘွား အကျွန်ုပ်တို့၏ ဘုရားရှင် ကိုယ်တော်မြတ်ကြီး သည်။ ဇာတိပိ ဇာမိနာစ ကာရဏေန၊ ဆင်းရဲ သဘော အမှန်ဖြစ် သော ဒုက္ခသစ္စာ, ဆင်းရဲကြောင်း သဘော အမှန်ဖြစ်သော သမု ဒယသစ္စာ, ချုပ်ငြိမ်း သဘော အမှန် ဖြစ်သော နိရောဓ သစ္စာ, ချုပ်ငြိမ်းကြောင်းသဘော အမှန်ဖြစ်သော မဂ္ဂသစ္စာ။ ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ ဟု ဆိုအပ်သော သစ္စာ လေးပါး။ ကုသိုလ် အကုသိုလ် တည်းဟူသော သင်္ခါရ လူနတ် စသော သုဂတိခန္ဓာ ကျွဲနွား စသော ဒုဂ္ဂတိခန္ဓာ တည်းဟူသော ဝိကာရ အနိစ္စ ဒုက္ခ အနတ္တ တည်းဟူသော လက္ခဏာ တဏှာ ဒိဋ္ဌိ မကပ်ငြိ ခြင်းတည်းဟူသော နိဗ္ဗာန် ပိုင်းခြားသတ်မှတ် ခေါ်ဝေါ်သမုတ်အပ် သောပညတ် သင်္ခါရ ဝိကာရ လက္ခဏာ နိဗ္ဗာန် ပညတ် ဟုဆိုအပ်သော ဉေယျဓံ တရားငါးပါး ဤဆိုအပ်ခဲ့ပြီးသော သစ္စာလေး၀ ဉေယျဓံငါး မြတ်တရားကို ညွှန်ကြားမပါ ဆရာကင်းပြီး နိဿယည်းမယူ သယမ္ဘူ ဉာဏ် ကိုယ်တိုင်ဖန်၍ ဘောက်ပြန် မရှိ လုံးစုံ မိအောင် သိနိုင်ဘိ တောင်း ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ ဂုဏ် တံခိုးဟုန်ဖြင့် လူ့ဘုံနတ်ရွာ ဗြဟ္မာဘဝဂ် မဆန့်ပွက်အောင် ပျံ့တက် ကျော်စောတော်မူပါပေ၏။

(၃) သော ဘဂဝါ၊ ခုနစ်သချေ့ စိတ်ကြံလေ၍ ကိုးသချေ့ နှုတ် မြွက်ဆိုထုတ်လျက် ကိုယ်နှုတ်နှလုံး သုံးပါးလုံးပေ လေးသချေ့နှင့် ကမ္ဘာတသိန်းမျှ ဒသပါရမီ ငါးလီစာဂ ပြုပြီးထသော ထိုဂေါတမ နွယ်ဘွား အကျွန်ုပ်တို့၏ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဇာတိ ပိ ဇာမိနာစ ကာရဏေန၊ သုံးပါးဝိဇ္ဇာ ပု ဒိ အာ တို့နှင့်ရှင်း တပြာ ထို့ပြင် အလွန်ဝေးသောအရပ်၌ တည်သော အဆင်းအမျိုးမျိုးတို့ကို မြင်ခြင်းငှါ စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ် အလွန်ဝေးသော အရပ်၌ တည်သော အသံအမျိုးမျိုးကို ကြားခြင်းငှါစွမ်းနိုင်သော ဒိဗ္ဗသောတ ဉာဏ် ကိုယ်ဆင်ကျွာန် အသေးအကြီး အနည်းအများ အစားစား အထွေထွေ မြေလျှိုး မိုးပြန် အမြန်အပေါ် စသော တံခိုးအမျိုးမျိုး

တို့ကို ဖန်ဆင်ခြင်း၌ စွမ်းနိုင်သော ဣဒ္ဓိဝိဓဉာဏ် သူတပါးတို့၏ စိတ်အကြံအစည်အမျိုးမျိုးတို့ကို သိခြင်း၌ စွမ်းနိုင်သော စေတောပရိယဉာဏ် ရှေးရှေးကာလ ဖြစ်ခဲ့ရဘူးသော ဘဝအရပ်ရပ် ဇာတ်အမျိုးမျိုးတို့ကို သိခြင်း၌ စွမ်းနိုင်သော ပုဗ္ဗေနိဝါသဉာဏ် မိမိ၏ကိုယ်အတွင်းမှ မိမိနှင့် အသွင်သဏ္ဌာန် တူမျှသောလုလင်၏ သဏ္ဌာန်အဆင်းကို ဘန်ဆင်းထုတ်ပြခြင်း၌စွမ်းနိုင်သောမနောမယိဒ္ဓိဉာဏ် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ လက္ခဏာယာဥ် သုံးပါးတို့ဖြင့် ပိုင်းခြားထင်မြင်ဆင်ခြင်သုံးသပ်ခြင်း၌ စွမ်းနိုင်သော ဝိပဿနာဉာဏ် အာသဝေါတရားလေးပါးတို့ကို ကုန်သွားခမ်းချောက်အောင် ပြုပြင်ခြင်း၌ စွမ်းနိုင်သော အာသဝက္ခယဉာဏ် ဤရှစ်တန်သော ဝိဇ္ဇာဉာဏ်တို့နှင့်ရင်း သီလကို လုံခြုံစွာ စောင့်ထိန်းခြင်း သီလသံဝရတပါး စက္ခုစသော ဣန္ဒြေတို့ကို ငြိမ်သက်စွာ စောင့်ထိန်းခြင်း ဣန္ဒြိယ သံဝရတပါး အစာအာဟာရ ဘောဇဉ်ဟူသမျှတို့ကို သုံးဆောင်ရာ၌ အတိုင်းအရှည်ပမာဏကိုသိခြင်းဘောဇနေ မတ္တညုတာတပါး တွေဝေထိုင်းမှိုင်းမှုကင်း၍ နိုးကြားဖြတ်လပ်မှု ရှိခြင်း ဇာဂရိယာနုယောဂ တပါး။ ရတနာသုံးပါးတို့၌ ယုံကြည်သက်ဝင်ခြင်း သဒ္ဓါ, မကောင်းမှုတို့မှ ရှက်ရွံ့ခြင်း ဟိရီ, မကောင်းမှုတို့မှ ကြောက်လန့်ခြင်း ဩတ္တပ္ပ, အကြားအမြင်များခြင်း ဗာဟုသစ္စ, အားထုတ် ရဲရင့်ခြင်း ဝိရိယ, မမေ့မလျော့ ထင်မြင်အောက်မေ့ခြင်း သတိ, ဆင်ခြင်တိုင်းထွာကောင်းစွာသိခြင်း ပညာ, သူတော်ကောင်းတရား ခုနစ်ပါး, စတုက္ကနည်းအားဖြင့် ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တည်းဟူသော ရူပါဝစရ ကြိယာဈာန်လေးပါး, ဤသီလအစ စတုတ္ထဈာန်ကျအောင် တဆယ့်ငါးဝသော စရဏဓမ္မတို့နှင့်ရင်း ဤဆိုအပ်ခဲ့ပြီးသော ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတရား တဆယ့်ငါးပါးတို့နှင့် ထူးခြား လောကုတ္တရာ ပြည့်စုံဘိတောင်း ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏ သမ္ပန္နော၊ ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ် တံခိုးဟုန်ဖြင့် လူ့ဘုံနတ်ရွာ ဗြဟ္မာဘဝင် မဆန့်ပွက်အောင် ပြန့်တက်ကျော်စောတော်မူပါပေ၏။

(၄) သောဘဂဝါ၊ ဒီပင်္ကရာ မြတ်စွာဘုရား၏ ထံတော်ပါး၌ ကြီးမားမေတ္တာ သဒ္ဓါဆန္ဒ ပြင်းထန်လှ၍ ရပြီးအမတ ပယ်စွန့်ချကာ သုမေဓာဘဝမှ နိယတဗျာဒိတ် ရွှေတံဆိပ်ကို ခပ်နှိပ်ခံယူ အောင်လံထူခဲ့သော ထိုဂေါတမနွယ်ဘွား အကျွန်ုပ်တို့၏ ဘုရားရှင်ကိုယ်တော် မြတ်ကြီးသည်။ ဇာတိပိ ဇာမိနာဝ ကာရဏေန၊ ထင်ရှားကေန် မရှိဘဲလျက် ထင်ရှားဘောန် အမှန် ရှိသကဲ့သို့ တိတ္ထိတို့ ကြံဆအပ်သော အတ္တကောင်သည် မပျက်မစီး တဆက်တည်း တည်၏ဟု ယူသော သဿတဒိဋ္ဌိ။ ထင်ရှားကေန် အမှန်မရှိဘဲလျက် ထင်ရှားကေန် အမှန် ရှိသကဲ့သို့ တိတ္ထိတို့ကြံဆအပ်သော အတ္တကောင်သည် သေလျှင်ပြတ်၏ ပျောက်၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိ ဤသဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ မငြိမတွယ် အလယ် အလပ် အကျင့်မြတ်ဖြင့် လာတတ် သွားတတ် နိဗ္ဗူရပ်သို့ တန်းတန်း မတ်မတ် ဆိုက်ကပ်ဘိတောင်း ဤအကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတဂုဏ် တံခိုးဟုန်ဖြင့် လူ့ဘုံ နတ်ရွာ ဗြဟ္မာဘဝင် မဆန့်ပွက်အောင်ပြန့်တက် ကျော်စောတော် မူပါပေ၏။

(၅) သောဘဂဝါ၊ တုသိတာမည် နတ်တို့ပြည်၌ ထူးလည် ကျော်ကြား လွန်ထင်ရှားသော အလောင်းတော်သေတကေတု နတ်သားသည် ဤလူ့ပြည်၌ ဘုရားဖြစ်ထိုက်သော အချိန်ကာလကိုကြည့်တော်မူခြင်း, ဖြစ်ထိုက်သော ကျွန်းဒီပကို ကြည့်တော်မူခြင်း, ဖြစ်ထိုက်သော အရပ်ဒေသကို ကြည့်တော်မူခြင်း, ဖြစ်ထိုက်သော အမျိုး ကုလကို ကြည့်တော်မူခြင်း, ဖြစ်ထိုက်သော မယ်တော်၏အသက် ဆယ်လအထက် ခုနစ်ရက်မျှသာ ကြွင်းကျန်သော မာတု အာယု ပရိစ္ဆေဒ ကိုကြည့်တော်မူခြင်း, ဤကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့် မြင်ရှုစားတော်မူပြီးမှ အသမ္ဘိန္န ခတ္တိယ အစစ် သာကီဝင်ဖြစ်သော ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားရတနာ သန့်ရှင်းသာသည့် မယ်မာယာဝမ်း ကြာတိုက်ခမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူခဲ့သော ထိုဂေါတမနွယ်ဘွား အကျွန်ုပ်တို့၏ ဘုရားရှင် ကိုယ်တော် မြတ်ကြီးသည်။ ဇာတိပိ ဇာမိနာဝ ကာရဏေန၊ ဒုဂ္ဂတိပုဂ္ဂိုလ် သုဂတိပုဂ္ဂိုလ် ထိုထိုလူနတ် ဗြဟ္မာ သတ္တဝါ တည်းဟူသော

သတ္တလောက၊ အတိတ် ပစ္စုပ္ပန် အနာဂတ် ဟု ဆိုအပ်သော ကာလသုံးရပ် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌ ရှိရှိသမျှ သတ္တချလျှင် ရုပ်သင်္ခါရ နာမ်သင်္ခါရ တည်းဟူသော သင်္ခါရ လောက၊ ငရဲဘုံ တိရစ္ဆာန်ဘုံ ပြိတ္တာဘုံ အသူရကာယ်ဘုံအားဖြင့် အပါယ်လေးဘုံ၊ လူ့ဘုံ စာတုမဟာရာဇ်ဘုံ တာဝတိံသာဘုံ ယာမာဘုံ တုသိတာဘုံ နိမ္မာနရတိဘုံ ပရနိမ္မိတ ဝသဝတ္တီဘုံ အားဖြင့် ကာမသုဂတိခုနစ်ဘုံ ပေါင်းကာမတဆယ့် တဘုံတည်း။ ဗြဟ္မပါရိသဇ္ဇာဘုံ ဗြဟ္မပုရောဟိတာဘုံ မဟာဗြဟ္မာဘုံ အားဖြင့် ပဌမဈာန်သုံးဘုံ၊ ပရိတ္တာဘာဘုံ အပ္ပမာဏာဘာဘုံ အာဘဿရာဘုံ အားဖြင့် ဒုတိယဈာန်သုံးဘုံ၊ ပရိတ္တာသုဘာဘုံ အပ္ပမာဏာသုဘာဘုံ သုဘကိဏှာဘုံ အားဖြင့် တတိယဈာန်သုံးဘုံ။ အသညသတ်ဘုံ ဝေဟပ္ဖိုလ်ဘုံနှင့်တကွ အဝိဟာဘုံ အာတပ္ပါဘုံ သုဒဿာဘုံ သုဒဿီဘုံ အကနိဋ္ဌာဘုံ သုဒ္ဓါဝါသ ငါးဘုံအားဖြင့် စတုတ္ထဈာန် ခုနစ်ဘုံ ပေါင်းရူပတဆယ့်ခြောက်ဘုံတည်း။ အာကာသာနဉ္စာယတနဘုံ ဝိညာဏဉ္စာယတနဘုံ အာကိဉ္စညာယတနဘုံ နေဝသညာ နာသညာယတနဘုံ အားဖြင့် အရူပလေးဘုံ ပေါင်း ဗြဟ္မာဘုံ နှစ်ဆယ်တည်း။ ဤသုံးဆယ့်တဘုံတည်းဟူသော ဩကာသလောက၊ ဤဆိုအပ်ခဲ့ပြီးသော သတ္တလောက သင်္ခါရလောက ဩကာသလောက တည်းဟူသော လောကသုံးသွယ် နက်ဝှမ်းကျယ်ကို ဘုံနယ်ခရိုင် အဆုံး တိုင်အောင် သိနိုင် ဘိဘောင်း ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူဂုဏ် တံခိုးဟုန်ဖြင့် လူ့ဘုံနတ်ရွာ ဗြဟ္မာဘဝဂ် မဆန့်ပွက်အောင် ပျံ့ဟက်ကျော်စောတော် မူပါပေ၏။

(၆) သောဘဂဝါ၊ သန္ဒေယျူ၍ ဆယ်လစေ့ခါ မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ခု ဥတုဂိမ္ဟန္တ ကဆုန်လပြည့် သောကြာနေ့ နံနက်တချက်တီးအချိန်တွင် ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ဖွားမြင်တော်မူသော ထိုဂေါတမနွယ်ဘွား အကျွန်ုပ်တို့၏ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဇာတိပိ ဇာမိနာစ ကာရဏေန၊ နန္ဒော ပနန္ဒ အင်္ဂုလိမာလ အာဠာဝက သစ္စကနှင့် ဗကဗြဟ္မာ နာဠာဂိရိ သုစိလောမ

ခရလောမ များလှသဉ္စဝါ ကြမ်းကြုတ်စွာကို ဒေသနာဆေးနှ ဖေးမ ကုသဖြင့် အနုအလိမ္မာ မကြာယဉ်ကျေး ဝန်မလေးဘဲ ရှင်အေး နှစ်သက် ဆုံးမချက်ဘွင် နိုင်းဘက်မပျ နိုင်းသူမရှိ မှုကိုသိ၍ သူ၏ ဘဝ မရှုံးရအောင် ဆုံးမဘိတောင်း ဤအကြောင်းကြောင့်လည်း။ အနုဥ္စရော ပုရိသ ဒမ္မ သာရထိ၊ အနုတ္တရော ပုရိသဒမ္မ သာရထိဂုဏ် တံခိုးဟုန်ဖြင့် လူ့ဘုံနတ်ရွာ မြဟ္မာအဝင် မဆန့် ပွက်အောင် ဖုံ့ တက်ကျော်စော တော်မူပါပေ၏။

(၇) သော ဘဂဝါ၊ ဖွားမြင်ပြီးနောက် တဆယ်နှင့်ခြောက် ရှယ်တော်ရောက်လာ မင်းတကာတို့ တခါတရံမျှ မစံရဘူးသော ရမ္မ သုရမ္မ သုဘ တည်းဟူသော ငါးဆင့် ခုနစ်ဆင့် ကိုးဆင့်ရှိသော မိုဃ်း ဆောင်း နွေဟု သုံးဥတုနှင့် အထူးသင့်တော် လွန်လျော်သော ရွှေနန်းတော်ကြီးသုံးဆောင်၌ ယသောဓရာ အမှူးရှိသော ရွှေအဆင်း နှင့်တူသော မောင်းမမိဿံ လေးသောင်းရံလျက် စံနေတော်မူစဉ် သိဒ္ဓတ်ရှင်သည် ဥယျာဉ်တော်ကို ထွက်ရှုလိုသော် သူအို သူနာ သူသေ ရဟန်း လေးခဏ်းနိမိတ် သံဝေစိတ်ကြောင့် လျှံဖိတ်ထိန်ထိန် မင်းစည်းစိမ်ကို မီးရှိန်ပြုံ့ပြုံ့ ဆင်ခြင်ခွဲ၍ နှစ်ဆယ့်ကိုးနှစ် စွန့်ပစ် လျစ်လျူ ထွက်တော်မူရာ သင်းကြူမွှေးကြိုင် ယနံ့လှိုင်သည့် ဂနိုင်ပျိုနှ ဉရုဝေလ မြိုင်တောဝ၌ ဒုက္ကရ စရိယာ ပြုခဲ့စွာကို ခြောက်နှစ်ကြာမျှ ကျင့်ရပြီးလျှင် ဗောဓိပင်နှင့် ရွှေပလ္လင်တွင် နေမဝင်ခင် ဒေဝပုတ္တမာရ် ကို အောင်ပွဲတော်ခံလျက် ညဦးယာမ်၌ ပုဗ္ဗေနိဝါသဉာဏ် သန်း ခေါင်ယာမ်၌ ဒိဗ္ဗစက္ခုဉာဏ် မိုးသောက်ယာမ်အခါ ဝိပဿနာကို ပွားစေလျက် အာရုံတက်၍ အာသဝက္ခယဉာဏ် ဤဉာဏ်ကိုရပြီးမှ ဗုဒ္ဓကိစ္စ ပြည့်စုံရသော ထိုဂေါတမနွယ်ဘွား အကျွန်ုပ်တို့၏ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဇာတိပိ ဇာမိနာဝစ ကာရဏာေန၊ အစာမတွေ့ ရေခြောက်သွေ့လျက် ခြသေ့ သစ်ကျား ဘီလူးများနှင့် သားရဲခိုးသူ ရောပြွမ်းထူသည့် ရန်သူခိုမှီး တောအုပ်ကြီးမှ အပြီးရည်စူး ဖြတ်ကျော် ကူးဘို့ ခရီးဦးက လှည်းမှူးကြီးပမာ ဘေးကင်းရာကို လိမ္မာလမ်းသိ ညွှန်လာဘိသို့ ဇာတိကန္တာရ ဇရာကန္တာရ ဗျာဓိကန္တာရ မရဏ

ကန္တာရ တည်းဟူသော ကန္တာရခရီး လမ်းကြမ်းကြီး၌ အပြီးမှုံသေ နားမနေဘဲ သွားနေကြသော နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေခြောက် ဆယ် မိုလ်ခြေတသိန်း တွက်ကိန်းအရ ကျွတ်ထိုက်သသူ နတ်လူပြဟ္မာ တို့၏ တဆူဆရာ ခေတ်အခါတွင် ဖြစ်လာဘိတောင်း ဤအကြောင်း ကြောင့်လည်း။ သတ္တာဒေဝ မနုဿာနံ၊ သတ္တာဒေဝ မနုဿာနဂုဏ် တံခိုးဟုန်ဖြင့် လူ့ဘုံနတ်ရွာ ပြဟ္မာဘဝင် မဆန့်ပွက်အောင် ပျံ့တက် ကျော်စောတော်မူပါပေ၏။

(၈) သော ဘဂဝါ၊သိအပ်သမျှ ဉေယျငါးချက် တရားနက်တို့ကို အကြွက်မှန်မှန် ကြွင်းကျန်မရှိ အကုန်သိတော်မူခြင်း တည်းဟူသော အစွမ်းတော်လည်းတပါး ထိုသိအပ်သမျှ ဉေယျဓမ္မတို့၌ ဝေဘန်အပ် သမျှ နယထွေလာ ဒေသနာနည်း အသီးသီးတို့ကို ပြီးစီးဝေဘန် ကြွင်း ကျန်မရှိ အကုန်သိတော်မူခြင်း တည်းဟူသော အစွမ်းတော်လည်း တပါး သတ္တဝါခပင်း များတသင်းတို့၏ အတွင်းအာသယ အစစတို့ ကို မပိုမရှိ ကြွင်းကျန်မရှိ အကုန်သိတော်မူခြင်း တည်းဟူသော အစွမ်းတော်လည်းတပါး။ ဤအစွမ်းသတ္တိ သုံးပါးရှိအင် ပြည့်စုံလင် သည့် သဗ္ဗညုတရွှေဉာဏ်တော်ရ၍ လောကဓမ္မရာဇ် သုံးဆယ့်ငါးနှစ် တွင် ဘုရားအဖြစ်သို့ စင်စစ်ရောက်တော်မူသော ထိုဂေါတမနွယ် ဘွား အကျွန်ုပ်တို့၏ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဇာတိပိ ဇာမိ နာဝစ ကာရဏေန၊ အဟုတ်ကြီးလေးတန် အမှန်ကြီးလေးပါး သစ္စာ အားဖြင့် မကြားစဘူး တရားထူးကို ရှေးဦးရရှိ ကိုယ်တိုင်သိ၍ မိမိနှင့် မှူ အလားတူစွာ ရစေငှါဟု သတ္တဝါဝေနေ များမိုလ်ခြေကို မငြိမတွေ ဝေအောင် သိစေဘိတောင်း ဤအကြောင်းကြောင့်လည်း။ဗုဒ္ဓေါ၊ ဗုဒ္ဓ မြတ်ဂုဏ် တံခိုးဟုန်ဖြင့် လူ့ဘုံနတ်ရွာ ပြဟ္မာဘဝင် မဆန့်ပွက် အောင် ပျံ့တက်ကျော်စောတော်မူပါပေ၏။

(၉) သော ဘဂဝါ၊ အပ္ပရာဇိတ ပလ္လင်မှ၌ ဒေဝပုတ္တ ကိလေ သနှင့် ခန္ဓ မစ္စု၊ တခုအဘိသင် မာန်ငါးအင်ကို အောင်မြင်ပြီးသော် ဧရတွက်ဖော်လျှင် သက်တော်ရှစ်ဆယ် ဝါတော် လေးဆယ့်ငါးဝါ ကာလပတ်လုံး သီတင်းသုံးစဉ် ပြုံးရွှင်နည်းပေး စည်းဝေးခါခါ လွန်

စွာလေးစားအရေးဆားလျက် တရားဟောမှု ခွင့်ပြုပြည်ထဲအရပ်ရပ်သို့ လှည့်လည်ပတ်ရခြင်း အကြောင်းရင်းက အိုခြင်း နာခြင်း သေခြင်းဖန်ဖန် ဝဋ်မီးကံကြောင့် ပြင်းထန်ညစ်ညူး ထွန့်ထွန့်လူးမျှ ခံနေရသော ဒုက္ခိတသတ္တဝါ မြောက်များစွာကို မမြင်သာချက် မကြည့်ရက်အား လွန်သနား၍ ရှစ်ပါးမဂ္ဂင် ရသားယာဉ်ဖြင့် ခေါင်ဖွတ်ဆွဲ အလွတ် ခဲလျက် ကျွတ်ပွဲတော်ကြီး ခံယူပြီးမှ အာယုသင်္ခါရ လွှတ်ရတဖုံ အခွင့် ကြုံ၍ဖြင့် ကုသိနာရုံပြည် စံဌာနီအတွင်း မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ် မြေအပြင်ဝယ် နှစ်ပင်တောင်မြောက် ယှဉ်ခါခပေါက်၍ ဖူးမောက်ငုံဆင့် လုံးကျွတ်ပွင့်လျက် ပျိုမြစ်နုထွား နှစ်ပင်ကြားတွင် မင်းအများတို့ ခင်းထားစဉ်လာ မင်္ဂလာဖြင့် ရတနာအမွန် သလွန်ခေါ် ကြောင်း ရွှေညောင်စောင်း၌ လက်ျာနံတောင်း ကိုယ်တော်လျောင်းပြီး ဦးခေါင်းတော်ရှု မြောက်သို့ပြုလျက် ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါ သကီအားဖြင့် လေးပါးသောပရိသတ်တို့အား ငါ၏ ချစ်သား ချစ်သမီး များတို့ အဆုံးစကား ငါမှာကြားအံ့ စိတ်ထားကြည်ဖြူ မှတ်နာ ယူကြ ဖြစ်သမျှအများ သင်္ခါရတရား အစားစားတို့သည် မနား မရပ် ကွက်မလပ်ဘဲ ပျက်တတ်သော သဘော ရှိကြကုန်၏။ အပ္ပ မာဒ မြတ်ဓမ္မနှင့် နေ့ညမွေ့ထုံ မမေ့တုံအောင် ပြည့်စုံရစ်ကြစေ ကုန်လော့ဟု.... မိန့်ဟောထုတ်ပြ ချုပ်ခဏတွင် အနုပ္ပါဒ နိရောဓ အစစ် ချမ်းသာမှန်ဖြစ်သော ဝဋ်မြစ်ခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ် သိမ်း ပရိနိဗ္ဗူ စံတော်မူသော ထိုဂေါတမန္ွယ်ဘွား အကျွန်ုပ်တို့၏ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဇာတိပိ ဇရာမရဏပိ ကာရဏာနေ၊ ဖန်ဆင်းလိုသမျှ မချို့ရအောင် စိတ်တော်ကို အစိုးရတော် မူခြင်း တည်းဟူသော ဣဿရိယဘုန်းတော်။ အလွန်အကြူး အထူးမွန်မြတ် သော တရားတော်တည်းဟူသော ဓမ္မဘုန်းတော်။ အခြံအရံ အကျော် အစော ကြီးကျယ်များပြားလှခြင်း တည်းဟူသော ယသဘုန်းတော်။ အတုမရှိ တင့်တယ်ပကတိ အလွန်ကြက်သရေရှိခြင်း တည်းဟူသော သိရီဘုန်းတော်။ အလိုရှိသမျှ ပြီးပြည့်စုံနိုင်ခြင်းတည်းဟူသော ကာမ ဘုန်းတော်။ အားစွမ်းလုံ့လ ဝီရိယတော် လွန်ကြီးမြတ်လှခြင်း တည်း

ဟူသော ပယတ္တဘုန်းတော်။ ဤဆိုအပ်ခဲ့ပြီးသော ဣဿရိယ ဓမ္မ ယသ သိရိ ကာမ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်စုံ တံခိုး ဂုဏ်ဖြင့် လူ့ဘုံနတ်ရွာ ဗြဟ္မာဘဝဂ် မဆန့်ပွက်အောင် ပျံ့တက် ကျော်စောတော်မူပါပေ၏။

ဣတိ၊ ဤသို့။ အရဟာတာဒိ ဂုဏာသမ္ပန္နံ၊ အရဟံဂုဏ်အစ ဘဂဝါ ဂုဏ်အဆုံး ကိုးပါးလုံးနှင့် ဘုရားထုံ စံ ပြည့်စုံရိုးမှန်ပေသော။ ဗုဒ္ဓံ၊ ဘဝကမ္ဘာ သန္ဓေကြာလည်း တခါတရံမျှ တွေ့ကြုံရန်ခဲယင်းလှသော ဗုဒ္ဓုပ္ပါဒ ဒုလ္လဘမို့ ကြုံရအညီ ဤဘုရားစစ် ဘုရားမှန်တည်းဟူသော ရတနာမှန် ရတနာ မြတ်ကြီးကို။ အဟံ၊ မနုဿတ္တဘာဝ ဒုလ္လဘာ မှာ သဒ္ဓါသမ္ပတ္တိဘာဝ ဒုလ္လဘအချုပ် ခဏမယုတ်ရအောင် အား ထုတ်လျက်ရှိပါသော ရုပ်ခဝတ် နာမ်ခဝတ် ပရမတ်အစု ခဝတ်အနှ ကို မှတ်ရှုမည့်ခေါ် ဘုရားတပည့်တော်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ဘေး လာဘ်စသည် မရည်မညွှတ် သံသရာဝဋ်မှ ကျွတ်လွတ်ရာမှန် နိဗ္ဗာန် တခု အာရုံပြု၍ ရမူကြံဆ ဤသန္ဒနှင့် ဇာယဝစီ မနောချီလျက် သုံးလီ ဒွါရ ပဏာမဖြင့် ကာယအင်္ဂါ ဝန္ဒနာမှာ ဝဲယာနှစ်ဘက် စုံညီယှက်ခါ လက် ပုဆစ်ဒူး နဖူးတပါး မြေကြမ်းများ၌ ငါးပါးတည်မျိုး ဦးညွှတ် ကြိုး၍ ရှိခိုးကံတော့ပါ၏ မြတ်စွာဘုရား—မြတ်စွာဘုရား။

ဘုရားဂုဏ်တော် (၉) ပါး ပြီးစီးပါပြီ။

---

## တရားဂုဏ်တော် (၆) ပါး

သွာက္ခာတော ဘဂဝ တာဓမ္မော သန္ဒိဋ္ဌိကော။ အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

(၁) ဘဂဝတာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဓမ္မော၊ လေးပါးမဂ်ဉာဏ် ဖိုလ်လေးတန်နှင့် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို။ သွာက္ခာတော၊ အစ၏ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ကောင်းခြင်းဟု ဆိုအပ်သော ကောင်းခြင်းသုံး

ပါးနှင့် ပြည့်စုံစွာ ဟောတော်မူအပ်သော သွက္ခာတ ဂုဏ်နှင့်လည်း အထူးပြည့်စုံတော်မူပါပေ၏။

(၂) ဓမ္မော၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူအပ်သော တရားတော်မြတ်သည်။ သန္ဒိဋ္ဌိကော၊ တဆင့်စကားကြားရုံနှင့်တိုင် မပြီးနိုင်ဘဲ ကိုယ်တိုင်ကိုယ်ကြပ် ကျင့်ဆောင် တတ်မှ အမှန်သိအပ်သော သန္ဒိဋ္ဌိကဂုဏ်နှင့်လည်း အထူးပြည့်စုံတော် မူပါပေ၏။

(၃) ဓမ္မော၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူအပ်သော တရားတော် မြတ်ကြီးသည်။ အကာလိကော၊ အခါမလင့် ချိန်မဖင့်ဘဲ အဆင့်ဆင့်တိုး ဖွင့်ဖွင့်ဖြိုးအောင် အကျိုးပေးတတ်သော သဘောသတ္တိ ထင်ရှားရှိသော အကာလိက ဂုဏ်နှင့်လည်း အထူးပြည့်စုံတော်မူပါပေ၏။

(၄) ဓမ္မော၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူအပ်သော တရားတော် မြတ်သည်။ ဧဟိပဿိကော၊ လာလှည့်ရှုလှည့် ကျင့်ကြံလှည့်ဟု ရမိဘိတ်ခေါ် အကျိုးပေါ်အောင် နှိုးဆော်တိုက်တွန်းအပ်သော ဧဟိပဿိက ဂုဏ်နှင့်လည်း အထူးပြည့်စုံတော်မူပါပေ၏။

(၅) ဓမ္မော၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူအပ်သော တရားတော် မြတ်သည်။ ဩပနေယျိကော၊ မိမိ သူတပါး နှစ်ဦးသားလုံး တရားနှင့် ကိုယ်သို့ကပ်ခြင်း ကိုယ်နှင့်တရားသို့ကပ်ခြင်း နှီးရင်းပူးပေါင်း မိတ်ဆွေကောင်းကြီး ဖွဲ့စည်းသို့အသွင် ချစ်ကြွမ်းဝင်သကဲ့သို့ အတွင်းဝင်ပြင်ပေါက် အနီးသို့ရောက်အောင် ကပ်၍ဆောင်ထိုက်သော ဩပနေယျိကဂုဏ်နှင့်လည်း အထူးပြည့်စုံတော် မူပါပေ၏။

(၆) ဓမ္မော၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူအပ်သော တရားတော် မြတ်သည်။ ဝိညူဟိ၊ ပဋိသန္ဓေ အခါဇာတိဉာဏ်ပါသော ပညာရှိအပေါင်း သူတော်ကောင်းတို့သည်။ ပစ္စတ္တံ၊ အသီးအသီးရပြီးထိုက်တန် မိမိတို့ဉာဏ်၌။ ဝေဒိတဗ္ဗော၊ ဓမ္မ

ရသ ဤသုခမှ သြော် အေးဧစ္စတကား ငြိမ်းပေစွတကားဟု ဥဒါန် အားဖြင့်သာ သန့်ရှင်းစွာရအပ် ခံစားအပ်သော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်နှင့်လည်း အထူးပြည့်စုံတော်မူပါပေ၏။

ဣတိ၊ ဤသို့။ သွာက္ခာတတာဒိ ဂုဏသမ္ပန္နံ၊ သွာက္ခာတဂုဏ်အစ ဝေဒိတဗ္ဗောဂုဏ်အဆုံး ခြောက်ပါးလုံးနှင့် တရားထုံးစံ ပြည့်စုံရိုး မှန်ပေသော။ ဓမ္မံ၊ ဘဝကန္တာ အသင်္ချေကြာလည်း တခါတရံမျှ တွေ့ကြုံရန် ခဲယဉ်းလှသော သဒ္ဓမ္မသဿဝန အတိဒုလ္လဘမို့ ကြုံရအညီ ဤတရားစစ် တရားမှန်တည်းဟူသော ရတနာမွန် ရတနာမြတ်ကြီးကို။ အဟံ၊ မနုဿတ္တဘာဝ ဒုလ္လဘမှာ သဒ္ဓါသမ္ပတ္တိဘာဝ ဒုလ္လဘအချုပ် ခဏမယုတ်ရအောင် အားထုတ်လျက်ရှိပါသော ရုပ်ဓါတ် နာမ်ဓါတ် ပရမတ်အစု ဓါတ်အနုကို မှတ်ရှုမည့်ခေါ် ဘုရားတပည့်တော်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ဘေးလာဘ်စသည် မရည်မညွတ် သံသရာဝဋ်မှ ကျွတ်လွတ်ရာမှန် နိဗ္ဗာန်တခု အာရုံပြု၍ ရမ္ပကြံဆ ဤဆန္ဒနှင့် ကာယဝစီ မနောချီလျက် သုံးလီဒွါရ ပဏာမဖြင့် ကာယအင်္ဂါ ဝန္ဒနာမှာ ဝဲယာ နှစ်ဘက် စုံညီယှက်ခါ လက် ပုဆစ် ဒူး နဖူးဘပါး မြေ ကြမ်းများ၌ ငါးပါးတည်မျိုး ဦးညွတ်ကြိုး၍ ရှိခိုးကန်တော့ပါ၏ တရားတော်မြတ် ဘုရား တရားတော်မြတ်ဘုရား။

---

## သံဃာဂုဏ်တော် (၉) ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

(၁) ဘဂဝတော၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သာဝက သံဃော၊ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်များနှင့်တကွ ရှစ်ပါးအရိယာ မြတ်သံဃာသည်။ သုပ္ပဋိပန္နော၊ မဂ်ဖိုလ်ရကြောင်း အကျင့်ကောင်း ကို မတိမ်းမစောင်းရအောင် ကောင်းမွန်စွာ ကျင့်ဆောင်တော်မူတတ် ကြသော သုပ္ပဋိ ပန္နဂုဏ်နှင့်လည်း အထူးပြည့်စုံတော်မူပါပေ၏။

(၂) ဘဂဝတော၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သာဝက သံဃော၊ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်များနှင့်တကွ ရှစ်ပါးအရိယာ မြတ်သံဃာသည်။ ဥဇုပ္ပဋိပန္နော၊ မာယာ သာဌေယျ စသည်အညစ် အကောက်အကျစ်ကို ဖျောက်ပစ်ပယ်ဖြတ် မဆောင့်လတ်အောင် ဖြောင့်မတ်စွာ ကျင့်ဆောင်တော် မူတတ်ကြသော ဥဇုပ္ပဋိပန္နဂုဏ်နှင့် လည်း အထူးပြည့်စုံတော်မူပါပေ၏။

(၃) ဘဂဝတော၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သာဝက သံဃော၊ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်များနှင့်တကွ ရှစ်ပါးအရိယာ မြတ်သံဃာသည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်နှင့်သော် အခွင့်တော် အောင် သင့်လျော်စွာ ကျင့်ဆောင်တော်မူတတ်ကြသော ဉာယပ္ပဋိပန္န ဂုဏ်နှင့်လည်း အထူးပြည့်စုံတော်မူပါပေ၏။

(၄) ဘဂဝတော၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သာဝက သံဃော၊ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်များနှင့်တကွ ရှစ်ပါးအရိယာ မြတ်သံဃာသည်။ သာမီစိပ္ပဋိပန္နော၊ ယပ်လေခပ်ဆိုး ခရီးဦးကြိုကြည် ညိုသဒ္ဓါ လေးမြတ်လာအောင် ရိုသေစွာ ကျင့်ဆောင်တော် မူတတ် ကြသော သာမီစိပ္ပဋိပန္နဂုဏ်နှင့်လည်း အထူးပြည့်စုံတော်မူပါပေ၏။

ယဒိဒံ ယာနိ ဇုမာနိ ပုရိသယုဂါနိ၊ အကြင်အစုံအစုံ ဖွဲ့အပ်ကုန် သော အရိယာဇာတ်ပုဂ္ဂိုလ်မြတ်တို့သည်။ စတ္တာရိ၊ လေးစုံတို့တည်း။ ယဒိဒံ ယေဋ္ဌမေ ပုရိသပုဂ္ဂလာ၊ အကြင်အသီးအသီး ရေတွက်အပ်ကုန် သော အရိယာဇာတ် ပုဂ္ဂိုလ်မြတ်တို့သည်။ အဋ္ဌ၊ ရှစ်ယောက်တို့တည်း။

သေ သော၊ ဤသို့ အစုံအစုံဖွဲ့သောအားဖြင့်လေးပါး အသီးအသီး ရေတွက်သောအားဖြင့် ရှစ်ပါးအပြားသဘောရှိတော်မူသော။

(၅) ဘဂဝတော၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သာဝက သံဃော၊ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်များနှင့်တကွ ရှစ်ပါးအရိယာ မြတ်သံဃာသည်။ အာဟုနေယျော၊ မိဘနှစ်ပါး ဆရာသမားနှင့် ပူဇော်သိုက်သောသူတို့အား ရည်၍ထားသည့် ပြုပြင်ားမပြတ် နိစ္စဘတ် ဖြစ် အလှူဝတ်ကို မချွတ်မုချ ခံယူတော်မူထိုက်လှသော အာဟုနေယျ ဂုဏ်နှင့် အထူးပြည့်စုံတော်မူပါပေ၏။

(၆) ပါဟုနေယျော၊ ဧည့်သည်အာဂန္တု၊ ဆွေမျိုးစုနှင့် ဗန္ဓု မိတ်များ မှန်း၍ထားသည့် ထွေပြားစီရင် အကြင်ဝတ္ထု၊ အစုစုကို ကြည့်ရှုသိမ်းပိုက် ခံယူတော် မူထိုက်လှသော ပါဟုနေယျဂုဏ်နှင့် လည်း အထူးပြည့်စုံတော်မူပါပေ၏။

(၇) ဒက္ခိဏေယျော၊ ခုရောနောင်ခါ သံသရာ၌ ချမ်းသာတိုး ပွား အကျိုးများမည် စိတ်ကရည်၍ ယုံကြည်လေးမြတ် ပေးလှူအပ် သည့် သဒ္ဓါဝတ်ဖြူ မြတ်အလှူကို ခံယူတော် မူထိုက်လှသော ဒက္ခိ ဏေယျဂုဏ်နှင့်လည်း အထူးပြည့်စုံတော်မူပါပေ၏။

(၈) အဉ္ဇလိကရဏီယော၊ ကောင်းကျိုးလိုသူ လက်ဆယ်ဆူ ကို မြှောက်ယူချီမိုး တုပ်ဝပ်လျှိုး၍ ရှိခိုးပူဇော် ထိုက်လှသော အဉ္ဇလိ ကရဏီယဂုဏ်နှင့်လည်း အထူးပြည့်စုံတော်မူပါပေ၏။

(၉) လောကဿ၊ သုံးလောကဘွား သုံးဘုံသား၏။အနုတ္တရံ၊ အတုမရှိ အမြတ်ခေါင်ထိ ဖြစ်တော်မူသော။ ပုညခေတ္တံ၊ ကောင်းမှု မျိုးကို စိုက်ပျိုးရာမှန် မြေသန်ဆီအောင်း လယ်ယာကောင်းနှင့် အ ကြောင်းတမူ အလွန်တူလှသော ပုညခေတ္တ ဂုဏ်နှင့်လည်း အထူး ပြည့်စုံတော်မူပါပေ၏။

ဣတိ၊ ဤသို့။ သုပ္ပဋိပန္နတာဒိ ဂုဏာသမ္ဗန္ဓီး၊သုပ္ပဋိပန္နဂုဏ်အစ ပုည ခေတ္တံ ဂုဏ်အဆုံး ကိုးပါးလုံးနှင့် သံဃာ့ထုံးစံ ပြည့်စုံရိုး မှန်ပေ

သော။ သံဃာ၊ ဘဝကမ္ဘာ အသင်္ချေကြာလည်း တခါတရံမျှ တွေ့ကြုံရန် ခဲယဉ်းလှသော ပဗ္ဗဇ္ဇိတဘာဝ ဒုလ္လဘမို့ ကြုံရမညီ ဤသံဃာစစ် သံဃာမှန်တည်းဟူသော ရတနာမွန် ငှာနာမြတ်ကြီးကို။ အဟံ၊ မနုဿတ္တဘာဝ ဒုလ္လဘအချုပ် ခဏမလှုပ်ရအောင် အားထုတ်လျက်ရှိပါသော ရုပ်ခေတ် နာမ်ခေတ် ပရမတ်အစု ခေတ်အနုကို မှတ်ရှုမှည့်ခေါ် ဘုရား တပည့်တော်သည်။ ' ဝန္ဒေ ဝန္ဒာမိ၊ ဘေးလာဘ်စသည် မရည်မညွှတ် သံသရာငွေ့မှ ကျွတ်လွတ် ရာမှန် နိဗ္ဗာန်တခုအာရုံပြု၍ ရမှုကြံဆ ဤဆန္ဒနှင့် ကာယဝစီ မနောချီလျက် သုံးလီဒွါရ ပဏာမဖြင့် ကာယအင်္ဂါ ဝန္ဒနာမှာ ငါးပါးယှက်ခါ ဝဲယာနှစ်ဘက် စုံညီယှက်ခါ လက်ပုဆစ်ဒူး နဖူးတပါး မြေကြမ်းများ၌ ငါးပါးတည်မျိုး ဦးညွှတ်ကျိုး၍ ရှိခိုးကံတော့ပါ၏ သံဃာတော် မြတ်ဘုရား သံဃာတော်မြတ်ဘုရား။

သံဃာ့ဂုဏ်တော် (၉) ပါး ပြီးစီးပြီ။

## မူလကျမ်းပြု ဖြစ်တော်မူသော
## ကြောင်ပန်း တောရတိုက်ရင်း နာယက ဦးတိဿ ဆရာတော်
## ဘုရားကြီး၏ ထေရုပ္ပတ္တိကထာနှင့် ကျမ်းပြီးနိဂုံး
## အကျဉ်းချုပ်လင်္ကာ။

### နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဇမ္ဗူဒိပါ၊ ကျွန်းလက်ျာ၌၊ မဟာဘူမိ၊ တိုင်းမဇ္ဈိတွင်၊ ဗောဓိညောင်ရွှေ၊ ပလ္လင်မြေနှင့်၊ ခြောက်ထွေရောင်ခြည်၊ ကွန့်မြူးလည်သား၊ လေးမည်သစ္စာ၊ မြတ်ဓမ္မာကို၊ ခန္ဓာနာမ်ရုပ်၊ ဘေးဝန်တုပ်ဟု၊ ဖြစ်ချုပ်ရှုစေ၊ မိန့်တော်ချွေ၏၊ ဝေနေယျာအား၊ ငဲ့သနားကြောင့်၊ ဘုရားမြတ်စွာ၊ နိဗ္ဗူတာသို့၊ ဝင်ပါသော်လဲ၊ နှစ်ကုံစွဲ၍၊ တည်မြဲငါးထောင်၊ ထွန်းလင်းပြောင်၏၊ အခေါင်သာသနာ၊ ခေတ်အခါတွင်၊ မြန်မာရဋ္ဌ၊ ဝိသေသဟု၊ ခမ္မဝိနည်း၊ သုက်ကဗျည်းကို၊ ဖွဲ့စည်းတတ်မြောက်၊ တံခွန်ဆောက်သို့၊ အံ့လောက်သညီ၊ မြတ်လယ်တီ၏၊ ဥာနီမုံရွာ၊ မြို့အောင်ချာတွင်၊ ပြုဗ္ဗာမြောက်ယွန်း၊ တမိုင်စွန်းသည့်၊ ပြောင်းရှွန်းသညာ၊ အက်တောရွာတွင်၊ သမ္မာဇီဝ၊ ကုသလနှင့်၊ နာမတွင်ခေါ်၊ ဦးရွှေဘော်တည့်၊ တူပျော်ဘာဝ၊ ဒေါ်ဒေါ်သတို့၊ ပုတ္တရတနာ၊ ဖွားမြင်ရာတွင်၊ ကောဇာတွက်စစ်၊ ပေလွှာသစ်၌၊ တစ်နှစ် ခြောက် ခွန်၊ ဝေါဟာညွှန်၍၊ လမွန်အမြတ်၊ ကထိန်ဥာတ်နှင့်၊ လူနတ်ရှင်ပြုံး၊ တန်ဆောင်မုန်းဟု၊ မှတ်ထုံးကျော်တက်၊ ခုနစ်ရက်တွင်၊ ဖွားဘက်စနေ၊ ချေ့ပြုံမှေ့မှ၊ ဒေါင်းခနဲဘွက်လု၊ ကျောက်စွန်းခု၍၊ မပြုတပြူ၊ အခါယူ၍၊ ပေမူခပ်နှိပ်၊ မောင်တောင်ရိပ်ဟု၊ တံဆိပ်ပမာ၊ မည်သညာနှင့်၊ ကြားခါမြင်ရှု၊ တတ်သိမှုကြောင့်၊ လူထုဆန္ဒ၊ (မောင်ကျော်ရ) ဟု၊ နွတ္တတဖန်၊ ဆင့်ပွားပြန်၏၊ ရည်သန်စိတ်ရင်း၊ ကျောင်းအပ်နှင်းသော်၊ ဝတ်စင်းပူဇော်၊ ဆရာတော်ဟု၊ ထင်ပေါ်ကျေးရွာ၊ ဦးဂန္ဓမာ၏၊ ပညာသင်ပြ၊ ဝိရိယကြောင့်၊ သတ္တဇီဝိန်၊ ငယ်ရွယ်ချိန်၌၊ ရောင်ရှိန့်တောက်ကြွား၊ ဇာနီဖွားကို၊ ဘုရားသာ

သနာ၊ ပဗ္ဗဇ္ဇာယာ၊ ရှင်သာမဏေ၊ ပြုခဲ့ပေ၏၊ အမွေတော်ရ၊ မိန့်ဘတို့၊ မွေပဗ္ဗယာ၊ နိဂြောဟာတည့်၊ ပုတ္တာရင်သွေး၊ ကိုရင်လေးက၊ ပေရေးဆယ်ဇာတ်၊ နှုတ်သွက်ဖတ်၍၊ အတတ်ကိုသင်၊ ကျမ်းဗေဒင်မှ၊ ပြိုဟ်ခွင်သက်ရောက်၊ ပေါင်း နှုတ် မြောက်နှင့်၊ ကိုးခေါက် အလီ၊ လက်ာသီ၍၊ လောကီသင်ရိုး၊ စွယ်စုံပျိုးလျက်၊ အားကျိုး ထွန်းသစ်၊ ဆယ့်ခြောက်နှစ်တွင်၊ သားချစ်ရှင်ပြုံ၊ မြတ်ကျောင်းကန်ကို၊ ဖန်ဖန်လှည့်လည်၊ဆည်းကပ်သည်ကြောင့်၊ မြို့မည်အလုံ၊နယ်လုံးခြုံ၍၊ အာရုံပြုကြ၊ မြတ်တောရဟု၊ ဌာနတသီး၊ ကျောင်းယာကြီးတွင်၊ စံမှီးခိုဝင်၊ ကျေးဇူးရှင်ဟု၊ခေါ်တွင်ကြောင်ပန်း၊ထံတော်မြန်း၍၊အောင်နန်းနိဗ္ဗူ၊ တောင်းဆုယူတွင်၊ကာယ်သူဘယ်က၊ မည်နာမနှင့်၊မိဘဆရာ၊ မေးမြန်းရာ၌၊ လျင်စွာခဏ၊ ဦးနှိမ်ချ၍၊ မိဘဆရာ၊ နေရပ်ရွာနှင့်၊သညာနာမ၊ မောင်ကျော်ရဟု၊ ဝါကျမှန်မှန်၊ ကရိုဏ်းဌာန်နှင့်၊ သံနေမမှား၊ လျှောက်ထားကြောင့်၊ ယောကျ်ားဇာနီ၊ဖြစ်သင့်သည်ဟု၊သညီနွတ္တ။ မောင်ကျော်ရ၏၊ မိဘတို့ထံ၊ အခွင့်ခံ၍၊ ငါ့ထံခြေရင်း၊ ခဝပ်စင်းလော့၊ သတင်းပြန့်ကျော်၊ မွေးစားတော်ဟု၊ ရှင်ပျော်အပ်နှံ၊ လက်တော်ခံ၍၊ အထံတော်ပါး၊ မြဲခစား၏၊ ကြွသွားလိုက်ပါ၊တစာစာနှင့်၊ ဂါထာသီတန်၊ နှုတ်ရပြန်၏၊ အမှန်လေးပါး၊ မြတ်တရားကို၊ ပိုင်းခြားသိမြင်၊ ဟောနည်းသင်၍၊ ကိုရင်တိဿ၊ ဘွဲ့တော်သလျက်၊ ဌာနပြန်ဆိုက်၊ကြောင်ပန်းတိုက်၌၊ သိုက်မြိုက်ဓဝဆာ၊ရှင်ပြုပါ၏၊ ဓမ္မာနုဂ္ဂဟာ၊ နိသတ္တဟု၊ဓမ္မကိုယ်ကျင့်၊ခန္ဓာဖွင့်၍၊ဆင့်ဆင့်ပွားထုံ၊ရစ်သိုင်းခြုံလျက်၊ ဟောပုံလွန်ကောင်း၊ ရဟန်းလောင်းကို၊ ခွင့်တောင်းကြရာ၊မြတ်ဆရာက၊ ဝေးကွာသူအား၊ မစဉ်းစားဘဲ၊ ကံအားလျော်၊ နီးကပ်သော်မှ၊ ထံတော်အပါး၊ မြဲဝတ်တွားသည့်၊ တရားသိမြင်၊ ဦးစံတင်နှင့်၊ ကြည်ရွှင်ကိုယ်စိတ်၊ ဒေါ်ဒေါ်ချိတ်တို့၊ နိမိတ်ဩဘာ၊ မင်္ဂလာနှင့်၊ အခါတော်ရ၊ ရှင်တိဿကို၊ ဥပသမ္ပဒံ၊ တကာခံလော့၊ စိတ်ကြံရင်းရှိ၊ ဝမ်းဆီထိသို့၊ပီတိပြုံးရွှင်၊မြတ်သဘင်ကို၊အလျင်ခဏ၊ စီမံကြ၍၊ဌာနခေါ်တွင်၊ ဗုဓလင်၏၊ တောင်ခွင်ပန္နာ၊ ဆိတ်ငြိမ်လှာသည့်၊ ကုလခလေးတာ၊ ပြန်ငါးရာတွင်၊ သညာအောင်နန်း၊ မြတ်ကြောင်ပန်းဟု၊တင့်ဆန်းဝေ

ဆာ၊ ကျောင်းတိုက်တာ၌၊ သံဃာပြည့်ဝ၊ သိမ်ခဏ္ဍာတွင်၊အဘဆရာ၊
ဥပဇ္ဈာတည့်၊ ဝေါဟာသင်မြန်း၊ သားကြောင်ပန်းဟူ၊ ရဟန်းဘဝ၊
ဦးတိဿကို၊ ခေတ္တတဝါ၊ နေစေပါ၍၊ ပညာဗဟု၊ တတ်စေမှုကို၊
ဂရုစိုက်ခါ၊အမိန့်ဧဝနှင့်၊ မုင်ရွာလယ်တီ၊ခဝပ်မှီလော့၊ ဌာနီသေဥ္စမြေ၊
ပို့ဆောင်လေ၏၊ စာပေသင်ရိုး၊ တဟုန်တိုး၍၊ ဟိုးဟိုးပြန့်ကျော်၊
လွန်ထင်ပေါ်ခဲ့၊ မြင်မျှော်ရှေ့နောက်၊ ကျမ်းစုံပေါက်အောင်၊ အံ့
လောက်ပျို့မွေး၊မန္တလေးဟု၊ နိုး ဝေးထိုထို၊ တဏ္ဍသိုလ်တွင်၊ ဝင်ခို
ခစား၊ အရေးကိုသွားဘို့၊ တပါးဇာနီ၊ကြွလှမ်းချီခဲ့၊ သညီကျော်ဟိုး၊
ချမ်းသာကြီးဟု၊ ထိန်ညီးသိုက်မြိုက်၊စာသင်တိုက်တွင်၊စာလိုက်စာဆို၊
မငြင်ငြိုဘဲ၊ ပင်ကိုယ်စိတ်ရင်း၊ ကောင်းမွန်ခြင်းကြောင့်၊ ပြန့်သင်း
ဂုဏ်ရှိန်၊ ပိဋကတ်တိဏ်ဟု၊ အချိန်ရှိတိုင်း၊ ဧကားပိုင်း၌၊ မဆိုင်းမတွ၊
ချီးကြူးကြ၏၊ နယပန်းခိုင်၊ ထနောင်းတိုင်၏၊ မြိုင်ဆိုင်ထွက်တက်၊
မိပ္ပါယ် နက်ကို၊ နှုတ်သွက် အာဂုံ၊ နည်းမျိုးစုံနှင့်၊ သိမ်းခြုံရယူ၊
အောင်လံထူသား၊ ကျမ်းမှုဝါဒ၊ စုံလင်ရအောင်၊ ဌာနတောင်ပြင်၊ မုနိ
ရှင်၏၊ ဝန်းကျင်အနီး၊ဘုရားကြီးတု၊ ကျော်ဟိုးကျောင်းတိုက်၊ ဝင်ဦး
ခိုက်၍၊ စာလိုက် နေ့ဝါ၊ ဌကထာနှင့်၊ ဋီကာအနု၊ ညှိနှိုင်း ပြု၍၊
မခုလက်သန်း၊ အခန်းခန်းတို့၊ ကျမ်း,ဆန်းအကျော်၊ တိုက်ဇန်းမော်
တွင်၊ ရှင်ပျော်သင်ကြား၊ ဂါထာများကို၊ ရေးသားနည်းစုံ၊ တွေ့
အကြုံနှင့်၊ ထိးပုံအင်းကွက်၊ အပန်းစက်တို့၊ အချက်ပိုင်ပိုင်၊ ရေးဖွဲ့
နိုင်ကြောင့်၊ ကိုယ်တိုင်စီဟော၊ မိပ္ပါယ်ပြောနှင့်၊ ချောမောပြေပြစ်၊
ခေတ်အနှစ်ကို၊ စီစစ်သောချာ၊ တရားနာတို့၊ လွန်စွာပွင့်လင်း၊ ပင့်
ဘိတ်ခြင်းကြောင့်၊ မြို့ဘွင်းလှည့်လည်၊ ဟောပြောသည်နှင့်၊ ဘွဲ့မည်
သာစွာ၊ဟထိကဟု၊ဓမ္မအရာ၊ညွှန်ပြပါ၏၊ ညဝါပင်ရင်း၊ဂုဏ်သတင်း
နှင့်၊ ပြန့်သင်းအမရ၊ ရွှေ့ပြောင်းကြွ၍၊ ဌာနတူမောင်း၊ ရွှေတိုက်
ကျောင်းတွင်၊ မှုဟောင်နည်းနာ၊ဘိဓမ္မာကို၊ ရှုတ်ခါသိုက်မြိုက်၊အာဂုံ
လိုက်၍၊ ယမိုက်ပဌာန်း၊ ကျမ်းနိဒါန်းမှ၊ အောင်ပန်းနိဂုံး၊ စ,အဆုံး
ကို၊ သိမ်းကြုံးရယူ၊ အောင်လံထူလျက်၊ ပေဒူစာဟောင်း၊ စုခါ
ဆောင်း၍၊အပေါင်းသံဃာ၊နှုတ်မြွက်ခါဖြင့်၊ သညာတမျိုး၊ဟင်းလေး

အိုးဟု၊ ခေါ်ရိုးတံဆိပ်၊ ဘွဲ့ခံနှိပ်၏၊ အရိပ်ပမာ၊ ကြို့တွေ့ရာကို၊
ကမ္ဘာသိကုံ၊ ရေးဖွဲ့သုံး၍၊ တန့်ပုံရကျိုး၊ ကမ္ဘာတိကျော်ဟု၊ နှိုင်းချိန်
ဖွင့်ဟ၊ ခေါ်ဆိုကြ၏၊ ကာလနှစ်ကြာ၊ ဒွါဒသာဟု၊ ပညာဆည်းပူး၊
ဂုဏ်အထူးကြောင့်၊ ချီးကြူးသြဘာ၊ မင်္ဂလာနှင့်၊ မြို့ရွာတိုင်းက၊ ပူဇော်
ကြ၏၊ ဓမ္မသဘင်၊ ပွဲကြီးဆင်၍၊ သိ မြင် ပေါက် ပိုင်၊ လေးပန်းခိုင်၊
ကို၊ မယိုင်မယိမ်း၊ ကိစ္စငြိမ်းအောင်၊ ဟောကိန်းဖွင့်ဟ၊ စာပို့ချလျက်၊
ဌာနကြောင်ပန်း၊ တိုက်အောင်နန်းတွင်၊ ရဟန်းသံဃာ၊ များသိဿာ
က်၊ စာဝါနေ့ည၊ မိပ္ပါယနှင့်၊ ဝါဒလုံးစုံ၊ တွက်တတ်ပုံတို့၊ ကုံလုံ
ကြွယ်ဝ၊ ကျမ်းမူလကို၊ အဋ္ဌကထာ၊ စောဒနာနှင့်၊ ဋီကာအနု၊ ညှိနှိုင်း
ပြု၍၊ ဓမ္မပဒေ၊ ကိုက်ညီစေဟု၊ ပေးဝေ ပို့ချ၊ စွယ်စုံရကြောင့်၊
သိဿသွယ်သွယ်၊ ရဟန်းငယ်တို့၊ ရည်ရွယ်ဆန္ဒ၊ အစိုးရ၏၊ ပဋ္ဌမပြန်၊
စိတ်ရည်သန်၍၊ ဖြေရန်စာရင်း၊ ပေးခါသွင်း၏၊ အောင်ခြင်းဝေဆာ၊
ဂုဏ်ရောင်ဖြာသား၊ ဓမ္မာစရိ၊ ဘွဲ့ထူးထိအောင်၊ ကဝိသွယ်သွယ်၊ ဥာဏ်
ရောင်ချယ်၏၊ အနွယ်တော်များ၊ တပည့်သားတို့၊ တရားဟောပုံ၊ အ
ကျဉ်းခြုံ၍၊ နည်းစုံရေးသား၊ ပေးသနားဘို့၊ လျှောက်ထားတန်တန်၊
ခွင့်တောင်းပန်ကြောင့်၊ ဘေးရန်ဒိဋ္ဌ၊ ပြုတ်ကြောင်းညှိ၍၊ ကဝိလက်စွမ်း၊
ဟော ကျမ်းကို၊ ကြွလှမ်းဟောခိုက်၊ စက်ပုံရိုက်လျှက်၊ နှ ခြိုက်မြို့ရွာ၊
တစာစာနှင့်၊ ခါခါထပ်ထပ်၊ လျှောက်ကြားအပ်၍၊ ဆက်စပ် ဒု တိ၊
သုံးကျမ်းရှို၏၊ အဘိဓမ္မာ၊ ဒေသနာကို၊ ပြည်ရွာမြို့ဟွင်း၊ ဟောပြော
ခြင်းကြောင့်၊ ပွင့်လင်းစည်ပင်၊ ကပ်ခိုဝင်၏၊ လူရှင်ရဟန်း၊ အံ့မခန်း
အောင်၊ ကြောင်ပန်းတိုက်တာ၊ တမိုင်သာ၍၊ ပတ်ချာစတု၊ တိုးချဲ့ပြု
လျက်၊ ကောင်းမှုလွှမ်းခြုံ၊ ဓမ္မာရုံနှင့်၊ ရုပ်ပုံပြခန်း၊ ကျောက်စာနန်း၊
တည့်၊ ပွင့်လန်းစည်ပင်၊ သံဝေတင်ဘို့၊ ရှုမြင်ရဟန်း၊ ကမ္ဗဋ္ဌာန်းဟု၊
ပင်ပန်းဒုက္ခ၊ အိုနာ သေကို၊ ပုံနေထုလုပ်၊ သဏ္ဍာန်ရုပ်နှင့်၊ စိုးအုပ်
စီမံ၊ တန်ဆောင်းရံ၍၊ နဘံထိလု၊ မြင့်မားပြုလျက်၊ အတုလရှင်၊ ဥဒ္ဒိဿ
သွင်ကို၊ လူရှင်အများ၊ ဖူးစေသားဟု၊ တည်ထားပြီးခါ၊ များသံဃာ
တို့၊ ချမ်းသာကိုယ်စိတ်၊ မြင်နိုမိတ်ကြောင့်၊ ဖိတ်ဖိတ် လျှံဖြာ၊ တိုက်
ခန်းဝါနှင့်၊ ဝိဟာကျောင်းမော်၊ နှစ်ဆယ်ကျော်၏၊ သူတော်သီလ၊

နေထိုင်ကြသား၊ ဌာနတလီ၊ ထိုခယာဂီတို့၊ တောမှိကျင့်အပ်၊အထပ်
ထပ်နှင့်၊ ဇရပ်သုံးဆယ်၊ အစွန်းကြွယ်၏၊ မြှိုင်ယ်အလား၊ထင်ရောင်
မှားလိမ့်၊စည်ကားလှစွာ၊ ကျောင်းတိုက်တာတွင်၊ သမ္မာဝါဒ၊ ဝိနိစ္ဆ
ယဟု၊နာမသမုတ်၊ ကျမ်းရိုက်ထုတ်၍၊ ဆောင်ပုဒ်စာလွှာ၊ သိန်းသန်း
ဖြာခဲ့၊ ဂယာဗုဒ္ဓ၊မဇ္ဈိမသို့၊ လှမ်းကြွလိုသော်၊ စည်းဝေး ခေါ်၍၊
နောက်တော်နှစ်ပါး၊ ဝဲယာ ထားလျက်။ ဘုရားပွင့်ရာ၊ တိုင်းအောင်၊
ချာကို၊အာကာပျံသန်း၊ လေယာဉ်လမ်းဖြင့်၊ ကြွမြန်း ဆိုက်ရောက်၊
လက်စုံမြှောက်၍၊ ဒူးထောက်ဖူးမြင်၊ ဗောဓိပင်နှင့်၊ပလ္လင်အောင်ခန်း၊
ဗုဒ္ဓနန်းကို၊ ရည်မှန်းပူဇော်၊ ရှိကော်ရော်၏၊ ထင်ပေါ်ဌာန၊ကပ္ပိလ
တည့်၊ ရာဇဂဟော၊ ထူးမြတ်ပေရှင့်၊ မင်းနေဗာရာ၊ မြို့အောင်ချာ
နှင့်၊ သာယာလေဘိ၊သာဝတ္ထိဟု၊ တည်ရှိအမွန်၊ဇေတဝန်ကို၊ထူးချွန်
ဒေသ၊ဦးနှိမ်ချ၏။ ဓမ္မစ ၁၊မိဂဒါဘည့်၊ ဟောရာဌာန၊ လှည့်ပတ်
ကြွသော်၊ ဗုဒ္ဓနေ့ကြို၊လကဆုန်တည့်၊ လုံးစုံသင်းပင်း၊ ပွဲတော်ကျင်း၏၊
ပြည်မင်းစိုးရ၊အဓိကမို့၊လှပတင့်တယ်၊ရောင်စုံသွယ်လျက်၊ ရွေးချယ်
နာယက၊ဦးတိဿကို၊ ဆန္ဒသီညာ၊တင်မြှောက်ပါ၍၊ ဆရာဘုရား၊မိန့်
မြွက်ကြား၏၊ လေးပါ ၁၊ မာဂဓာနှင့်၊ ပါဠိလာသက်သက်၊
ဟောပြောချက်ကို၊လေးနက်နမော်၊သာရုခေါ်ကြ၊ပွဲတော်ပြီးမြောက်၊
သတင်းထောက်တို့၊ ရှေ့နောက်ဝဲယာ၊ ကင်မရာနှင့်၊ လျင်စွာရိုက်ကူး၊
သတင်းထူးကို၊ ဖြန့်ဖြူးထင်ပေါ်၊ တိုင်းလုံးကျော်ခဲ့၊ မယ်တော်ကြွာ
တိုက်၊ရောင်လျှံသိုက်မှ၊ ဖွားခိုက်သညီ၊ လုမ္ဗိနီနှင့်၊ တလီဆိုမှ ကုသိ
နာရာ၊ ရာဇမလ္လာ၊ပျော်စံရာတည့်၊ မဟာနိဗ္ဗူ ဝင်စံယူသား၊ ပုံတူရုပ်
သွင်၊ဦးတော်တင်၍၊ မရှင်လွမ်းတ၊မျက်ရေကျ၏၊ ဟန္ဒဒါနီ၊မိန့်တော်
ရှိကို၊ သတိပြုခါ၊ ငါးခန္ဓာသည်၊ မြန်စွာခဏ၊ ပျက်စီးရလိမ့်၊ ဓမ္မ
သဘော၊ ငိတ်ကစောလျက်၊ မနောဖြူစင်၊ဉာဏ်အမြင်ဖြင့်၊ ဆင်ခြင်
ပွားများ၊ တိုင်းတပါးမှ၊ ရထားလေယာဉ်၊ ခရီးစဉ်ဖြင့်၊ ပြည်ခွင်ဌာ
န၊ ပြန်လည်ကြွ၏၊ များလှသိဿ၊ ကြိုဆိုခါဖြင့်၊ မဟာတိုက်ရင်း၊
ဂုဏ်သတင်းဖြင့်၊ ထင်လင်းနာယက၊ ဘွဲ့တော်ရ၏၊ ဆုံးမဩဝါ
မြတ်ဓမ္မာနှင့်၊ သံသာဝဋ်ဇာတ်၊ အမြစ်ပြတ်အောင်၊ ရေးမှတ်စီစဉ်၊

ကျမ်းမည်တင်လျက်၊ ခေါ်တွင်နာမ၊ ဝိဝဋ္ဋဟု၊ လက်စမဆုံး၊ ခန္ဓာနှုံ
သိကုံးဆက်ရန်၊ ဤကျမ်းဂန်ကို၊ ဦးနန္ဒိယ၊ နိဂုံးချလော့။ ။
သေချာ၊ မှာပြီးခါမှ၊ ငါ့မှာအေးချမ်း၊ ဝေးစခမ်းသို့၊ ကြွလှမ်းနေမည်၊
ရှမ်းနယ်ပြည်ကို၊ စိတ်ချည်ဆန္ဒ၊ လျင်စွာကြွ၍၊ ကိစ္စကြီးငယ်၊ ဆောင်
ရွက်ဖွယ်ဟု၊ ထေရ်ငယ်နှစ်ပါး၊ ဝဲယာထား၍၊ ညွှန်ကြားလိုတ၊ ကပ္ပိယ
ဟု၊ ခေတ္တညီရင်း၊ မောင်ဘသင်းကို၊ အပ်နှင်းခိုင်းစေ၊ ခေါ်သွားလေ
၏၊ ဝေးမြေခရီး၊ မြို့တောင်ကြီး၌၊ ခိုမှီးစံနေ၊ ဥဒ္ဒုံသေကြောင့်၊ မူးဝေ
နွမ်းညှိုး ချောင်းတော်ဆိုး၏။ အားကိုးညီခင်၊ တပည့်ရှင်တို့၊ အလျင်
ခဏ၊ ဘေသဇ္ဇနှင့်၊ သိပ္ပမျော်မြင်၊ ဆေးရုံဘင်ဘို၊ ကုန်းယာဉ်မော်တော်၊
ဘိတ်ကြားခေါ်လျက်၊ သေ၁င်းကျော်တန်ဘိုး၊ ကားစက်နှိုး၍၊ ရှိခိုး
လျှောက်တင်၊ ခြေစုံဝင်က၊ စက်ပင်တန့်နား၊ နိမိတ်ကြားလျက်၊ အံ့အား
သင့်ရှာ၊ ယာဉ်တကာက၊ ဘာသာပြန်နှိုး၊ စက်သံပျိုးကြောင့်၊ တန်ခိုး
တော်ရှင်၊ နိမိတ်ပင်ဟု၊ လက်တွင်အသင့်၊ ကလောင်ဖွင့်၍၊ နှိုင်းချင့်သေ
ချာ၊ မှတ်တမ်းစာကို၊ ငွေလွှာထက်တွင်၊ ရေးခါတင်လျက်၊ ယခင်သုံးရာ၊
မှင်နက်ပြာမှ၊ သန္တာနီတွေး၊ အရောင်ပြေး၍၊ အရေးမလှ၊ ပုသောက
နှင့်၊ နာမပြန့်မွေး၊ စပ်ထွန်းအေးဟု၊ နီးဝေးကျော်မော်၊ ဆေးရုံပေါ်
တွင်၊ သင့်တော်ဆေးဝါး၊ ခေတ်စာများနှင့်၊ ကျိုးစားကုသ၊ ပြုစုကြ
လည်း၊ ဓမ္မလေမ်းစဉ်၊ ဥာဏ်ပွားမြင်နှင့်၊ နှုတ်တွင်မစဲ၊ ရွတ်ဆိုမြဲတည့်၊
ယာ ဝဲ ခစား၊ တပည့်များတို့၊ အပါးတော်မှ၊ ဦးဝိနယ,က၊ ဓမ္မစကြာ၊
ဘာဝနာနှင့်၊ လက္ခဏာပြ၊ အနတ္တကို၊ နေ့ညမပြတ်၊ ရွတ်စေအပ်၏၊
စွဲမှတ်နောင်ခါ၊ မမေ့ရာဟု၊ မိန့်မှာနောက်ဆုံး၊ နှုတ်နိဂုံးဖြင့်၊ ကျင့်
သုံးရစ်စေ၊ ( ဖြစ်သလိုနေ၍ ဖြစ်သလိုသာစား တရားမမေ့နှင့် )
လက်တွေ့ဆုံးမ၊ ထိုခဏ၌၊ ဓမ္မ သခ်ာ၊ စိတ်က စောလျက်၊ မနော
ဖြူစင်၊ လူ့တိုင်း ခွင်မှ၊ ဝေဟင် တုသိ၊ ပြောင်းကြွ ပြီမို့၊ သညီ
ကောဇာ၊ ထောင့်သုံးရာ နှင့်၊ ဝေါဟာ အ ရောက်၊ နှစ် ဆယ့်
ခြောက်တွင်၊ လဲပေါက်ပွင့်စိ၊ ကုမ်ရာသီဟု၊ တူညီခါဿ၊ ဖိုးရွှေ
လတို့၊ ထွက်ကြစမြဲ၊ တပို့တွဲဟု၊ ယှဉ်နွဲမှတ်ချက်၊ ကျော်သုံး ရက်တွင်၊
ဒေါင်းစက်ဝင်ချိ၊ ငါးနာရီနှင့်၊ တလီစက်သွား၊ သုံးဆဲ့ငါးတွင်၊ သ၊

ဘွား ခြောက်ဆယ်၊ သိကြာ နှယ်မို့၊ လေးဆယ်ဝါတော်၊ နတ်ထီး
ပျော်ကြောင့်၊ ထေရ်မော်ကြွင်းအပ်၊ ရုပ်ကလာပ်ကို၊ ထပ်ထပ်လွှမ်းခြုံ၊
ထည်မျိုးစုံနှင့်၊ စုပုံပြင်ထား၊ မော်တော်ကားနှင့်၊ ထင်ရှားရပ်ခွင်၊
ဗုဓလင်သို့၊ ယခင်စံမြန်း၊ တိုက်ကြောင်ပန်း တွင်၊ ရဟန်းရှင်လူ၊
ပင့်စာ ယူ၍၊ ရှေးမှုမပျက်၊ ခုနစ်ရက်ဟု၊ တွက်ချက် ရွေးချယ်၊ ထို
လကွယ်တွင်၊ မြို့နယ်သံဃာ၊ ပါးတချာကို၊ များစွာလှူဒါန်း၊ ဒွိသင်္ကန်း
နှင့်၊ ဆွမ်းကွမ်းပူဇော်၊ အခလောင်းတော်ကို၊ အကျော်စမွာ၊ မွေးနံ့
သာဖြင့်၊ များစွာသိဿ၊ အန္တိမဟု၊ ဦးချဝပ်စင်း၊ ပူဇော်ခြင်းဖြင့်၊
ထွန်းလင်းအဂ္ဂ၊ ရောင်လျှံညို၍၊ ကဝိသဏ္ဍာန်၊ မပျောက်ရန်ကို၊ ရည်
သန့်စိတ်ရင်း၊ ပုံတူသွင်း၍၊ တည်ခင်းမသွေ၊ တင်ပလ္လင်ခွေနှင့်၊ စံနေ
လျှောင်း၊ ရွှေညောင်စောင်းတို့၊ မှန်ကျောင်းဘိရိ၊ သူ့နဂိုမို့၊ စာဆို
မဝံ့၊ နတ်ဖန်ကွန့်သို့၊ အညွန့်လူလူ၊ အောင်လံထူသား၊ စာမူနိဂုံး
အကျဉ်းချုံး၍၊ နောက်ဆုံးလက်ာ၊ ရေးစီပါသည်....နောင်လာ သူတို့
သိစေသော်။ ။

## စာအုပ်ထိုးအလှူငွေနှင့် အလှူရှင်များ။

(၁) ကြောင်ပန်း ခမ္မကထိက ဦးသာသန ၂၀ဝိ
(၂) ၎င်း ဦးပဏ္ဍိတ ၁၀ဝိ
(၃) ၎င်း ဦးပညာဝံသ ၁၀ဝိ
(၄) ၎င်း ဦးကေလာသ ၂၀ဝိ
(၅) မုံရွာမြို့ ဦးဘဝင်း-ဒေါ်တင် ၅၀ဝိ
(၆) ကြောင်ပန်းခမ္မကထိက ဦးကျော်-ဒေါ်အေးကြည် ငါန်းဇွန်မြို့။ ၂ဝိ
(၇) မုံရွာမြို့ ဒေါ်ညွာ သမီး မတင်မြိုင် ၁၀ဝိ
(၈) ၎င်း မအေး ၁၀ဝိ
(၉) ရေစကြိုမြို့ ကိုဟာရှင် ၁ဝိ
(၁၀) မြစ်ဆုံရွာ ဦးဘိုးမောင်-ဒေါ်တင်အုံး ၅၀
(၁၁) ဘားရိုးကုန်းရွာ ကိုဘသင်း သမီး မခင်ဝင်း ၂၀ဝိ
(၁၂) ဝိပဿနာနည်းပြဆရာကြီး ဦးလှရှိန်-ဒေါ်ကျင်အုန်းနှင့်သားများ ၂၁ဝိ

စုစုပေါင်း ၁၅၃၅၀